
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံရေးဆိုင်ရာ ခွင့်ပြုချက် အမှတ် (၁၀၈၁)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက် အမှတ် ( ၆၆ )

●

ပုံနှိပ်ခြင်း
၁၉၇၂၊ ဇန်နဝါရီလ၊ (ပထမအကြိမ်)

○

စောင်ရေ
၁၅၀၀

○

ပန်းချီ
စံတိုး

○

ဘလောက်
ရာဇာ

●

ထုတ်ဝေသူ
ဦးစစ်ဟုတ်[လူထုစံပြစာပေ] (မြ ၀၁၁၇၆)
အမှတ် ၅၁၊ ၅၆ လမ်း၊ ကမာရွတ်၊ရန်ကုန်မြို့။

●

အဖုံး/အတွင်း ပုံနှိပ်သူ
ဒေါ်အေးမြင့် [အောင်ချိုငွေးပုံနှိပ်တိုက်] (မြ-၀၂၁၆၆)
အမှတ်-၂၃၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။

○

တန်ဖိုး ၁၂ ကျပ်

# ဆွစ်ဇာလန်ဘဏ်နှင့် ငွေမဲများ

ဇင်သန့် ပြုစုသည်

●

[illegible]
ရန်ကုန်မြို့

စာတိုက်သေတ္တာအမှတ်(၁၆)၊ဗဟိုစာတိုက်ကြီး၊ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

— သိန်းတန် (မြန်မာပြည်) ဂစ်တာတီးနည်း။ — ကလျာ မေတ္တာသဘောက ရွှေ့လျောခြင်းလား ကွယ်နှင့် အခြား ဝတ္ထုတိုများ။ —ရွှေဥဒေါင်း ဂျိမ်းဒါကိုကိုကြီး(ပေါင်းချုပ်) —မေမေပွင့် ဆေးဝါးမပါဓာတ်စာဖြင့် ကုနည်း (ပ-အုပ်)။ — ဖိုးရာဇာ လက်ရွေးစင်တေး ၁၀၀၀။ —ဒေါက်တာညီညီ နိုင်ငံတကာ သယံဇာတနှင့် နိုင်ငံရေး စီးပွားရေး အရေးအခင်းများ။ —ရဲသီဟ ကိုတင်အောင်/မောင်စစ်ငြိမ်း ဂစ်တာ ကကြိုး ခကွေး။ — ကျော်လှိုင်ဦး [မြန်မာပြန်] ဦးလေးတွမ်။ —ဆရာ ဦးသိန်းလွင် တိုင်းရင်းသမားတော်လက်စွဲ။ —မောင်သင် ဆရာ ဇာတ်လမ်းစုံ(ပေါင်းချုပ်) —ဆရာဦးသိန်းလွင် အိမ်တွင်းသမားတော်ကျမ်းနှင့် လက်တွေ့ မြန်မာ့ဆေးစုမ်းကောင်းများ။ — ရဲသီဟ ကိုတင်အောင်/မောင်စစ်ငြိမ်း ဂစ်တာ တစ် နှစ် သုံး လေး။ —မောင်မောင်ဖြူ ဒေဝ ကုမ္ဘန်လိုလူစား (ဇာတ်သိမ်း) — သခင်အသောင်း ပန်းသာ မစာအုံ၊ —မှန်ကင်းမှ ပဋ္ဌိမတ်ကျင့် စဉ် နှင့် သဘာဝတ္တ ဒီပနီကျမ်း။ —မေမေပွင့် ဆေးဝါးမပါ ဓာတ် စာ ဖြင့် ကု နည်း (တ တိ ယ အုပ်) — သိမ့်သိမ့်နွေး ကျောက်ဆစ်ရုပ်နှလုံးသား။ —ရဲသီဟ ကိုတင်အောင်/မောင်စစ်ငြိမ်း ဂစ်တာ သင်ပုန်းကြီး။ — ဆရာ ဦးသိန်းလွင် တိုင်းရင်းမြန်မာ ဆေးနည်းကျော်များနှင့် အခြေပြု ဥဒါသိမ်ကျမ်း။ —ကြည်ဦး ကိုကိုတို့အရွယ်။ — ဖိုးသူဇာမှု+ဖိုးရာဇာ ဆယ်စောင်တွဲ။ — နန်းညွန့်ဆွေ စာဆို့မာန် ကဗျာများ။ — မောင်သင် အောင် အောင် မြင် မြင်။ စန္ဒရားလှမိုး အခြေခံ ဆိုရေးတီးပညာနှင့် ခေတ်သုံးခေတ် တေးဂီတသမိုင်း။ —မေမေပွင့် ပူအေးနှစ်ဖြာဓာတ်စာလမ်းညွှန်ကျမ်း။ —ဖိုးရာဇာမှု သီဂီဆယ်စောင်တွဲ။ — ရဲသီဟ ကိုတင်အောင်/ မောင်စစ်ငြိမ်း အသုံးများသော ဂစ်တာကော့ဒ်များ။ — ဦးလှမောင်ကြီး/ ဝင်းမြင့်အောင် ပြစ်မှုတရားမမှု မှတ်ပုံတင်စာချုပ်နှင့် အထွေထွေလျှောက်လွှာရေးနည်း။ — ဗိုလ်ညွှန့်မောင် [မြန်မာပြန်] ဆရာကြီး ကိုင်ရို၏ ဘဝ အချစ်နှင့် အိမ်ထောင်ရေး ဟောကိန်းများ။ — ကြည်ဦး မြန်မာ့ရိုးရာ စကားထာများ။ — ဆရာကြြည် ဆင္ဒဝဂ္ဂနှင့် ဝေဿဖလ ဇာတာခွဲနည်းကျမ်း။

## သူတို့အဆိုအမိန့်များ

"ကောင်းကင်ဘုံကို ဘုရားသခင်က စိုးမိုးတယ်၊ လူ့ပြည်ကို ငွေက စိုးမိုးတယ်"

**ဆွစ်ဇာလန်စကားပုံ**

"ဆွစ်တို့ဟာ တကယ် အလုပ်ကြိုးစားတဲ့ လူတွေဖြစ်တယ်၊ ဒါပေမယ့် အဲဒီလို အလုပ်ကို သရဲမင်းရဲစီးပြီး လုပ်တာဟာ သူတို့ရဲ့ ရှုံစရာကောင်းတဲ့ အရည်အချင်းတွေပဲ"

**ဂျော့မိုက်စ်**

"ဆွစ်ဇာလန်ဟာ တဖြည်းဖြည်းနဲ့ ငွေကြေး ဒမြတို့ ခိုအောင်းရာ ဖြစ်လာပြီ"

**လန်ဒန်ဖနန်ရှယ်တိုင်း**

"ဆူးရစ် က ဘဏ် သင်္ဘွေး တယောက် ပြတင်းပေါက်က ခုန်ချသွားတာ မြင်ယင်သူ့နောက်လိုက်သွားပါ။ ငွေရှာနည်းတတ်လာလိမ့်မယ်"

**ဗော်လ်တဲယား**

www.burmeseclassic.com

www.burmeseclassic.com

“ငွေဟူသည် ဆွစ်ဘဏ်တွင် သွင်းမထား မချင်း မည်သည့်အခါမျှစိတ်ချမ်းသာမှု မပေး”

ဂျာမန်စကားပုံ

“ရွှေရမယ်ဆိုယင် သူရဲတစ္ဆေဘော်ဘင် ထကကြွတယ်”

ဆွစ်ဇာလန်စကားပုံ

“အကာယ၍ သင်သည် ရွှေ၏တည်ငြိမ်မှုနှင့် အစိုးရအဖွဲ့တဖွဲ့၏ တည်ငြိမ်မှု၊ ရိုးသားမှု၊ ထက်မြက်မှုတို့ကို မဲပေးရွေးချယ်ရမည်ဆိုလျှင် ရွှေဖက်ကိုသာ မဲထည့်ပါ”

ဂျော့ဘားနတ်ရှော

“ကုန်သည်တွေမှာ တိုင်းပြည်မရှိ”

သောမတ်ဂျက်ဖာဆင်

“ဖအေဆုံးတာ ခံနိုင်တယ်၊ အမွေဆုံးတာ မခံနိုင်ဘူး”

နီကိုလိုမချီဗယ်လီ

“အလုပ်ဟူသည် လူသားတို့၏ အမြင့်မြတ်ဆုံး စွမ်းဆောင်ချက် ဖြစ်သည်”

ဇွင်ဂလီ

“စည်းစိမ်ချမ်းသာဟူသည် တရားသော ဆုလာဘ်ဖြစ်သည်”

ဇွင်ဂလီ

“ငွေတိုးစုဆောင်းသိမ်းရမည်၊ အကြောင်းမူ ဆင်းရဲမှုကို ဘုရားသခင်မကြိုက်သောကြောင့် တည်း”

ဇွင်ဂလီ

“မကောင်းမှု ဒုစရိုက်အတွက် ဒဏ်ခတ်ခံရသည် ဖြစ်စေ၊ မခံရသည် ဖြစ်စေ ယင်း မကောင်းမှုကို ပျော်ရွှင်ပွင့်လင်းစွာ ဆက်လက် မကျူးလွန်ရ”

ဇွင်ဂလီ

“အလုပ်၏ ဆုလာဘ်သည် စင်ကြယ်ခြင်း ဖြစ်ရကား တစုံတယောက်သည် မိမိပေးသို သည်ကို ပေး၍၊ ထိုအတွက် ထိုက်တန်သမျှ ကိုသာ ရယူရမည်”

ဇွင်ဂလီ

www.burmeseclassic.com

www.burmeseclassic.com

# ဆောင်းစု (သုတေသန) ၏ အမှာ

**ဆွစ်ဇာလန်ဘဏ်နှင့်ငွေမဲများ**

အမည်ကိုက စိတ်ဝင်စားစရာ ကောင်းသည်ဟု ကျွန်တော် ထင်သည်။ ကျွန်တော်တို့ မကြာခဏ ပြောနေတတ်ကြသည့် ဆွစ်ဇာလန်ဘဏ်။ ပြီးတော့ ငွေမဲများ။ ဆွစ်ဇာလန်ဘဏ်နှင့် ငွေမဲများဆိုသော စကားလုံးနှစ်လုံးကို ကျွန်တော်တို့ ထည်လဲ သုံးနေကြသော်လည်း ထိုစကား နှစ်လုံး၏ အနက်အဓိပ္ပာယ်ကို သေသေချာချာ သိကြမည်မထင်။

ဆွစ်ဇာလန်ဘဏ်ဆိုတာဘာလဲ။ တခြားဘဏ်တွေနဲ့ ဘာထူးလို့လဲ ကျုပ်တို့ တိုင်းပြည်မှာလဲ ဘဏ်တွေအများကြီးရှိတာပဲ။ အဲဒီဘဏ်တွေနဲ့ ဆွစ်ဇာလန်ဘဏ် ဘာကွာလို့လဲ။ ဒီလိုမေးခွန်းမျိုး မေးနိုင်ကြမည်ထင်သည်။

ဇင်သန့်၏ 'ဆွစ်ဇာလန်ဘဏ်နှင့်ငွေမဲများ' စာမူကို မဖတ်မီကဆိုလျှင် ဆွစ်ဘဏ်အကြောင်း ကျွန်တော် သာမန်မျှသာ သိထားသည်ဟု ဆိုနိုင်ပါသည်။ ဆွစ်ဇာလန်နိုင်ငံဆိုတာ ကမ္ဘာပေါ်မှာ ဘဏ်လုပ်ငန်းနှင့် အလွန်ထင်ရှားသည့် နိုင်ငံတနိုင်ငံဖြစ်သည်။ အထူးသဖြင့် ဆွစ်ဇာလန်ဘဏ်များက သူတို့ဆီငွေအပ်လိုလျှင် အယုဘ်အလတ်အမြတ်မရွေး၊ နိုင်ငံနှင့်လူမျိုးမရွေး လက်ခံသည်။ တနည်းအားဖြင့် လူဆိုးလူကောင်းမရွေး၊ တရားသောနည်းလမ်းဖြင့် ရရှိထားသောငွေဖြစ်ဖြစ်၊ မသမာနည်းများဖြင့် ရရှိထားသောငွေဖြစ်ဖြစ် စုံစမ်း မေးမြန်းခြင်းမရှိ လက်ခံသည်။ ထို့ကြောင့် ဆွစ်ဘဏ်များတွင် နိုင်ငံခေါင်းဆောင်ကြီးများကအစ ဒုစရိုက်ဂိုဏ်းကြီးများအဆုံး မိမိတို့ငွေများကိုအပ်နှံနိုင်သည်။ မည်သူက ငွေမည်မျှအပ်နှံသည်ကို သက်ဆိုင်ရာ ဆွစ်ဘဏ်ကလျှို့ဝှက်ထားရှိသည်။ ထိုမျှလောက်သာ ကျွန်တော်နားလည်ထားခဲ့သည်။ သဘောပေါက်ထားခဲ့သည်။ ဆွစ်ဇာလန်ဘဏ်လုပ်ငန်းအကြောင်း အသေးစိတ်မလေ့လာမိသဖြင့် ထိုမျှသာ အကြမ်းဖျင်း သဘောပေါက်နားလည်ထားသည်က ကျွန်တော့်အဖြစ် ဖြစ်ချင်ဖြစ်မည်။

မည်သို့ပင်ဖြစ်စေ ဇင်သန့်၏ 'ဆွစ်ဇာလန်ဘဏ်နှင့် ငွေမဲများ' စာမူအား ဖတ်ကြည့်ပြီးသည်နှင့် ကျွန်တော်တို့ စိတ်ဝင်စားကြသည့် ဆွစ်ဘဏ်လုပ်ငန်းကြီးအကြောင်းကို ပြည့်ပြည့်စုံစုံ တီးမိခေါက်မိသည်။ ကျေကျေလည်လည် နားလည်သဘောပေါက်မိသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

သာမန်အားဖြင့်ကြည့်မည်ဆိုလျှင် 'ဆွစ်ဇာလန် ဘဏ်နှင့် ငွေမဲများ' စာအုပ်သည် ကျမ်းစာအုပ်တအုပ်ဟု ထင်စရာရှိပါသည်။ သို့သော် ဤစာအုပ်သည် ကျမ်းစာအုပ်တအုပ် မဟုတ်သလို သုတစာအုပ်ဖြစ်သည်ဟုလည်း မဆိုသာ။ ကျွန်တော်အထင် 'ရသနှောသုတ' စာအုပ်ဟု ဆိုပါက မှန်ကန်မည်ဖြစ်သည်။ စင်စစ် ဇင်သန့်သည် သူ၏ စာအုပ်အား ကျမ်းလေးကြီးတစောင်အဖြစ် ရည်ရွယ်ပြုစုပုံမပေါ်။ ကျမ်းစာအုပ်ဖြစ်သွားပါက စာဖတ်သူကို ဘောင်ခတ်လိုက်သလို ဖြစ်သွားမည်ကို သူစိုးရိမ်ပုံရသည်။ ထို့ကြောင့်လည်း 'ဇင်သန့်'သည် လူတန်းစားမရွေး ဖတ်ရှုလေ့လာနိုင်မည့် 'သုတရသ' စာအုပ်တအုပ်အဖြစ် ကြိုးစားပြုစုခဲ့သည်ဟု ကျွန်တော် ထင်ပါသည်။ အမှန်အားဖြင့်လည်း ဤစာအုပ်တွင် စိတ်ဝင်တစားဖတ်ရှု၍ ကောင်းသောဖြစ်ရပ်မှန် အကြောင်းအရာများ အဖြစ်အပျက်များကို ဖော်ပြထားသဖြင့် စာရှုသူတို့ငြီးငွေ့မည်ဟုမထင်။ ပမာအားဖြင့် အမေရိကန်ပြည်ထောင်စုမှ ငွေမဲများဖြစ်ကြသည့် ကက်စီနိုလောင်းကစားခန်းကြီးများမှ ဝင်ငွေများ၊ မူးယစ်ဆေးဝါး ဖေါက်ကားရောင်းဝယ်ခြင်းလုပ်ငန်းမှ ဝင်ငွေများအပါအဝင် အခြားမသမာသော နည်းလမ်းများဖြင့် ရရှိထားသော ငွေများကို ပိုင်ရှင်ကိုယ်စား အငှားငွေပေးသွင်းရသူတို့အကြောင်း၊ ကမ္ဘာကျော်ထပ်ဆင့်သန်းကြွယ်သဌေးကြီး 'ဟိုးဝင်ဟူးချ်'၏ အတ္ထုပ္ပတ္တိအား လိမ်လည်ရေးသားပေးမည်ဆိုပြီး စာအုပ်တိုက်ကြီးတတိုက်မှ ငွေများထုတ်ယူကာ ဆွစ်ဘဏ်သို့ လာရောက်သွင်းခဲ့သည့် စာရေးဆရာကြီး ကလစ်ဖို့ဒ်အာဗင် (CLIFFORD IRVING)လင်မယားတို့အကြောင်းစသည့် တကယ့်ဖြစ်ရပ်မှန်များက ဆွစ်ဇာလန်ဘဏ်လုပ်ငန်းနှင့် ဆက်နွယ်၍ စိတ်ဝင်စားစရာကောင်းနေပေသည်။

ထို့ပြင် 'ဇင်သန့်'သည် သုခတသနဌာနတခုတွင် တာဝန်ထမ်းဆောင်နေသူ တဦးပီပီ ဆွစ်ဇာလန် ဘဏ်လုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ်သုတေသနပြုပြီး ရေးသားထားသည်ဟု ကျွန်တော် ထင်သည်။ ဤစာအုပ်ကို ဖတ်ကြည့်ယင်းနှင့် ဆွစ်ဇာလန်နိုင်ငံ၏ ပထဝီဝင်အနေအထား အပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အချက် အလက်များကို လေ့လာမှတ်သားရသည်။ အဓိကအားဖြင့် ဆွစ်ဇာလန်နိုင်ငံ၏ ဘဏ်လုပ်ငန်းနှင့် ပတ်သက်၍ စာရေးသူက အသေးစိတ်လေ့လာပြုစုထားသည်ကို တွေ့ရသည်။ အထူးသဖြင့် အမေရိကန် သဌေးများ၊ ရုပ်ရှင်၊ ဂီတ၊ စာပေလောကမှ ကြီးပွားချမ်းသာသူများနှင့် ကမ္ဘာကျော် ဒုစရိုက်ဂိုဏ်းကြီးဖြစ်သည့် မာဖီးယား (MAFIA) ခေါင်းဆောင်ကြီးများ စသူတို့က ဆွစ်ဘဏ်လုပ်ငန်းကို အလုပ်အကျွေးပြုနေသည့်အကြောင်းကို စာရေးသူက တစေ့တစောင်း တင်ပြထားသည်ကို တွေ့ရသည်။

× × ×

ဆွစ်ဇာလန်ဘဏ်လုပ်ငန်း ကမ္ဘာတွင် ကျော်ကြားရသည့် အချက်က တချက်တည်း ရှိမည်ထင်သည်။ ထိုအချက်ကတော့

www.burmeseclassic.com

အခြားမဟုတ်။ ဆွစ်ဇာလန်ဘဏ်သည် ငွေအပ်သူနှင့် ပတ်သက်၍ လျှို့ဝှက်ထားသည် ဟူသော အချက်ပင် ဖြစ်သည်။ တနည်းအားဖြင့် ငွေအပ်သူသည် ဆွစ်ဇာလန်တရားဥပဒေကို မချိုးဖောက်သရွေ့ ကာလပတ်လုံး ဘဏ်က ငွေအပ်သူနှင့် ပတ်သက်၍ လုံးဝ နှုတ်လုံ နှုတ်ဆိတ်နေမည် ဖြစ်သည်။ ထို့ကြောင့် လူအသိမခံချင်သူတို့က ဆွစ်ဘဏ်များ၌ ငွေများစုပြုံအပ်နှံကြသည်။ အထူးသဖြင့် ငွေမဲများကို ဖိအပ်ကြသည်။ ဆွစ်ဘဏ်တို့ကလည်း သူတို့ဆီလာအပ်သည့် ငွေများကို ဖြူသည် မဲသည် မစစ်ဆေး၊ ဆွစ်တရားဥပဒေနှင့် အညီ လက်ခံသည်။ ဤတွင် ငွေမဲအများဆုံးအပ်ကြသူအမေရိကန်တို့က ဆွစ်ဘဏ်တို့ကကျင့်သုံးကြသည့် 'နံပါတ်စာရင်း' ( NUMBERED ACCOUNTS)ကို အထူးစိတ်ဝင်စားကြသည်။ ထို "နံပါတ်စာရင်း"နှင့် ပတ်သက်၍ 'ဇင်သန့်' က ရှင်းပြထားပြန်သည်။ ထို'နံပါတ်စာရင်း'အပြင် 'နာမည်ဝှက်စာရင်း'၊ 'စကားဝှက်စာရင်း'များလည်း ရှိသေးသည်။ တနည်းအားဖြင့် ဆွစ်တို့သည် သူတို့၏ ဘဏ်လုပ်ငန်းများကို 'ကုန်သွယ်ရေး လျှို့ဝှက်ချက်' (TRADE SECRET) အဖြစ် သဘောထားကြသည်။ ထိုလျှို့ဝှက်ချက်ကို ဖောက်ဖျက်ပါက ဆွစ်ဇာလန်ရာဇဝတ်မှုဥပဒေ ပုဒ်မ ၄၇ အရ လည်းကောင်း၊ ၂၇၃ အရလည်းကောင်း အပြစ်ဒဏ်ချမှတ်နိုင်သည်ဟု ဆို၏။ ထိုအသေးစိတ်အချက်များကို 'ဇင်သန့်'က ဤစာအုပ်တွင် ရှင်းပြထားလေသည်။

× × ×

စင်စစ်'ဇင်သန့်'သည် မနေ့တနေ့ကမှ စာပေလောကထဲသို့ ဝင်လာသူတဦးမဟုတ်။ သူသည် လွန်ခဲ့သော သုံးလေးနှစ်ခန့်က ဆော်ဒီအာရေဗျနိုင်ငံမှ ရေနံဝန်ကြီး 'ယာမာနီ'၏ အတ္ထုပ္ပတ္တိစာအုပ်ကို ပြုစုထုတ်ဝေခဲ့သူတဦးပင် ဖြစ်သည်၊ ထို့ပြင် အခြားဂျာနယ်၊ မဂ္ဂဇင်းများ၌လည်း ဘာသာပြန် ဆောင်းပါးများ အထိုက်အလျောက် ရေးသားနေသူ စာပေဝါသနာရှင်တဦး လည်း ဖြစ်သည်။

'ဇင်သန့်'သည် ကျွန်တော်နှင့် ပုဂ္ဂိုလ်ရေးအရလည်း ခင်မင်သည်။ တဌာနတည်း လုပ်ဖော်ကိုင်ဖက် အနေနှင့်လည်း ရင်းနှီးသလို စာပေရဲဘော် အချင်းချင်း ဖြစ်သဖြင့် ခင်မင်ရင်းနှီးမှု အတိုင်းအတာ ဆိုဖွယ်ရာ မရှိပြီ။ နောက်တချက်က သူသည် အလွန်စာဖတ်သူတဦးဖြစ်သည်။ အထူးသဖြင့် သူသည် နိုင်ငံခြားဝတ္ထုအဖတ်သန်သည်။ စာရေးအားသန်ပြီး စာဖတ်အားနည်းသူ ကျွန်တော်သည် နိုင်ငံခြားဝတ္ထုတပုဒ် ဖတ်တော့မည်ဆိုလျှင် သူ့ဆီက အကြံဉာဏ်ယူရသည်။ ဘယ်စာအုပ်ကောင်းသည်။ ဘယ်စာအုပ်က (မြန်မာပြန်လို့ ကောင်းသည်) သည်ဖြင့် သူညွှန်သောစာအုပ်ကို ရှာပြီး ဖတ်ရသည်။ ထို့ကြောင့် စာသမားတယောက်ဖြစ်သည့် 'ဇင်သန့်'၏ အရည်အသွေးကို ကျွန်တော်တို့ မှန်းဆကြည့်နိုင်ပါသည်။ 'ဆွစ်ဇာလန်ဘဏ်နှင့် ငွေမဲများ' စာအုပ်သည် သာမန်အားဖြင့်ဆိုလျှင် ခြောက်သွေ့သွားနိုင်သည့်အကြောင်းအရာ ဖြစ်သော်ငြားလည်း 'ဇင်သန့်'သည် မအီရအောင်၊ မငြီးငွေ့ရအောင်၊ ဖတ်ကောင်းအောင် အလောင်စွမ်းပြထားသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အမှန်အားဖြင့် ကျွန်တော့်အနေနှင့် 'ဇင်သန့်'၏ စာအုပ်၌ အမှာစာရေးသားနိုင်သည့် အဆင့်သို့ မရောက်သေးဟု ခံယူမိပါသည်။ သူနှင့် ကျွန်တော်က စာပေအရှဆင့်အတန်း ဘာမျှ ကွာသူမဟုတ်။ သို့သော် သူကိုယ်နှိုက်က 'အမှာစာရေးပေးပါ' ဟု ဆိုလာသဖြင့် ကျွန်တော် သူ့စာအုပ်ကို စာမူအဆင့်၌ ဖတ်ရှုခွင့်ရခဲ့သည်။ မူလကတည်းက ကျွန်တော် စိတ်ဝင်စားသည့် အကြောင်းအရာမျိုးဖြစ်သဖြင့် ကျွန်တော်သည် 'ဇင်သန့်' ၏ စာအုပ်၌ အမှာရေးဖြစ်သွားပါတော့သည်။ သို့သော် အမှာစာရေးသူတို့ ထုံးစံအတိုင်း စာရေးသူနှင့် စာအုပ်ကို 'ပင့်'ပေးခြင်းတော့ မဟုတ်။ ကျွန်တော် အမှာစာ ရေးထားသမျှ အကြောင်းအရာ အချက်အလက်များ အားလုံးသည် 'ဇင်သန့်' နှင့် သူ၏ 'ဆွစ်ဇာလန်ဘဏ်နှင့် ငွေမဲများ' ကို ပင့်ပေးခြင်း မဟုတ်ပါ။ ထိုအတွက်ကား ကျွန်တော် သံသယရှင်းပါသည်။ အကယ်၍ စာဖတ်သူတို့က ကျွန်တော့် အပေါ် သံသယ မကင်းဖူးဆိုပါက ဤစာအုပ်ကို ဆက်လက်ဖတ်ရှုပြီး အဆုံးအဖြတ်ပေးကြပါ ဟူ၍....။

**သောင်းစု** (သုတေသန)

၁၇၊ ၁၂၊ ၈၁

## မြစ်ဖျား၏ အမှာ

'အိုဒက်ဆာဖိုင်' ဟူသော ရုပ်ရှင် ဇာတ်ကား တကားပေဝင်း ရုပ်ရှင်ရုံတွင် ပြစဉ်က ကျွန်တော် ကြည့်ခဲ့ရသည်။ ရုပ်ရှင်သည် ကမ္ဘာကျော် စာရေးဆရာတဦးဖြစ်သည့် ဖရက်ဒရစ်ဖေါ်ဆိုက်၏ ဝတ္ထုကို အဆင့်အတန်းမြင့်မြင့် ရိုက်ထားသည်။ ဇာတ်ဂမ်း ဇာတ်ကွက်နှင့် သရုပ်ဆောင်မှု အားလုံး စိတ်ဝင်စားဖွယ် ကောင်းသည်၊ သို့ရာတွင် ကျွန်တော့်အား အထူးစိတ်ဝင်စားစေသော အချက်မှာ အိုဒက်ဆာ အဖွဲ့ပိုင် ရွှေ၊ ငွေသန်းပေါင်းများစွာကို ဆွစ်ဇာလန်ဘဏ်တွင် ထားသည်ဆိုခြင်းပင်။

အိုဒက်ဆာဆိုသည်မှာ ဒုတိယကမ္ဘာစစ်က ဖမ်းမမိလိုက်သော ဂျာမန်နာဇီစစ်ဗိုလ်ချုပ်များ၊ တိဘ်တဆိတ် ဂျူဝက်

www.burmeseclassic.com

ဖွဲ့စည်းထားသောအဖွဲ့ဖြစ်သည်။ (အိုဒက်ဆာအကြောင်းကိုလည်း ဤစာအုပ်တနေရာတွင် ဖော်ပြထားပါသည်။) ဤကဲ့သို့ ကမ္ဘာ့ဝရမ်းပြေးအဖွဲ့တဖွဲ့၏ ငွေကြေး၊ အမြောက်အမြားကို ဆွစ်ဇာလန်ဘဏ်က လက်ခံထားသည်ဆိုခြင်းမှာများစွာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

တဖန်

တလောဆီက အမေရိကန်အစိုးရသည် အမေရိကန် နိုင်ငံရှိ မြေအောက် ဒုစရိုက်ဂိုဏ်းကြီးများဖြစ်သော မာဖီးယားတို့၏ ငွေစာရင်းများကို ထုတ်ဖော်ပေးရန် ဆွစ်ဇာလန်ဘဏ်အား အကြပ်ကိုင်ရမည်ဟု ထုတ်ဖော်ပြောကြားခဲ့ရသည်။

ဤသို့ဆိုလျှင် ဆွစ်ဇာလန်ဘဏ် ဆိုသည်မှာ တရားမဝင်သော၊ မသမာသော ငွေမဲများကို လျှို့ဝှက်လက်ခံသိမ်းထားပေးရာ နေရာလော။

ဤသည်မှာ ဤစာအုပ်ကို ရေးရန် ဖြစ်ပေါ် လာသည့် အခြေခံအကြောင်း ဖြစ်ပါသည်။

ယင်းပြဿနာကို ဖြေပေးလိုက်သည်မှာ ကျွန်တော့် မိတ်ဆွေတဦးက ဖတ်ရန် ပေးလာသော (SWISS BANK CONNECTION) စာအုပ်ကလေးပင် ဖြစ်ပါသည်။

ယင်းစာအုပ်ကလေးကိုဖတ်ပြီး ဘာသာပြန်ရန် စိတ်ကူး သည်။ သို့သော် ယင်းစာအုပ်မှာ အမေရိကန် တယောက် အမေရိကန်အမြင်ဖြင့် အမေရိကန် အကျိုးစီးပွားအတွက် ရေ ထားသည်ဖြစ်ရာ လူတိုင်းအတွက် စိတ်ဝင်စားဖွယ်ရာ မဟုတ်လှချေ။ ထို့ကြောင့် အခြား ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်များတွင် ပါရှိသည်တို့ကိုပါ ထုတ်နုတ်၍ ရေးသားပြုစုရန် ဆုံးဖြတ်လိုက်မိပါသည်။

ဆုံးဖြတ်သည့်အတိုင်း ဂျာနယ်၊ မဂ္ဂဇင်းစာအုပ် ပေါင်းစုံအတွင်းသို့ ထိုးဖေါက်ဝင်ရောက်သည်။ စာကြည့်တိုက်ပေါင်းစုံသို့သွား၍ လှန်လှောရသည်။ ဤသို့ဖြင့် ဆွစ်ဇာလန်ဘဏ်တို့၏ ထူးခြားမှုကို ပိုမိုနက်ရှိုင်းစွာ တွေ့လာရသည်။

တကယ်တော့မူ ဆွစ်ဇာလန်ဘဏ်များ သာမက ဆွစ်ဇာလန်နိုင်ငံသည်ပင်လျှင် အလွန်ထူးခြားသော နိုင်ငံတနိုင်ငံဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံတွင် ပြင်သစ်၊ ဂျာမန်နှင့် အီတလီဟူသော လူမျိုးကြီးသုံးမျိုး ပေါင်းစပ်နေထိုင်ကြသော နိုင်ငံဖြစ်သည်။ ဆွစ်ဇာလန်လူမျိုးဟူ၍ သီးခြားမရှိ။ ဆွစ်ဇာလန်ဘာသာစကားဟူ၍လည်း သီးခြား မရှိချေ။

ပို၍ဆန်းသည်မှာ အဆိုပါ လူမျိုးကြီးသုံးမျိုးသည် မိမိမူလလူမျိုး၏ အမျိုးသား စိတ်ဓါတ်များမရှိပဲ မိမိကိုယ်ကို ဆွစ်ဇာလန် လူမျိုးဟုခံယူကာ ဆွစ်ဇာလန် အမျိုးသားရေး စိတ်ဓါတ်သာလျှင် ရှိသည်။ အရေးရှိလျှင် ဆွစ်ဇာလန်နိုင်ငံအတွက် မားမားမတ်မတ် ရပ်တည်သည်။ ဆွစ်ဇာလန်နိုင်ငံနှင့် ပတ်သက်လာလျှင် မိမိတို့ လူမျိုးသုံးမျိုးလက်တွဲ၍ အတူတကွ တိုက်ပွဲဝင်သည်။ နောက်ဆုံး ပြင်သစ်၊ ဂျာမနီ၊ အီတလီ စသည့် နိုင်ငံများနှင့် စစ်ဖြစ်လျှင်ပင် ပြန်လည်တိုက်မည့်သူများဖြစ်သည်။

www.burmeseclassic.com

သို့ရာတွင် ဆွစ်ဇာလန်နိုင်ငံတွင် အဆိုပါလူမျိုးကြီးများသည် သက်ဆိုင်ရာ နိုင်ငံများဖြစ်သည့် ပြင်သစ်၊ ဂျာမနီ၊ အီတလီစသည်တို့နှင့် အဆင်ပြေအောင် နေနိုင်ခဲ့သည်။ ထို့ကြောင့် ဆွစ်ဇာလန်သည် ပတ်ဝန်းကျင်နိုင်ငံများနှင့် ဖြစ်လာမည့် စစ်ပွဲများကို ရှောင်ရှား နိုင်ရုံမျှမက နိုင်ငံပေါင်းစုံနှင့် သင့်မြတ်အောင် ဆက်ဆံကာကြားနေရေးမူဝါဒကို ခိုင်ခိုင်မာမာ ကျင့်သုံးနိုင်ခဲ့ပေသည်။ ထို့ကြောင့်လည်း ဆွစ်ဇာလန်နိုင်ငံသည် ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၊ ကွန်ဖရင့်များ ကျင်းပရာမြို့ ဖြစ်နေခဲ့သည်။

'နာရီအစဆွစ်ဇာလန်က' ဟု ဆိုရမလောက်ပင် ဆွစ်ဇာလန်ထွက် နာရီဆိုလျှင် အကောင်းဆုံး ဖြစ်သည်ဟု ကမ္ဘာက လက်ခံထားကြပေသည်။ ထို့ကြောင့် နာရီသည် ဆွစ်ဇာလန်၏ ထူးခြားသော ထွက်ကုန်ဘာခုဖြစ်၍ နာရီကြောင့်ပင် ဆွစ်ဇာလန်မှာ လူသိ များခဲ့ရပေသည်။

ဆွစ်ဇာလန်အား ကျော်ကြားစေသော နောက်အကြောင်းတရပ်မှာ နိုင်ငံ၏လူဦးရေနှင့် မမျှအောင်ဘဏ်များ ပေါများခြင်းဖြစ်သည်။ နိုင်ငံ၏ ဘဏ်အရေအတွက်မှာ အမေရိကန်ကဲ့သို့ နိုင်ငံကြီးနှင့်ပင် ရင်ဘောင်တန်းနိုင်လောက်အောင် များပြားလှပေသည်။

၎င်းတို့ထက် ထူးခြားစေသော အကြောင်းမှာ ဆွစ်ဇာလန် နိုင်ငံရှိ ဘဏ်များတွင် ထားရှိသည့် လျှို့ဝှက်မှုစနစ်ပင် ဖြစ်သည်။

ဆွစ်ဇာလန်ဘဏ်တို့တွင် သွင်းသော ငွေတို့ကို ဘဏ်က ငွေသွင်းသူ၏ စိတ်ကြိုက်လျှို့ဝှက် ပေးထားသည်။ တဦးသော ပုဂ္ဂိုလ်သည် ဆွစ်ဇာလန်ဘဏ်၌ ငွေထားလျှင် ထိုသို့ငွေထားကြောင်းနှင့်ပတ်သက်၍ မည်သူမျှမသိရ။ စုံစမ်း၍လည်းမရ။ ဆွစ်ဇာလန်အစိုးရပင် အကြောင်းမလုံလောက်ပဲ သိခွင့်မရှိ။ ဘဏ်တွင်းရှိ အမှုထမ်းများပင် အားလုံးမသိရ။ လိုအပ်သော နှစ်ယောက်သုံးယောက်သာ သိခွင့်ရလေသည်။ ထိုလျှို့ဝှက်မှု မပေါက်ကြားအောင်လည်း နိုင်ငံတော်က ဥပဒေပြု တားမြစ်ထားသည်။

ဥပဒေမပြုလျှင်ပင် နှုတ်လုံပြီး ကိုယ့်အလုပ်သာ ကိုယ်ဂရုစိုက်တတ်သော ဆွစ်လူမျိုးတို့၏ စရိုက်ကြောင့် ပေါက်ကြားမှုကို မစိုးရိမ်ရပေ။ သို့သော် အခြားနိုင်ငံများက ထိုလျှို့ဝှက်မှုကို ပေါက်ကြားစေရန် အမျိုးမျိုး ကြိုးပမ်းမှုကြောင့်သာ ဥပဒေပြု၍ ထပ်မံတင်းကြပ်ထားရခြင်း ဖြစ်ပေသည်၊

ဤကဲ့သို့ လျှို့ဝှက်မှုတွင် စိတ်ချရသောကြောင့် ကမ္ဘာပေါ်ရှိ မသမာသောနည်းဖြင့် ရရှိသည့် ငွေမဲများမှာ ဆွစ်ဇာလန်ဘဏ်များသို့ တိဘ်တဆိတ် စုခဝးရောဘ်ရှိလာကြသည်။ အချို့ဥပဒေနှင့် ဆန့်ကျင်၍ ဒုစရိုက်နည်းဖြင့် ရှာထားသည့် ငွေများ၊ အချို့ အမြတ်တော်ခွန်၊ ဝင်ငွေခွန် မပေးဆောင်လို၍ ရှောင်ရှားလိုသောငွေများမှာ အခြား မည်သည့်ဘဏ်တွင် ထားထား မသုံခြုံလှ၊ စိတ်မချရ။ သက်ဆိုင်ရာအစိုးရက မသက်ာသဖြင့် လိုက်လံစုံစမ်းလျှင် ပေါ်မည်မှာသေချာသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဆွစ်ဇာလန်ဘဏ်တွင် စာရင်းဖွင့်၍ အပ်ထားလိုက်လျှင် မိမိငွေကို မိမိဇနီး သားသမီးပင် သွားရောက်စုံစမ်း၍ မရ။ လုံခြုံလှသည်။ ဘဏ်ထဲသို့ ငွေရောက်သည်နှင့် ခြေရာပျောက်သွားတော့သည်။

ဆွစ်ဇာလန်ဘဏ်တွင် ငွေထားရသည်မှာ လုံခြုံ စိတ်ချရသည့်ပြင် အခြားဘဏ်များနည်းတူ ယင်းငွေဖြင့် စတော့များ၊ ရှယ်ယာများ၊ စာချုပ်များဝယ်ခြင်း၊ ငွေလဲ ဈေးကွက်တွင် ငွေကစားခြင်းကို ဘဏ်က လုပ်ပေးသဖြင့် ငွေများ တိုးပွားလျက်ပင် နေသေးသည်။ (ဆွစ်ဇာလန်ဘဏ်များသည် ထိုကဲ့သို့ လုပ်ငန်းများလုပ်ရာတွင် မြတ်သည်က များသည်။)

ဤကဲ့သို့ လျှို့ဝှက်စနစ်ကြောင့် အမေရိကန် မြေအောက် ဒုစရိုက်ဂိုဏ်းကြီးများ ဖြစ်သော 'မာဖီးယား' ဂိုဏ်းများနှင့် ဒုတိယကမ္ဘာစစ်က လွတ်မြောက်သွားသော နာဇီ စစ်အရာရှိဟောင်းများ၏ 'အိုဒက်ဆာ' အဖွဲ့တို့၏ ငွေသန်း ထောင်ပေါင်းများစွာတို့သည် ဆွစ်ဇာလန် ဘဏ်များတွင် ပုန်းအောင်းလျက် ရှိနေနိုင်ကြပေသည်။

ဤသို့သော ထူးခြားသည့် ဆွစ်ဇာလန်စနစ်ကို ဤစာအုပ်တွင် ကျွန်တော်လေ့လာခဲ့ရသည့် အတိုင်း စာဖတ် ပရိသတ်အား ဖောက်သည်ချလိုက်ပါသည်။ ဘဏ်လုပ်ငန်း၏ နက်နဲသည့် ပညာရပ်ပိုင်းများ မပါပဲ သာမန်လူပြိန်းများပင် နားလည်နိုင်လောက်အောင် ဖတ်ချင်စဖွယ် စီကာစဉ်ကာရေးထားသဖြင့် စာဖတ်သူအကြိုက် တွေ့မည်ထင်ပါသည်။

'ရွှေမဲ ဝန်ကြီးယာမာနီ' စာအုပ်ကို ဖတ်၍ ကောင်းသည်။ ကြိုက်သည်ဟု ဆိုလာသော စာဖတ်ပရိသတ်အတွက် ဤစာအုပ်ကို 'ရွှေမဲဝန်ကြီး မာယာနီ' ထက် ကောင်းစေရန် အထူးကြိုးစားထားပါသည်။ သို့သော် အားလုံး ပြီးပြည့်စုံပါသည်ဟု မပြောလိုပါ။ ချို့ယွင်းချက်၊ အားနည်းချက်များ ရှိကောင်း ရှိပါမည်။ ယင်း ချို့ယွင်းချက်၊ အားနည်းချက်များကို အပြုသဘော ဝေဖန်ချက်များဖြင့် အားပေးကြပါရန်။

စာပေဝန်ဖြင့်

**ဇင်သန့်**

၁၂၊၂၊၉၀

၂၉/၆-လမ်း၊ အနောက်ကမာရွတ်
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## နှီးနှောကိုးကားသော စာအုပ်များ


၁။ Reader's Digest — မဂ္ဂဇင်း Jan. 1971

၂။ Encyclopedia Britannica.

၃။ The Swiss Bank Connection, by Leslie Waller.

၄။ The Gnomes of Zurich, by T.R.Fehrenbach

၅။ TIME Magazine, May 16, 1972.

၆။ 〃 〃 , 〃 23, 1977.


၇။ 〃 〃 , July 11, 1977.


## မာတိကာ


| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | — | သူတို့အဆိုအမိန့်များ | |
| | — | ဘောင်းစု(သုတေသန)၏ အမှာ | .... |
| | — | ပြုစုသူ၏အမှာ | .... |
| | — | နှီးနှောကိုးကားသော စာအုပ်များ | |
| | — | ဓာတ်ပုံများ | |
| အခန်း | ၁ | ငွေအိတ်ကြီးနှင့် လူတယောက် | ၃၃ |
| 〃 | ၂ | ထူးခြားသော ဆွစ်ဇာလန် | ၄၆ |
| 〃 | ၃ | ဆွစ်ဇာလန်ဘဏ်လုပ်ငန်းကိုသရုပ်ခွဲခြင်း | ၆၁ |
| 〃 | ၄ | လူတကာစိတ်တိုင်းကျစေဖို့ | ၈၀ |
| 〃 | ၅ | ရွှေရောင်ဆံပင်နှင့် မိန်းကလေး | ၁၀၄ |
| 〃 | ၆ | ဆွစ်ဇာလန်ဘဏ် လျှို့ဝှက်မှုအက်လာခြင်း (၁) | ၁၁၇ |
| 〃 | ၇ | ဆွစ်ဇာလန်ဘဏ် လျှို့ဝှက်မှုအက်လာခြင်း (၂) | ၁၄၄ |
| 〃 | ၈ | နိဗ္ဗာန်ဘုံရောက် လူကောင်းများ | ၁၆၁ |
| 〃 | ၉ | နိဗ္ဗာန်ဘုံရောက် ဒုစရိုက်သမားများ | ၁၇၀ |
| 〃 | ၁၀ | စီးပွားရေးဒုစရိုက်သမားတို့၏ ပညာခန်း | ၂၀၀ |
| 〃 | ၁၁ | ရာဇဝတ်မှုမမြောက်သော ရာဇဝတ်မှု | ၂၁၀ |
| 〃 | ၁၂ | ဆွစ်ဇာလန်ဘဏ် လျှို့ဝှက်မှု၏ လက်ရှိအနေအထား | ၂၁၉ |
| 〃 | ၁၃ | ဝမ်းနည်းစရာကို ငွေအနားသတ်ခြင်း | ၂၂၅ |


www.burmeseclassic.com

www.burmeseclassic.com



ဤမာဖီးယား ခေါင်းဆောင်များ၏ ငွေများသည် ဆွစ်ဇာလန် ဘဏ်များတွင် စုဝေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com




ဆွစ်ဇာလန်နိုင်ငံ ဘဏ်များတွင် ဤသို့ လျှို့ဝှက်စွာ ငွေများ လာရောက်ထားကြသည်။



အာရပ်နိုင်ငံများမှ ရွှေလုံးကြီးများကို စိတ်ချရသည့် ဆွစ်ဇာလန် ဘဏ်များသို့ ဤသို့ ပို့၍အပ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com




ဆွစ်ဇာလန်နိုင်ငံ အနှံ့အပြားတွင်ရှိနေသည့် ဆွစ်ပေါက်စ်ဘဏ်ခွဲ



မာဖီးယား အဖွဲ့ချင်းလည်း ဤသို့ သတ်ကြဖြတ်ကြနှင့်။

www.burmeseclassic.com

www.burmeseclassic.com





ဤသို့သော အညှစ်အညမ်း စာအုပ်များ ဘိန်းဖြူများ ရောင်းဝယ်မှုမှရသည့် ငွေမဲများလည်း ဆွစ်ဇာလန် ဘဏ် တို့တွင် ခိုအောင်းကြသည်။




မှန်အကာ၊ သံတိုင်အကာများမလိုပဲ လွတ်လပ်စွာဆက်သွယ်နိုင်သော ဆွစ်ဇာလန် ပြည်ထောင်စုဘဏ်၏ ကောင်တာတခု။

www.burmeseclassic.com

www.burmeseclassic.com



“ကမ္ဘာပေါ်မှာတော့ အလုံခြုံဆုံးဘဏ်ပါပဲ”ဟု ပြော
ဆွစ်ဇာလန် အမျိုးသားဘဏ်ဥက္ကဋ္ဌ လျူဝေါလ်တာ”




လျှို့ဝှက်မှုစိတ်ချရကြောင်း
သော့ဖြင့် ဖော်ပြသည့်
“ဆွစ်ဘဏ် ကော်ပိုရေးရှင်းဘဏ်’၏
အမှတ်တံဆိပ်။

www.burmeseclassic.com

www.burmeseclassic.com



⇧

ဆွစ်ဇာလန် ဘဏ်များတွင်
လျှို့ဝှက်စွာ ငွေအပ်ခဲ့သော
လက်တင် အမေရိက
ခေါင်းဆောင်တဦး ဖြစ်သူ
ဆာမိုဇာ။



⇧


ဆွစ်ဇာလန် ဘဏ်များတွင်
ငွေသန်းပေါင်းများစွာ
လျှို့ဝှက် သွင်းထားခဲ့သော
ရှားဘုရင်။

www.burmeseclassic.com


www.burmeseclassic.com




ဆွစ် ပြည်ထောင်စုဘဏ်၏ မှန်အပြည့် ကာရံထားသော
‹ဆင်မ အဆောက်အအုံ။




ဆွစ်ဇာလန်တွင် ဘဏ်စနစ်ကို သန္ဓေတည်ပေးရာ ဆွစ်ဇာ
န်ဘဏ် မီးရထားလုပ်ငန်း။



www.burmeseclassic.com

www.burmeseclassic.com




ဆွစ် ပြည်ထောင်စုဘဏ်၏ စီးပွားရေးပြခန်းတ



နိုင်ငံတကာမှ စီးပွားရေးဈေးကွက်များနှင့် အမြဲဆက်သွယ်ခနေသော ဆွစ်ဇာလန်ပြည်ထောင်စုဘဏ်။

www.burmeseclassic.com

www.burmeseclassic.com



⬆

မာဖီးယား အချင်းချင်းတို့ တိုက်ကြ ခိုက်ကြ
သတ်ကြ ဖြတ်ကြ ဤသို့.......။

အခန်း (၁)

## ငွေအိတ်ကြီးနှင့် လူတယောက်

ဟာရီးသည် မိမိ၏ နာမည်ရင်းဖြင့် အမေရိကန် ပတ်စပို့ ကိုင်ဆောင်ထားသူ ဖြစ်သည်။ ပတ်စပို့၏ စာမျက်နှာ "သုံး" ရှိ ယင်း၏ ဓာတ်ပုံမှာ လွန်ခဲ့သော သုံးနှစ်ခန့်က ပုံဖြစ်၍ အနည်းငယ်ပိန်နေပြီး ပါးသိုင်းမွေး ပါးပါးကလေးနှင့်ဖြစ်သည်။

စာရွက်စိမ်းကလေးဖြင့် ခေါက်ထားသော စာမျက်နှာ "နှစ်" တွင် ယင်း၏ အရပ်ခြောက်ပေ ဖြစ်ကြောင်း၊ ဆံပင်အနက်၊ မျက်လုံးအညို၊ အမေရိကန်ပြည်ထောင်စု နယူးဂျာစီ ပြည်နယ်တွင် ၁၉၄၃-ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် မွေးဖွားကြောင်း သည်ဖြင့် ဖော်ပြထားသည်။

တပတ်လျှင် ခြောက်ရက်ကျ နေ့တိုင်း ကနေဒီနိုင်ငံတကာ လေဆိပ်မှ နံနက် ၉ နာရီတွင်လေကြောင်းခရီးစဉ်တခုရှိသည်။ ဒွားရွားပါးပါး နေ့ဘက်တွင် သွားသော ခရီးစဉ်တခုသာဖြစ်သည်။ ယင်းလေယာဉ်ကြီးပေါ်သို့ ဟာရီး တက်လိုက်သည်။ သူ့တွင် လက်ဆွဲသေတ္တာငယ်လေးတခု ပါလာသည်။ ဘိုးရင်း

www.burmeseclassic.com



၇၀၇ ဖြစ်လျှင် ယင်းလက်ဆွဲသေတ္တာကို မိမိထိုင်ခုံအောက်တွင် ထားတတ်ပြီး ဘိုးရင်း ၇၄၇ ဖြစ်လျှင် ပစ္စည်းတင် စင်ပေါ်တွင် တင်ထားတတ်လေသည်။

ဟာရီးသည် မိမိအား မသင်္ကာ မဖြစ်စေရန် နေ့ဘက်ကို သာ ခရီးသွားလိုသူဖြစ်၏။ ပတ်စပို့၏ စာမျက်နှာ "ငါး"မှ စ၍ အမေရိကန် နယူးယောက်မြို့ လူဝင်မှုကြီးကြပ်ရေးရုံးမှ တံဆိပ်အမျိုးမျိုး ရိုက်ထားသည်။ ယင်းတို့ကို ကြည့်ခြင်းဖြင့် သူသည် တနှစ်လျှင် နှစ်ကြိမ် (ဧပြီလတွင် တကြိမ်၊ အောက်တိုဘာလတွင် တကြိမ်) ဤခရီးကို သွားတတ်ကြောင်း သိနိုင်လေသည်။ သူသည် ပဲရစ်မြို့သို့ နံနက်စာအမှီ ရောက်သွားသည်။

အငှားကားတစီးသည် ဟာရီးကို ရှုးကမ်ဘွန်လမ်းရှိ ဟိုတယ် တခုသို့ ပို့ပေးသည်။ ဟိုတယ်တံခါးစောင့်သည် ဟာရီးအား ကောင်းကောင်းသိနေပြီး ယုံကြည်စိတ်ချရသူလည်း ဖြစ်လေသည်။ တံခါးစောင့်က သူ့ကို မနီလာစာအိတ်ထူကြီးတခုလှမ်း ပေးလိုက်သည်။

မိမိအခန်းသို့ ရောက်သောအခါ ဟာရီးသည် ခရီးပန်းလာသည့်အတွက် အပန်းဖြေလိုက်သည်။ ထို့နောက် လက်ဆွဲသေတ္တာထဲမှ အက်စ်အေအက်စ် လေကြောင်းခရီးဆောင်အိတ် အနက်တလုံးကို ဆွဲထုတ်လိုက်သည်။ ယင်းအိတ်ကား ထုံးစံအတိုင်း လေးလုံလျှက်ရှိလေသည်။

တံခါးစောင့် ပေးသော အညိုရောင်စာအိတ်ထဲမှ ပွိုင့် ၃၂ ကောဘ်ဘရာပြောင်းတို သေနတ်ကို ဆွဲထုတ်လိုက်သည်။ ယင်းကို သူ၏ အပေါ်အင်္ကျီအောက်ရှိ ရင်အုံပေါ်မှ နိုင်လွန် သေနတ်အိတ်ထဲသို့ ထည့်လိုက်သည်။



ဤသေနတ်ကို တခါမှ ထုတ်သည်းမထုတ်ခဲ့၊ ပစ်သည်းမပစ်ခဲ့ရပေ။ ဤသေနတ်ကို နယူးယောက်မှ သည်အထိ ယူမလာရသည်ကိုသာ ဝမ်းသာနေမိသည်။ လေယာဉ်ကွင်းတွင် လေယာဉ်ပြန်ပေးကာကွယ်ရေးအတွက် ရှာဖွေရေးကိရိယာများတပ်ဆင်ထားသဖြင့် သေနတ်ကို ဤဟိုတယ်တံခါးစောင့်ထံတွင် ထားခဲ့ရလေ့ ရှိသည်။ ဟာရီးသည် များများစဉ်းစားတတ်သူ မဟုတ်ပေ။ သို့ရာတွင် သေနတ်ကို သုံးရန်လိုအပ်ပါက မည်ကဲ့သို့ လုပ်ရမည်ကို မကြာခဏ စဉ်းစားထားဘူးသည်။

ယခုလည်း အတွေး ရေယာဉ်ကြောတွင် မျောမနေအား၊ အက်စ်အေအက်စ် လွယ်အိတ်ကြီးကိုညာဘက်ပခုံးပေါ်တွင် ချိတ်လိုက်ပြီး လက်ကိုင်ကို ညာလက်ချောင်းကလေးများနှင့် ဆွဲဇွေ့လိုက်သည်။

ပဲရစ်ကို သူ ကောင်းကောင်းမကျွမ်းပေ။ သို့သော် ပလေ့စ်ဒီအော်ပရာဇာတ်ရုံအနီးရှိ လမ်းဘေးစားသောက်ဆိုင်တွင် ဝိုစကီနှင့် ဆော်ဒါကို စုပ်ယင်း အနီးမှ ဖြတ်သွားသူများကို လေ့လာနေသည်။

မိမိကို တစုံတယောက်ကမှ စိတ်မဝင်စားကြောင်း သေချာတော့မှ စိန့်ဂျာမိန်ဒက်စ်ပရက်စ်အရပ်သို့ အငှားကားဖြင့် ထွက်ခဲ့သည်။ သူသည် ဥဒဟိုသွားနေကြသော လူများ၊ အေးဆေးတင့်လင်းသော ဂျာမန် သို့မဟုတ် အမေရိကန် စီးပွားရေးသမားများ၊ ယင်းတို့နှင့်အတူ အတွင်းခံအင်္ကျီ မပါပဲ လျှော့ရဲသော သိုးမွေးအင်္ကျီများကို ဝတ်ထားကြသူ ညဉ့်ငှက်မယ်များအား ကြည့်၍ ကျေနပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်သော ခရီးအတွက်ကိုမူ ခရီးသည်များအားလုံးချလိုက်ပြီဖြစ်၍ အားသွားသော အငှားကားကို သူက ပိုကြိုက်သည်။ ယင်းကားကို မထွက်မီ တက်ထိုင်လိုက်သည်။ အခြားလူများလ မဟုတ်။ ဤအလုပ်သည် သူ၏ လုပ်နေကျ ပုံစံဖြစ်သည်။ ဤ နည်းသည် အဘယ်ကြောင့် ပို၍ လုံခြုံကြောင်းကိုမူ သူ ရေ ရာရာ အကြောင်းမပြနိုင်။

တက္ကစီသည် သူ့အား ဂါယားအရှေ့ပိုင်း ဘူတာရုံတွင် ပေးသည်။ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့သို့ သွားမည့် အား ဘတ်-ဗီယင်နာ အမြန်ရထား မထွက်မီ ဆယ်မိနစ် အလို ရောက်သွားသည်။

ဤခရီးသည် အတိမ်းအစောင်းမခံသော ခရီးဖြစ်သည်။

အချိန်လင့်သွားလျှင် အိပ်စရာ အခန်းရဖို့ပင် မလွယ်။ ဖြစ်လျှင် ဟာရိုးသည် ရထားတွဲထဲတွင် ခုံတခုံရှာကာ မအိပ် သတိနှင့် နေရပေတော့မည်။ သို့သော် သည်ညအဖို့ အခ ပြေသည်။ သူသည် ရထားပေါ်တွင် မိမိအခန်းကို သော့ခ ပြီး ပဲရစ်အရှေ့ပိုင်းအထိ အိပ်၍ လိုက်ပါသွားသည်။

အရှက်တက်တွင် ဆွစ်ဇာလန်နိုင်ငံ ဘက်ဇဲသို့ ရောက်သွ သည်။ ဟာရိုးသည် အိပ်ရာမှ နိုးလာပြီး မုတ်ဆိတ်ရိတ် နောက်နေ့အတွက် အသင့်ပြင်နေလေသည်။

သူသည် ဘင်းဟော့ဘူတာရုံတွင် နံနက်စာကို အေးအေ ဆေးဆေး စားပြီးနောက် ဥပဒေအကြံပေးအရာရှိ မစ္စတာ ရှလိုင်ယာ့ အိမ်သို့ ဖုန်းဆက်လိုက်သည်။ ဗွန်ရှလိုင်ယာမှာလ နံနက်စာ စားအံ့ဆဲဆဲ ဖြစ်သည်။ ဟာရိုးက အတိုချုပ် ပြေ



ပြီးနောက် "ကောင်းသော မနက်ပါခင်ဗျာ" ဟု နှုတ်ဆက်၍ အဆုံးသတ်လိုက်လေသည်။

နံနက် ၉ နာရီတွင် နှစ်ယောက်သား ဘက်ဇဲမြို့၏ အကြီး ဆုံး ဘဏ်တခုဖြစ်သော စိန့်ဂျက်ကော့လမ်းရှိ ဘက်ဇဲဘဏ်နှင့် မျက်စောင်းထိုး ကော်ဖီဘားတခုတွင် ထိုင်မိကြပြီး ဒုတိယ နံ နက်စာအဖြစ် ကော်ဖီ သောက်ကြပြန်သည်။

တယ်လီဖုန်းထဲတွင် ပြောသကဲ့သို့ပင် များများ စားစား ပြောစရာမရှိလှပေ။ ဗွန်ရှလိုင်ယာသည် ဗြိတိသျှလေသံဝဲသော အင်္ဂလိပ်စကားနှင့် ပြောသဖြင့် စိတ်ပျက်စရာကောင်းသော လူ ကြီးတယောက်ဟု ဟာရိုး ထင်သည်။ ဗွန်ရှလိုင်ယာကမူ ဟာ ရိုး၏ ရင်ဘတ်ပေါ် အင်္ကျီအတွင်းမှ ခပ်ဖောင်းဖောင်း အရာ ကြောင့် သူ့ကို အန္တရာယ်ကောင်ဟု မြင်နေသည်။

နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဗွန်ရှလိုင်ယာသည် အက်စ် အအက်စ်အိတ်ကို ကောက်ယူလိုက်ပြီး ဘဏ်ဘက်သို့ ဖြတ်ကူး သွားသည်။ ဆယ့်ငါးမိနစ်ပင်မကြာ၊ ဗွန်ရှလိုင်ယာ ဘဏ်ထဲမှ ထွက်လာသည်။ လမ်းဘေးတွင်ခေတ္တနားလိုက်ပြီးဘူတာရုံဘက် သို့ ဆက်လျှောက်သွားသည်။ အတွင်း၌ ဘာမှ မရှိတော့သော အိတ်ကြီးကိုလည်း အမှိုက်ခြင်းတခုထဲသို့ ပစ်ထည့်လိုက်သည်။ ဘက်ဇဲမြို့သားများကား စည်းကမ်း ရှိကြသည်။ အမှိုက်ကို တွေ့ကရာ မပစ်တတ်ချေ။

သူ၏ ခြေလှမ်းပုံမှာ ဂုဏ်ရှိန်ရှိသည်။ အရင်စလိုမရှိ။ သူ သည် သူ့အသိုင်းအဝိုင်းတွင် ထယ်ဝါသူတဦးဖြစ်သည်။ ဘဏ် အမြောက်အများက သူ့ကို သိသည်။ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ် ရှိ ဘဏ်အချို့မှပင် သူ့အား သိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြေးလိုက်စရာမလိုပဲ ဟာရီးက သူ့ကို မှီလာသည်။ ဟာရီးသည် သူ့ကိုလမ်းမှာပင် ကျော်ဖြတ်ခဲ့ကာ ဘူတာရုံသို့ရောက်ခဲ့သည်။

ဘူတာရုံတွင် ဟာရီးက ပဲရစ်သို့ အမြန်လက်မှတ်တစောင် ဝယ်လိုက်သည်။ စာရွက်စာတမ်းများ၊ ဆွစ်ဇာလန် ဖရန့်ငွေများ၊ လက်မှတ်များကို ရေကိုင်ယင်း လက်မှတ်ပေါက်မှ လှည့်အထွက်တွင် ဗွန်ရှလိုင်ယာကို တိုးထွက်လာခဲ့သည်။ ဤတွင် ဗွန်ရှလိုင်ယာကလည်း သူ့လက်ထဲသို့ စာအိတ်တလုံး လျင်မြန်စွာ ထည့်ပေးလိုက်သည်။

ဟာရီးသည် ခုံရှည်တခုပေါ်တွင် ထိုင်လိုက်ယင်း စာအိတ်ကို ဖောက်ကြည့်လိုက်သောအခါ စိန့်ဂျက်ကော့တြာဇယ်ဘဏ်တွင် ငွေသွင်းလက်မှတ်ကို တံဆိပ်အမှတ်အသား အပြည့်အစုံဖြင့် ကျေနပ်ဖွယ် တွေ့လိုက်သည်။ ယင်းလက်မှတ်ကို အင်္ကျီအိတ်ထဲသို့ ထည့်လိုက်ပြီးနောက် ပြန်ရန်ဟန်ပြင်သော ဗွန်ရှလိုင်ယာကို မော့ကြည့်လိုက်သည်။ ဟာရီး ခေါင်းညိတ်ပြလိုက်သည်။ ဥပဒေအကြံပေးအရာရှိလည်း ထွက်ခွာသွားတော့သည်။

သွင်းငွေမှာ ဒေါ်လာသုံးသိန်း ဖြစ်သည်။

ဟာရီးသည် ဂျာမန်အမျိုးသမီးမဂ္ဂဇင်းတစောင်ကို ဝယ်၍ ရထားစောင့်ယင်း အတွင်းမှ ဓာတ်ပုံများကို ကြည့်နေသည်။ ဆွစ်ဇာလန်မှာဆိုလျှင် လုံးဝ ဝတ်လစ်စားလစ်ပုံများကို ခွင့်မပြုပေ။ ဟာရီးသည် အပေါ်ပိုင်းသာ ဗလာကျင်းနေသော အမျိုးသမီးတသိုက်ကိုအလွန်လှပ၍တောင့်တင်းသောအပေါ်ဗလာကျင်းသည့် အမျိုးသမီးတဦးက ကြာပွတ်ဖြင့် ရိုက်နေပုံကို မျက်စိကျနေသည်။



တွေးတောစဉ်းစားရမည့် အချိန် မဟုတ်သော်လည်း ဟာရီးကဲ့သို့သော လူမျိုးသည် မကြာခဏ ဆိုသလို ဘဝနှင့်ပတ်သက်၍ စဉ်းစားတတ်လေသည်။ ယခုမနက်ပိုင်း သူ၏အတွေးသည် သူ၏အကျိုးပေးကောင်းပုံကို ရောက်သွားသည်။

ဤငွေသယ်ပေးရသော အလုပ်မှာ စိတ်မချရပေ။

သူသာစိုးရိမ်တတ်လျှင် ဤကဲ့သို့ သူ မည်မျှကြာကြာလုပ်နိုင်မည်နည်း ဟု တွေးပေမည်။ နောက်ဆုံးတွင် အမေရိကန်လူဝင်မှုကြီးကြပ်ရေးမှ သူ၏နှစ်စဉ်ခရီးအတွက် သက်ဘမကောင်းဖြစ်လာနိုင်သည်။

ပိုင်ရှင်နာမည်မထားပဲ နံပါတ်ဖြင့် စာရင်းဖွင့်ထားခဲ့သဖြင့် ဗွန်ရှလိုင်ယာ၏ လက်မှတ်ဖြင့် ထုတ်၍ မရနိုင်သော ငွေများအကြောင်းကိုလည်း တွေးမိမည်။ ဤငွေများ မည်သို့စုဆောင်းခဲ့ပုံ၊ ဒေါ်လာ ငါးဆယ်တန်နှင့် ရာတန်များပင် တနင့်တပိုးသယ်လာရအောင် စုခဲ့ရပုံကိုလည်း တွေးမိမည်။

ဤငွေများ၏ အရင်းအမြစ်မှာ ကောင်းသောနေရာမှ လာသည်မဟုတ်ကြောင်း ဟာရီး သိသည်။ ယင်းတို့သည် "ကက်စီနို" နံပါတ်ကလေးများပေါ်သို့ ထိုးလိုက်ကြသည့် လောင်းကစားငွေများမှ ရရှိလာကြခြင်း ဖြစ်သည်။

ယင်းတို့အနက် အများစုမှာ နှစ်စဉ် အများဆုံးရရှိသော လတ်စ်ဗက်ဂတ်စ် "ကက်စီနို" လောင်းကစားဝိုင်းမှ ဖြစ်တော့သည်။

ကျန်ငွေများမှာမူ ညဉ့်ငှက်မယ်များ၊ ပြည့်တန်ဆာခေါင်းများ၊ သူခိုး၊ ခါးပိုက်နှိုက်များ၊ "အပြာ" ဓာတ်ပုံများ၊

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှု ဟိုတယ်များ၊ လောင်းကစား အပျော်အပါးမျိုးစုံတို့မှ လာကြသည်။

ယင်းတို့အနက် အများဆုံး အရေအတွက်မှာ အိပ်မက်ကို ရောင်းစားသူများ (မူးယစ်ဆေးဝါး ရောင်းချခြင်း)ထံမှ လာသည်။ မူးယစ်ဆေးဝါး တန်ဖိုးကိုမူ သူ မခန့်မှန်းနိုင်ချေ။ သို့သော် ယင်းငွေတို့သည် ယခင်က ဒုစရိုက်မှုမှ ငွေတို့ထက်စာလျှင် အလွန့်အလွန်များကြောင်းကိုမူ သိသည်။

ဤဘဏ်များသို့ ရောက်လာသော ငွေအားလုံးသည် ဒုစရိုက်ငွေ သက်သက်ချည်း မဟုတ်ချေ။ နာမည်ဝှက်၊ လိပ်စာဝှက်ဖြင့်လာသူတို့ထံမှ စတော့(Stock)များ၊ စာချုပ်အပေါင်ခံသည်များမှလည်း လာသည်။

စီးကရက် အရောင်းဆိုင်များ၊ ဘဏ်များမှ ဒင်္ဂါးအမျိုးမျိုးတို့သည် ငွေစက္ကူနှင့် လာခဲ့သည်သည်း ရှိ၏။ ယင်းတို့သည် အသေးအမွှားဟု ဆိုသော်လည်း အကျိုးအမြတ်ရှိသော လဲလှယ်မှု ဖြစ်လေသည်။

ယခန့ ဟာရီး ပေးလိုက်သော ငွေများမှာမူ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်များ၊ ပျော်ပွဲစားရုံများက အတိုးကြီးပေး ငွေချေး၍ လုပ်ငန်းများလုပ်သဖြင့် ငွေချေးသူ ငွေရှင်တို့ထံမှ ရောက်လာကြခြင်း ဖြစ်သည်။ ထိုဆိုင်များကို ငွေချေးသူသည် ငွေလည်းချေးသည်၊ အခြား လိုအပ်ချက်များဖြစ်သည့် စီးပွားရေးလုပ်ရန် လိုင်စင်ငှားခြင်း စသည်တို့ဖြင့်လည်း အမြတ်ဘုတ်ကြသည်။

အချို့ငွေများကမူ စီးပွားရေး အရင်းရှင်ကြီးများက မိမိတို့အလုပ်သမားများ သပိတ်မှောက် ဆန္ဒပြမှုများ ငြိမ်သက်အောင် လုပ်ပေးရန် အလုပ်သမား အကြံပေးအရာရှိ ပုဂ္ဂိုလ်များကို ငွေပေးခိုင်းသဖြင့် ရရှိသော တရားမဝင် လာဘ်ငွေများ ဖြစ်သည်။

ဟာရီးသည် မဂ္ဂဇင်းကို လွှင့်ပစ်လိုက်ပြီး ရထားပေါ်သို့ တက်သွားသည်။ ဟိုတယ်ရောက်လျှင် မိမိ၏ သေနတ်ကို အပေါက်စောင့်ကို ပြန်ပေးလိုက်သည်။

နောက်တပတ်တွင် အမေရိကန် လူဝင်မှုကြီးကြပ်ရေးရုံးမှ သက်တမ်း မကင်း မဖြစ်ရန် ဥရောပတခွင်လှည့်၍ ပျော်ပါးရဦးမည်ဖြစ်သည်။ မိမိ၏ ပတ်စပို့ထဲတွင် တံဆိပ် အမျိုးမျိုးရရန် နိုင်ငံ ခရီးဆန့်ရဦးမည်။ ဟမ်းဘတ်မြို့တွင် လည်ပတ်ယင်း တရားဝင်ပစ္စည်းများ ဝယ်ဦးမည်။ အမ်စတာဒမ်မြို့တွင် ဝင်ရောက်ပျော်ပါးမည်။ လန်ဒန်မြို့တွင်လည်း ဝင်ရောက်ကစားမည်။

ယင်းသို့ လုပ်ခနရသည်ကို ဟာရီးအလွန်ပျင်းသည်။ ဘုရားကျောင်းများ၊ ပြတိုက်များကို သဘောမတွေ့လှ။ ကမ်းခြေများကျတော့လည်း ပြေီလနှင့် မေလတို့တွင် သိပ်နွေးလှသည်မဟုတ်ချေ။ မြောက်အာဖရိကသို့လည်း မသွားလိုပေ။ ငင်းအရပ်မှ လူမဲတွေကို သူ မယုံချေ။

သည်လိုနှင့် ဤအလုပ်ကို လုပ်နေသည်မှာ သုံးနှစ်ခန့် ရှိပေ။ ယနေ့ ရှုလိုင်ယာ ဘဏ်သို့ သွင်းပေးလိုက်သော ငွေများ ယ်သို့ဖြစ်ပျက်နေသည်ကို တခါမျှ စဉ်းစားမကြည့်ခဲ့ပေ။ သူ ခက်သို့ လုပ်ပေးရသော အလုပ်သည် အစမျှသာ ရှိသေးကြောင်း မည်သူကမျှ သူ့အား ရှင်းမပြခဲ့ချေ။ အကယ်၍သာ တွေးတတ်လျှင် ယခုသွင်းခဲ့သော ဘဏ်မှ ငွေများသည် ကျိုးအမြတ်ရနိုင်ကြောင်း သိမည်။ (စာရင်းပိုင်ရှင်နာမည်

www.burmeseclassic.com

www.burmeseclassic.com



မတာပ်) နံပါတ်တပ်၍ ဖွင့်ထားသော ဤစာရင်း များသည် အတိုး မရကြောင်းလည်း သူ့အား ရှင်းမပြခဲ့ချေ။ အတိုးမရရုံမက ဘဏ်က ဆောင်ရွက်ပေးခပင် ကောက်ယူလိုက်သေးသည်။

ယင်းသည် ဒေါ်လာငွေ ဖောင်းပွမှုကို ကာကွယ်ရန် အလွန်တည်ငြိမ်သော ဆွစ်ဇာလန် ဖရန့်နှင့် လဲခြင်းသာ ဖြစ်ကြောင်း သိကောင်းမှ သိမည်။ ဆွစ်တို့သည် ဒေါ်လာ အများအပြား ဝယ်ခြင်းဖြင့် မိမိတို့၏ ငွေကြေးကို အားနည်းအောင် ဘယ်တော့မျှ မလုပ်ကြောင်း သူမသိချေ။

ယခု သွင်းလိုက်သော ငွေသည် ချက်လက်မှတ်အဖြစ်လည်းကောင်း၊ အခြားစာရွက်စာတမ်းဖြင့်လည်းကောင်း လျင်မြန်စွာ ထွက်လာပြီး ယင်းငွေဖြင့် စတော့များ၊စာချုပ်များ၊ဝယ်ခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် ထည့်ဝင်ခြင်း၊ ငွေတိုးဖြင့် ချေးခြင်း၊ ကော်ပိုရေးရှင်းများတွင် အကျိုးအမြတ်များ ဝယ်ယူခြင်း စသည်တို့ လုပ်ကြောင်းကိုလည်း သူမသိချေ။ ချက်လက်မှတ်များသည် ငွေစာရင်းမှာကဲ့သို့ပင် ပိုင်ရှင်အမည် မပါရှိပေ။ အတိုချုပ်အားဖြင့် စတော့နှင့် စာချုပ် အမြောက်အများသည် အမည်မဖော်သော ပိုင်ရှင်များက ပိုင်ဆိုင်နေကြသည်။ အမည်မဖော်သော ငွေရှင်များက ငွေတိုးပေးစားနေကြသည်။ အမည်မဖော်သော ပုဂ္ဂိုလ်များက ကုမ္ပဏီအမြောက်အများကို ပိုင်ဆိုင်နေကြသည်။

ဤကဲ့သို့ တနှစ်လျှင် နှစ်ကြိမ်ကျ ဟာရီးသွားနေရသည့် ခရီးအတွက် သူ့အား ယုံယုံကြည်ကြည် ခိုင်းနေကြသည်မှာလည်း ဤငွေများနှင့်ပတ်သက်၍ ဟာရီး တွေးတောစဉ်းစားတတ်ခြင်း



မရှိသောကြောင့် ဖြစ်သည်။ သူသည် သတင်းစာများတွင် ဆွစ်ဇာလန်ဘဏ်တို့ရှိ စာရင်းများအကြောင်းကို ဖတ်မိကောင်းဖတ်မိမည်။ သို့သော် စိတ်လည်း မဝင်စားမိ။ ဂရုလည်းမစိုက်မိပေ။

သူစဉ်းစားတတ်မည်ဆိုလျှင် သူ့ထက် များစွာ ကြီးကျယ်သော ပုဂ္ဂိုလ်များသည် ဆွစ်ဇာလန်တွင် မိမိပိုင် ငွေများကို ဝှက်ထားတတ်ကြကြောင်း သိပေမည်။ ထင်ရှားသည့် နိုင်ငံရေးသမားများ၊ ချမ်းသာသည့် ဆရာဝန်များ၊ ဗိုလ်ချုပ်ကြီးများ ချင်တန် သတင်းစာများတွင် မကြာခဏ ပါတတ်သော ကျော်ကြားသည့် ရုပ်ရှင်၊ ပြဇာတ်မင်းသား မင်းသမီးများသည့် ပုဂ္ဂိုလ်များ အားလုံးဖြစ်သည်။ ဆွစ်ဇာလန်တွင် ငွေကို ဝှက်ခြင်းသည် အမေရိကန်တို့၏ စရိုက်ဘာခု ဖြစ်တော့သည်။

မိမိလုပ်နေရသည့် အလုပ်အပေါ် သံသယမရှိရကား ဟာရီးသည် ဤငွေများပေါ်၌ သွေးအလိမ်းလိမ် စွန်းနေသည်ကို မစဉ်းစားမိချေ။

ဟာရီးအတွက် တခေါက်သွားလျှင် ဒေါ်လာ ၅၀၀၀ ရသည်။ တနှစ်လျှင် နှစ်ခေါက်အတွက် ဒေါ်လာ ၁၀၀၀၀ ရသည်။ယင်းငွေမှာ အမြတ်ခွန်မဲ့ငွေ ဖြစ်သည်။ ယင်းငွေနှင့် နယူးဂျာစီတွင်မိမိပိုင် အခြောက်လျှော်စက်မှ ရရှိသည့်အကောက်ခွန်ပေးရသော ငွေနှစ်ရပ်ပေါင်းသည် သူ၏အသက်နှင့် ခန္ဓာကိုယ်တည်မြဲအောင် ဆက်ပေးနေခြင်း ဖြစ်လေသည်။

ယခုကဲ့သို့ တခေါက်လျှင် ဒေါ်လာ ၅၀၀၀ နှုန်းရပြီး မိမိ၏ လူနေမှုအဆင့်အတန်း ဤမျှ တိုးတက်လာမည်ဟူ၍ ယခင်က တခါမျှ မစဉ်းစားမိခဲ့ချေ။ ဤမျှ စွန့်စား၍ သယ်ပေးရ

www.burmeseclassic.com

www.burmeseclassic.com

သည့်အတွက် ရသောငွေမှာ သယ်ယူပေးရသော ငွေ၏ ၂ ရာ ခိုင်နှုန်းသာ ရှိသဖြင့် နည်းလှသည်ဟုလည်း မည်သည့်အခါက မျှ မတွေးမိ။

နောက်ဆုံး ရှုလိုင်ယာအတွက် ငွေမည်၍မည်မျှ ရသည်ကို ပင် စဉ်းစား၍ မကြည့်။ သိအောင်လည်း မကျိုးစားချေ။ ဤသို့ စပ်စုမှု နည်းသောကြောင့်လည်း ဤအလုပ်အတွက် သူ့အား ရွေးချယ်ခဲ့ကြခြင်း ဖြစ်ပေသည်။ ထို့အပြင် မကြာသေး မီက အလွန်စပ်စုတတ်သည့် သူတို့လို ကြားက ဆောင်ရွက်ပေး ရသူများ မည်ကဲ့သို့ ဇာတ်သိမ်းသွားကြရသည်ကို သူနှင့် ဗွန်ရှု လိုင်ယာ ကြားမိလိုက်သည်။ ထို့ကြောင့်လည်း စည်းကမ်းကို ပို၍ လိုက်နာခဲ့ကြခြင်း ဖြစ်သည်။

သို့သော် ဟာရီးတွင် စပ်စုမှုမရှိရခြင်း၏ အကြောင်းရင်း မှာ ဤသို့ဖြစ်၏။

ဟာရီးအတွက် တနှစ်လျှင် နှစ်ခါသာ သွားပေးရပြီး ကျန် သော အချိန်များတွင် အားနေသည်။ ထိုအချိန်များတွင် အ ခြား သူ့လိုလူများ သွားပေးနေကြောင်း သူမသိ၍ ဖြစ်သည်။

ယင်းသို့ သူ တခေါက် သွားပို့လျှင် ငွေမှာ ဒေါ်လာ နှစ် သိန်းခွဲမှ ငါးသိန်းအထိ ပါတတ်လေသည်။

ဘက်ဇဲမြို့ တခုတည်းသာမဟုတ်၊ တခါတရံ ဇူးရစ်မြို့တို့ လူဂန်နိုမြို့တို့ကိုလည်း သွားရတတ်သည်။ ရံဖန်ရံခါ ဘဟား မားနိုင်ငံ၊ လစ်ဘန်နိန်နိုင်ငံများသို့လည်း သွားရတတ်သည်။ လူ



ဇန်းဘတ်မြို့နှင့် လီတန်စတိန်း မြို့များသို့လည်း မကြာခဏ သွားရတတ်သည်။

သို့ရာတွင် ဆွစ်ဇာလန်ကို သွားရသည့် အကြိမ်က များ သည်။

မည်သို့ပင်ဖြစ်စေ ဟာရီးအတွက်မူ အကြောင်း မဟုတ်။ ငွေပေးပြီးနောက် တအံ့တသြ ရပ်ကြည့်နေခြင်းလည်း မရှိ။ ပေးပြီး ချက်ချင်း ပြန်ခဲ့သည်။ သူ့အတွက်မူ ဤအလုပ်နှင့် လိုက်သည်။

သိလိုခြင်းလည်း မရှိ။

သိရအောင်လည်း မကြိုးစား။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

## ထူးခြားသော ဆွစ်ဇာလန်

သေးငယ်လှသော်လည်း ရင်သပ်ရှုမောဖွယ်ရာ ဆွစ်ဇာလန် နိုင်ငံကလေးကား လူသားတို့ ဖန်တီးထားသည့် ကမ္ဘာ့ထူး… လေး တခုဟုသာ ဆိုရချိမ့်မည်။

ဆွစ်ဇာလန်သည် ပင်လယ်တွင်းမှ ကျွန်းကလေး မဟုတ်… ကုန်းပေါ်မှ ကျွန်းကလေးဖြစ်သည်။ ဥရောပတိုက်၏ အလယ်… တွင် ဂျာမဏီ၊ ပြင်သစ်၊ အီတလီတို့အကြား ညပ်နေသော… နိုင်ငံကလေးတခုသာ ဖြစ်သည်။

နိုင်ငံ၏ တဘက်စွန်းမှ အခြား တဘက်စွန်းသို့ ကားဖြ… သွားလျှင် တရက်သာကြာမည်။ လမ်းတလျှောက်တွင် စိုး… ပျိုးရေးလုပ်နေသည့် ကုန်းပြင်မြင့်များ၊ အေးချမ်းသည့် တော… ကြားဒေသများ၊ သာယာလှပသော မြို့များ၊ တည်ငြိမ်… သည့် ကန်ကြီးများ၊ တောက်ပသည့် အဲလ်ပ် တောင်တန်းကြ… များကို တွေ့ရမည် ဖြစ်သည်။ ဆွစ်ဇာလန်ရှိ လမ်းများသည… ဆွစ်ဇာလန် မီးဖိုချောင်ခန်းများ နည်းတူ သန့်ရှင်းလှသည… ဆင်းရဲချို့တဲ့၍ ညစ်ပတ်နေသည့် ရပ်ကွက်ဟူ၍ မတွေ့ရချေ…



ဆွစ်ဇာလန်သည် လူမျိုးစုံပေါင်း၍ တစိတ်တည်း တဝမ်းတည်း ဆန္ဒညီစွာ ဒီမိုကရေစီကျကျ အေးအေးချမ်းချမ်း နေထိုင်နိုင်သည့် နိုင်ငံဖြစ်သည်။ ဆွစ်ဇာလန်လူမျိုးဟူ၍ သီးခြား မရှိ။ ဂျာမန်၊ ပြင်သစ်နှင့် အီတလီ လူမျိုးသုံးမျိုး ပေါင်းစပ် နေထိုင်ကြသည်။ သို့ရာတွင် ယင်းတို့သည် မိမိတို့၏ မူရင်းလူမျိုးစိတ်ဓါတ်မရှိပဲ အားလုံး ဆွစ်လူမျိုးဟု ခံယူပြီး ဆွစ်ဇာလန်နိုင်ငံ၏ ကောင်းကျိုးချမ်းသာအတွက် ညီညီညွတ်ညွတ် လုပ်ကိုင်ကြသည်။

တနိုင်ငံလုံးတွင် လူတစ်ရာလျှင် ၆၉ ယောက်မှာ ဂျာမန်စကား ပြောသည်။ ၁၉ ယောက်မှာ ပြင်သစ်စကား ပြောသည်။ ၉ ယောက်မှာ /အီတလီစကား ပြောသည်။ ထို့ပြင် …မန် ဘာသာစကား ပြောသူ တစ် ရာခိုင်နှုန်း ရှိသေးသည်။ …ရိုတက်စတင့်နှင့် ကက်သလစ် ဘာသာမှာ ဂျာမန် ဘာသာ …ထား ပြောသူတို့ အုပ်စုတွင် ထွန်းကားသည်။

သို့ရာတွင် ဤကဲ့သို့ ဘာသာစကား ကွဲပြားနေမှုကြောင့် …ဆွစ်တို့အတွက် ပြဿနာ မရှိပေ။ ဘာသာစကားတခုကို အမျိုး…သား ဘာသာစကား တရပ်အဖြစ် အတင်းအကြပ် လုပ်ခြင်း …ရှိ။ ရုံးသုံးဘာသာများကို ဂျာမန်ရော၊ ပြင်သစ်ရော၊ အီတ…သော သုံးမျိုးစလုံးနှင့် ရေးသည်။ လွှတ်တော်တွင်လည်း ကိုယ်…စားလှယ်များသည် ဤဘာသာစကား သုံးမျိုးအနက် ကြိုက်…ရာ ဘာသာစကားနှင့် ပြောနိုင်သည်။

ဆွစ်ဇာလန်၏ ပထဝီ အနေအထားမှာ ဆွစ်အမျိုးသားတို့…အား သယံဇာတ ချို့တဲ့သော လူမျိုးအဖြစ် ဖန်တီးပေးထား…သလို ရှိနေပေသည်။ အဲလ်ပ်တောင်တန်းသည် ဆွစ်ဇာလန်၏

www.burmeseclassic.com

www.burmeseclassic.com



ဗဟိုကုန်းမြင့်မှ နေ၍ မြောက်ဘက်သို့လည်းကောင်း၊ တောင် ဘက်နေခြည်ဖြာသည့် တီစီနို တောင်ကြားများ ဆီသို့လည်း ကောင်း ဆန့်တန်းထားပေသည်။ အဲလ်ပ်တောင်တန်းနှင့် ဂျုရ တောင်တန်းတို့သည် ဆွစ်ဇာလန်ကို ရာပေါင်းများစွာသော တောင်ကြား ဒေသများ ဖြစ်အောင် အပိုင်းပိုင်း ဖြတ်ထား သည်။ ဤကဲ့သို့ တောင်များ ထူထပ်နေသဖြင့် ဆွစ်တို့ပြဿ နာမရှိပေ။ ရထားလမ်းပေါင်း ၆၁၀၊ လှိုင်ခေါင်းလမ်းပေါင်း ၃၃ ခုနှင့် ချောင်းကူး တံတားပေါင်း ၆၀၀၀ ရှိသည်။ ယ ဆိုလျှင် ဆွစ်ဇာလန်ရှိ ရထားများသည်။ အခြားနိုင်ငံများ နည်းတူ နေရာတိုင်းတွင် အမြန် ခုတ်မောင်းနိုင်ကြပေပြီ။

အလွန် မတ်စောက်သော တောင်တက် လမ်းများအတွက် ဆွစ်အင်ဂျင်နီယာတို့သည် ခွေးသွားစိပ် ဘီးတပ် ရထားများ ကို တည်ထွင်ထားကြသည်။ လမ်းသော်လည်းကောင်း၊ တံ တားသော်လည်းကောင်း မဆောက်နိုင်သော တောင်ချင်းကူး သည့် နေရာများတွင် ကြိုးရထားများကို သုံးသည်။ ထို့ကြောင့် ဆွစ်တို့သည် ပထဝီ ပြုပြင်ရေးသမားများ ဟုပင် ခေါ်ထိုက် ပေသည်။ တံတားဆောက်ခြင်း၊ ဥမင်ဖောက်ခြင်း၊ ကြိုးရထား ဆောက်ခြင်း အတတ်ပညာများသည် သူတို့အဖို့ ရိုးနေလော အောင် ကျွမ်းကျင်နေကြပေပြီ။

အလွန်စီးပွားရေး ကောင်း၍ တိုးတက်နေသော ဆွစ်ဇာ လန်နိုင်ငံ၏ အစွန်အဖျား ဒေသများကို သွားကြည့်လျှင် ယ ဒေသသည် တခါက အလွန်ဆင်းရဲသော လူများ နေထိုင်ကြ အထည်အလိပ် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဖြင့် ယခုကဲ့ ကြီးပွားခဲ့ရပါသည်ဟု ပြောလျှင်ပင် ယုံနိုင်စရာ မရှိပေ။



ရေအားနှင့် လူအင်အားအပြင် သဘာဝ သယံဇာတမှာ လည်း အလွန်ရှားပါးသည်။ အလွန်သာယာလှပသော ဆွစ် ဇာလန်၏ လေးပုံတပုံမှာ ရေခဲမြစ်များ၊ ဂရင်းနိုက်ကျောက် များ၊ ကန်များချည်း ဖြစ်နေသည်။ ငါးပုံတပုံမှာ မတ်စောက် သော သစ်တောဒေသများ ဖြစ်သည်။ နောက်ထပ် ငါးပုံတ ပုံမှာ အယ်လ်ဖိုင်း နွေရာသီ စားကျက်မြေများ ဖြစ်သည်။ တ ပြည်လုံး အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၁၅၉၄၁ အ နက် နောက်ဆုံး ကျန်နေသော သုံးပုံတပုံမှာ စိုက်ပျိုးရေးမြေ များ၊ လူနေအိမ်ခြေများ ဖြစ်သည်။ ယင်းတို့၏အောက် မြေ လွှာအတွင်းဝယ် ရေနံ၊ ကျောက်မီးသွေး၊ ဓါတ်သတ္တု ဟူ၍ တူးလောက်စရာ သယံဇာတများ မရှိလှချေ။

အလွန် အမြော်အမြင်ရှိသော ဆွစ်တို့သည် ယင်းကဲ့သို့ ပ ထဝီ သဘာဝအရ အရှုံးပြနေသည်ကို အဖတ်ဆယ် အမြတ် ထုတ်ရန် ကြိုးစားခဲ့ကြသည်။ ဥပမာ ဆောင်းဦးပေါက်တွင် နွားမ ၉၃၀,၀၀၀ ကို စားကျက်မြေထဲသို့ လွှတ်ထားသည်။ စားကျက်မြေတခုလုံး နွားခြူသံဖြင့် ညံနေတော့သည်။ နွား များသည် တဆောင်းလုံး စားကျက်မြေမှ မြက်များကို စား ကြသည်။ နွေရောက်သောအခါ ယင်းနွားမများကို ပြန်မောင်း သွင်းလာပြီး နို့ညှစ်ယူသည်။ ယင်း နွားနို့များမှ တန်ချိန် ပေါင်း များစွာသော ဆွစ်ဒိန်ခဲများ ရရှိလေသည်။ အလွန် ခေါင်ပြီး ကြမ်းတမ်းလှသည့် နေရာကို ယခုကဲ့သို့ အကျိုးရှိရှိ အသုံးချတတ်သည့် စိတ်ကူးမျိုးကား ရှားလှသည်။

ထို့အပြင် ရေခဲမြစ်များတွင် ရေကာတာများဆောက်ပြီး အရည်ပျော်နေသော ရေခဲရေများကို အသုံးပြုကာ ရေအား

www.burmeseclassic.com

လျှပ်စစ်ကို ထုတ်လုပ်ပြန်သည်။ ယင်းလျှပ်စစ်သည် တနိုင်ငံလုံးအနှံ့အပြား ရှိနေသော စက်ရုံငယ်ကလေးပေါင်း ၁၃,၀၀၀ ကို ပေးနိုင်သည်။ ထိုကဲ့သို့ ရေအားလျှပ်စစ်ကို သုံးသဖြင့်လည်း ဆွစ်ဇာလန် နိုင်ငံတွင် လေထု ညစ်ညမ်းမှုမရှိပဲ သန့်ရှင်းလတ်ဆပ်သောလေကို ရှူကြရသည်။

စစ်ဒရေးဘက်တွင် ကြည့်ဦး။

ဒုတိယကမ္ဘာစစ်ကြီး စသောအခါ ဆွစ်ဇာလန်သည် နိုင်ငံခြားတိုင်းပြည်များ အထူးသဖြင့် ဂရိနိုင်ငံမှ သင်္ဘောများကို ငှားရမ်းကာ လွတ်လွတ်လပ်လပ် ကုန်သွယ်နေခဲ့သည်။ စစ်ကြီးကြောင့် ဂရိသည် မိမိ၏သင်္ဘောများကို မငှားတော့ပဲ ပြန်ခေါ်ပြီး စစ်တွင် သုံးလိုက်သည်။ ထို့ကြောင့် ဆွစ်ဇာလန်ကုန်များမှာ လစ္စဘွန်းနှင့် အခြား ဝေးလံသော ဆိပ်ကမ်းများတွင် ပုံနေသည်။ ထိုအခါ ဆွစ်ဇာလန်မှာလည်း စားရေရိက္ခာ ယာယီအားဖြင့် ရှားပါး သွားရပေသည်။ ဤအဖြစ်အပျက်ကြောင့် ဆွစ်ဇာလန်သည် သင်ခန်းစာ ရခဲ့သည်။ နောက်အခါ ဤသို့ အဖြစ်မခံတော့။ ယနေ့ဆိုလျှင် ခေတ်မီ ပင်လယ်ကူး သင်္ဘောကြီး ၃၂ စီး ရှိနေပေပြီ။ သင်္ဘောသားအရာရှိ အများစုမှာလည်း ဆွစ်နိုင်ငံသား အများစု ဖြစ်နေပေပြီ။ ဤသင်္ဘောကြီးများဖြင့် သမုဒ္ဒရာ ခုနစ်စင်းကို ဂျင်နိုဝါအန့်တွပ်ရော့ဘာဒမ်၊ ဟမ်းဘာဂ် စသည့် အခြား ပင်လယ်ဆိပ်ကမ်းမြို့မှ ကုန်သန်း ရောင်းဝယ်ရသည်။ မိမိတို့နိုင်ငံတွင် ပင်လယ်ဆိပ်ကမ်းမြို့ မရှိ၊ ဆွစ်ဇာလန်၏ ရိန်း မြစ်ဆိပ်ကမ်းမှနေ၍ စက်တပ်ရေယာဉ် ၄၉၀ ဖြင့် ထိုသင်္ဘောကြီးများရှိရာ မြို့များနှင့် ဆက်သွယ်သည်။ ယခင်က ဆွစ်ဇာလန်ရေတပ်ဆိုလျှင် ရယ်စရာ



အဖြစ် သဘောထား နေခဲ့ရာမှ ယခု အထင်သေး၍ မရတော့ချေ။

ငြိမ်းချမ်းရေးကို မြတ်နိုးကြသူများပီပီ နှစ်ပေါင်း ၁၅၀ လုံးလုံး စစ်နှင့်ကင်းဝေးခဲ့သည်။ သို့ရာတွင် ကာကွယ်ခံရေးအင်အားမှာ အပြည့်ရှိသည်။ ဆွစ်တို့သည် ဥရောပတွင် ကြေးစားစစ်သားများ အဖြစ် အမှုထမ်းကြစဉ်က စစ်တိုက်ကောင်းသူများအဖြစ် နာမည်ရခဲ့ကြသည်။ ယင်းကဲ့သို့ နာမည်ကောင်းများသည်ပင် ယနေ့ခေတ် စက်ရုံများ၊ လယ်ယာများ၊ ဘဏ်များ တည်ဆောက်ရေးတွင် အရင်းအနှီးများ ဖြစ်ခဲ့သည်။ ဆွစ်ဇာလန် ဖက်ဒရယ် အစိုးရသည် ဘာဘာဂျက် သုံးပုံတပုံကို ကာကွယ်ရေး စရိတ်အဖြစ် သုံးနေဆဲဖြစ်သည်။ ၂၄ နာရီအတွင်း တတိုင်းပြည်လုံးရှိ လေ့ကျင့်ပြီး အရံစစ်သားပေါင်း ငါးသိန်းကို ဆင့်ခေါ်နိုင်ပြီး၊ နောက် ၂၄ နာရီ ထပ် ဆင့်ခေါ်လိုက်လျှင် အသက်ကြီးသော နောက်တန်း အရံဘပ်သား သုံးသိန်းကို ဆင့်ခေါ်နိုင်သည်။

ယင်းသို့ အရံ တပ်သားများကို ချက်ချင်း ဆင့်ခေါ်နိုင်အောင် အသက် ၂၀ ပြည့်သူ ခန္ဓာကိုယ် သန်စွမ်းသူတိုင်းကို စစ်ရေး လေ့ကျင့်ပေးထားသည်။ သင်တန်းပြီးသွားသော်လည်း နောက်ထပ် နှစ်စဉ် မွမ်းမံ သင်တန်းများဖြင့် အားဖြည့်ပေးသည်။ အရံတပ်သားတိုင်း မိမိတို့၏ သေနတ်နှင့် ကျည်ဆံများကို အိမ်တွင် သိမ်းထားနိုင်သည်။

သို့ရာတွင် အချို့က ဆွစ်တို့သည် နျူးကလီးယားစစ်ကို တော့ ခံနိုင်မည်မဟုတ်ဟု ဆိုကြသည်။ ဆွစ်တို့သည် ရှင်သူအား

www.burmeseclassic.com

www.burmeseclassic.com



အမြဲ တွန်းလှန် နေနိုင်မည်တော့ မဟုတ်ပေ။ သို့သော် ဟစ်တလာနှင့် မူဆိုလိုနီတို့ ဆွစ်ဇာလန်အား ကျေ့ရှောင်သွားအောင် ဖန်တီးနိုင်ခဲ့သည်မှာမူ အံ့စရာပင်။

ဆွစ်ဇာလန်သည် ဥရောပအလယ်တွင် တည်ရှိနေသည်ဖြစ်သောကြောင့် နိုင်ငံတကာ အဖွဲ့အစည်းများ စုဝေးတည်ရှိရာလည်း ဖြစ်ပေသည်။ ကုလသမဂ္ဂ ဥရောပဆိုင်ရာရုံး၊ နိုင်ငံတကာ ကြက်ခြေနီ ကော်မတီ၊ ကမ္ဘာ့စာတိုက် သမဂ္ဂ၊ နိုင်ငံတကာ အလုပ်သမား အဖွဲ့ကြီး၊ ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ကြီး၊ နိုင်ငံတကာ ပညာရေး ဗျူရို စသည့်အပြင် နိုင်ငံတကာ နိုင်ငံရေးပြဿနာများကို ဆွေးနွေးရာ (ဂျီနီဗာ) ကွန်ဖရင့်များ ကျင်းပရာလည်း ဖြစ်ခဲ့သည်။ ထိုမျှသာမက ရာပေါင်းများစွာသော စီးပွားရေး၊ ကုန်သွယ်ရောင်းဝယ်ရေး ကုမ္ပဏီများ တည်ရှိရာလည်း ဖြစ်ပေသည်။

မကြာသေးမီ နှစ်များဆီက ဆွစ်ဇာလန်တွင် အဆောက်အအုံများ မှိုလိုပေါက်လာပြီး စီးပွားရေးလည်း အထူး တိုးတက်လာခဲ့သည်။ စက်ရုံသစ်များ မိုးမြင့်တိုက်ကြီးများမှာ ဆွစ်ဇာလန်မြေပြင်ပေါ်မှ အလျှိုလျှို ထိုးထွက်လာကြသည်။ သို့ရာတွင် အလုပ်သမား ရှားပါးလှသဖြင့် အလုပ်ရှင်များသည် သူ့ထက်ငါ လုပ်ခပိုပေး၍ အလုပ်သမားကို အပြိုင်ရှာကြရသည်။ ထို့ကြောင့် အလုပ်သမားခများ ထိုးတက် သွားသည်။

ထို့အပြင် အီတလီ၊ စပိန်၊ ဂရိနှင့် တူရကီနိုင်ငံတို့မှ အလုပ်သမားများကိုလည်း ခေါ်ယူကြရသည်။ ၁၉၆၀ ခုနှစ်တွင် ပြည်ပ အလုပ်သမား ခြောက်သိန်းခွဲ ခန့်အထိ ရှိခဲ့လေသည်။ နယ်ခံ လူဦးရေပင် ခြောက်သန်းမျှသာ ရှိသည်။ ထိုအလုပ်သမားများ အတွက်လည်း အိမ်ခန်း အမြောက်အမြားကိုအပ်ခဲ့ရပေသည်။



သို့ရာတွင် ဆွစ်တို့သည် ယင်းတို့၏ ငွေကြေးကို ခိုင်မာစေရန် ဆုံးဖြတ်ပြီးနောက် အဆောက်အအုံ ဆောက်လုပ်ခြင်းများကို လျှော့ချခဲ့သည်သာမက ပြည်ပအလုပ်သမားများကိုလည်း လျှော့၍ ခေါ်ခဲ့သည်။

ထို့အပြင် ဆွစ်တို့သည် ဤကဲ့သို့ မိုးမြင့်တိုက်ကြီးများ အလျှိုအလျှို ပေါ်ပေါက်လာသဖြင့် ဆွစ်ဇာလန်၏ သဘာဝအလှများ ပျက်သွားမှာကို လည်းကောင်း၊ အလွန်မြန်သော ဆယ်ယူပို့ဆောင်ရေးယာဉ်များ တပြည်လုံးအနှံ့ ရှိနေသည်ကိုလည်းကောင်း လိုလားဟန် မရှိပေ။ ဆွစ်တဦးက

"ကျုပ်တို့ရဲ့ ကားတွေ ရထားတွေ ဒါထက် သိပ်မြန်နေယင် ကမ္ဘာလှည့် ခရီးသည်တွေဟာ ဂျာမဏီက လာပြီး ဆွစ်ဇာလန်မှာ ခဏလည်၊ နောက်ပြီး နေ့ချင်း အီတလီဘက်ကို ကူးသွားကြလိမ့်မယ်။ ကျုပ်တို့ရဲ့ ယခုလက်ရှိ လမ်းတွေနဲ့ဆိုယင် သူတို့ဟာ အနည်းဆုံး ဒီမှာ တညတော့ အိပ်ရမယ်။ နောက်ပြီး ထမင်း နှစ်နပ်တော့ စားကြရမယ်။ ဆွစ်ဇာလန် နာရီဖြစ်ဖြစ် တခြားဆွစ်ဇာလန်ထွက် ပစ္စည်း တခုဖြစ်ဖြစ် ဝယ်ကြမယ်"ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ကလို ဆွစ်တို့သည် အလုပ်နှင့် လက် မပြတ် လုပ်နေကြသော်လည်း အလုပ်သမားသပိတ်များ မရှိခဲ့ဘူးပေ။ အလုပ်ရှင်အလုပ်သမား သမဂ္ဂများသည် အခွင့်အရေးကို တောင်းဆိုရန်မလို။ ကြိုတင်နားလည် သဘောတူညီမှု ရှိကြသည်။ ထို့ကြောင့်လည်း ဆွစ်ဇာလန် အလုပ်သမားများသည် ကမ္ဘာတွင် လုပ်ခအများဆုံး ရရှိသူများ စံချိန်ကို တင်ထားကြသည်။

ဆွစ်ဇာလန်သည် နိုင်ငံတကာတွင် အရေးကြီးသော နိုင်ငံကြီးတနိုင်ငံဖြစ်လာအောင် ကြံဆောင်ကြသည် မှန်သော်လည်း ပြည်တွင်း ကြီးထွားမှုကိုမူ မလိုလားကြချေ။ ပြည်တွင်း ကြီးထွားမှု ဆိုသည်မှာ လူဦးရေ တိုးပွားခြင်းကို ဆိုလိုပါသည်။ ဇူးရစ်မြို့တွင် လူဦးရေ ငါးသိန်း၊ ဘာက်ဇဲတွင် ၂၁၂,၀၀၀၊ ဂျီနီဗာတွင် ၁၇၀,၀၀၀နှင့် ဘန်းမြို့တွင် ၁၆၆,၀၀၀တို့ ရှိလာခြင်းကို မနှစ်မြို့ကြချေ။ ယင်းလူဦးရေလောက်ကိုပင် များလှပြီဟု အထင်ရှိနေကြလေသည်။

ဆွစ်တို့သည် အာဏာကို တသင်း၊ တဖွဲ့၊ တအုပ်စုက ချုပ်ကိုင်မှုမျိုးကို ရှောင်သည်။ မြို့တော်ဟုပင် မထား၊ လူဆန်းမြို့သည် ဖက်ဒရယ်အစိုးရ ရုံးစိုက်ရာဖြစ်သည်။ ဘန်းမြို့သည် ပါလီမန်၊ ဖက်ဒရယ်ကောင်စီနှင့် အစိုးရအဖွဲ့ လုပ်ငန်းကို ဆောင်ရွက်သည့် လူကြီး ခုနစ်ယောက် နေထိုင်ရာ မြို့ဖြစ်သည်။ (ဆွစ်ဇာလန်တွင် ရွေးကောက်ထားသော သမ္မတ မရှိပေ။ ပါလီမန်က ကောင်စီဝင်ထဲမှ တယောက်ကို "တနှစ်" အတွက် သမ္မတ ရွေးချယ်ခန့်လိုက်သည်။) ဂျီနီဗာမှာ နိုင်ငံတကာ အဖွဲ့အစည်းများ ရုံးစိုက်ရာ မြို့ဖြစ်သည်။ ဇူးရစ်မှာ ငွေကြေး မြို့တော်ဖြစ်သည်။ ဘာက်ဇဲမှာ သယ်ယူပို့ဆောင်ရေး ဗဟိုမြို့ ဖြစ်သည်။



ဆွစ်တို့သည် ဆွစ်ဇာလန်သို့ အလည်အပတ်လာလျှင် လက်ခံတတ်သည်။ ဆွစ်နိုင်ငံသား တဦး ဖြစ်ရန်ကိုမူ လက်မခံပေ။ ဆွစ်နိုင်ငံသားအဖြစ် ခံယူလိုလျှင် ပထမ အခြေခံ အဖွဲ့အစည်းက စိစစ်သည်။ ထို့နောက် ခရိုင်အဆင့်က စိစစ်သည်။ နောက်ဆုံး ဗဟိုမှ စစ်ဆေးသည်။ ဤသုံးဆင့် စိစစ်လိုက်သည်မှာ ၁၅ နှစ်မျှ ကြာသွားတတ်သည်။ ထို့နောက်မှ "ဘယ်မြို့မှာ နေ" "ငွေမည်မျှ ပါရမည်" စသည့် သတ်မှတ်ချက်များနှင့် ခွင့်ပြုသည်။ တနှစ်တနှစ်လျှင် နိုင်ငံသား ဖြစ်ခွင့်ရသူ ၃,၀၀၀ ပင် မပြည့်တတ်ပေ။

ဤကဲ့သို့ ဥရောပရှိ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး ဂယက်ကို ရှောင်ရှားနိုင်သော နိုင်ငံ၊ သယံဇာတ ရှားပါးသော်လည်း သဘာဝက ပေးသမျှ အခြေအနေကို အသုံးချတတ်သောနိုင်ငံ၊ လူမျိုးကွဲ သုံးဦး သင့်မြတ်စွာ အတူတကွ ပူးပေါင်းနေထိုင်နိုင်သော နိုင်ငံအဖြစ် ထူးခြားလှသည့် ဆွစ်ဇာလန်နိုင်ငံတွင် ဘဏ်များမှာ ထူးခြားစွာ ပေါများလှသည်။ ပေါများရုံမျှမက ဘဏ်စနစ်မှာလည်း ထူးခြားလှသည်။

× × ×

ဆွစ်ဇာလန်သည် အမေရိကန် နိုင်ငံနှင့်လည်းကောင်း၊ အခြားအနောက်နိုင်ငံများနှင့်လည်းကောင်း ထူးထူးခြားခြား ခြားနားချက်များ ရှိသည်။ ဥပမာဆိုလျှင် ယခုခေတ် နိုင်ငံအများအပြားတွင် ယင်းတို့၏ ပင်မအစိုးရမှာ ကမ္ဘာတွင် အလျော့ရဲဆုံး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွစ်ဇာလန်နိုင်ငံ ထူထောင်သည့် ၁၈၁၅-ခုနှစ် မတိုင်မီ ရာစုနှစ်ပေါင်း များစွာတွင် တောင်များ ပတ်ရံသည့် ဆွစ်ဇာလန်ရှိ ဈေးဆိုင်များ၊ ဟိုတယ်များမှာ ပြည်ပ ခရီးသွားတို့အပေါ် အမှီပြု၍ မရေမရာ နေထိုင်စားသောက်ကြရလေသည်။

အယ်လ်ဖိုင်း တောင်တန်းများ ကာ မို့နေပြီး ကြည်လင်နေသည့် ဆွစ်ဇာလန်၏ အလှကို အပျော်ခရီးထွက်သူများနှင့် ကျန်းမာရေးအတွက် အနားယူသူများ သဘောကျကြသည်။ သို့ရာတွင် ဥရောပတိုက်၏ အလယ်တွင်ရှိသော ဤနိုင်ငံတွင် ခိုင်မာသော စီးပွားရေးကို တည်ဆောက်မည့်သူ တဦးတယောက်မျှ မရှိခဲ့ချေ။ နောက်ဆုံး အသားအလှ ကောင်းသည့် ဧည့်ကြို လုပ်ငန်းကိုပင် အောင်မြင်အောင် မလုပ်ဆောင်နိုင်ကြချေ။

သို့သော် ယနေ့ ဆွစ်ဇာလန် နိုင်ငံ၏ အရှိန်အဝါသည် တကမ္ဘာလုံး ပြန့်နှံ့နေပေပြီ။ ဆွစ်ဇာလန် စီးပွားရေးနှင့် စက်မှုလက်မှု လုပ်ငန်းများသည် တကမ္ဘာလုံးအတွက် အရေးပါနေရပေသည်။ ဆွစ်ဇာလန် ဖရန့်ငွေသည်လည်း အရံရွှေ ၁၃၅-ရာခိုင်နှုန်း၏ အားဖြင့် ပေါင်း၍ ကမ္ဘာတွင် အခိုင်မာဆုံး ငွေကြေးအဖြစ် သတ်မှတ်ခြင်း ခံရလေသည်။ ယင်းသို့ ဖြစ်လာရသည်မှာ အကြောင်းရင်း များစွာရှိသည်။ ယင်းတို့အနက် အဓိက အကြောင်း နှစ်ရပ်မှာ ကယ်လ်ဗင်နှင့် ဇွင်ဂလီ ဖြစ်သည်။

ဆွစ်တို့၏ တသက်လုံး ငွေကြေးနှင့် လုပ်စားသည့် အလေ့အထနှင့် ဂျွန်ကယ်လ်ဗင်၏ တင်းကြပ်သော ပရိုတက်စတင့် အဆုံးအမ နီတိများ မည်သည်က အလျင်ပေါ်သနည်း ဆိုသည်



ကို ခန့်မှန်း၍ မရပေ။ သို့ရာတွင် ဆွစ်ဇာလန်တွင် ကယ်လ်ဗင်ဝါဒ စွဲမြဲစွာ အမြစ်တွယ်သည်တော့ အမှန်ပင်။ ဆွစ်တို့မှာ မိမိတို့နှင့် လိုက်ဖက်သော ဘာသာတရားကို ရရှိကြပေသည်။

သို့သော် အချောကိုင်လိုက်သည်မှာ ဇွင်ဂလီ ဖြစ်သည်။ ဇွင်ဂလီသည် ကယ်လ်ဗင်နှင့် လူသားတို့၏ အဆုံးအမများမှ သင့်တော်သည်တို့ကို ကောက်နုတ်၍ ပြည်သူတို့၏ လွတ်လပ်သာယာစွာ နေထိုင်နိုင်ရေးအတွက် အချောကိုင်ချမှတ်ခဲ့သည်။ လူသား၏ အဲလစ်တစ်ဇင်* ကို အနည်းငယ် ပျော့ပျောင်းအောင် လုပ်လိုက်သည်။ ကယ်လ်ဗင်၏ အချို့သော အမြင်များကိုလည်း သိမ်မွေ့စွာ ပြုပြင်ထားသည်။ နောက်ဆုံး ရလဒ်မှာ ဆွစ်လူမျိုးတို့အတွင်း ပရိုတက်စတင့် အယူဝါဒ ဆန်းတခု ပေါ်လာသည်။ ယင်းမှာ ထူးခြားသည်။ သို့သော် ဆွစ်ပြည်သူတို့ လက်ခံနိုင်ဖွယ်ရာ ဖြစ်လာသည်။

ယင်းအယူဝါဒမှာ ရိုးရိုးပင် ဖြစ်သည်။

သို့သော် ယင်း၏ နီတိများတွင် အလုပ်ဟူသည် လူသားတို့၏ အမြင့်မြတ်ဆုံး စွမ်းဆောင်ချက် ဖြစ်သည် ဟူ၍လည်းကောင်း၊ စည်းစိမ်ချမ်းသာ ဟူသည် တရားသော ဆုလာဘ်ဟူ၍လည်းကောင်း၊ ငွေကို စုဆောင်းသိုမှီးရမည်၊ အကြောင်းမူ ဆင်းရဲမှုကို ဘုရားသခင်က မကြိုက်သောကြောင့်တည်း ဟူ၍လည်းကောင်း ပါရှိလေသည်။

---

* အဲလစ်တစ်ဇင်မှာ ပညာရေးစနစ်သည် ဖွံ့ဖြိုးမှုအတွက်သာ ဦးတည်ရမည် ဟူသော ဝါဒဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအယူအဆများကို အခြေခံ၍ ဇွင်ဂလီနှင့် ယင်း၏ အဆုံးအမကို ယုံကြည်သူတို့သည် အခြားသော အယူအဆများကို တည်ထွင်ကြပြန်သည်။ ဘုရားသခင်သည် အမြဲစောင့်ကြည့်နေတတ်သဖြင့် ရိုးသားမှုသည် ကောင်းမြတ်သော ကျင့်စဉ်ဖြစ်သည် ဟူ၍လည်းကောင်း၊ မကောင်းမှု ဒုစရိုက်အတွက် ဒဏ်ခတ် ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ ယင်းမကောင်းမှုကို ပျော်ရွှင်ပွင့်လင်းစွာ မကျူးလွန်ရ ဟုလည်းကောင်း၊ အလုပ်၏ လာဘ်သည် စင်ကြယ်ခြင်း ဖြစ်ရကား တစုံတယောက်သည် မိမိပေးလိုသည်ကို ပေး၍ ထိုအတွက် ထိုက်တန်သမျှကိုသာ ရယူရမည် ဟုလည်းကောင်း ပါရှိလေသည်။

ဇွင်ဂလီ၏ အယူအဆများသည် ဆွဲဇာလန်တွင် ဘုရားသခင်ထက်ပင် အရာရောက်နေပေသည်။ ဇွင်ဂလီသည် ၁၆ ရာစု အလယ်ပိုင်းလောက်တွင် သူ၏ အောင်မြင်မှုအပေါ် ကောင်းကောင်း အသုံးချနိုင်ခဲ့သည်။ သူ၏ အရိုက်အရာကို သားအလတ်ဖြစ်သူ ဟိန်းနရစ် ဘာလင်ဂျာနှင့် ကယ်လ်ဗင် ကိုယ်တိုင် ဆက်ခံခဲ့လေသည်။

ဤသို့သော အယူအဆများဖြင့် ပရိုတက်စတင့်နှင့် ရိုမန်ကက်သလစ်ဘာသာဝင် စီးပွားရေးသမားနှင့် ဘဏ်လုပ်ငန်းရှင်တို့သည် ဆွဲစ်ဇာလန်တွင် ကြီးပွားချမ်းသာစွာဖြင့် အောင်ထုတ်ခဲ့ကြလေသည်။ ဤသို့ဆိုသဖြင့် ဆွစ်တို့သည် ငွေမက်သူများ ဟူ၍လည်းကောင်း၊ ပြည့်ဝသော "ရှပ်" သမားများသာ ဖြစ်သည်ဟူ၍လည်းကောင်း၊ ချမ်းသာမှုကို ရရှိနိုင်မည့် စွမ်းအားကို မက်မောသူများ ဖြစ်သည် ဟူ၍လည်းကောင်း



မဆိုလိုပေ။ ယင်းတို့သည် ဆွဲစ်တို့၏ တကယ့် အမှန်တရားများ မဟုတ်ကြပေ။

ယင်းတို့၏ ထူးခြားသော အယူအဆများဖြင့် ယင်းတို့၏ အထီးကျန်မှုသည်လည်းကောင်း၊ ညှို့ကြိုလုပ်ငန်းကိုသာ အမှီပြုနေရသည့် ဘဝသည်လည်းကောင်း၊ စိုက်ပျိုးရေးနှင့် သယံဇာတချို့တဲ့မှု ဘဝမှ ရုန်းထွက်ကာ ကမ္ဘာပေါ်တွင် တိုးတက်သော နိုင်ငံတနိုင်ငံအဖြစ် စွမ်းဆောင်ရာတွင် အဓိက အချက်များ ဖြစ်ကြလေသည်။

ဤသို့ကြိုးစားရာတွင် မိမိတို့၏ ဤမည်သော ယုံကြည်မှုများကို အခြားတိုင်းပြည်သို့ တင်ပို့ခြင်း သို့မဟုတ် အခြားလူမျိုးတို့ကို အတင်းအကြပ်သော်လည်းကောင်း၊ သွေးဆောင်၍သော်လည်းကောင်း ယုံကြည်စေခြင်း၊ သို့မဟုတ် မိမိနယ်နိမိတ်၏ ဟိုမှာဘက်ရှိ မည်သည့်ဒေသကိုမျှ မည်သို့မျှ မလုပ်ပဲ မိမိဘာသာ လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်ပေသည်။

ယင်းတို့၏ ကိုယ်ပိုင်လွတ်လပ်မှုမှာ လွန်လွန်းသည်။ မိမိစားပေါ်တွင် ရှိသည့် အလုပ်ကိုသာ လုံးဝ အာရုံစိုက်တတ်သည်။ အခြားသူများ၏ ကိစ္စကို လုံးဝ စိတ်ဝင်စားခြင်း မရှိ။ ငွေရှာရေးတွင်လည်းကောင်း၊ ငွေကို ကြီးကြပ်ရေးတွင်လည်းကောင်း ဘာသာရေး အဆုံးအမကို ခံယူသည်။

အဆုံးတွင် ဤအချက်များသည် ဆွဲစ်တို့နှင့် ပတ်သက်သည့် အကြောင်းပေါင်း များစွာကို ဖော်ကျူးလေသည်။ ဥပမာ အစဉ်အလာအားဖြင့် နိုင်ငံရေးအရ "ကြားနေ" မှု၊ နိုင်ငံတနိုင်ငံအနေဖြင့် တည်မြဲနေနိုင်မှု၊ အစဉ်အလာအားဖြင့် လိုင်းမှိုင်း

www.burmeseclassic.com

www.burmeseclassic.com



မှု စသည်တို့ ဖြစ်သည်။ ငွေကို ဘာသာရေးပမာ ကိုးကွယ်ရေးတွင်လည်း တဦးနှင့်တဦး ညီညွတ်သည်။ တသဘော တည်း ဖြစ်သည်။

သို့ရာတွင် ဆွစ်တို့သည် အမေရိကန်များထက်ပင် အရင်းရှင်စနစ်ကို ယုံကြည် ကိုးကွယ်သူများ ဖြစ်ကြသည်။ ဆွစ်တို့အတွက် လောကတွင် လူနှစ်မျိုးသာရှိသည်။

တမျိုးမှာ ဆွစ်လူမျိုး ဖြစ်၍ ကျန်တမျိုးမှာ ယင်းတို့၏ ဖောက်သည်များ ဖြစ်ကြသည်။

ဤအယူအဆများသည် ထူးခြား၍ အောင်မြင်သော ဆွစ်ဇာလန် ဘဏ်များ၏ မြစ်ဖျားခံရာ ဖြစ်ခဲ့သည်။

ယင်းထူးခြားသော ဘဏ်များ၏ အတွင်း လှစ်ကြည့်သော်

အခန်း (၃)

## ဆွစ်ဇာလန် ဘဏ်လုပ်ငန်းကို သရုပ်ခွဲခြင်း

ဆွစ်ဇာလန် ဘဏ်များကို စတင်တည်ထောင်စဉ်က ရည်ရွယ်ချက်မှာ တမျိုးဖြစ်သော်လည်း ယခုမူ အမေရိကန်ရှိ အဓိက လုပ်ငန်းကြီးများနှင့် အနောက်ဥရောပ၊ တောင်အမေရိက၊ ကဘီယံ စသည့် အရပ်များမှ ဒုစရိုက် လုပ်ငန်းများအတွက် ဖွင့်ထားသကဲ့သို့ ဖြစ်နေပေသည်။

ယင်းဘဏ်တို့၏ အစသည် ဒုစရိုက်မှု ကင်းသည့်ပြင် ယနေ့ ဘဏ်အဖွဲ့အစည်းများ၊ ဘဏ်စည်းမျဉ်းများ၊ ဘဏ်၏ ဆောင်ရွက်ချက်များတွင်လည်း ဒုစရိုက်နှင့် ပတ်သက်သည်တို့ တစွန်းတစမျှ မရှိပေ။ သို့မျှသာမက စာအုပ်ကြီးအတိုင်း ရိုးသားဖြူစင်စွာ အရင်းအနှီး ရှာတတ်သည့်သဘောများ ရှိဟန်တူသည်။

ထို့ပြင် ယင်းကဲ့သို့ ထူးခြားသည့် ဘဏ်လုပ်ငန်းစနစ်ကို တည်ထောင်သူများသည် ရာဇဝတ်ကောင်သော်လည်းကောင်း၊ ကလိမ် ကျသူသော်လည်းကောင်း မဟုတ်ကြချေ။ ယင်းတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ချင့်ချိန်လုပ်ကိုင်တတ်သူ၊ မျိုးချစ်စိတ် ရှိသူ၊ လူထုကို လေးစား
သူ၊ နှုတ်စပ်ကျမ်းကျင်သူ၊ မိမိအလုပ်ကို လေးစားသူတို့ ဖြစ်ပေ
သည်။

ဤသို့ဖြင့် ယင်းလူရိုး လူကောင်း လူမှန်များ၏ လက်ထဲ
တွင် ကြီးပွားချမ်းသာမှု မှန်သမျှ တည်ရှိနေပေသည်။

ယင်းကဲ့သို့ အောင်မြင်သော်လည်း ဆွစ်ဇာလန် ဘဏ်
နစ်သည့် နိုင်ငံတကာ ငွေကြေး ဇာတ်ခုံပေါ်သို့ ရောက်လာ
သည်မှာ နောက်ကျလှပေသည်။ ဂျာမနီနိုင်ငံရှိ ဟောက်
အော့ဖ်ဖတ်ဂါဘဏ်မှာ ၁၄ ရာစု အစလောက်ကတည်းက
ပေါ်ခဲ့လေသည်။ အီတလီနိုင်ငံရှိ ဗင်းနစ်ဘဏ်သည်လည်း
၁၁၇၁-ခုနှစ် စောစောပိုင်းလောက်ကပင် ပေါ်ခဲ့သည်
အင်္ဂလန်ဘဏ်နှင့် ဆွီဒင် အမ်စတာဒန် ဘဏ်များသည်လည်း
၁၇ ရာစု အကုန်လောက်ကပင် ပေါ်ခဲ့သည်။ ဂျာမနီနိုင်
ဖရန့်ဖတ်မြို့ရှိ မြို့တော်ဝန် ရော့ချိုင်းသည်လည်း မိမိဒေသ
ဘဏ်ကို ဖရန့်ဖတ်တွင် ၁၈ ရာစုက ဖွင့်ခဲ့သည်။ တချိန်တည်း
မှာပင် မြောက်အမေရိကတိုက်တွင် ဘဏ်တခုကို ဖီလာဒယ်
ယားမြို့တွင် ဖွင့်ခဲ့သည်။

သို့ရာတွင် ထိုအချိန်က ဆွစ်ဇာလန်တွင် အလယ်ခေတ်ကထု
သော ဒင်္ဂါးများကို စုဆောင်းထားရှိသည့် သဘောလော
သာ ရှိသေးသည်။ ဘဏ်ဟူ၍ ခေါ်ရလောက်သည့် ပထ
ဆုံးဘဏ်သည် ၁၇၅၆-ခုနှစ်ကျမှ ပေါ်ခဲ့လေသည်။ ယ
သည်ပင် နောက် အနှစ် ငါးဆယ်လောက်ကျမှ ခေတ်မီဘ
ဘဏ်တခုအဖြစ်သို့ ရောက်လာသည်။ စင်စစ်တွင် ဆွစ်ဇာလ
ဘဏ်တို့ကို နက်နက်နဲနဲ လေ့လာမိသော်အခါ လွန်ခဲ့သော



နှစ်တရာခန့်ကမှစ၍ ယခုခေတ်ကဲ့သို့ တိုးတက်ခဲ့ရခြင်းဖြစ်ပေ
သည်။

၁၉ ရာစု အလယ်ပိုင်းလောက်အထိ ဆွစ်ဇာလန်မှာ ပျင်း
ရိငြီးငွေ့ဖွယ်ကောင်းသော ဒေသ ဖြစ်သည်။ ဝယ်ချခြမ်းရလည်း
မလွယ်။ ရထားလမ်းများ ဆိုးယုတ်သည်။ မီးခိုးတလူလူနှင့်
ချောကလက်ဗူးကို အရုပ်ရေးပြရမည့် နေရာမျိုး ဖြစ်သည်။
တောင်ပတ်လည် ဝိုင်းနေသဖြင့် လေကောင်းလေသန့်ပင် မရ
ချေ။ အဆုတ်ရောဂါပင် ဖြစ်နိုင်ခြေ ရှိနေရပေသည်။ ယင်းအချိန်
က ဘဏ်မှာလည်း လူချမ်းသာတို့က မိမိတို့ ငွေများကို လုံခြုံ
အောင် ထိန်းသိမ်းထားသည့် သဘောလောက်သာ ရှိသည်။ ယခုခေတ်
ကဲ့သို့ ဘဏ်နှင့် စီးပွားရှာသော စနစ် မရှိသေး။

ထိုစဉ်ကပင် ဘဏ်တွင် ငွေအပ်ကြသည်။ သို့ရာတွင် သူခိုး
ကြောက်ကြောက်၍ အပ်ခြင်းမျှသာဖြစ်သည်။ ငွေစက္ကူ လဲလှယ်
သည်း ရှိသည်။ သို့သော် မကောင်တိုင်စနစ် သဘောမျိုး
အမှန်အသုံးလို၍ လဲခြင်းမျှသာ ဖြစ်သည်၊ ထိုစဉ်က ကမ္ဘာတွင်
ယခုခေတ်ကဲ့သို့ ဘဏ်တွင် ငွေထား၍ တိုးပွားစေခြင်း၊ ယင်း
ငွေဖြင့် စီးပွားရေး လုပ်ငန်းများတွင် ထည့်ဝင်၍ အကျိုးစီး
ပွားရှာခြင်း စနစ်များ ပေါ်နေလေပြီ။ သို့သော် ဆွစ်ဇာလန်
တွင် မပေါ်သေးပေ။

အင်္ဂလန်၊ နယ်သာလန်နှင့် ပြင်သစ်နိုင်ငံတို့တွင် စီးပွားရေး
“တော်လှန်ရေး ခေါ်င်းပြု” လာသည်နှင့်အမျှ ခေတ်မီဘဏ်စနစ်များ ပေါ်
ပေါက်လာခဲ့လေသည်။ ကုန်သန်းရောင်းဝယ်ရေး ဘဏ်များသာ
မက ငွေချေးဘဏ်များပါ ပေါ်ခဲ့သည်။

www.burmeseclassic.com



အရင်းအနှီး စုဆောင်းသည့် ပထမဦးဆုံးဘဏ်မှာ ပြင်သစ်နိုင်ငံမှ မိုဘီလိုင်ယာ ငွေချေးဘဏ်ဖြစ်သည်။ ယင်း ဘဏ်သည် ကုန်ထုတ်လုပ်မှု ရှယ်ယာများနှင့် မီးရထားလုပ်ငန်း ရှယ်ယာများကို အဆမတန် ဝယ်မိရာ နောက်ဆုံး မတတ်သာတော့ပဲ မိမိလက်ဝယ်ရှိ ရှယ်ယာများကို ပြန်ရောင်းရသည်အထိ ဖြစ်သွားရတော့သည်။ ယင်းမှစ၍ နောက်ပိုင်းတွင် စက်မှုလက်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ဘဏ်များမှ အရင်းအနှီးစုဆောင်းသည့် စနစ်ပေါ်လာသည်။

အမေရိကန်ပြည်တွင်းစစ်ကာလတွင် အနောက်ဥရောပနိုင်ငံတို့တွင်ပါ ယင်းစနစ် ကူးစက်သွားသည်။ ၁၈၇၀-ခုနှစ်များတွင် အမေရိကန်၌ ယင်းစနစ်ဖြင့် ရထားလမ်း တည်ဆောက်ရေးများ၊ သံမဏိလုပ်ငန်းများ၊ ရေနံတွင်းများနှင့် အခြားစက်မှုလက်မှု လုပ်ငန်းများကို လုပ်ကိုင်နိုင်ခဲ့ရာ အမေရိကန် စီးပွားရေးစနစ်မှာ ခေတ်မီတိုးတက်လာခဲ့သည်။

ယင်းကဲ့သို့ ဘဏ်မှ အရင်းအနှီး စုဆောင်း၍ ရထားလမ်းများဖောက်လုပ်သည့်စနစ်ကို အကြောင်းပြု၍ ဆွစ်ဇာလန်တွင် ခေတ်မီဘဏ်စနစ် ရောက်ခဲ့လေသည်။

၁၉ ရာစု အလယ်လောက်အထိ ဆွစ်ဇာလန်သည် ဥရောပတိုက်အလယ်၌ လမ်းပန်းအဆက်အသွယ် အပြတ်ဆုံး နိုင်ငံဖြစ်နေခဲ့ပသည်။ ဆွစ်လူမျိုးတို့အဖို့ အကြားအမြင်ဗဟုသုတ ကျဉ်းမြောင်းနေရပေသည်။ အခြား ဥရောပနိုင်ငံများမှာမူ စက်မှုလက်မှု ထွန်းကားနေပြီး လွတ်လွတ်လပ်လပ် သွားကြ၊ လာကြ လုပ်နေနိုင်သည့်အခြေတွင် ဆွစ်ဇာလန်မှာ တောင်များ ပတ်နေပြီး အခြားကမ္ဘာနှင့် အဆက်အသွယ်ပြတ်နေသကဲ့သို့ရှိသည်။



ယင်းကဲ့သို့ တသီးတသန့် ဖြစ်နေသည့် အဖြစ်မှ ကယ်တင်ရန် လမ်းစကို မြင်သူမှာ အက်ဖရက်ဆက်ချာဖြစ်သည်။ ယင်းမှာ ဇူးရစ်မြို့၏ ကုန်သည်မျိုးရိုးဖြစ်၍ ဖက်ဒရယ် ကောင်စီဝင်လည်း ဖြစ်သည်။ အက်ချာနှင့် ယင်းကဲ့သို့ ဂုဏ်သရေရှိ သူလူချမ်းသာများသည် ယင်းတို့ လူ့အဖွဲ့အစည်း၏ ထိပ်တန်းမှ ပုဂ္ဂိုလ်များဖြစ်ကြသည်။ ဆွစ်ဇာလန်တွင် ဘုရင် မူးမတ်စသည်ဖြင့် နန်းမွေဆက်ခံ စိုးစံမှု မရှိချေ။ ဆွစ်ဇာလန်နိုင်ငံတွင် ငွေချမ်းသာသူကို မြို့ပြအုပ်ချုပ်ရေး ပုဂ္ဂိုလ်များအဖြစ် ခန့်သည်။ အချို့ဆိုလျှင် မျိုးဆက်မျိုး ရာစုနှစ်ပေါင်း မြောက်များစွာ အုပ်ချုပ်ရေးမျက်နှာကြီး ပုဂ္ဂိုလ်များအဖြစ် အသိအမှတ် ပြုခံရသည်။ သို့သော် ထိုအုပ်ချုပ်ရေး ပုဂ္ဂိုလ်တော့ စီးပွားရေး ပျက်ခဲ့သော် ယင်း၏ အုပ်ချုပ်ရေးဆိုင်ရာဝင်းတို့၏ အဆောင်အယောင်များကို ရုတ်သိမ်းခံရတတ်လေသည်။ ယင်းမှာ ဤမျှရက်ရက်စက်စက် ရိုးသားကြသူများ ဖြစ်ကြောင်း လုပ်ငန်း

အက်ချာသည် မိမိနိုင်ငံ၊ အထူးသဖြင့် မိမိ၏ ချက်မြှုပ် ဇူးရစ်မြို့ကို အခြားဥရောပနိုင်ငံများနှင့် ရထားလမ်းများဖြင့် ကူးလူးဆက်သွယ်ရန် ဆန္ဒဖြစ်ခဲ့လေသည်။ ဤသည်ပင် ဆွစ်ဇာလန်ကို စက်မှုလက်မှုနိုင်ငံအဖြစ် လုပ်ပေးလိုက်သော အချက်ဖြစ်တော့သည်။

ထိုအချိန်တွင် ဇူးရစ်မြို့ရှိ ဘဏ်နှစ်ခုတွင် ရွှေနှင့်ငွေများ ရှိနေသည်။ ယင်းတို့ကို ထုတ်၍ အများပြည်သူတို့ အကျိုးစီးပွားအတွက် ဆောင်ရွက်ရန်လည်း မဖြစ်နိုင်ခဲ့ပေ။ ထို့ကြောင့် အက်ချာသည် ပြင်သစ်မှ ခရက်ဒစ်မိုဘီလီယာဘဏ်၏ စနစ်ကို

www.burmeseclassic.com



မိမိနိုင်ငံ၏ လိုအပ်ချက်အတွက် အသုံးချရန် အကြံဖြစ်ခဲ့လေသည်။

လိုအပ်သမျှ ငွေကြေးအကူအညီအချို့ကို လိုက်ပဇစ်ဘဏ်မှ ရရှိပြီး နောက် ယုံကြည်စိတ်ချရသူ ပုဂ္ဂိုလ်အချို့ကို ရွေး၍ ဇူးရစ်ငွေချေးဘဏ်ကို တည်ထောင်ရန် လုပ်ဆောင်ခဲ့လေသည်။

ယင်းဘဏ်မှာ နောင်တွင် ဆွစ်ငွေချေးဘဏ်ဟု ခေါ်လေသည်။

အက်ချာနှင့် ယင်း၏ ဘဏ်ဒါရိုက်တာများသည် ခေတ်မီဘဏ်များ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လုပ်ကိုင်ခဲ့လေသည်။ သွင်းငွေများကို လက်ခံခြင်း ငွေစုလက်မှတ်[illegible]ကို လက်ခံခြင်း၊ ရွှေ ငွေများကို လက်ခံခြင်းများ [illegible] တွင် [illegible] ရေးများ[illegible] တဖန် ဘဏ်မှ ငွေပြန်ချေးခြင်း စာတော့နှင့် [illegible]ား ကိုင်ထားခြင်းများ လုပ်သည်။ အဓိကအားဖြင့် စက်မှုလ[illegible]န်းများကို ငွေချေးသည်။ အလွန်စေ့စပ်သောမိမိ[illegible] ပွားရေး[illegible] ဆွစ်အမျိုးသားများ ပို၍ အထင်ကြီးလာစေရန် အစုရှယ်ယာများ ထုတ်လုပ်မှုကို ကန့်သတ်ထားလိုက်သည်။

ဇူးရစ်ငွေချေးဘဏ်မှ အစုရှယ်ယာများ ထုတ်ရောင်းသော အခါ ဇူးရစ်မြို့သားများသည် ရှေးရိုးဘဏ်များတွင် သွင်းထားသော မိမိတို့၏ ငွေများကို ယင်း ငွေချေးဘဏ်သို့ ပြောင်းယူကာ ရင်းနှီးမြှုပ်နှံကြလေသည်။ လက်ထဲ၌ ငွေ[illegible] နေပြီဖြစ်သော အက်ချာသည် ယခင်က ကြံစည်ခဲ့သည့်အတိုင်း ဇူးရစ်နှင့် အခြားဥရောပနိုင်ငံများကို မီးရထားလမ်း ဖောက်လုပ်ဆက်သွယ်ရေးအတွက် ငွေများရင်းနှီးမြှုပ်နှံတော့သည်။



၁၈၈၂ ခုနှစ်တွင် အဲလ်ပ်တောင်တန်းရှိ ဂေါ်ဟတ်ဥမင်လှိုင်ခေါင်း ဖွင့်နိုင်ခဲ့လေသည်။ ထိုမှစ၍ ဆွစ်ဇာလန်သည် ကျန်ဥရောပနိုင်ငံများနှင့် ဆက်သွယ်မိတော့သည်။ ယခင်က အယ်လ်ဖိုင်းမှတဆင့် သွားရသဖြင့် ငါးရက်မျှကြာသော ခရီးကို ယခု တနာရီမျှပင် မသွားရတော့ချေ။

ယင်းဇူးရစ် ငွေချေးဘဏ်၏ စနစ်ကို အတုခိုး၍ ဘဏ်အမြောက်အမြား ပေါ်ခဲ့လေသည်။ ထိုစဉ်တွင် ဆွစ်ဇာလန်ဘဏ် အများအပြားမှာလည်း တိုးတက်လာသော ဆွစ်ဇာလန်စီးပွားရေးတွင် တခုပြီးတခု ပါဝင်လာကြတော့သည်။ ၂၀ ရာစုအကြိုလောက်တွင် စီးပွားရေး လောကကြီး တခုလုံးက ဆွစ်ဇာလန် ဘဏ်များနှင့် အကြီးအကျယ် ဆက်သွယ်ကြတော့သည်။ သို့ရာတွင် တကမ္ဘာလုံး အတိုင်းအတာနှင့်မူ ယင်းတို့၏ အခန်းမှာ သေးငယ်လျက် ရှိနေပေသေးသည်။

ပထမကမ္ဘာစစ် မတိုင်မီမှာပင် ဆွစ်ဇာလန် ဘဏ်လုပ်ငန်းများသည် ခိုင်ခိုင်မာမာ ဖြစ်လာခဲ့ပါသည်။ ဥရောပတွင် စစ်ဘေးကြီး ကြုံရသောအခါ အမေရိကန်နှင့် အခြားဥရောပနိုင်ငံများ စစ်ဒဏ်ခံရသော်လည်း ယင်းစစ်သည် ဆွစ်ဇာလန်၏ နှစ်ကာလများ ကြားနေနိုင်ငံအဖြစ် တည်ရှိမှုကို မှတ်ကျောက်တင်ပေးလိုက်သလိုရှိသည်။ ယင်းစစ်ဘေးကြီးကြောင့် နိုင်ငံအများအပြားရှိ ဘဏ်လုပ်ငန်းများ ထိခိုက်ကြသော်လည်း ဆွစ်ဇာလန်ဘဏ်များအတွက်မူ သာ၍ပင် ကောင်းလာသေးတော့သည်။

ယင်းကြောင့်လည်း ဆွစ်ဘဏ်များသည် ယခုခေတ်တွင် ကမ္ဘာ၌ အလွန်ဩဇာရှိ၍ ငွေကြေးခိုင်မာမှု ရှိသော ဘဏ်များအဖြစ် တည်လာနိုင်ကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၁၄-ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ဩစတြီးယား အိမ်ရှေ့မင်းသား ဖာဒီနန်နှင့် ကြင်ယာတော်တို့ လုပ်ကြံသတ်ဖြတ်ခြင်း မခံရမီ (ပထမ ကမ္ဘာစစ် ဖြစ်ရခြင်း၏ လတ်တလော အကြောင်းရင်း) ကပင် ဆွစ်ဇာလန် ငွေချေးဘဏ် လုပ်ငန်းသည် သာမန် ဘဏ်လုပ်ငန်းမျိုး မဟုတ်ကြောင်း ဆွစ်တို့က ပြနိုင်ခဲ့ပေသည်။

အစဉ်အလာအားဖြင့် ဘဏ်တို့သည်ငွေချေးလျှင် အကောင်အထည်ရှိမှ ချေးသည်။ အကောင်အထည်မဲ့ ချေးလေ့မရှိပေ ဘဏ်မှ ငွေချေးလိုသူတဦးသည် မိမိ၏ ဘဏ်လက်ကျန် ရှင်းတမ်းမှ ရရန်ပိုင်ခွင့်များ (ရစရာ ရှိသည်များ) စာရင်းကို ပြ သည်။ တနည်းအားဖြင့် ငွေကြေးတတ်နိုင်သူများကိုသာ ငွေ ချေးသည်။

သို့ရာတွင် ဆွစ်ဇာလန်မှ ပုံစံသစ် ဘဏ်လုပ်ငန်းရှင်များက ဤသို့မမြင်။ ယင်းတို့သည် ဇွင်ဂလီ၏ "ရိုးသားမှုသည်ကောင်း မြတ်သော ဝါဒဖြစ်သည်" ဟူသော ဩဝါဒကို လက်ခံကျင့် သုံးသူများ ဖြစ်သည့်အပြင် စက်မှုလက်မှုနှင့် ငွေကြေးလောက ကို အတင်းဝင်ရောက်လာသူများ ဖြစ်ရကား လုပ်ငန်းတခု စလုပ်သူအဖို့ ငွေကြေးအမြောက်အမြား လက်ဝယ် ရှိနိုင်မည် မဟုတ် ဟု နားလည်ကြလေသည်။ ထို့ကြောင့် ယင်းတို့သည် ဘဏ်လက်ကျန်ရှင်းတမ်း တင်ပြရန်မလိုပဲ ငွေထုတ်ချေးစနစ် ကျင့်သုံးသည်။

ယင်းတို့ကို ဘဏ်အခေါ်အားဖြင့် သွင်းငွေထက်ပို၍ ထုတ် ချေးခြင်း (Over draft) နှင့် အပေါင်မဲ့ ငွေချေးခြင်း (Unsecured Loan)ဟု ခေါ်သည်။ ပို၍ရှင်းအောင် တင်ပြ



သော် အိမ်ကို အပေါင်ခံ၍ ချေးသည်နှင့် လူပုဂ္ဂိုလ်၏ ပြန်ဆပ် နိုင်မည့်အရည်အသွေးကို ကြည့်၍ ချေးသည်တို့ ကွာသကဲ့သို့ ဖြစ်သည်။ ယင်းကဲ့သို့ လူပုဂ္ဂိုလ်၏ အရည်အသွေးကို ကြည့်ရာ တွင် ယင်းပုဂ္ဂိုလ်၏ အလုပ်နှင့် ပတ်သက်သည့် မှတ်တမ်းများ၊ ယခင်က ချေးခဲ့ဘူးသည့် မှတ်ချက်နှင့် ယခု လက်ရှိ ဝင်ငွေတို့ အပေါ်ကြည့်သည်။ ဆွစ်ဇာလန် ငွေချေးဘဏ်မှ အပေါင်မဲ့ ငွေချေးမှုတွင် ယင်းတို့ဘက် တခုသာ ပိုသည်။ ယင်းမှာ ထိုငွေ ချေးသူ ငွေရလျှင် လုပ်မည့် စီးပွားရေးလုပ်ငန်း၏ အလားအလာ ဖြစ်သည်။

ဆွစ်ဇာလန်ဘဏ်တို့သည် လူပုဂ္ဂိုလ်နှင့် ယင်း၏ စီးပွားရေး အကြံအစည်တို့အပေါ် စွန့်စား လုပ်ဆောင်လိုက်ကြသည်။ ယင်းစွန့်စားမှုက ယင်းတို့အတွက် အကျိုးရှိခဲ့လေသည်။ ဟို အချိန်က ကမ္ဘာတွင် ကော်ပိုရေးရှင်းကြီးများ အကြီးအကျယ် တည်းကြပြီး စက်မှုလက်မှု လုပ်ငန်းများ တဟုန်ထိုး ထွန်းကား လာသည့် အချိန်ဖြစ်သည်။ ယင်းကဲ့သို့ လူသစ် အကြံအစည်သစ် များကို အားပေးလိုသည့် ဆွစ်တို့၏ သဘောကြောင့် ဥရောပ စက်မှုလက်မှု လုပ်ငန်းရှင်များက စိတ်ပင်စားလာကြသည်။

သို့ရာတွင် ဆွစ်စီးပွားရေးသမားများက ဆွစ်ဘဏ်ကို စိတ် ဝင်စားကြသည်မှာ ဘဏ်စာရင်းများကို လျှို့ဝှက်ပေးထား သည့် စနစ်ဖြစ်သည်။ ယင်းလျှို့ဝှက်စနစ် ထိရောက်မှုကို ဆွစ် ဘဏ်ပုံသဏ္ဍာန်အား ဆန်းစစ်ကြည့်ခြင်းဖြင့် သိနိုင်လေသည်။

ဆွစ်ဇာလန်နိုင်ငံကို ဝေဖန်သူများက ယင်းကဲ့သို့ လျှို့ဝှက် ထားခြင်းမှာ ဥပဒေနှင့် မလွတ်ကင်းသည့် ငွေများကို "မှောင်" ခိုငွေများသာ ဖြစ်သည် ဟု စွပ်စွဲကြသည်။ သို့ရာတွင် ၁၉၀၇

www.burmeseclassic.com



ဆွစ် စောစောပိုင်းနှင့် အထူးသဖြင့် ၁၉၁၂-ခုနှစ် (ဆွစ်ဇာလန်တွင် ဘဏ်စနစ်များ မတိုးတက်သေးမီ) ကာလမှ သမိုင်းကို ပြန်ကြည့်လျှင် ဘဏ်တွင် လျှို့ဝှက်ထားမှုသည် အလွန်အရာရောက်ကြောင်း တွေ့ရှိရပေသည်။

အမေရိကန်နှင့် ဗြိတိန်တို့တွင် ကြာမြင့်စွာကပင်ပေါ်ခဲ့သော အမျိုးသားဘဏ်မျိုး ဆွစ်ဇာလန်တွင် ၁၉၀၇-ခုနှစ်အထိ မပေါ်ခဲ့သေးပေ။ ၁၉၁၀-ခုနှစ်ကျမှ ဆွစ်ဇာလန်အမျိုးသားဘဏ်ကို ပူးပေါင်းဖွဲ့စည်းပြီး အမျိုးသားငွေစက္ကူများကို ချုပ်ကိုင်ဆောင်ရွက်ခဲ့လေသည်။ ယင်းသည် ဆွစ်ဇာလနဲ့ ဗဟိုဘဏ်ဖြစ်သော်လည်း ယင်းတွင် အခြားဘဏ်ခွဲများနှင့် အခြား သီးခြားပုဂ္ဂိုလ်တို့၏ လုပ်ငန်းများ ပေါင်းစပ် ပါဝင်နေပေသေးသည်။ ၁၉၁၂-ခုနှစ်ကျမှ အခြားဘဏ်များအတွက် ငွေချေးပေါ်လစီများကို ချမှတ်ခွင့်အာဏာများ ရရှိလာပြီး အမျိုးသားအရံရွှေများကို သိုလှောင်လာနိုင်သည့်အပြင် ဆွစ်ဇာလန်တနိုင်ငံလုံးအတွက် ချေးငွေရှင်းလင်းရေး ဌာနအဖြစ် ဆောင်ရွက်ခဲ့လေသည်။ ယင်း လုပ်ပိုင်ခွင့်များကြောင့် အခြားဘဏ်အားလုံးမှ မှတ်တမ်း မှတ်ရာများကိုလည်း ထိန်းသိမ်းခဲ့ရပေသည်။

ဆွစ်ဘဏ်အများစုမှာ ဥပဒေအရ ဘဏ်လက်ကျန်ရှင်းတမ်းကို ထုတ်မပေးရချေ။ ထို့ပြင် အမျိုးသားဘဏ်မှ သိမ်းဆည်းထားသော မှတ်တမ်းများကိုလည်း လျှို့ဝှက်ထားသည်။ အစိုးရကပင် ကြည့်ခွင့် မရပေ။ ယင်းလျှို့ဝှက်မှုကို ပိုမို ခိုင်မာစေရန်ဘဏ်အသီးသီးလက်ဝယ်ရှိ ရရန်ပိုင်ခွင့်များကိုပင် စာရင်းပြုစု မထားပေ။



အခြား နိုင်ငံများမှ ဘဏ်တို့ ကြီးပွား တိုးချဲ့လာသည်နှင့်အမျှ ယင်းတို့၏ ကိုယ်ရေး စာရင်းများကို စစ်ဆေး ကြည့်ရှုနိုင်ခွင့် ရှိလာသော်လည်း ဆွစ်ဇာလန်ဘဏ်များမှာမူ ပုဂ္ဂိုလ်ရေးစာရင်းများကို လျှို့ဝှက်ပေးပြီး ကြည့်ရှုခွင့် မပေးကြချေ။ ဤ အချက်သည် ပထမကမ္ဘာစစ် မတိုင်မီကပင် ရှိခဲ့သော ယင်းတို့၏ စရိုက်တမျိုးဖြစ်သည်။ ယင်းစရိုက်မှာ ယင်းတို့၏ လောဘကြောင့်လည်း ဖြစ်သည်။ ထို့ပြင် အမျိုးသားစရိုက်ဖြစ်သည့် ကိုယ့် လုပ်ငန်းကို တခြား ပုဂ္ဂိုလ်တဦး ဝင်စွက်သည်ကို မကြိုက်သည့် စရိုက်ကြောင့် ဖြစ်သည်။ နောက်ဆုံးမိမိအစိုးရကိုပင် ဝင်စွက်ခွင့် မပေးလိုကြချေ။

အချုပ်ဆိုရသော် ဆွစ်ဇာလန်ဘဏ်များ မျက်မှောက်ခေတ်အတိုင်း တိုးတက်လာသည်မှာ ၁၉၁၂ ခုနှစ်က စတင်ခဲ့သည်။ ထိုအချိန်က ဥရောပတတိုက်လုံး ချွတ်ခြုံကျနေသည်ကို အခွင့်ကောင်းရကာ ကမ္ဘာ့စီးပွားရေး အထွတ်အထိပ်သရဖူကိုဆောင်းယူခဲ့ကြသည်။

ကမ္ဘာစစ်ကြီးများတွင် စစ်၏ဒဏ်ကို အားလုံး ခံခဲ့ကြရသည်။ အဓိက တိုက်ပွဲကြီးများမှာ စစ်မျက်နှာများတွင်သာမက စက်မှုလုပ်ကိုင်မှု အချက်အချာ ဒေသများတွင်လည်း ကြုံခဲ့ရလေသည်။ သို့ရာတွင် နိုင်ငံ၏ စက်မှုလက်မှုအားကို စစ်တွင်လုံးဝ အသုံးချရာတွင် ၁၉၁၄ ခုနှစ်ပုံစံက တမျိုးဖြစ်သည်။ မဟာမိတ်နှင့် ဂျာမန်တို့၏ စစ်ယန္တရားများသည် ယင်းတို့၏သက်ဆိုင်ရာ စက်မှုလက်မှု လုပ်ငန်းများနှင့် နီးနွယ်လျက် ရှိနေသည်။ တဖန် ငွေကြေးကဏ္ဍနှင့်လည်း အဆက်ဖြတ်၍ မရနိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



၁၉၁၄ ခုနှစ်မှ ၁၉၁၈ ခုနှစ်အထိဖြစ်သော စစ်ကြီးသည် လူအသက်ပေါင်းများစွာ သေကြေ ပျက်စီးခြင်း၊ စက်မှုလက်မှု လုပ်ငန်းများ ကျဆုံးခြင်း၊ အမျိုးသားဘဏ္ဍာများ ဆုံးရှုံးရုံ သာမက ယင်းစစ်ဖြင့် ဘာမျှတည်ငြိမ်အောင် မလုပ်နိုင်ခဲ့ချေ။ စစ်ကြီးဖြင့် အခြေအနေကို တည်ငြိမ်အောင် ကြိုးပမ်းမှုသည် လည်း အချီးအနှီးပင်။ စစ်မှာ နယ်သစ်ပယ်သစ်၊ နိုင်ငံသစ်များ ပေါ်လာသော်လည်း ဂျာမန်တို့၏ အန္တရာယ် ဆက်လက်ရှိနေ ခြင်းဖြင့် အင်အားပြိုင်ဆိုင်မှုကို ယာယီချုပ်သွားစေခဲ့သည် မှန် သော်လည်း ထာဝရ ရပ်မသွားခဲ့ပေ။

ယင်းကဲ့သို့ အခြေအနေများ ဆိုးရွားနေပြီး ငွေကြေး ပြဿနာများပေါ် ရှုပ်နေရသည့် ကာလဝယ် နိုင်ငံအသီးသီးမှ အစိုးရများသည် မိမိတို့ဘာသာ စီးပွားရေး ခိုင်မာအောင်လုပ် ယင်း မိမိတို့ ငွေကြေးများကို ပြည်ပမထွက်အောင်လည်း လုပ် နေသည်။ ပြန်ကြည့်လျှင် ယင်းကဲ့သို့ မိမိတို့ စီးပွားရေး လုံခြုံ အောင် ကာကွယ်သော မူဝါဒများကပင် မိမိတို့ကို ပျက်စီး စေခဲ့ပြီး ၁၉၂၀ ခုနှစ်အလွန်ရှိ စီးပွားရေးပျက်ကပ်ကြီး သို့ ဦးတည်သွားကြောင်း သိနိုင်လေသည်။ ယင်းမူဝါဒကို မ ကျင့်သုံးသည့် နိုင်ငံ တနိုင်ငံသာ ရှိသည်။ ထိုနိုင်ငံသည် စစ် ကြီးဘေးဒဏ်သည်း ကင်းခဲ့ရသည်။ ထို့အပြင် ငွေကြေး ဖလှယ်မှုကို လွတ်လပ်စွာ ခွင့်ပြုခဲ့သည့် နိုင်ငံဖြစ်သည်။ ယင်း ကား ဆွစ်ဇာလန်နိုင်ငံ ဖြစ်တော့သည်။

အခြေအနေကို ပြန်လေ့လာကြည့်လျှင် ဂျာမဏီ၊ ဩစတြီး ယား၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ စသည့် နိုင်ငံများမှ ငွေ စက္ကူများမှာ နိုင်ငံ၏ စီးပွားရေး ပျက်ကပ်ဒဏ်ကို အလူးအ



လဲ ခံနေရသဖြင့် ငွေဖောင်းပွမှုများ ဖြစ်ပွားနေရပြီး နောက် ဆုံး တန်ဖိုးမရှိသည့် စက္ကူများပမာ ဖြစ်ကုန်ရတော့သည်။ ငွေဖောင်းပွမှု ဖြစ်ပွားသော နိုင်ငံများအဖို့ ငွေတန်ဖိုးချခြင်း မှာ မလုပ် မဖြစ်သည့် မူဝါဒ ဖြစ်ရတော့သည်။ သို့သော် ဆွစ်ဇာလန် ဖရန့်ငွေမှာ အရံရွှေ၏ တောင့်ခံမှုကြောင့် တ ပြားသားမှ တန်ဖိုး မချခဲ့ရချေ။

ထို့ကြောင့် ဆွစ်ဇာလန်ဘဏ်များသို့ ပေါင်စတာလင်၊ ဖ ရန့်၊ လိုင်ယာ၊ မတ်၊ ဂေလ်ဒါ စသည့် ငွေ စက္ကူများနှင့် ယင်းတို့အပေါ် အခြေခံသည့် စတော့နှင့် ငွေစုလက်မှတ်များ သည် နိုင်စရာမရှိအောင် ဝင်လာကြသည်။ ဤသို့ ဝင်လာရခြင်း ၏ အဓိက အကြောင်းရင်းမှာ ဆွစ်ဇာလန် ဖရန့်ငွေ၏ ခိုင် မာမှုကြောင့် ဖြစ်လေသည်။ မိမိငွေကို ဆွစ်ဇာလန် ဖရန့်ငွေ လဲထားခြင်းဖြင့် ငွေဖောင်းပွမှု၊ ငွေတန်ဖိုးကျမှုကြောင့် မိမိငွေများ အသုံးမကျရတော့သည့် အဖြစ်မှ ရှောင်နိုင်ခြင်း ကြောင့် ဖြစ်လေသည်။

နောက် အကြောင်းတရပ်မှာ စီးပွားရေးသမား များနှင့် ပိုက်ဆံရှိသူများသည် မိမိတို့နိုင်ငံ၏ အမျိုးသားရေး စစ်တွင် (သို့အပ်ပါက) ပြည်သူတို့ထံမှ ငွေကြေးအထောက်အပံ့ ရယူ သည်ဖြစ်ရာ မိမိတို့ ငွေအားပေးရခြင်းဖြင့် မဆုံးရှုံးလိုကြချေ။ ဆွစ်ဇာလန်မှာတော့ ကောင်းသည်။ အစိုးရက ကိုယ့်ဖာသာ ဖြစ်သည်။ မည်သူ၏ စီးပွားရေးကိစ္စကိုမှ ဝင်စွက်ခွင့် မရှိချေ။

ပထမကမ္ဘာစစ် ပြီးသည်မှစ၍ ဆွစ်ဇာလန်နိုင်ငံဘဏ်များ ၏ အခြေအတိုင်း ကြီးပွားတိုးတက်လာရန် ပျိုးထောင်ပေးခဲ့ သော အဆက်ပါ ငွေများမှာ ယခုခေတ် ယင်းဘဏ်များကို

www.burmeseclassic.com

www.burmeseclassic.com



သွင်းနေသော ငွေများကဲ့သို့ ရာဇဝတ်မှု မကင်းသောငွေများ မဟုတ်ချေ။ ယင်းတို့သည် သက်ဆိုင်ရာ နိုင်ငံများက မိမိတို့ နိုင်ငံအတွက် စီးပွားရေးအရ ကာကွယ်မှုပေါ်လစီများကြောင့် ရှန်းထွက်လာသော ငွေများသာ ဖြစ်သည်။

ဆွစ်ဘဏ်လုပ်ငန်း ကြီးပွားတိုးတက်လာရခြင်း၏ နောက် အကြောင်းတရပ်မှာ ပြည်ပမှ ဝင်လာသော အဆိုပါငွေများ ကို ပြည်တွင်းမှ မိမိတို့ ငွေများနည်းတူ စနစ်တကျ လျှို့ဝှက် သိမ်းဆည်းပေးထားခြင်း ဖြစ်သည်။

နောက် အကြောင်းတရပ်မှာကား "ငါးကြင်းဆီနှင့် ငါးကြင်းကြော်"သည့် စနစ်ကြောင့် ဖြစ်သည်။ ပြည်ပမှ ရွှေများ ပိုမိုဝင်လာလေ ဆွစ်ဇာလန် စက်မှုလက်မှုအတွက် အရင်းအနှီး ပိုမိုရရှိလေ။ ထိုအခါ ဆွစ်ဇာလန်ဘဏ်များတွင် အရံရွှေအင်အား ပိုမိုကောင်းလာပြီး ဆွစ်ဇာလန် ဖရန့်ငွေကြေး ပိုမိုခိုင်မာလာလေ ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံအဖို့ အခြား နိုင်ငံများနှင့် မတူ။ ပြောင်းပြန် ဖြစ်နေသည်။ အခြား နိုင်ငံများမှ ငွေကြေးတန်ဖိုးကျလျှင် ဆွစ်ဇာလန်တွင် ဆွစ်ဖရန့်ငွေ တန်ဖိုးတက်ပြီး ပိုမိုခိုင်မာတောင့်တင်းလာရသည်။ ယင်းဖြစ်စဉ်သည် ယနေ့တိုင် အချိန်မှန် အလှည့်ကျ ဖြစ်နေတော့သည်။

ဆွစ်ဇာလန် ဘဏ်လုပ်ငန်း စနစ်သည် အခြား နိုင်ငံများ စီးပွားပျက်မှုအပေါ် အခွင့်ကောင်းရပြီး ကြီးပွားသည့် စနစ်သာဖြစ်သည်။ သို့ရာတွင် ဆွစ်ဇာလန်တွင် ဆွစ်အမျိုးသားများအတွက် ထားသောဘဏ်နှင့် တကမ္ဘာလုံးအတွက် ထားသောဘဏ်ဟူ၍ အမျိုးမျိုးရှိကြောင်းကိုမူ သိရန်လိုသည်။



ဆွစ်ဇာလန်တွင် ဘဏ်အမျိုးပေါင်း ရှစ်မျိုးရှိသည်။ ပထမအမျိုးမှာ ခရိုင်ဘဏ် ဖြစ်သည်။ ယင်းမှာ များသောအားဖြင့် အစိုးရပိုင် ဖြစ်သည်။ ပုဂ္ဂလိကပိုင်လည်း ရှိသည်။ ယင်းတို့၏ စီးပွားရေးနယ်နိမိတ်မှာ သက်ဆိုင်ရာ ခရိုင်အတွင်းသာ ဖြစ်သည်။ အဓိကအားဖြင့် အိမ်ပေါင် မြေပေါင်ခံ၍ ငွေချေးခြင်းသာ ဖြစ်သည်။

ဒုတိယအမျိုးအစားမှာ "ဘဏ်ကြီး"များဟု ခေါ်သော ဘဏ်များ ဖြစ်သည်။ ယင်းဘဏ်ကြီးမျိုး ငါးခုသာ ရှိသည်။ ယင်းတို့သည် တခုနှင့်တခု စီးပွားရေး အပြိုင်အဆိုင် လုပ်ကြသည်။ ယင်းတို့ကို ဆွစ်ဇာလန် ဘဏ်များ သမဂ္ဂမှ ပိုင်သည်။ ယင်းတို့သည် အခြားဘဏ်များမှ ပေးပို့သော ရရန်ပိုင်ခွင့်စာရင်းများ (အပ်ထားသော ရွှေ၊ ငွေနှင့် အခြား)၏ သုံးပုံတပုံကို သိမ်းဆည်းခွင့် ရှိသည်။ သို့ရာတွင် ရရန်ပိုင်ခွင့်စာရင်းအားလုံးကို ယင်းဘဏ်ကြီးများအား ဘဏ်ကလေးများက အပ်ရန် မလိုချေ။

ယင်းဘဏ်ကြီး ငါးခုအနက် ဘဏ်ကြီးသုံးခုမှာ ရွှေပြေး ဖြစ်သည်။ ယင်းတို့မှာ ဆွစ်ဇာလန် ငွေချေးဘဏ်၊ ဆွစ်ဇာလန် ပြည်ထောင်စုဘဏ်နှင့် ဆွစ်ဇာလန် ဘဏ်လုပ်ငန်း ကော်ပိုရေးရှင်းတို့ဖြစ်သည်။ ယင်းတို့တွင် ဆွစ်ဇာလန်ဖရန့် သန်း ၆,၀၀၀-၇,၀၀၀ ခန့် ရှိကြသည်။

ထိုဘဏ်ကြီး သုံးခုတို့ထက် အနည်းငယ်သေးသော ဘဏ်ကြီး နှစ်ခုမှာ ဆွစ်ဇာလန် ပြည်သူ့ဘဏ် (ဆွစ်ဇာလန် ဖရန့် သန်း ၄,၀၀၀ ခန့် ရှိသည်)နှင့် လျူအင်ကုမ္ပဏီလီမိတက်ဘဏ် (ဆွစ်ဇာလန်ဖရန့် သန်း တထောင်နီးပါး ရှိသည်) တို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်း ဘဏ်ကြီးများသည် မည်သူ့အတွက်မဆို အမျိုးမျိုး ဆောင်ရွက်ပေးသည်။ အပေါင်ပစ္စည်းများကို ထိန်းသိမ်းထားခြင်း၊ စတော့လက်မှတ်များကို ထုတ်ရောင်းခြင်း၊ ပွဲစားလုပ်ပေးခြင်း၊ စီးပွားရေးနှင့် ပတ်သက်၍ အကြံဉာဏ်ပေးခြင်းအပြင် အခြား စီးပွားရေးနှင့် ပတ်သက်သည့် ကိစ္စများကိုပါ ဆောင်ရွက်သည်။

ယင်းဘဏ်ကြီးများမှ တရားဝင် ထုတ်ပြန်ထားသော လက်ကျန်စာရင်း တန်ဖိုးမှာ အမေရိကန် ဘဏ်သုံးခုနှင့်စာလျှင် အလွန်နည်းသည်။ သို့သော် အမေရိကန် ဘဏ်ကြီး သုံး ခုမှာ လျှို့ဝှက်မှု မရှိရကား ထိန်းသိမ်းထားသော လက်ကျန်စာရင်းအားလုံးကိုလည်း တရားဝင် ထုတ်ပြန်ထားသည်။ သို့ရာတွင် ဆွစ်ဇာလန် ဘဏ်ကြီး ၄ ခုတွင် ပုဂ္ဂိုလ်စာရင်းများရှိ ငွေစက္ကူလက်ကျန်နှင့် ရွှေလက်ကျန်စာရင်း အမြောက်အမြားကို တရားဝင် မထုတ်ပြန်ပဲ ထားကြသည်။

နှိုင်းယှဉ်ကြည့်လျှင် ဆွစ်ဇာလန် ဘဏ်ကြီး သုံး ခု၏ ၁၉၇၀ ခုနှစ် ထုတ်ပြန်သော လက်ကျန်စာရင်း တန်ဖိုးမှာ ဆွစ်ဇာလန် ဖရန့် ၂ သောင်းခန့်သာရှိသည်။

အမေရိကန်ဒေါ်လာတန်ဖိုးနှင့် တွက်လျှင် ဒေါ်လာသန်းပေါင်း ၅,၇၀၀ ခန့် အမေရိကန် ဘဏ်ကြီးသုံးခု၏ ၁၉၇၀ ခုနှစ်တွင် ထုတ်ပြန်သော လက်ကျန်တန်ဖိုး စုစုပေါင်းမှာ အမေရိကန် ဒေါ်လာ သန်းပေါင်း တသောင်းခန့် ရှိသည်။

တရားဝင် မထုတ်ပြန်သော ဆွစ်ဇာလန် ဘဏ်ကြီး ၄ ခု၏ လက်ကျန်စာရင်းကို ထည့်သွင်းတွက်ချက်လျှင်ပင် အမေရိကန် ဘဏ်ကြီးများကို မမှီနိုင်ချေ။ သို့ရာတွင် ယင်းဘဏ်ကြီးမျိုး



သည် ဆွစ်ဇာလန်၏ တခုတည်းသော ငွေကြေးလုပ်ငန်း မဟုတ်ချေ။ အခြား ဘဏ်အမြောက်အမြား ရှိသေးသည်။

တတိယ အမျိုးအစားဘဏ်မှာ ဒေသဆိုင်ရာ ဘဏ်များဖြစ်သည်။ ယင်းတို့သည်လည်း မိမိတို့ဒေသဆိုင်ရာ အဝန်းအဝိုင်းအတွင်း၌ အပေါင်ထား ငွေချေးသည့် စနစ်ကို အခြေခံသည်။ အချို့မှာ ဘဏ်ကြီးများလောက် တိုးတက် ကြီးပွားနေကြသည်။

ငွေစုဘဏ်နှင့် ငွေချေးအသင်းဟူ၍ သီးခြားဘဏ်အမျိုးအစားများ ရှိသေးသည်။ ငွေစုဘဏ်မှာမူ အသေးအမွှားငွေစုသည်တို့ကို လက်ခံ၍ ယင်းငွေများကို အပေါင်ခံလုပ်ငန်းများတွင် မြုပ်နှံသည်။ ထူးခြားသည်မှာ လူဦးရေ ၆ သန်းမျှ ရှိသော နိုင်ငံတွင် ငွေစုစာအုပ်ပေါင်း ၈ သန်းမျှ ရှိခြင်းဖြစ်သည်။

ငွေချေးအသင်း (Loan Assosiation) သည် ကုမ္ပဏီတခု၏ အလုပ်သမားများ သို့မဟုတ် အသင်းအဖွဲ့တခု၏ အဖွဲ့ဝင်များအတွက် သီးသန့်ဆောင်ရွက်ခြင်း ဖြစ်သည်။

ဆဋ္ဌမမြောက်အမျိုးအစားမှာ "အခြား" ဘဏ်များ ဖြစ်သည်။ ယင်းဘဏ်များသည် နိုင်ငံခြားသားများက ဆွစ်ဇာလန်တွင် လာရောက်၍ ဖွင့်ထားသော ဘဏ်များ ဖြစ်သည်။ အချို့ဘဏ်များမှာဆိုလျှင် နှစ်ပေါင်းများစွာ ကြာနေပြီ ဖြစ်သည်။ ငွေလဲဘဏ်နှင့် အရင်းအနှီးစုဆောင်းမှုဘဏ် (Investment Bank) များမှာ ယင်း "အခြား" ဘဏ်အမျိုးအစားတွင် ပါဝင်သည်။

www.burmeseclassic.com



သတ္တမအမျိုးအစားမှာ အလွန်ရှုပ်သော "ပုဂ္ဂလိက" ဘဏ်များ ဖြစ်သည်။ ယင်းတို့သည် လက်ကျန်ရှင်းတမ်းများ ထုတ်ပြန်ပေးခြင်း မရှိပေ။ ဆွစ်ဇာလန် ငွေကြေးလောကတွင် ယင်းတို့မှာ သိပ်အရေး မပါလှချေ။ သို့ရာတွင် ကမ္ဘာ့ငွေကြေးလောကအတွက်မူ အရေးပါလှသည်။ ထို့ကြောင့် ထိုဘဏ်များတွင် အရွယ်အစားနှင့် မမျှအောင် ဩဇာတက္ကမ ရှိလှသည်။

ဆွစ်ဇာလန်တွင် ဘဏ်ပေါများလှသဖြင့် လူဦးရေ ၁,၃၀၀ လျှင် ဘဏ်ဘခုကျ ရှိနေသည်။ အမေရိကန်တွင်ပင် လူဦးရေ ၆,၃၀၀ လျှင် တဘဏ်ကျသာရှိသည်။ ထူးခြားသည်မှာ ဤ ဘဏ်များပြားသော်လည်း လူဘဦးချင်း၏ ငွေခြား အပေးအယူ ကိစ္စများကို ဘဏ်ဘွင် လုပ်လေ့မရှိချေ။ ယင်းလုပ်ငန်းများကို စာတိုက်တွင် လုပ်ပေးလေ့ရှိသည်။ ယင်းသည် အငွေ ဘဏ်အမျိုးအစား ဖြစ်သည်။ ဘဏ်ဘွင် အကြွင်ပုဂ္ဂိုလ်တဦး လုပ်ရမည့်အလုပ်မှာ ချက်လက်မှတ်ရေးခြင်းမျှသာ ဖြစ်သည်။

သို့သော် ဆွစ်ဇာသန်တွင် ဘဏ်အများစုမှာ ပုဂ္ဂိုလ်စာရင်းများကို လျှို့ဝှက်ထားရကား ယင်းအလုပ်များကို စာတိုက်၏ "လွှဲပြောင်းစာရင်း" (Giro Account) အားဖြင့် လုပ်နိုင်သည်။

ဆွစ်ဇာလန်လူမျိုးတို့သည် ငွေပေးရန်ရှိလျှင် ငွေသားဖြင့် ချေသည်က များသည်။ စာတိုက်မှ ငွေပို့စနစ်ကလည်း အလွန် မြန်လှသည်။ မိမိပေးပို့လိုသော နေရာသို့ နေ့ချင်းရောက်သည်။

ဘဏ် ခုနစ် မျိုးနှင့် စာတိုက်ငွေပို့စနစ် ပေါင်းထားသော ဆွစ်ဇာလန်သည် ဘဏ်လုပ်ငန်းတွင် နောက်ကျမှ ဝင်ရောက် လာသည် ဖြစ်သော်လည်း နိုင်ငံနှင့်မမျှအောင် ဘဏ်များ ပေါများရုံမက ကမ္ဘာ့ဘဏ် လောကဘွင်လည်း အရှိန်အဝါ ကြီးမားလှသည်။

နိုင်ငံကြီးများအဖို့ မိမိတို့၏ ဝါဒရေးရာကို ရှေ့တန်းတင်၍ မိမိတို့ဝါဒကို ကာကွယ်ယင်း ချွတ်ခြုံကျနေသည်။ ဆွစ်လူမျိုး တို့မှာကား ငွေကိုထိုင်၍ သိမ်းနေကြရပေသည်။ လူတဦးချင်း ၏ ငွေကြေးကိစ္စများကို တားမြစ်ချုပ်ချယ်သည့် အစိုးရများ ရှိနေသ၍ ဆွစ်တို့အဖို့ ငွေများ ရနေမည်သာ။ အကြောင်းမှာ ထိုနိုင်ငံမှ အမျိုးသားများသည် ဆွစ်ဇာလန်နိုင်ငံသို့ အခွန်အထုပ်များ လာပေးမည် ဖြစ်သောကြောင့် ဖြစ်ပေသည်။

ထို့ပြင် ရာဇဝတ်လုပ်ငန်းဖြင့် ငွေ အခြောက်အမြား ရရှိနေသော အဖွဲ့အစည်းများသည် မိမိတို့၏ ငွေများကို နာမည် ဖော်ပြပဲ ဆွစ်ဇာသန်ဘဏ်ဘွင် သွင်းသည့်အခါ သွင်းသည်။ ဘိန်းဝင် စီးပွားရေး လုပ်ငန်းများတွင် တဖန် ရင်းနှီးမှု ပြုသည့် အခါ ပြုသည်။ မည်သို့ပင်ဖြစ်စေ ယင်းအဖွဲ့အစည်းများ ရှိနေသ၍ ဆွစ်ဇာလန်တွင် ငွေများ ဝင်နေမည်သာ ဖြစ်သည်။

မိမိအလုပ်ကိုမိမိ အာရုံစိုက်၍ စည်းကမ်းတကျလုပ်သော ဘာသာရေးစရိုက်ကြောင့် ဆွစ်လူမျိုးတို့သည် သူတပါး၏ ကံ ကြမ္မာအပေါ် အမြတ်ထုတ်ခဲ့ကြသည်။ သည်အတိုင်း ဆက်လက် ရှိနေဦးမည်မှာလည်း သေချာလှသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

## လူတကာ စိတ်တိုင်းကျစေဖို့

အချိန်မှာ ၁၉၂၀-ခုနှစ် ဖြစ်သည်။ ကိုယ်ခန္ဓာပြည့်ပြည့် ဖြိုးဖြိုးနှင့် သပ်သပ်ရပ်ရပ် ဝတ်စားထားသူ အသက်သုံးဆယ် ငါးနှစ်ခန့်ရှိ ဆွစ်ဇာလန် နိုင်ငံသားတဦးသည် ဆွစ်ဇာလန် နယ်စပ်မြို့ဖြစ်သော ဘက်ဇဲမှ နယ်စပ်ကိုကျော်၍ ပြင်သစ်နိုင်ငံ ထဲသို့ ဝင်ရောက်လာသည်။

သူ့အမည်မှာ ဂွိဇော့ဖြစ်သည်။ သူသည် ဘက်ဇဲမြို့ ဟ ဒဲလ်ဘဏ်မှ အမှုထမ်းတဦး ဖြစ်လေသည်။ ဂွိဇော့သည် စာရွ စာတမ်း အမြောက်အမြားကို ယူဆောင်လာသည်။ သို့ရာတွ သာမန်လူတဦးအဖို့ ယင်းစာရွက် စာတမ်းများ အကြောင်း သိမည်မဟုတ်ချေ။ ပြင်သစ်နယ်စပ် အစောင့်များကလည် ယင်းစာရွက် စာတမ်းများကို စိတ်မဝင်စားကြ။ ယင်းစာရွ စာတမ်းများကား မသိသူအဖို့ အရေးကြီးသည်ဟု ထင်စရာ မ ပေ။ ဘဏ်အမှုထမ်းများသည် ဥရောပနိုင်ငံများတွင် နယ် ကို ဖြတ်နေသည်မှာလည်း ထုံးစံလိုဖြစ်နေသဖြင့် အဆ တကြယ် မဟုတ်လှပေ။ ဤသို့ဖြင့် ဂွိဇော့လည်း နယ်စပ် အနှောင့်အရှက်မရှိ အေးအေးဆေးဆေးဖြစ်လာနိုင်ခဲ့ပေသည်



နယ်စပ်ကို ကျော်ပြီးသည်နှင့် နီးရာဘူတာရုံမှ ပဲရစ်သို့သွား မည့်ရထားကို စောင့်စီးသည်။ မိမိကိုယ်ကိုလည်း ဥရောပသား တယောက်၏ ဟန်ပန်မပျက် ရထား ဖြတ်သွားရာ လမ်းတ လျှောက်ရှိ ရှုခင်းများကို ကြည့်ယင်း ဆွစ်ဇာလန်ထွက် စီးက ရက်ကို ဖွာရှိုက်ကာ လိုက်ပါခဲ့ပေသည်။ အရှေ့ပိုင်းဘူတာရုံ သို့ ရောက်သောအခါ မြင်းရထားတစီး စီး၍ သန့်ရှင်းသပ် ရပ်သော ဟိုတယ်ကလေးတခုသို့ သွားခဲ့လေသည်။ ယင်းဟို တယ်ကလေးကား ဈေးသက်သာပြီး ဆွစ်တို့နှစ်သက်သော ဟို တယ်ကလေးတခု ဖြစ်သည်။

ဂွိဇော့သည် ညစာကို ဇာဗျာကာသိစားပြီး ဇိမ်တန်းသို့ သွား လိုက်သေးသည်။ ဘက်ဇဲမှာဆိုယင် ဒီလို ဇိမ်နန်းကို ဂွိဇော့ သွားနေကျဖြစ်သည်။ ပဲရစ်သည် အစစ အရာရာ ဈေးကြီး သည်ဟု သူထင်သည်။ သို့ရာတွင် ပျင်းရိဖွယ် ဘက်ဇဲနှင့်စာ ချင် ပဲရစ်မှာ အလွန်လှပသော မြို့ဖြစ်သည်။ မိုးရွာနေသည့် အခါ၌ပင် သာယာလှပနေသည်ဟု ဂွိဇော့က ထင်သည်။

နောက်တနေ့မနက်တွင် အိပ်ရာမှ စောစောထသည်။ ထို့ နောက် ပြင်သစ်တံဆိပ်ခေါင်း နှစ်ဒါဇင်ခန့် ဝယ်လိုက်သည်။ ယင်းတံဆိပ်ခေါင်းများကို အခန်းထဲသို့ ပြန်ယူလာပြီး မိမိလက် အိတ်ထဲတွင် ထည့်ယူလာသော စာအိတ်အညိုရောင် ပြောင် များတွင် ကပ်လိုက်သည်။ ထို့နောက် စာအိတ်များပေါ်တွင် ခေါင်းထဲတွင် ရှိနေသော လိပ်စာများကို စီကာစဉ်ကာ ရေးချလိုက်သည်။ ဂွိဇော့မှာ အလွန် မှတ်ဉာဏ်ကောင်းသည်။ သည်အလုပ်တွင် သည်လို မှတ်ဉာဏ်ကောင်းမှ ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



စာအိတ်များကို လိပ်စာအသီးသီး ရေးပြီးနောက် လက်ဆွဲအိတ်ထဲမှ စာရွက်များကို ထပ်မံ ထုတ်ယူလိုက်ပြန်သည်။ ယင်း စာရွက်များတွင်လည်း အနက်ရောင်မင်ဖြင့် ရေးထားသော စာရွက်များဖြစ်သည်။

ဂွီဇော့သည် ယင်းစာရွက် ထောင့်များတွင် ခဲတံဖြင့် ခပ်မှိန်မှိန် ရေးထားသော ဂဏန်းများကို သေသေချာချာ ကြည့်ရှုပြီး စာရွက်များကို နံပါတ်အလိုက် သက်ဆိုင်ရာ စာအိတ်ထဲသို့ ခေါက်၍ ထည့်လိုက်လေသည်။ အချို့ စာရွက်များမှာ ကိန်းဂဏန်းများ ပါရှိပြီး အချို့စာရွက်များမှာမူ ရိုးရိုးစာ တစောင်မျှသာ ဖြစ်သည်။ ယင်း စာရွက်များပေါ်တွင် မည်သည့်နာမည်မျှ မပါ။ နောက်ဆုံးတွင် ဂွီဇော့က နာမည်များကို ရေးချလိုက်သည်။

စာအိတ်များကို ပိတ်ပြီးသောအခါ ဂွီဇော့သည် ယင်းတို့ကို အနီးဆုံး စာတိုက်မှတဆင့် ထည့်လိုက်သည်။ စာအများမှာ ပဲရစ်သို့ သွားမည်ဖြစ်ပြီး အချို့ စာအနည်းငယ်လောက်မှာ ခရိုင် ကျေးလက်များဘက်သို့ သွားမည်ဖြစ်သည်။ အချို့ စာများမှာ ဆွစ်ဇာလန် နယ်စပ်အနီးသို့ပင် ရောက်သွားမည် ဖြစ်သည်။ ယင်းစာကို ကြည့်ရှုဖြင့်မည်သူကမျှ ဆွစ်ဇာလန် ဘဏ်ကြီးဘဏ်က ပေးပို့သော စာများဖြစ်ကြောင်းသိနိုင်မည်မဟုတ်ချေ။

ယင်းကဲ့သို့ နယ်စပ်ကို ကျော်ဖြတ်ပြီး ပြင်သစ် တံဆိပ်ခေါင်း၊ ပြင်သစ် စာတိုက်တံဆိပ်များဖြင့်ပေးပို့ပုံနည်းအမြောက်အမြား ရှိသေးသည်။ အချို့သော သီးသန့် ဘဏ်စာရင်းရှင်များအတွက် ယင်းစာများကို ကိုင်ဆောင်ရသည်။ အကြောင်းမူ သူကိုယ်တိုင် ပဲရစ်သို့ လာရဦးမည် ဖြစ်သောကြောင့်-ဖြစ်သည်။ ယင်းကဲ့သို့ ဥရောပရှိ သက်ဆိုင်ရာ တာဝန်ရှိတို့က ဘဏ် ကိုယ်စားလှယ်မှန်း မရိပ်မိအောင် လျှို့ဝှက် လာရောက်သော ကိုယ်စားလှယ်များတွင် ဂွီဇော့ တဦး ပါဝင်သည်။

ထို့နောက် ဂွီဇော့သည် သက်ဆိုင်ရာ ဘဏ်စာရင်းရှင်တဦးနှင့် တယ်လီဖုန်းဖြင့် ချိန်းလိုက်သည်။ စာရင်းရှင်တို့ကလည်း သူ့အား မျှော်နေကြသည်။

သို့ရာတွင် အများအားဖြင့် စာရင်းရှင်တို့သည် မိမိတို့၏ အလုပ်ဌာန၊ ရုံးများတွင် သူ့အား လက်ခံတွေ့ခလေ့ မရှိ။ ညနေပိုင်းရောက်မှ အိမ်တွင် ဖိတ်ကြား ညှော်ခံတတ်ကြလေသည်။

ဂွီဇော့ သွားတွေ့သူများအနက် တယောက်မှာ ဆာဗျ်ရှိသူဌေးတဦး ဖြစ်သည်။ သူသည် ပဲရစ်မြို့ ဆင်ခြေဖုံး တနေရာ၌ရှိသော အိမ်ကလေး တလုံးဆောက်၍ နေထိုင်သူဖြစ်သည်။

ယင်းပုဂ္ဂိုလ်မှာ အလွန် ချမ်းသာသော်လည်း အလွန် စိတ်ညစ်နေရသူ ဖြစ်သည်။

သူသည် ဂွီဇော့အား အတွင်းခန်းသို့ ခေါ်ခဲ့ပြီး တံခါးပိတ်လိုက်သည်။ နောက် စီးကရက် တည်လိုက်သည်။

သဌေးက မိမိငွေများကို ပြင်သစ်မှ ထုတ်သွားချင်ကြောင်း ဆရာမ်တကြီး ဂွီဇော့အား ပြောပြသည်။ မိမိတို့ တိုင်းပြည်ကို ကွန်မြူနစ်ပါတီက အာဏာရရှိတော့မည်ဖြစ်၍ မိမိငွေများ ပြည်သူပိုင် သိမ်းမည်ကို စိုးရိမ်နေကြောင်း ပြောပြသည်။ ဂွီဇော့ကလည်းဘဏ်ဇဲမြို့သုံးပြင်သစ်စကားဖြင့်ပြန်၍လုပ်ငန်းသဘောတူကြောင်း ပြောလိုက်သည်။ ထို့နောက် ဂွီဇော့က သဌေး၏ ဖရန့်ငွေစက္ကူများကို ပထမကမ္ဘာစစ်ကစပြီး ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ရ ခက်ခဲနေကြောင်း ပြောပြသည်။ ထိုအခါ သဌေးက မိမိသည် ငွေစက္ကူကိစ္စကို မိမိစိတ်မဝင်စားကြောင်း၊ မိမိ မျှားကို ပြင်သစ်မှ လွတ်သွားအောင် လုပ်ပေးရန်သာ ကြောင်း ပြောနေသည်။

သဌေးသည် ဂွိဇော့ကို မီးခံသေတ္တာဆီသို့ ခေါ်သွား၍ အာမခံစာချုပ်များနှင့် ငွေစုလက်မှတ်များကို ပြသည်။ ယ တို့အနက် အချို့မှာ တန်ဖိုးမရှိတော့။ အချို့မှာမူ မသေး သေး။ အချို့ကမူ အလွန် တန်ဖိုးရှိနေကြသည်။ မည်သ နေရာတွင်မဆို ငွေဖြင့် လဲလှယ်နိုင်ကြသည့် စာရွက်စာတမ်းမျ ဖြစ်ကြသည်။

သဌေးကြီးက သူ့တွင် ရွှေဒင်္ဂါးတသောင်း ရှိသေးသည် ဆိုသည်။ ဤပစ္စည်းအားလုံး ပြင်သစ်အစိုးရ လက်လှမ်းမမှီ သည့် နေရာသို့ မရောက်မချင်း မိမိစိတ်မအေးနိုင်ဟု ဆိုသည်

ဂွိဇော့က ချက်ချင်း တွက်ကြည့်လိုက်သည်။ စာရွက် တမ်းများက ဆွစ်ဇာလန်ဖရန့်ငွေနှင့် ခြောက်သိန်း၊ ခုနစ်သ ခန့် တန်သည်။ ရွှေဒင်္ဂါတသောင်းက ဆွစ်ဖရန့် နှစ်သိန်း တန်သည်။ စုစုပေါင်း ဆွစ်ဖရန့် တသန်းခန့် (ဒေါ်လာ သိန်းခန့်) တန်နေသည်။ ဂွိဇော့ အနည်းငယ်ပင် စိတ်လှုပ် သွားသည်။ ထို့နောက် အပေးအယူ တည့်လိုက်သည်။

ပြင်သစ် ငွေရင်းငွေနှီးများကို သော်လည်းကောင်း၊ ရွှေ သော်လည်းကောင်း အရွှေ့အပြောင်း လုပ်ခြင်းသည် ခါက ပြင်သစ်အစိုးရ၏ ပေါ်လစီနှင့် ဖြောင့်ဖြောင့်ကြီး ကျင်နေကြောင်း ဂွိဇော့ သိထားသည်။ ထို့အပြင် ဌေးကြီးသည် ဤငွေများကို မှောင်ခို လုပ်ငန်းဖြင့်



ကောင်း၊ အခြားသော တရားမဝင်လုပ်ငန်းမှ လည်းကောင်း ရရှိသော ငွေများဖြစ်ကြောင်း ဂွိဇော့ သိထားသည်။ ဂွိဇော့ ကိုယ်စားပြုသော ဘဏ်သည် အလွန် စေ့စပ် သေချာသည်။ ဘဏ်မှလည်းကောင်း၊ ဘဏ်ကိုယ်စားလှယ်များမှလည်းကောင်း ဆွစ်ဇာလန် ဥပဒေကို ချိုးဖောက်ခြင်း မရှိစေရပေ။ သို့ရာတွင် အခြားသော နိုင်ငံတို့၏ ဥပဒေနှင့် ပတ်သက်၍မူ တမျိုးဖြစ် သည်။

ဘဏ်၏ အဓိကရည်မှန်းချက်မှာ လာရောက်ဆက်ဆံသူအား စိတ်ချမ်းသာစေရေးပင် မဟုတ်ပါလော။

ဂွိဇော့က သဌေးကြီး၏ ငွေများကို အကုန်သယ်ထုတ်သွား ရန် သဘောတူလိုက်သည်။ စာချုပ် စာတမ်းများကို မိမိနှင့် အတူ ယူသွားမည် ဟု သဌေးကြီးအား ပြောပြသည်။ ရွှေကိုမူ ချက်ချင်း မတတ်နိုင်။ သို့ရာတွင် မီရန်လည်း ခဲယဉ်းပါသည်ဟု ဂွိဇော့က ဆိုသည်။ ဘဏ်ကိုယ်စားလှယ်များမှာ အလွန် သတိ ရှိယရှိရမည်ပင်။

ရွှေများကို သယ်ရန်မှာမူ မလွယ်ကူပေ။ သယ်ထုတ်ရန် အလွန် လေးလှသည်။ သို့ရာတွင် ဂွိဇော့က ယင်းကိစ္စကို မိမိဘဏ်၏ အခြား ကိုယ်စားလှယ်များနှင့် ပူးပေါင်း ဆောင်ရွက်မည် ဟု ဆို၏။ ရိန်းမြစ်ကို ဖြတ်၍ ဘဏ်ဇီသို့ ရောက်နိုင်သည့် လမ်းများ ရှိသည်ဟု ဆို၏။

ဂွိဇော့သည် သဌေးကြီး၏ စာချုပ်စာတမ်းများကို ယူလိုက် ပြီး ယင်းတို့ကို လက်ခံရရှိကြောင်း စာရွက်ကလေးတရွက်ရေး ပေးလိုက်သည်။ သဌေးကြီးသည် ယင်းစာရွက်ကို ကြည့်ပြီး ကြည့်တော့။ ဆွစ်ဇာလန်ဘဏ်များနှင့် ယင်းတို့၏ ကိုယ်စား

www.burmeseclassic.com



လုပ်ယ်များသည် အလွန် စိတ်ချရကြောင်း သူ သိထားပြီး ဖြစ်သည်။ ထိုညကျမှ သဌေးကြီးမှာ အိပ်ပျော်နိုင်တော့သည်။ နောက် နှစ်ပေါင်းများစွာလည်း အိပ်ပျော်နိုင်တော့မည် ဖြစ်သည်။

နောက်နှစ်ရက်ကြာလျှင် ဂိုဇော့လည်း ဘက်ဇဲသို့ ညရထား ဖြင့် ပြန်ခဲ့သည်။ သူလည်း အိပ်ပျော်နိုင်လေပြီ။ မိမိဘဏ်မှ ပေးမည့် ဆုကြေးငွေများကိုပင် အိပ်မက် မက်နေလေတော့ သည်။

× × ×

ဆွဲစ်ဇာလန်ဘဏ်စနစ်ဖြစ်ပေါ်လာပုံကို ဖော်ပြခဲ့ပြီးဖြစ်သည်။ တရားဥပဒေကို လေးစားသူနှင့် တရားဥပဒေကို ချိုးဖောက်သူတို့၏ တရားမဝင် ငွေတို့ကို ဆွစ်ဇာလန် ဘဏ်များက မည်သို့ ထူးထူးခြားခြား ဆောင်ရွက်ပေးသည်ကိုလည်း တွေ့ခဲ့ပြီ။ ဆွဲစ်ဇာလန် ဘဏ်တို့သည် ငွေကြေးနှင့် ပတ်သက်သည့် ကိစ္စမျိုးစုံကို ဆောင်ရွက်ပေးသည့် အကြောင်းလည်း ဖော်ပြပြီး ဖြစ်သည်။

ရွှေ

အမေရိကန်နိုင်ငံသားတဦးအဖို့ အမေရိကန် ဥပဒေအရ ရွှေကိုတိုက်ရိုက်သော် လည်းကောင်း၊ သွယ် ဝိုက် ၍ သော်လည်းကောင်း ပိုင်ဆိုင်မှုသည် တရားမဝင်ချေ။ အစိုးပွ ါယ်မှာ ရွှေတုံးကြီးများကိုသော် လည်းကောင်း၊ ၁၉၃၃ ခုနှစ် နောက်ပိုင်း ထုတ်လုပ်သော ရွှေဒင်္ဂါးများကိုသော်လည်းကောင်း ဝယ်ယူခွင့်



မရှိ။ ရွှေဖြင့် တန်ဖိုးထားသည့် စတော့များ၊ စာချုပ်များကို ဝယ်ယူခွင့် မရှိ။ ရှင်းနှီးမြှုပ်နှံမှု၊ စပ်တူရင်းနှီးမှုတို့တွင် ရွှေကို အားပြုသော ရင်းနှီးမှုများ မပြုရ ဟူ၍ဖြစ်သည်။

ယင်းကား သီဝရီပိုင်း ဖြစ်သည်။

လက်တွေ့ပိုင်းကို လေ့လာလိုလျှင် အဖိုးတန် နာရီများ ရောင်းသည့်ဆိုင်များ၊ သိုးမွေးဆိုင်များ၊ မီးခိုးရောင် ကျောက်တုံးတို့ဖြင့် ဆောက်အပ်သည့် ဘဏ်အဆောက်အအုံကြီးများ ရှိရာ ဇူးရစ်မြို့၏ ဘန်းနော့နှင့် ပါရာဒက်ပလာ လမ်းပေါ်သို့ လျှောက်ကြည့်ပါ။

ထို ဘဏ်အဆောက်အအုံကြီးများ၏ အပေါ်ထပ်များတွင် ပြတင်းပေါက် ဘောင်ဖော်၌ စိုက်ထားသောသစ်ပင် ပန်းမာလ်တို့ ရောင်စုံပြာနေသည်ကို တွေ့ရမည်။ သို့သော် မြေညီထပ်တွင် နန်းတံခါးများဖြင့် ခင်းကျင်း ပြသထားသည့် နေရာ၌ကား ဝင်းဝင်းလက်နေသည့် အရောင် တရောင်တည်းကိုသာ တွေ့ရမည် ဖြစ်သည်။ ယင်းကား ရွှေခရောင်တည်း။

ယင်းမှန်ပြတင်းများကို လျှောက်ကြည့်လျှင် သမိုင်းနှင့် ထဝီဆိုင်ရာ ပြပွဲကို ကြည့်နေရသကဲ့သို့ ရှိမည်။ ကတ္တီပါစ၊ ပိုးစ အခလေးများပေါ်တွင် သပ်သပ်ရပ်ရပ် ခင်းကျင်း ပြသထားသည်မှာ ကမ္ဘာအရပ်ရပ်မှ ရွှေဒင်္ဂါးမျိုးစုံ ဖြစ်သည်။ အလွန် ရှားပါးသည့် ကိပ်ဗါဒီမှ အက်စ်ကူဒို ရွှေဒင်္ဂါးမှသည် အာဖဂန် နစ္စတန်နိုင်ငံမှ အလွန်ရှားပါးသည့် အာဖိဂါနီ ရွှေဒင်္ဂါးအထိ ရှိသည်။

ယင်းတို့အပေါ်ရှိ အရုပ်များမှာလည်း ယင်းတို့၏ သမိုင်းကို ဖော်ပြနေသည်။ ၂၀ ဖရန့်တန် ရွှေဒင်္ဂါးပေါ်တွင် နပိုလီယံ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြင်သစ်ဘုရင်ပေါင်းစုံ၏ ရုပ်ပုံများ တွေ့နိုင်သည်။ အင်္ဂလိပ် ရွှေဒင်္ဂါး၊ ဒတ်ချ်တီယန်ရွှေဒင်္ဂါး၊ ဆွစ်ဗချန်နယ်လီ ဒင်္ဂါးအပြင် အမေရိကန်၏ ရှေးကျသော သမ္မတပုံမပါပဲ သိန်းငှက်ရုပ်သာ ပါသည့် ရွှေဒင်္ဂါးများ စသည်ဖြင့် စုံနေသည်။

ဘဏ်ဘွင်း၌မူ ရွှေများကို ရောင်းသည်။

ရွှေတုံးအရွယ်အမျိုးမျိုးနှင့် ယခုခေတ်ရွှေဒင်္ဂါးများ ရနိုင်သည်။ အလဲအလှယ် လုပ်၍လည်း အဆင်ပြေလှသည်။ ငွေစက္ကူမှ ရွှေအဖြစ် လဲ၍ရသကဲ့သို့ ရွှေမှ ငွေစက္ကူကိုလည်း လဲ၍ရသည်။ ဆွစ်တို့သည် ယင်းနှစ်မျိုးစလုံးကို အလဲအလှယ် လုပ်ပေးသည်။

ထိုမျှသာမကသေး ရွှေကို ခေတ်မီသော ပုံစံဖြင့်လည်း ရောင်းသေးသည်။ ရွှေတုံးများကို သတ်မှတ်ထားသော ကာလအတွင်း သတ်မှတ်ထားသော ဈေးဖြင့် ဝယ်မည်ဟု စာချုပ်ချုပ်နိုင်သည်။ သို့ဖြင့် သတ်မှတ်ထားသောကာလ အတွင်းဝယ် ရွှေဈေး အတက်အကျပေါ် မူတည်၍ အကျိုး အမြတ်လည်း ရှိသည်။ ရှုံးလျှင်လည်း ရှုံးနိုင်သည်။

သေချာသည့်နည်းတခုရှိသေးသည်။ ယင်းမှာ တောင်အာဖရိကရှိ ရွှေမိုင်းတူး လုပ်ငန်းတွင် အစုရှယ်ယာ ထည့်ဝင်ခြင်းဖြစ်သည်။ ယင်းတို့ကို ဇူးရစ်မြို့ ငွေလဲဈေးကွက်တွင် အရောင်းအဝယ် ပြုသည်။ ဆွစ်ဇာလန်ရှိ မည်သည့် ဘဏ်မဆို ယင်းလုပ်ငန်းအတွက် ဆောင်ရွက်ပေးသည်။

အမေရိကန် နိုင်ငံသား ဖြစ်လျှင် ယင်းတို့ကို ကြည့်ရုံသာ ကြည့်နိုင်ပေမည်။ မဝယ်နိုင်။ သို့သော် အဘွင်းသို့ ဝင်သွားလျှင် မည်သူကမျှ မည်သည့်နိုင်ငံသား ဖြစ်ကြောင်း မေးနေတော့မည် မဟုတ်။ ဆွစ်ဇာလန် ဥပဒေအရ ရွှေကို မည်သည့်ပုံစံဖြင့် မဆို ရောင်းဝယ်နိုင်သည်။ ဆွစ်ဇာလန် တရားဥပဒေကို မဖောက်ဖျက်သ၍ ဆွစ်ဇာလန်ဘဏ် တာဝန်ရှိများက ယင်းရောင်းဝယ်မှုတွင် အခြား မည်သည့်ကိစ္စကိုမျှ ထည့်သွင်း စဉ်းစားမည် မဟုတ်ချေ။ ယင်းရောင်းဝယ်မှုကိုပင် ဘဏ်၏ လျှို့ဝှက်မှု အစီအစဉ်ဖြင့် ကာကွယ်ပေးထားမည် ဖြစ်သည်။

ဤကဲ့သို့ တားမြစ်ထားသော ရွှေရောင်းဝယ်မှုကို အမေရိကန်တို့ မပြုပါဆိုလျှင် ယုံစရာ မရှိပေ။ ယင်းရွှေသည် ငွေတန်ဖိုးကျမှုနှင့် ငွေဖောင်းပွမှုအတွက် အကောင်းဆုံးကာကွယ်ရေး နည်း ဖြစ်တော့သည်။

အမေရိကန် နိုင်ငံသားတဦး ဆွစ်ဇာလန်ဘဏ်ဘွင်း ငွေသွင်းနိုင်သောအခါ (ရွှေမိုင်း လုပ်ငန်းမှ) ရွှေရှယ်ယာများကို ဝယ်ပါ။ ရွှေကို တိုက်ရိုက်ကုန်သွယ်မှု မပြုဝါဟု ဆိုခြင်းသည် သာ၍ပင် ယုံနိုင်ဖွယ် မရှိသော လိမ်လည်မှု ဖြစ်သည်။

## ငွေ

ငွေသားသည် ရွှေကဲ့သို့ လုံခြုံအားကိုးရသော ပစ္စည်းတခု မဟုတ်ခေကာမူ အချို့ အရင်းအနှီး ပြုသူများ (အထူးသဖြင့် ငွေကိုပိတ်ပင်တားဆီးမှု မပြုသည့် အမေရိကန်တွင်)သည် ငွေကို စိတ်မောကြသည်။ ထို့ကြောင့် နောက်အနာဂတ်တွင် ငွေကိုလည်း ရွှေကဲ့သို့ ပိတ်ပင်ပစ်ရမည်ကဲ့သို့ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွစ်ဇာလန်တွင် ငွေကို အနည်းဆုံး ဝယ်နိုင်သည့် အတိုင်းအတာမှာ အောင်စ ၅,၀၀၀ ဖြစ်သည်။ တန်ဖိုးအားဖြင့် ဒေါ်လာ ၅၀ ဖြစ်သည်။ ငွေကို စာရွက်စာတမ်း စနစ်ဖြင့်လည်း ဝယ်ယူနိုင်သည်။ ကာလတခုတွင် တန်ဖိုးသေတခုဖြင့် စာချုပ်ချုပ်ဝယ်သည့် စနစ်ဖြင့်လည်း အရင်းအနှီးပြုနိုင်သည်။ သို့ရာတွင် ငွေကို ရွှေထက်ပို၍ အမြောက်အမြား ရင်းနှီးမှုပြုရသည်။

## ငွေစက္ကူရောင်းဝယ်မှု

ယင်းငွေစက္ကူရောင်းဝယ်မှုမှာသာမန်အသေးအမွှားပုဂ္ဂိုလ်များ မလုပ်နိုင်။ ယင်းတွင် စနစ် နှစ်မျိုးရှိသည်။ ပထမ တမျိုးမှာ ငွေကို သန်းနှင့်ချီ၍ အကြီးအကျယ် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ ငွေကစားသည့် နည်းဖြစ်သည်။ နိုင်ငံတကာကော်ပိုရေးရှင်းကြီးများမှ ဘဏ္ဍာထိန်းများသည် ကုမ္ပဏီ၏ ငွေပိုများကို သည်ငွေစက္ကူမှ ဟိုငွေစက္ကူ ပြောင်းရွှေ့နှင့် အသေးအမွှားလောက်သော ငွေလဲနှုန်း မတည်ငြိမ်မှုအပေါ် အမြတ်ထုတ်ကြသည်။

ယင်းသို့ငွေစက္ကူများလဲလှယ်ခြင်းဖြင့် တဒေါ်လာလျှင်တပဲနီ နှစ်ပဲနီလောက် အမြတ်ထွက်လာသည်ဆိုစေဦးတော့ ငွေပေါင်း သန်းနှင့် ချီ၍ လုပ်လိုက်သောအခါ အမြတ်အစွန်းက ကြီးမားလာသည်။ သို့ရာတွင် ယင်းသို့လဲလှယ်ရာ၌ တိတိကျကျ မှန်းဆတတ်ဖို့ လိုသည်။ ယင်းလုပ်ငန်းသည် အမြတ်နည်းသည်။

သို့သော် ရှုံး လည်း သိပ် မရှုံး နိုင် ပေ။ ထိုအလုပ်မျိုးကို ဆွစ်ဇာလန်ဘဏ်များက ကျွမ်းကျင်စွာ ဆောင်ရွက်ပေးနိုင်ကြသည်။



ငွေစက္ကူရောင်းဝယ်မှု ဒုတိယပုံစံမှာ ငွေစက္ကူ တမျိုးကို ကာလတခုအတွင်း တန်ဖိုးသေတခုဖြင့် ဝယ်ယူရန် စာချုပ် ချုပ်ခြင်း ဖြစ်သည်။ ယင်းသည် ငွေစက္ကူအတက်အကျပေါ် မူတည်၍ အရှုံးအမြတ်ရှိသည်။ ယင်းအလုပ်မျိုးကိုလည်း ဆွစ်ဇာလန်ဘဏ်များက ကိုင်တွယ်ဆောင်ရွက်ပေးသည်။ ယင်းလုပ်ငန်းကို လုပ်သူတဦးသည် လုပ်ငန်းအတွက် ငွေအကုန်စိုက်စရာမလိုပေ။ အနည်းအကျဉ်းလောက်သာ စိုက်ရသည်။ ကျန်လိုသော ငွေကို ဆွစ်ဇာလန်ဘဏ်မှ ငွေထုတ်ချေးပြီး ယင်းငွေအတွက်လည်း အတိုးယူသည်။ (အကယ်၍ လုပ်ငန်းတွင် ရှုံးလျှင် ထိုပုဂ္ဂိုလ်က ကျခံရမည်ဟူလို)။

## အချိန်ပိုင်း ငွေစုခြင်း

ယင်းသည်အမေရိကန်ဘဏ်များတွင်စာရင်းဖွင့်၍ ငွေစုသည့် ပုံမျိုး မဟုတ်ပေ။ နှစ်သွင်းငွေစုလက်မှတ်များ ဝယ်၍စုသည့် ပုံမျိုးဖြစ်သည်။ အချိန်ကာလတခုအတွင်း အတိုးနှုန်းတခုဖြင့် ငွေတစုကို ပေးသွင်းရသည်။ အချိန်တိုလေ အတိုးနှုန်း နည်းလေ ဖြစ်သည်။ အချိန်ပိုင်း ငွေသွင်းစာရင်းကို အနည်းဆုံး ကာလ သုံးလအထိ ဖွင့်နိုင်သည်။ နိုင်ငံခြားသားများဖြစ်လျှင် ယင်းသွင်းငွေပေါ်တွင် လေးလတကြိမ် ၂ ရာခိုင်နှုန်း ဖြတ်တောက်သည်။

ယင်းမှ ရသည့် အမြတ်အစွန်း၏ ၃၀ ရာခိုင်နှုန်းကို ဆွစ်ဇာလန်နိုင်ငံတော်က ကောက်ယူသည်။ အကယ်၍ ယင်းပုဂ္ဂိုလ်သည် ယင်းငွေခွန် စည်းကြပ်မှုရုံးသို့ ယင်းအမြတ်အား မိမိ၏ ဝင်ငွေအဖြစ် သတင်းပို့၍ ပြန်တမ်းတွင် ပါလာသောအခါ ၁၅

www.burmeseclassic.com

www.burmeseclassic.com



ရာခိုင်နှုန်း ပြန်ပေးသည်။ သတင်းမပို့လျှင် ယင်း ၁၅ ရာခိုင်နှုန်း ပါ ပြန်မရချေ။ သို့ရာတွင် ယင်း ၁၅ ရာခိုင်နှုန်းကို အဆုံးခံ၍ သတင်းမပို့သူ အမြောက်အမြား ရှိသည်။ ယင်းတို့တွင်လည်း သတင်းမပို့ရသည့် အကြောင်း မြောက်မြားစွာရှိသည်။

## ကိုယ်စားပြု အစီအစဉ်

"လူ့လက်နဲ့ လုပ်ထားတဲ့အရာကို လူ့လက်နဲ့ ဖျက်လို့ ရမှာပေါ့" ဟု ဆွစ်ဇာလန် ဘဏ်တာဝန်ရှိတဦးက ယင်းတို့၏ ဆောင်ပုဒ်ကို ထုတ်ပြောသည်။ အဓိပ္ပါယ်က ဘာကို ဆိုလို မှန်းမသိပေ။ သို့ရာတွင် ကိုယ်စားပြု အစီအစဉ်အရ ၁၅ ရာခိုင် နှုန်းကို ဝင်ငွေခွန် ကြီးကြပ်ရေး အဖွဲ့အားလည်းကောင်း ကျန် ၁၅ ရာခိုင်နှုန်းကို (သတင်းမပို့လျှင်) နိုင်ငံတော်အား ယင်း ပေးရသည့် ဘေးမှ လွတ်ကင်းရန် ဆွစ်ဇာလန်ဘဏ်က အကူအညီပေးသည်ကို ရည်ညွှန်းဟန်ရှိသည်။

ယင်းအစီအစဉ်မှာ ဥပဒေကို လက်တလုံးခြားလှည့်ခြင်းသာ ဖြစ်သည်။ သွင်းငွေကို ဆွစ်ဇာလန်တွင် မထားရန် သဘော တူညီကြောင်း ဘဏ်နှင့် စာချုပ် ချုပ်ရသည်။ ဘဏ်က ကိုယ် စားလှယ်အဖြစ် ဆောင်ရွက်ပေးသည်။

စင်စစ်တွင် ထိုငွေကို အခြားနိုင်ငံတနိုင်ငံတွင် အတိုးနှုန်း မျှတစွာနှင့် ထားပေးသည်။ ယင်းငွေမှာ ဆွစ်ဇာလန် ဘဏ် အမည်ဖြင့် ထားခြင်းဖြစ်သည်။ ကာယကံရှင်ပုဂ္ဂိုလ်၏ နာမည် ကို မည်သည့်အခါမျှ မသုံး။



ယင်းကဲ့သို့ စီစဉ်မှုဖြင့် အမြတ်၏ ၃၀ ရာခိုင်နှုန်း အခွန် ကောက်မှုမှ သက်သာသည်။ ဆွစ်ဇာလန်ဘဏ်ကို ဆောင်ရွက်ခ အနည်းအကျဉ်း ပေးလိုက်ရုံဖြင့် ယင်းတို့က အခွန်လွတ်အောင် ထိမ်ညာပေးသည်။ စိတ်လည်း စိတ်ချရသည်။

## နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု

ဤလုပ်ငန်းတွင် ပုံစံအမျိုးမျိုးရှိသည်။ စတော့များ၊ စာ ချုပ်များ၊ ငွေစုလက်မှတ်များ၊ ကူးသန်းရောင်းဝယ်ရေးလုပ် ငန်းများမှ ငွေချေးသည့် စာရွက်စာတမ်းများသည် ပြည့်စုံနေ သည်။ ဆွစ်ဇာလန် ဘဏ်မှတဆင့် ကမ္ဘာပေါ်ရှိ မည်သည့် ငွေ သဲဈေးကွက်တွင်မဆို ငွေကြေးလုပ်ငန်းများ လုပ်ကိုင်နိုင်သည်။ ဆို့ပြင် ယင်းသို့လုပ်ရာတွင်လည်း မိမိနာမည်ကို ဖော်ပြရန် မလိုပဲ ဆွစ်ဇာလန် ဘဏ်များက အမည်ခံ၍ ကိုယ်စား လုပ် ဆောင်ပေးမည် ဖြစ်ပေသည်။

သို့မဟုတ်ပါကလည်း မြတ်လျှင်လည်း များများမြတ်၊ ရှုံးလျှင်လည်း များများရှုံးနိုင်သည့် ငွေကြေးဆိုင်ရာ စာချုပ် စာတမ်းများ (စတော့၊ ရှယ်ယာနှင့် စာချုပ်စသည်) ဈေးကွက် တွင်လည်း ရင်းနှီးမြှုပ်နှံနိုင်သည်။ ဤတွင် မိမိငွေကို ကုမ္ပဏီ ကြီးများ၊ တခါတရံ အစိုးရများ၊ မြူနီစီပယ်အဖွဲ့အစည်းများ နှင့် လူပုဂ္ဂိုလ် တဦးချင်းတို့ထံ ကာလတခုအတွက် အတိုးနှုန်း အမျိုးတည်းဖြင့် ငွေချေးခြင်းပင် ဖြစ်သည်။

အချို့ဆွစ်ဇာလန်ဘဏ်များသည် အချိန်ပိုင်း ငွေစုခြင်းဖြင့် မျိုးငွေစုလက်မှတ်များ ထုတ်ရောင်းသည်။ အချို့လည်း အမေ

www.burmeseclassic.com

www.burmeseclassic.com



-ရီကန်မှ ဖက်စပ်ရံပုံငွေ (Mutual Fund) ဟု ခေါ်သည့် ပုံ မျိုး ငွေစုလက်မှတ်များ ရောင်းသည်။ သို့သော် အနည်းငယ် တော့ ကွာသည်။ ဥပမာအားဖြင့် မိမိဝယ်သော ငွေစုလက်မှတ်များမှာ ဂျပန်လုပ်ငန်းများ၏ ရှယ်ယာများ၊ စာချုပ်များ အတွက် သီးသန့်ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် ဥရောပလုံးဆိုင်ရာ စတော့များအတွက် သီးသန့်ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် မြို့ အဖွဲ့အစည်းများက ငွေချေးခြင်းအတွက် သီးသန့်ဖြစ်ကောင်း ဖြစ်မည်။ သို့မဟုတ် ဆွစ်ဇာလန်နိုင်ငံအတွင်းမှ ရှယ်ယာများ အတွက် သီးသန့်စာချုပ်များ ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ်ပါ ကလည်း အခြားသော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ အတွက် သီးသန့် ဖြစ်နိုင်သည်။

## ကျောက်မျက်ရတနာများ

ယင်းသည် ရင်းနှီးမြှုပ်နှံခြင်း တမျိုးပင် ဖြစ်သည်။ ဆွစ်ဇာလန်ဘဏ်များမှတဆင့် အဖိုးတန် ကျောက်မျက်ရတနာများကို ရောင်းနိုင်၊ ဝယ်နိုင်သည်။ ဘဏ်တွင် သိမ်းထားစေပြီး ဈေးကောင်းသောအခါ ပြန်ရောင်းခြင်းစသည်ဖြင့် ပြုလုပ်နိုင်သည်။

## အထူးစာရင်းများ

အထက်မှာ ဖော်ပြသကဲ့သို့ အချိန်ပိုင်း ငွေစုသည့်ပုံစံအပြင် ဆွစ်ဘဏ်တွင် အခြားသော ဘဏ်စာရင်းမျိုးစုံ ဖွင့်၍ စုနိုင်သေးသည်။



ဘဏ်တွင် "သွင်းငွေစာရင်း" (Deposit Account) ဖွင့်ခြင်းတွင် အတိုးနည်းသည်။ ငွေပြန်ထုတ်လျှင် ဒေါ်လာသော်လည်းကောင်း၊ ဖရန့်ငွေသော် လည်းကောင်း ရရှိနိုင်သည်။ သို့ရာတွင် ငွေသွင်းလျှင် ဒေါ်လာဖြင့် အသွင်းမခံ။ ငွေမသွင်းမီ မိမိငွေကို ငွေမာတခုဖြင့် လဲပြီးမှ သွင်းရသည်။

"ရင်းနှီးမြှုပ်နှံမှုစာရင်း" (Investment Account) ဖွင့်ရာတွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ အနည်းဆုံးသွင်းငွေမှာ ဒေါ်လာ ၅,၀၀၀ တန်ချက်လက်မှတ်ဖြစ်ရမည်။ ဆွစ်ဇာလန်၏ အချို့ ဘဏ်များက လက်ခံသော ငွေအရေအတွက် ဖြစ်သည်။ အချို့ ဘဏ်များကမူ အနည်းဆုံး သွင်းငွေမှာ ဒေါ်လာ ၁၀,၀၀၀ ဖြစ်မှ လက်ခံသည်။ ဘဏ်မှတဆင့် မိမိဝယ်လိုသော အရာ (စာချုပ်၊ ရှယ်ယာ၊ စတော့စသည်) များကိုဝယ်ခိုင်းနိုင်သည်။ သို့မဟုတ်ပါကလည်း ဘဏ်ကို လုံးဝမျက်နှာလွှဲထားပြီး ဘဏ်က ကြိုက်သလို စီစဉ်သည့်အတိုင်း ထားနိုင်သည်။ ယင်းကို သဘောတူကြောင်း လက်မှတ်ရေးထိုး ထားရသည်။

အချို့မှာ ဘဏ်ကို လုံးဝလွှဲအပ်ထားသည့်နည်းကို သဘောကျသည်။ ယင်းနည်းသည် စရိတ်စက နည်းသည်။ ကိုယ်တွက် နိုင်သည်ဟု ထင်၍လား၊ သို့မဟုတ် အန္တရာယ် ကင်းသည် ဟု ကြည်၍လား မသိပေ။ အမေရိကန် စီးပွားရေး ဆိုင်ရာ ာဝန်ရှိသူများက ယင်းသို့ ရင်းနှီးမြှုပ်နှံမှုသည် ရွှေအရောင်း အဝယ်၌ ရင်းနှီးမည်လားဟု မသင်္ကာ ဖြစ်ကာ နောက်မှ လိုက် ည်စိုးသောကြောင့် ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ဘဏ်ကို လွှဲအပ်ထားသည့် အကျိုးတရား တခုမှာ အခြားစာရင်းများကဲ့သို့ပင် လျှို့ဝှက်ပေးထားသည့် အချက်ပင် ဖြစ်သည်။

ဆွစ်ဇာလန် တရားဥပဒေကို မချိုးဖောက်သ၍ သက်ဆိုင်ရာတို့က နှုတ်ပိတ်နေမည်သာ ဖြစ်သည်။' အချို့သော ငွေသွင်းသူများက ယင်းကိုပင် အမြတ်တခုအဖြစ် မြင်သည်။

အတိုးနှုန်း နည်းသော သာမန် အသေးအမွှား ငွေသွင်း (ရင်းနှီး) နိုင်သည့် စာရင်းများလည်း ရှိသေးသည်။ သို့ရာတွင် အမေရိကန်တို့ကို အများဆုံး စိတ်ဝင်စားစေသည့် စာရင်းမှာ "နံပါတ်စာရင်း" ဖြစ်သည်။

ယင်းစာရင်းမျိုးမှာ ဒုစရိုက်ဂိုဏ်းများက အသုံးချသော ငွေသွင်းသူနာမည်အစား နံပါတ်တပ်ထားသည့် လျှို့ဝှက်စာရင်းမျိုးဖြစ်သည်။ ဆင်ဒီကိတ်ကြီးများ ကဲ့သို့ပင် တရားမဝင်ငွေ ဖြစ်သည့် တောင်အမေရိက နိုင်ငံရေး ခေါင်းဆောင်များ၏ ငွေများ၊ အာရပ်ဘုရင်နိုင်ငံများ၊ အမေရိကန် ဒုစရိုက်ဂိုဏ်းများနှင့် အခြားငွေကို မဘရားသဖြင့်ရသော ပုဂ္ဂိုလ်တို့၏ ငွေများမှာ ဤစာရင်းများတွင် ထည့်ဝင်ကြသည်။

ယင်းကဲ့သို့ လျှို့ဝှက်ပေးရသဖြင့် ဆွစ်ဇာလန်ဘဏ်ကို အခကြေးငွေ အပိုပေးရသည်။ ယင်းအခကြေးငွေမှာ အပိုဖြုန်းသလို ရှိသည်။ အကြောင်းမှာဆွစ်ဇာလန်ဘဏ်တွင် မည်သည့် စာရင်းကိုမဆို လျှို့ဝှက်ပေးထားသည်ချည်း ဖြစ်သည်။

နံပါတ်စာရင်း ဖွင့်ထားသည့် သဘောမှာ စာရင်းရှင် အမည်ကို ဘဏ်မှ လူများအနက် အနည်းအကျဉ်းလောက်သာ သိမည်။



စာရင်းကို ဖွင့်ပေး သည့် အရာရှိနှင့် အခြား တယောက်နှစ်ယောက်လောက်သာ သိမည်။ အချုပ်အားဖြင့် ဤနံပါတ်စာရင်းသည် လုံးဝလျှို့ဝှက်ရမည် ဟု အာမ မခံပေ။ စာရင်းရှင်အမည်ကို သိသူနည်းသွားအောင် လုပ်ခြင်းမျှသာဖြစ်သည်။ ငင်စစ်တွင်မူ ဘဏ်တခုလုံးအနေဖြင့် ဆွစ်ဇာလန် ဥပဒေအရ အားလုံး လျှို့ဝှက်နေသည်ချည်းသာ။

သို့ဖြစ်စေကာမူ ဆွစ်ဇာလန်ဘဏ်တို့၏ လျှို့ဝှက်မှုကိုလူများက မက်မောလွန်းသဖြင့်ယင်းတို့ကျေနပ်စေရန်ဘဏ်မှလျှို့ဝှက်မှုအမျိုး စုံ တည်ထွင်ပေးကြရသည်။ ယင်း နံပါတ်စာရင်းများအပြင် နာမည်မတပ်ပဲ နာမည်ဝှက်များနှင့် စာရင်းဖွင့်သည်လည်း ရှိသည်။ စကားဝှက်များဖြင့် စာရင်းဖွင့်သည်လည်း များ။

ဆွစ်ဇာလန်ဘဏ်များမှ ပေးပို့လိုက်သော စာအိတ်များတွင် ပြန်ပို့ရမည့် ဘဏ်၏ လိပ်စာ မပါရှိတတ်ချေ။

သို့ရာတွင် စာသည် ရွေးမည့်သူ မရှိ၍ ပြန်လာသည့်အခါ ဆွစ်ဇာလန်သို့ ရောက်သည်နှင့် ဆွစ်ဇာလန်စာတိုက်များက သိသည်။စာအိတ်ပေါ်မှ တံဆိပ်ခေါင်းရိုက်စက် နံပါတ်ကိုကြည့်ရုံဖြင့် မည်သည့်ဘဏ်သို့ ပို့ရမည်ကို သိထားသည်။

ဆွစ်ဇာလန် ဘဏ်များမှ သက်ဆိုင်ရာ စာရင်းရှင်ထံ စာပို့သည့်အခါ အခြားနိုင်ငံတနိုင်ငံမှ ပို့သည်။ ထိုပုဂ္ဂိုလ်၏ အိမ်ကိုသော်လည်းကောင်း၊ ရုံးကိုသော်လည်းကောင်း ဆွစ်ဇာလန်စာတိုက် တံဆိပ်ပါသည့် စာအိတ် မရောက်စေလိုပေ။ တခါ သည် ကာယကံရှင်က ကျေနပ်၍ စရိတ်ခံလျှင် ကိုယ်စားလှယ်ထား၍ ကိုယ်စားလှယ်က အားလုံး တာဝန်ယူ လုပ်ဆောင်ပေးမည်။

www.burmeseclassic.com

www.burmeseclassic.com



သည်။ အချို့တွင်မူ ကိုယ်စားလှယ်သည် ကာယကံရှင်ညွှန်ကြားသည့်အတိုင်း ဘဏ်တွင်း၌ လုပ်ရမည့် ငွေရေး ကြေးရေးကိစ္စများကိုသာ ဆောင်ရွက်ရသည်။

ယင်းကဲ့သို့ လျှို့ဝှက်မှုသည် အလွန်အမင်း ကြီးကျယ်လွန်းသောကြောင့်ပြဿနာ တက်သည့်အခါလည်းရှိသည်။ ရယ်စရာလည်းကောင်းသည်။ အာဂျင်တီးနား သမ္မတကတော်အဲဗစ်တာပီရွန်သည် ဆွစ်ဇာလန်တွင် နံပါတ်စာရင်း အမြောက်အမြားဖွင့်ထားသည်။ ဒေါ်လာ ၁၅ သန်းခန့်ရှိသည်။ သို့ရာတွင် မိမိသေမီခင်ပွန်းအား မိမိစာရင်းနံပါတ်များကိုမပြောမိခဲ့ချေ။ ထို့ကြောင့် ယင်းငွေများကို ခင်ပွန်းသည် ထုတ်၍ မရနိုင်ခဲ့ချေ။ ယင်းငွေများသည် ယခုထက်တိုင် ဆွစ်ဘဏ်တွင်ရှိနေလေသည်။

လွန်ခဲ့သော နှစ်အနည်းငယ်လောက်ကသည်း အမေရိကန်တာဝန်ရှိသူများသည် ဆွစ်ဇာလန်သို့ သွားကာ၊ ယင်းဘဏ်များတွင် စာရင်းဖွင့်၍ ဒေါ်လာ ၇ သန်း ထည့်ဝင်ထားသောအမေရိကန် တက္ကသိုလ်ပြည်နယ်သား ဘီလီဆိုအက်တက်စ်၏စာရင်းကို သွားရောက်ရှာသည်။ ထိုပုဂ္ဂိုလ်သည် ဒေါ်လာ ၇ သန်းအတွက် အခွန်လွတ်ရန် ရှောင်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ရှောင်ခြင်းမှာ ဆွစ်ဇာလန်တွင် အပြစ်မရှိသော်လည်း အမေရိကန်တွင် အပြစ်ရှိသည်။ သို့ရာတွင် ဆွစ်တို့က ယင်းပုဂ္ဂိုလ်၏စာရင်းများကို ပြရန် ငြင်းဆိုလိုက်သည့်အပြင် ယင်း ပုဂ္ဂိုလ်စာရင်း ဖွင့်ထားသည် မထားသည်ကိုပင် တိတိကျကျ အဖြေမပေးခဲ့ပေ။

ဆွစ်ဇာလန်ဘဏ်တို့၏လျှို့ဝှက်မှုစနစ်သည်ဆွစ်မဟုတ်သူပြည်ပသူများအတွက် အမျိုးမျိုး ပြဿနာဖြစ်နေသည်။ အချို့ကလည်း တကယ်မလိုအပ်ပဲ နံပါတ်စာရင်း ဖွင့်ကြသည်။ အချို့ကျတော့လည်း ဆွစ်ဇာလန်ဘဏ်၏ လျှို့ဝှက်မှုစနစ်ကို ယုံကြည်လွန်း၍ သာမန် သတိထားရမည့် ကိစ္စကလေးများကိုပင် "သပန်ကာ လျှံကာ" လုပ်သွားကြသည်လည်း ရှိသည်။ အချို့ကျတော့လည်း ဆွစ်ဇာလန်ဘဏ်တို့က ဒုစရိုက်အလုပ်များလုပ်နေသည်ဟူ၍လည်းကောင်း၊ ဒုစရိုက်သမားတို့နှင့်ပူးပေါင်းကြံစည်ပေးသည်ဟူ၍လည်းကောင်း ကျိန်ဆဲကြသည်။

တခါက ဆွစ်ဇာလန်နှင့် တပြိုင်တည်း ဥရောပ ဘဏ်များတွင် လျှို့ဝှက် စနစ်ကို ကျင့်သုံးလိုက်နာရန် အားထုတ်ခဲ့ကြသည်။ ထိုစဉ်က ယင်းလျှို့ဝှက်မှုကို အထူးကြပ်မတ်မနေရ။ အစဉ်အလာ အလေ့အထ တခုဖြစ်သည်။ ပထမကမ္ဘာစစ် ပြီးသောအခါ တိုင်းပြည် အမြောက်အမြားသည် အစဉ်အလာလျှို့ဝှက်မှု စနစ်ကို ဖောက်ဖျက်လာကြသည်။ ဆွစ်ဇာလန်တနိုင်ငံသာ မဖောက်ဖျက်ပဲ ကျန်ခဲ့ခြင်းဖြစ်သည်။

၁၉၃၄-ခုနှစ်တွင် ကမ္ဘာ၌ ဖက်ဆစ်နှင့် နာဇီများ တက်လာကြသည်။ ထိုအခါ ပတ်ဝန်းကျင် နိုင်ငံ အများအပြားမှလူများသည် ဆွစ်ဇာလန်သို့ ခိုလှုံဝင်ရောက်လာကြသည်။ ထိုအချိန်မှ စတင်၍ ဆွစ်ဇာလန် အစိုးရသည် ဘဏ်တွင်လျှို့ဝှက်စနစ်ကျင့်သုံးရန် ဥပဒေဖြင့် ပြဋ္ဌာန်းပေးခဲ့သည်။ ယင်းကိုဖောက်ဖျက်လျှင်လည်း ရာဇဝတ်မှုအဖြစ် သတ်မှတ်ပေးသည်။

ဥပဒေပုဒ်မ ၄၇ က ဤသို့ဆို၏။

"ဘဏ်အရာရှိသော်လည်းကောင်း၊ အခြား အမှုထမ်းတဦးဦးသော်လည်းကောင်း မိမိလုပ်ပိုင်ခွင့်များကို အလွဲသုံး

www.burmeseclassic.com

www.burmeseclassic.com



ချလျက် မိမိ၏ လျှို့ဝှက်ထားရမည့် တာဝန်ကို ဖောက်ဖျက်လျှင်လည်းကောင်း၊ ထိုကဲ့သို့ တာဝန်ရှိသူ တဦးအား ယင်းလျှို့ဝှက်မှုကို ဖွင့်ပြောရန် သွေးဆောင်လျှင် သို့မဟုတ် သွေးဆောင်ရန် ကြိုးစားလျှင်လည်းကောင်း ဖရ ၂၀,၀၀၀ ထက် မပိုသော ငွေဒဏ်ကိုလည်းကောင်း ခြောက်လထက် မပိုသော ထောင်ဒဏ်ကိုလည်းကောင်း နှစ်ရပ်စလုံးကိုလည်းကောင်း ပြစ်ဒဏ်ချမှတ်နိုင်သည်'' ဖ ပါရှိသည်။

ယင်းဗဟိုအစိုးရ၏ ဥပဒေများကို ခရိုင် (Canton) များ သီးခြား ဥပဒေများဖြင့် ခွဲခြားထားသေးသည်။ ထို့အပြ ဆွစ်တို့သည် ဤတွင်မရပ်သေး။ ဘဏ်နှင့် သက်ဆိုင်ရာ သတ အချက်အလက် မှန်သမျှကို ''ကုန်သွယ်ရေး လျှို့ဝှက်မှု (Trade Secret) အဖြစ်သတ်မှတ်ထားသည်။ ရာဇဝတ်မှုဥပဒေ ပုဒ်မ ၂၇၃ အရ ကုန်သွယ်ရေးလျှို့ဝှက်မှုကို ကာကွယ်ထားပုံမှာ

''ကုန်သွယ်ရေး လျှို့ဝှက်မှုကို ရှာဖွေကာ ပြည်ပအစိုး များ၊ သို့မဟုတ် ပြည်ပလုပ်ငန်းကြီးများ၊ သို့မဟုတ် ပြည်ပအဖွဲ့အစည်းများ၊ သို့မဟုတ် ယင်းတို့၏ ကိုယ်စား လှယ်များသို့ ပေးပို့သူ၊ သို့မဟုတ် ယင်းကဲ့သို့ ပြုလုပ် အားထုတ်သူအား ထောင်ဒဏ် ချမှတ်နိုင်သည်'' ဟု ဖြစ်သည်။

ပုဒ်မ ၄၇ နှင့် ပုဒ်မ ၂၇၃ တို့ဖြင့် ဆွစ်တို့သည် ဘဏ်လျှို့ ဝှက်မှုများမှာ စိတ်ချရပြီဟု ထင်ခဲ့ကြသည်။ ထင်လည်း ထ



ထိုက်ပါပေသည်။ သို့ရာတွင် မတော်တဆဖြစ်စေ၊ လာဘ် ထိုးမှုကြောင့်ဖြစ်စေ ပေါက်ကြားသည်များ ရံဖန်ရံခါ ရှိတတ် သည်။ ယင်းအဖြစ်မျိုးများအနက် ၂ ကြိမ်မှာ မှတ်သားဖွယ် ကောင်းသည်။

တခါက ဘဏ်၏ နယ်လှည့် ကိုယ်စားလှယ်တဦးသည် ခရီး သွားယင်း သူ၏မှတ်စုစာအုပ် အနက်ကလေးတခုကို ယူဆောင် သွားခဲ့၏။ ယင်းအထဲတွင် သူနှင့်သက်ဆိုင်သည့် ဘဏ်စာရင်း ပုဂ္ဂိုလ်များ၏ အမည်များပါသည်။ ယင်းသို့ဖြင့် သူသည် ပုဂ္ဂိုလ်များ၏ အိမ်သို့ သွားလေ့ရှိသည်။ ယင်းမှတ်စုစာအုပ် အကြောင်းတခုခုကြောင့် စပိုင်ရဲများ လက်ထဲသို့ ရောက် သွားသည်။ ထိုအခါ စပိန်ရဲများက စာရင်းတွင် ပါသော ပိန်မှ ဘဏ်စာရင်းရှင်များကို လိုက်ဖမ်းတော့သည်။ ထို့ ကြောင့် ယင်း ဘဏ်စာရင်းရှင်များက ဆွစ်ဇာလန် ဘဏ်ကို ၍ တရားစွဲရာ ဒေါ်လာ ၆ သန်းခန့် ပြန်ရသေးသည် ၏။ ယခုဆိုလျှင် မိမိဘဏ်စာရင်းရှင်ကို မမှတ်မိနိုင်သော ကိုမှ ကိုယ်စားလှယ်အလုပ် ခန့်သည်ဟု ဆို၏။

တခါကလည်း ဘဏ်အမှုထမ်းတဦးသည်ဘဏ်စာရင်းများကို င်းတို့၏ စာရင်းရှင်များ အမည်နှင့် တွဲ၍ ခေတ်ပုံကူးကာ ခြားတဦးကို လွှဲပေးလိုက်သည်။ နောက် ယင်းစာရင်းကို သည် စာရင်းရှင်များကို တဦးချင်း ခြိမ်းခြောက်၍ ငွေ ာင်းကာ နှစ်ပေါင်းများစွာ စားနေသည်။ နောက်ဆုံး ရင်းရှင်တဦးက အရဲစွန့်၍ ရဲကို တိုင်သောအခါမှ ပေါ်သွား ည်ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဆွစ်ဇာလန် တရားဥပဒေကို ချိုးဖောက်သည် ဟု ယူဆရသောအခါတွင် လည်းကောင်း၊ သို့မဟုတ် ဆွစ်ဇာ လန်တရားရုံးက တရားရုံးအမိန့်ထုတ်ပြန်ရန် လိုအပ်သည်ဟု ယ ကြည့်ရလျှင်သော်လည်းကောင်း ယင်းလျှို့ဝှက်မှုကို ရုပ်သိမ်း နိုင်သည်။

၁၉၅၀-ခုနှစ် ကျော်ကျော်လောက်တွင် ကနေဒါဘဏ် ငွေများ ခိုးခံရသည်။ ယင်းငွေများကို ဆွစ်ဇာလန်ဘဏ်တ လာရောက် ဝှက်ထားသည်ဟု ယူဆရသဖြင့် ကနေဒါရဲမျ သည် ငွေစက္ကူနံပါတ်များကို ဆွစ်ဇာလန်ရဲများအား ပြသည် ဆွစ်ဇာလန်ရဲများသည် ယင်းနံပါတ်များကို ဘဏ်အားလုံး ဖြန့်ဝေ၍ ရှာခိုင်းသည်။ နောက်ဆုံးတွင် ငွေအချို့ကို တွေ့ သည်။ ငွေသွင်းသူ၏ အမည်ကိုလည်း ထိုဘဏ်မှ ထုတ်ဖေ ပြောပြခဲ့သည်။ နောက်ဆုံး တရားခံကိုပါ မိခဲ့သည်။ ဤတွ ဘဏ်ဓားပြတိုက်ခြင်းနှင့် ခိုးသွင်းလာခြင်းအတွက် ကနေဒါ ဆွစ်ဇာလန်ကပါ ရာဇဝတ်မှုအဖြစ် အရေးယူကြောင်း သိ သည်။ ငွေစက္ကူ နံပါတ်များသည် ရာဇဝတ်မှုအတွက် သက်သေ များ ဖြစ်တော့သည်။

ဆွစ်ဇာလန်ဘဏ်၏ လျှို့ဝှက်မှု ပြဿနာကို လူတကာ နားမလည်ပဲ အယူအဆ လွဲမှားကြသည်။ ရာဇဝတ်ကော သည့်ကမ္ဘာ့အစိုးရပိုင်း ခေါင်းဆောင်များအထိဖြစ်သည်။ ယ လျှို့ဝှက်မှုသည် ဆွစ်ဇာလန် ဘဏ်လုပ်ငန်း၏ ကျော်ကြားမှု အောင်မြင်မှု၏ အကြောင်းတခု ဖြစ်သည့်အားလျော်စွာ ယ ၏ သဘာဝကို ဆက်လက်ဆန်းစစ်ရန် လိုပေသည်။



ဆွစ်ဇာလန်၏ လျှို့ဝှက်စနစ်ကို အခွင့်ကောင်းယူ၍ လုပ်သော ဒေါ်လာ တသန်းတန် လိမ်ညာမှုကြီး ပေါ်ပေါက်ခဲ့ရပုံကိုလည်းကောင်း၊ အမေရိကန်အစိုးရသည် ဆွစ်ဇာလန်ဘဏ်လျှို့ဝှက်မှု တံခါးကို မည်သို့သပ်လျှိုပုံကိုလည်းကောင်း၊ နောက်ဆုံး လျှို့ဝှက်မှုတံခါးကို အကုန်ဆွဲဖွင့်ရန် ကြိုးစားရာတွင် မည်သို့ အောင်မြင်ပုံကိုလည်းကောင်း ဆက်လက်တင်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

## ရွှေရောင်ဆံပင်နှင့် မိန်းကလေး

တခါက ကမ္ဘာကျော် သဌေးကြီး ဟောက်ဝပ် ဟုစ် (Howard R. Hughes) ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်နှင့်ပတ်သက်၍ လိမ်ညာမှုတခု ဖြစ်ခဲ့သည်။ ကျူးလွန်သူ ကလစ်ဖို့နှင့် အဒစ်အာဗင် ဇနီးမောင်နှံနှင့် အပေါင်းပါများ ဆွစ်ဇာလန်၏ လျှို့ဝှက်မှု စနစ်ကို အသုံးချ၍ လိမ်လည်သွားခြင်းဖြစ်သည်။ ယင်းလိမ်ညာမှုသည် ဆွစ်ဇာလန်၏ လျှို့ဝှက်မှုသမိုင်းတွင် ရှိတောင့်ရှိခဲ့ အစစ်အဆေးမရှိ ထောင်ချ ပစ်နိုင်သော အမှုတမှု၏ ပြယုဂ်တခုပင် ဖြစ်တော့သည်။ သို့ရာတွင်ဤအမှုတွင် ဆွစ်ဇာလန်၏ လျှို့ဝှက်မှုစနစ်ကို သေသေချာချာ နားမလည်သဖြင့် အစီအစဉ် ပျက်သွားခဲ့ရလေသည်။

အမေရိကန် အစိုးရပိုင်းနှင့် သတင်းစာဆရာများအဆိုအရဆိုလျှင် ယင်းအမှုတွင် (စာအုပ်) ထုတ်ဝေသူတဦးက လူတွေနှင့် အတွေ့မခံပဲ သီးခြားနေထိုင်သည့် သဌေးကြီး ဟောက်ဝပ်ဟုစ်ကို ယင်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာမူကို ဝယ်သည့်အနေဖြင့် ပေးသော ချက်လက်မှတ်များ ဖြစ်သည်။ ယင်းတို့



အနက် ဒေါ်လာ ၆၅၀,၀၀၀ တန် ချက်များကို ဆွစ်ငွေချေးဘဏ်သို့ အိတ်ချ်၊အာရ်၊ဟုစ် (H. R. Hughes) ဟု အောက်တွင် လက်မှတ်ထိုး၍ သွင်းထားခဲ့သည်။ (စင်စစ်တွင်မူ အာဗင်နှင့် အပေါင်းပါတို့က သဌေးကြီး ကိုယ်တိုင်ရေး စာမူ မဟုတ်ပဲ ထုတ်ဝေသူကို လိမ်၍ ငွေတောင်းခြင်းသာ ဖြစ်သည်)။

ဆွစ်ဇာလန်ဘဏ်တို့သည် မလွဲမရှောင်သာ မိမိတို့၏ ဥပဒေကို ချိုးဖောက်၍ မိမိတို့ သိသမျှကို ထုတ်ပြောခဲ့ကြရမည်ဟု ယေဘုယျအားဖြင့် ထင်ကြသည်။ သို့သော် ဤသို့ မဟုတ်ချေ။ ဟုစ်–အာဗင်အမှုကို အသေးစိတ်ကြည့်လျှင် ဆွစ်ဇာလန် ဘဏ်တို့၏ လုပ်ရမည့်ကိစ္စ၊ မလုပ်ရမည့် ကိစ္စကိုလည်းကောင်း လိမ်လည်မှုအစီအစဉ် အဘယ်ကြောင့် အထမမြောက်သည်ကိုလည်းကောင်း၊ ယင်းအစီအစဉ် အောင်မြင်အောင် မည်ကဲ့သို့လုပ်ခဲ့ကြသည်ကိုလည်းကောင်း သိနိုင်ပေသည်။

အစကတည်းက ဟာကွက်တကွက်ရှိနေသည်။ အာဗင်သည် လူတွေ ဖတ်ချင်လှသော ဟောက်ဝပ်ဟုစ်၏ ကိုယ် တိုင် ရေး အတ္ထုပ္ပတ္တိအစစ်ဟု ဆိုကာ စာမူအတုတခုကို တင်ပြနိုင်လိမ့်မည်ဟု ထင်သည်။ သဌေးကြီး ဟုစ်ကလည်း ယင်းကို လာရောက်ကန့်ကွက်မည် မဟုတ်ဟု ခပ်ပေါ့ပေါ့တွေးခဲ့သည်။

ယင်းကဲ့သို့ ဟောက်ဝပ်ဟုစ်က မကန့်ကွက်နိုင်ဟု စိတ်ချနေခြင်းနှင့် ပတ်သက်၍ အမျိုးမျိုး ထင်ကြေးပေးကြသည်။ သို့ရာတွင် ယင်းထင်ကြေးများကို အမေရိကန်တို့က လက်မခံကြချေ။ ယင်းအစီအစဉ်တွင် ဟုစ် အနေဖြင့် လုံးဝ ငြိမ်နေလိမ့်မည် မဟုတ်ချေ။ ထုတ်ဝေသူထံမှ ချက်လက်မှတ်များ

www.burmeseclassic.com

www.burmeseclassic.com



ဆွစ်ဇာလန် ဘဏ်တွင် ရှိနေသည်ဟု သတင်းဖြစ်မှ မဟုတ်၊ အစကတည်းကပင် ငြိမ်နေမည် မဟုတ်ချေ။ အမြတ်တော်ခွန်ကို ရှောင်လိုသော အပြုအမူမျိုး မိမိနှင့်ပတ်သက်လာပြီဆိုကတည်းက မိမိအနေဖြင့် ဤစာမူသည် မိမိစာမူ မဟုတ်ပါဟု ကန့်ကွက်လိုက်ရန် အသင့် ရှိနေသည်။ ကန့်လည်း ကန့်ကွက်ပေးသည်။

သို့သော် ဤအမှုကို ပို၍ ကျယ်ပြန့်လာအောင် လုပ်လိုက်သည်မှာ ဆွစ်တို့သာ ဖြစ်လေသည်။

ဟုစ်၏ လက်ထောက် တဦးဖြစ်သူ ချက်စတာ ဒေးဗစ်သည် ဆွစ်ဇာလန် ငွေချေးဘဏ်တွင် ထူးဆန်းသော ချက်လက်မှတ်များ ရှိနေခြင်းအတွက် စုံစမ်းရန် ကြိုးစားခဲ့သည်။ သို့ရာတွင် အခွင့်အရေး မသာခဲ့ချေ။ မည်သို့ပင်ဖြစ်စေ သူ့ကြိုးစားမှုကြောင့် ဆွစ်ငွေချေးဘဏ်အား ယင်းတို့ဖာသာ စုံစမ်းစစ်ဆေးမှုများ လုပ်ရန်ကိုတော့ နှိုးဆော်ပေးနိုင်ခဲ့သည်။

ထိုအချိန်အထိ ဘဏ်မှ စုံစမ်းသည့်တိုင်အောင် ငွေအ အတွက် များသည်မှ လွဲ၍ မရှိးသားသော စာရင်းများသော လည်းကောင်း၊ ငွေအသွင်းအထုတ်သော်လည်းကောင်း မ ရချေ။ ဆွစ်ဇာလန်ဘဏ်တို့သည် ငွေသွင်းနေကျ လူတို့၏ စရိုက်တို့ကို သိရှိနားလည်ထားပြီး ဖြစ်သည်။ ယင်းစရိုက်များမှ ဆွစ်ဇာလန်ဘဏ်လုပ်ငန်းကို နားမလည်သူအဖို့ သိချင်မှသိမည်။

ယင်းကဲ့သို့ ဆွစ်ငွေချေးဘဏ်မှ လိုက်လံစုံစမ်းနေစဉ် အ နှင့်ပတ်သက်သည့် အချက်အလက် အချို့တွေ့ရလေသည်။



၁၉၇၁-ခုနှစ် မေလ ၁၃ ရက်နေ့တွင်ဆွစ်ဇာလန် ပတ်စပို့ကိုင်ဆောင်သူ ရွှေဝါရောင် ဆံပင်နှင့် ဟယ်လ်ဂါအာရ်ဟုစ် (Helga R. Hughes) ဆိုသူ အမျိုးသမီးတဦးသည် ဆွစ်ငွေချေးဘဏ်သို့ ရောက်လာသည်။

သူမက စုံစမ်းရေးကောင်တာမှ အမျိုးသမီးအား ဘဏ်စာရင်းဖွင့်လိုကြောင်း ပြောပြလိုက်သည်။ ထို့နောက် စုံစမ်းရေး အမျိုးသမီးက ငွေကိုင်အမျိုးသမီးတဦးထံ ပို့ပေးသည်။ စာရင်းလည်း ဖွင့်ပေးလိုက်သည်။ ဘဏ်အမှုထမ်းတို့ မှတ်မိသမျှ ပြောပြချက်အရ ဟယ်လ်ဂါသည် ဆွစ်ပတ်စပို့ ကိုင်ဆောင်သူဖြစ်သော်လည်း ဇူးရစ်မြို့သုံး ဆွစ် ဂျာမန်စကားကို မသုံးပဲ ဂျာမနီနိုင်ငံသား စစ်စစ်များသာ သုံးသော ဂျာမန်ဘာသာကို သုံးသည်ဆို၏။

ယင်း မေလ ၁၃ ရက်နေ့က ဟယ်လ်ဂါ သွင်းသွားသော ငွေမှာ ဒေါ်လာ ၂၃၀ မျှသာ ဖြစ်သည်။ ဤသို့ စာရင်းဖွင့်ရန်အတွက်လည်း စာရွက်စာတမ်း အထောက်အထား တခုသာ လိုမည် ဖြစ်သည်။ ယင်းသည် ဆွစ်ဇာလန် ပတ်စပို့ဖြစ်၍ ယင်းတွင် သူမ၏ လူမျိုး၊ ဘာသာနှင့် လက်မှတ်များ ပါဝင်မည်ဖြစ်သည်။

ယင်းညနေဘက်တွင် တခေါက် သူမ၏ ချက်လက်မှတ်စာအုပ် ပြန်လာယူသောအခါ သူမသည် နယူးယောက်မြို့တော်ဘဏ်မှ ထုတ်ပေးသော ဒေါ်လာ ၅၀,၀၀၀ တန် ချက်လက်မှတ်တစောင် ဘဏ်တွင် သွင်းခဲ့ပြန်၏။ ဤတွင် ဘဏ်တာဝန်ရှိသူတို့က အမျိုးသမီးမှာ စီးပွားရေး လုပ်ငန်းကြီးတခုခုက မှိုင်းစေသားသော ကိုယ်စားလှယ်မျှသာ ဖြစ်မည်ဟု ထင်နေကြသည်။

www.burmeseclassic.com



သည်အတွက်လည်း အပြစ်ဟု ဆို၍ မရချေ။ ဆွစ်ဇာလန် ဘဏ်ဥပဒေအရ ငွေသွင်းသူတဦးသည် ဆွစ်ဇာလန် တရားဥပဒေ ကို မချိုးဖောက်သ၍ မှန်ကန်နေမည်သာ ဖြစ်သည်။ ဤကဲ့ သို့ ချစ်စရာ ရွှေဝါရောင် ဆံပင်ကလေးနှင့် မိန်းကလေးသည် ဒေါ်လာ ငါးသောင်း ထားနိုင်လောက်အောင် ချမ်းသာ မဟုတ်လျှင် သူမသည် အမည်မဖော်လိုသည့် ကုမ္ပဏီ တခု ကိုယ်စားပြုသူသာ ဖြစ်ရမည်။

ဟုတ်လည်း ဟုတ်ပေသည်။

ထိုအချိန်အထိ သူမသည် နာမည်တုဖြင့် သဌေးကြီး ဟော ဝပ်အာရ်ဟုစ် (Howard R. Hughes) ၏ တရားဝင် အ ကောက် အမည်ကို အတုခိုးသားသော ပတ်စပို့ကို ကိုင်ဆော လာသူဟု မသိကြသေးချေ။

ဟယ်လ်ဂါ၏ (H. R. Hughes) ဟူသော လက်မှတ်မှာ သဌေးကြီးဟောက်ဝင်ဟုစ် (H, R. Hughes)၏ လက်မှတ်ဖြ တမင်တူအောင် ထိုးထားသည်ကို မသိရကား သူမ၏ အ လုပ်ထားခြင်းကိုလည်း မတွေ့ခဲ့ခြင်း ဖြစ်ပေသည်။

ဟယ်လ်ဂါအတွက် အပြစ်ဆိုစရာမှာ နာမည်ကို ပြော ထားခြင်းသာဖြစ်သည်။ ထိုသို့ မဟုတ်က မိမိလုပ်သော ကုမ္ပ ပိုင်သော ငွေများကို မိမိအမည်ဖြင့် လျှို့ဝှက်ကာ စာရင် ဖွင့်ထားခြင်း ဖြစ်သည်ဟုသာ ထင်ရပေမည်။

မှတ်ပုံတင်အတုဖြင့် လာခြင်းမှာလည်း ဆွစ်ဇာလန်ဘဏ် တို့၏ လုပ်နေကျ အလုပ်တခုဖြစ်လည်း။ ဤအထိ ဟယ်လ်ဂ သည် ဆွစ်ဇာလန် တရားဥပဒေကို ချိုးဖောက်ရာမကျသေ ချေ။ ထို့ကြောင့် နောက်လ အနည်းငယ်ကြာ၍ တခါထ



လာပြီး ငွေသွင်း ငွေထုတ်လုပ်သောအခါ ဘဏ်တာဝန်ရှိသူ တို့က သို့ပ်အရေးထား ကြည့်မနေကြတော့ပေ။

တချိန်တွင် ဟယ်လ်ဂါသည် ဒေါ်လာ ၄၅,၀၀၀ နှင့် တန်ဖိုးညီသည့် ဆွစ်ဖရန့်ငွေများကို ထုတ်ယူသွားပြီး လေ ကြောင်း လက်ဆွဲအိတ်တလုံးတွင် ထည့်၍ ယူသွားသည်။ နောက် အခါတွင်လည်း ဒေါ်လာ ၂၇၅,၀၀၀ တန် ချက်တစောင် လာသွင်းသည်။

နောက် ဒေါ်လာ ၂၆၆,၀၀၀ နှင့် တန်ဖိုးညီသည့် ဆွစ် ဖရန့်ငွေများကို ပြန်ထုတ်သွားသည်။ ဤအထိ မသင်္ကာမဖြစ် သေး။ ငွေသားများကို အလဲအဖယ် လုပ်ခြင်းသည်လည်း ဆွစ်တို့၏ လုပ်နေကျကိစ္စသာတည်း။

၁၉၇၁ ခု၊ ဒီဇင်ဘာလတွင် ဟယ်လ်ဂါသည် အမေရိကန်နိုင် ငံ ချေ့စ်မဟတ်တန်ဘဏ်မှ ထုတ်သော ဒေါ်လာ ၃၂၅,၀၀၀ တန် ချက်လက်မှတ်တစောင်ကို စာတိုက်မှတဆင့် ပို့လိုက် သည်။ ထုံးစံအတိုင်း အိတ်၌၊ အာရ်ဟုစ်လက်မှတ်ဖြင့် ဖြစ်ပြီး စာရင်းတွင် သွင်းပေးရန်ဖြစ်သည်။ ငွေမှာ များပြားလှသဖြင့် အနည်းငယ် မသင်္ကာဖြစ်ကာ ချေ့စ်မဟတ်တန်ဘဏ်သို့ ရှင်း လင်းကြောင်း ထောက်ခံချက် တောင်းလိုက်သည်။ ရှင်းလင်း ကြောင်း သက်သေခံချက်များ တပတ်အတွင်း ရောက်လာ သည်။ ထို့ကြောင့် ဟယ်လ်ဂါ၏ စာရင်းတွင် ချက်လက် မှတ်ကို သွင်းပေးလိုက်သည်။

ထို့နောက် ခရစ္စမတ်ပြီးသောအခါ ဟယ်လ်ဂါ တခါ ပေါ်လာပြီး ဒေါ်လာ ၂၀ သာချန်ပြီး ရှိသမျှငွေအား လုံးကို ထုတ်ယူသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇန်နဝါရီ စောစောပိုင်းတွင် စုံစမ်းမှုများ စတင်ပြုလုပ် သည်။ ဤတွင် "ဆွစ်ငွေချေးဘဏ်" တွင် ပြဿနာနှစ်ရပ် တွေ့ သည်။ (၁) ယင်းငွေများ ဘယ်ရောက်သွားသနည်း၊ (၂) ရွှေရောင်ဆံပင်နှင့် အမျိုးသမီးကလေးသည် မည်ကဲ့သို့ သန် ကြွယ်သဌေးမလေး ဖြစ်နေရသနည်း။

လေ့လာလိုက်သောအခါ ပထမပြဿနာကို သိရသည်။ ဟယ်လ်ဂါသည် ငွေများကို "ဆွစ်ငွေချေးဘဏ်" နှင့် မျက်နှ ချင်းဆိုင်ရှိ "ဆွစ်ဘဏ် ကော်ပိုရေးရှင်း" သို့ သွားရော အပ်နှံလိုက်ခြင်းသာ ဖြစ်သည်။

သို့ရာတွင် ဆွစ်ဘဏ်တွင် လတ်တလော ရင်ဆိုင်နေရသ ပြဿနာမှာ မိမိတို့၏ လျှို့ဝှက်မှုစည်းကမ်းကို ဖောက်ဖျက် အကုန်ဖော်လိုက်ရမည်လား။ ဆိုလိုသည်မှာ ချက်လက်မှ များနှင့် စာရင်းဖွင့်သူ ရွှေရောင်ဆံပင်နှင့် (H. R. Hughes)မှ ဟောက်ဝပ်ဟုစ် မဟုတ်ကြောင်း ဖွင့်ပြောရမည်လား ဟူ ဖြစ်သည်။

ဘဏ်တာဝန်ရှိများအဖို့ ဆွစ်ဇာလန် တရားဥပဒေနှင့် ဘ တို့ဓလေ့ထုံးတမ်း ဥပဒေကို ချိန်ဆနေကြရလေတော့သည် ဟယ်လ်ဂါသည် ဟောက်ဝပ်က တိတ်တဆိတ်စေခိုင်းထား တဦး မဟုတ်ဟု မည်သူ ပြောနိုင်မည်နည်း။ သဌေးကြီး ကိုယ်ရေး လျှို့ဝှက်ဆက်သွယ်ရေး ပုဂ္ဂိုလ်ဖြစ်နေကောင်း ရှိ မည်။

သို့မဟုတ် အခြားစီးပွားရေး အဆက်အသွယ်ရော မ နိုင်သလော။ ဟယ်လ်ဂါသည် ဆွဲစ်တို့အမြင့်တွင် ဆွစ်ဇာလ



ဥပဒေကို မချိုးဖောက်သေး။ ဘဏ်အရာရှိတို့အဖို့ မိမိတို့လျှို့ ဝှက်မှုကို ဖောက်ဖျက်ရန် မရေမရာဖြစ်နေသည်။

ဤအချိန်တွင် ဘဏ်မှ ပုဂ္ဂိုလ်များ၊ သဌေးကြီးဟုစ်နှင့်ပတ် သက်သူများ၊ ထုတ်ဝေသူ၏ ကိုယ်စားလှယ်များမှာ ယောက် ယက်ခတ် လှုပ်ရှားနေကြသည်။ သို့ရာတွင် အရာရောက်သော လှုပ်ရှားမှုများကား မဟုတ်ကြချေ။

ထုတ်ဝေသူက ဆွဲစ်ဇာလန်ရဲအဖွဲ့အား ဤအမှုကို စုံစမ်း ပေးစေလိုသည်။ အကယ်၍ ဆွစ်ဇာလန်တရားရုံးက အမိန့်ချမှ ဘဏ်က မိမိတို့သိသမျှ ထုတ်ပြောနိုင်ကြမည် ဖြစ်သည်။ သို့ရာ တွင် ထုတ်ဝေသူတွင် ယင်းနှင့်ပတ်သက်သော ရာဇဝတ်မှု ဖြောက်သောက်သည့် အထောက်အထား ခိုင်ခိုင်မာမာမပြနိုင် ကား နောက်ဆုံး လက်လျှော့လိုက်ရသည်။

ပြဿနာ အထွတ်အထိပ် ရောက်လုလုအချိန်တွင် သဌေး ကြီး ဟုစ်၏ ကိုယ်စားလှယ်များ ရောက်လာပြီး သဌေးကြီး ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် စာရွက်စာတမ်းများ ပြပို့သည်။ ယင်းစာများအရ သဌေးကြီးသည် ဤချက်သက် မှတ်များကို ရရှိခြင်းသော်လည်းကောင်း၊ ယင်းတို့ကို ဤဘဏ် သို့ ပေးပို့ခြင်းသော်လည်းကောင်း မရှိပါဟူ၏။ ထိုအခါမှ ဘဏ်တာဝန်ရှိတို့ သက်ပြင်းချနိုင်ကြလေသည်။ ဤစာအလိုအရ ရားခံသည် ဆွစ်ဇာလန်တရားဥပဒေကို ချိုးဖောက်ကြောင်း ချာနေပြီ ဖြစ်သည်။ ယင်း ချိုးဖောက်မှုကား အတုလုပ် င်းဖြစ်သည်။

ဆွစ်ဇာလန်ထုံးစံအရ ဤအမှုထက် အပြစ်သေးသော အမှု ားဖြစ်သည့် မုဒိန်းမှု၊ အမြတ်တော်ခွန် ပျက်ကွက်မှု၊ ငွေလွှဲ

www.burmeseclassic.com



သုံးစားလုပ်မှု စသည့် အမှုများသာဖြစ်လျှင် ဘဏ်သည် မိမိတို့၏ လျှို့ဝှက်မှုကို ဖွင့်ပေးချင်မှ ပေးမည်ထင်သည်။

သို့ရာတွင် အတုလုပ်မှုသည် ဆွစ်ဇာလန် သာမန်အမှုမျိုး မဟုတ်ပေ။ ယင်းအမှုမျိုးသည် ဆွစ်ဇာလန် ဘဏ်များတွင် အလွန်စက်ဆုတ်ဖွယ် အမှု ဖြစ်ပေတော့သည်။ အကယ်၍ ဆွစ်ဇာလန်တွင် သေဒဏ်ရှိခဲ့လျှင် ယင်းအမှုအတွက် သေဒဏ်ချမှတ်မည်လား မသိပေ။

ထို့ကြောင့် "ဆွစ်ငွေချေးဘဏ်"က (H.R. Hughes) ဟု လက်မှတ်ရေးထိုး၍ ငွေလာသွင်းသူမှာ ရွှေရောင်ဆံပင်ကလေးနှင့် ဟယ်လ်ဂါဟူသော မိန်းကလေးဖြစ်ပါသည်ဟု ဖွင့်ချလိုက်သောအခါ အမှုမှာ ပိုမို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာပြီး ချက်ချင်းဆိုသလိုပင် ကလစ်ဖို့အာဗင်ကလည်း နယူးယောက် ခရိုင်တရားသူကြီးထံ သွား၍ ဖွင့်ဟဝန်ခံလိုက်သည်။ ဟယ်လ်ဂါမှာ အများထင်သကဲ့သို့ပင် သူ၏ ဇနီးချောကလေး အဒစ်အာဗင်ဟူသတည်း။

အာဗင် ဇနီးမောင်နှံသည် ဆွစ်ဇာလန်၏ လျှို့ဝှက်မှု စနစ်ကို အသုံးချ၍ မိမိကိုယ်ကို အကာအကွယ် ပြုသွားခြင်းသာ ဖြစ်သည်။ ဆွစ်ဇာလန် တရားဥပဒေကို မချိုးဖောက်သ၍ သူတို့အတွက် အဆင်ပြေနိုင်သည်ချည်းသာ ဖြစ်ပေသည်။

ဥပမာအားဖြင့် အခြားနိုင်ငံ တနိုင်ငံတွင် ချက်လက်မှတ်များကို ထားပြီး ဆွစ်ဇာလန်တွင် ငွေသားများကို ထားလျှင် ဆွစ်ဘဏ်တို့က လျှို့ဝှက်မှုကို ဖွင့်ချရန် ဝန်လေးကြမည် မဟုတ်ပေ။ ထို့အပြင် ယင်းသို့ လုပ်ရန် လွယ်ကူသော နိုင်ငံများလည်း ရှိနေပေသည်။



ကိုယ်စားလှယ် တယောက်ကိုငှား၍ သုံးသည့်တိုင်အောင် ဆွစ်ဇာလန်တရားဥပဒေကို ချိုးဖောက်သည်ဟု မဆိုနိုင်သေး။ ဤကိစ္စမျိုးကို ကိုင်တွယ်ရာတွင် မိမိအမည်ကို အသိမခံလိုသော ဒုစရိုက်ဂိုဏ်း အခမြောက်အမြားမှာ ကျွမ်းကျင်လှသည်။

မည်သူမျှ ပေါ့ပေါ့ဆဆ မလုပ်။

ငွေနှင့် ချက်များ အသွင်းအထုတ် လုပ်ခြင်းကို ပြတ်တောင်း ပြတ်တောင်း လုပ်ရန်သာ အရေးကြီးသည်။ တခါတရံ လမ်းစ ပြတ်ထားလိုက်သည့်အခါ နောက်က လိုက်၍ စုံစမ်းသူများ ချက်စီလည်သွားရတော့သည်။ ယင်းလှည့်စားမှုမျိုးကို "ဆွစ်ငွေချေးဘဏ်"မှ လွတ်လွတ်ကင်းကင်း ငွေများကိုပင် လုပ်ပေးခဲ့တတ်ကြသည်။

စိတ်ဝင်စားစရာ ကောင်းသည်မှာ "ဆွစ်ငွေချေးဘဏ်" အခုတည်းသာလျှင် မိမိတို့၏ လျှို့ဝှက်မှုအား ဖွင့်ချရမည်ကို ကြောက်ကြသည်။ ထို့ကြောင့် အတုလုပ်၍ လာရောက်ကြလျှင်လည်း ဤဘဏ်ကိုပင် ဖြစ်သည်။

အခြားဘဏ်များတွင် သဋ္ဌေးကြီး ဟုစ်၏ ငွေများထားသည်ကို သိပ်မကြားရချေ။ အခြား ဘဏ်များတွင် ရှုပ်ရှုပ်ထွေးထွေး ကိစ္စများဖြင့် ပူညံပူညံဖြစ်သည်ကိုလည်း သိပ်မကြားရ။ ထို့ကြောင့် အာဗင်ဇနီး မောင်နှံ၏ အမှုနှင့် ပတ်သက်၍ အမေရိကန်တွင် စွဲချက်တင်ရာ၌

"တရားခံ အဒစ်အာဗင်မှာ ဖောက်သည်ဟောင်း တဦးဖြစ်သည်နှင့်အညီ သူမ၏ မမှန်စာရင်းများကို အခြားဘဏ်တခုခုအား လွှဲပေးလိုက်ရုံဖြင့် အတုလုပ်မှုအဖြစ်ကို ကျော်

www.burmeseclassic.com



နိုင်သည်ဟု (ဆွစ်ဘဏ် ကော်ပိုရေးရှင်း ထံမှ) သိရပေသည်” ဟု ဖော်ပြစွပ်စွဲသည်။

ယင်းစွပ်စွဲချက်မှာ အဓိပ္ပါယ်သိပ်မရှိလှ။ လက်တွေ့အားဖြင့် စုံစမ်းစစ်ဆေးမှု လုပ်ပြီဆိုသည်နှင့် ယင်းသို့ စာရင်းလွှဲပြောင်းမှုများဖြင့် ဖုံးဖိထားနိုင်မည် မဟုတ်ချေ။ အဲတုလုပ်ခြင်းမှာ အလွန်ကြီးသော ရာဇဝတ်မှုဖြစ်ရာ ဘဏ်အားလုံးကလည်း ပူးပေါင်းဖော်ထုတ်ကြမည် ဖြစ်သည်။ တကယ်စုံစမ်း စစ်ဆေးပြီဆိုလျှင် စာရင်းတွင် အမည်ပြောင်းသုံးရုံဖြင့်ပင် အာဗင်ဇနီးမောင်နှံအတွက် ကောင်းလှသည် မဟုတ်ချေ။

ယင်းကဲ့သို့ အမေရိကန် စွပ်စွဲချက်ကြောင့် အာဗင်အား စုံစမ်းရေးအရာရှိ ပီဘာဗီသယ်မှာ စိတ်ဆိုးကာ

“‘ဆွစ်ဘဏ်ကော်ပိုရေးရှင်း’ တခုသာမဟုတ် ဒီအမှုမှာပါတဲ့ဘယ်ဘဏ်မဆို ကိုယ့်အတွက် အကောင်းဆုံးဖြစ်အောင် လုပ်ကြမှာပဲ” ဟု ပြန်ချေပခဲ့သည်။

ဆွစ်ဘဏ်ကော်ပိုရေးရှင်း အကြံပေးအရာရှိ ပေါ်ဒိုက်တာ လင်ဂျန်ဘာ့ကလည်း ယင်းစကားစစ်ထိုးပွဲထဲသို့ဝင်လာပြီး အမ ရ၏ စွပ်စွဲချက်နှင့် ပတ်သက်၍ မိမိမျှော်လင့်ထားသည့်အတိုင်း ပြီးလုပြီဖြစ်သည်ဟု ဆို၏။ ထို့ပြင် သူပြောသည့်အတိုင်း နယောက် တိုင်းသတင်းစာက ဖော်ပြရာတွင်

“အမှုမှာ (ကျွန်ုပ်တို့) ဘဏ်အဖို့အဓိပ္ပါယ်မရှိ။ ဒေါ်လာသန်းပေါင်း တစ်သောင်းကိုင်တွယ်ထားတဲ့ ဘဏ်အဖို့ မစ္စက်အာဗင်နဲ့ ပူးပေါင်း ကြံစည်ပါ့မလား” ဟု ပြောခဲ့သည်။



၁၉၇၁ ခုနှစ်ထုတ် “ဖော်ကျူးန်” မဂ္ဂဇင်းက “ဆွစ်ဘဏ်ကော်ပိုရေးရှင်း” သည် ဘဏ်ကြီးသုံးခုအနက် ဒုတိယအဆင့်သာ ရှိရကား ယင်းတွင်ရှိသည့် ငွေမှာ ဒေါ်လာ သန်းတစ်သောင်း မရှိ၊ ဒေါ်လာသန်းပေါင်း ၆,၄၀၀ သာ ရှိသည်ဟုဆိုသည်။

ယင်းသည် ပထမဦးဆုံး မိမိတို့၏ လက်ဝယ်ရှိ ငွေကြေးအရေအတွက်ကို ဖော်ပြခြင်းဖြစ်သည်။ ထိုကဲ့သို့ ထုတ်ဖော်ပြောလိုက်သော်လည်း ကလင်ဂျန်ဘာ့မှာလည်း အစဉ်အလာကို ထိန်းသိမ်းတတ်သူတဦးပင် ဖြစ်လေသည်။

အာဗင်ဇနီးမောင်နှံအဖို့ ဝမ်းနည်းဖွယ်ရာ အဆုံးအရှုံးရှိသော်လည်း ယင်းတို့ မမျှော်လင့်ပဲ တခြားသူတဦးကို အလုပ်အကျွေးပြုလိုက်သကဲ့သို့ ဖြစ်သည်။

ယင်းမှာ ဆွစ်ဇာလန်ဘဏ်အဖို့ လူထုနှင့် ဆက်ဆံရာတွင် ဘဏ်အပေါ် ရန့်ကင်းအောင် လုပ်ပေးလိုက်သကဲ့သို့ ရှိသည်။ ဤနည်းအားဖြင့် ဆွစ်ဇာလန်တို့ သိက္ခာတက်ခဲ့၏။

ဆွစ်ဇာလန် တာဝန်ရှိသူတဦးက ခပ်ကြွားကြွားပြောရာတွင်

“ဆွစ်ဇာလန်နိုင်ငံရဲ့ လျှို့ဝှက်မှုစနစ်ဟာ ‘အမှောင်’ သမားတွေအတွက် အကာအကွယ်ပေးဖို့ မဟုတ်ဘူးဆိုတာ အမေရိကန်တွေ သိဖို့ကောင်းတယ်။ ဆွစ်ဇာလန်ဘဏ်မှာ ငွေသွင်းတဲ့အတွက် မိမိတို့ရဲ့မရိုးသားမှုဟာ လွတ်ပြီမထင်နဲ့” ဟု ဆိုသည်။

ယင်းကဲ့သို့ မိမိတို့၏ အဖြစ်ကို ကာကွယ်ရာတွင် ဘဏ်ကြီးသုံးခုမှ တာဝန်ရှိသူများကိုယ်တိုင် ချေပလိုက်မှုကြောင့်လည်းကောင်း၊ ထိုဘဏ်ကြီးများသည် ကမ္ဘာကျော် သန်းထောင်ပေါင်းများစွာ ချမ်းသာသည့် သဌေးကြီးဟုစ်၏ ငွေအား

www.burmeseclassic.com



ထားရာ (သို့သော် ယာယီမျှသာ) ဖြစ်ခဲ့သောကြောင့်လည်း ကောင်း ပို၍ ကျော်ကြားခဲ့သည်။

ဟယ်လ်ဂါကို ဆွစ်ဇာလန်က အရေးယူလိုက်သည်ဟု မရေ မရာစကားပေါ် အခြေတည်၍ ဘဏ်ကြီးတခု၏ တာဝန်ရှိ တယောက်က ပြောရာတွင်

"အဲဒါ ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့(ဆွစ်လူမျိုး)ဟာ ရာဇဝတ်ကောင်တွေနဲ့ မဆက် ဆံကြဘူး" ဟု ပြောခဲ့လေသည်။

ယင်းစကားကို ဆွစ်ဘာသာစကားနှင့် တွေးမှပို၍ ရှင်း မည်။ အညီအတိုင်းဆိုလျှင် အဓိပ္ပါယ်ရှိမည် မဟုတ်ချေ။ 'ရာဇဝတ်ကောင်' ဆိုသည်မှာ ဆွစ်ဇာလန် တရားဥပဒေကို ဖောက်ဖျက်သူကိုသာ ခေါ်ခြင်းဖြစ်သည်။

ဟုစ်နှင့်အာဗင်အမှုသည် ဆွစ်ဇာလန် လျှို့ဝှက်မှုစနစ်ကို လှစ်ကြည့်ရာတွင် အကောင်းဆုံး ဥပမာတခု မဟုတ်သေးချေ။ ထိုထက်ပို၍ ကောင်းသော ဥပမာတခုမှာ အမေရိကန်နိုင်ငံက ယင်း၏ ငွေကြေးအင်အားဖြင့် ဆွစ်ဇာလန်ကို ပစ်ပေါက်သော အဖြစ်အပျက်တခု ဖြစ်သည်။

ယင်း အဖြစ်အပျက် ဖြစ်လာပုံ၊ မည်သို့သော ငွေကြေး ခြိမ်းခြောက်မှုများ ပါဝင်ပုံကို ရှေ့တွင် ဖော်ပြမည့်အခန်းများ တွင် တွေ့ရပေမည်။

အခန်း (၆)

## ဆွစ်ဇာလန်ဘဏ်လျှို့ဝှက်မှုအက်လာခြင်း (၁)

အမေရိကန် လူမှုအဖွဲ့အစည်းသည် အထင်နှင့်အမြင် ကွာ တတ်သည်ဟု ဝေဖန်ကြသည်။ မကောင်းသော ရည်ရွယ်ချက် ဖြင့် အမှန်ကိုလုပ်မိသလို၊ ကောင်းသော ရည်ရွယ်ချက်ဖြင့် အမှားကိုလည်း လုပ်မိတတ်ကြသည်။ ဟုတ်သည် မဟုတ်သည် အပထား၍ ဤဖြစ်ရပ်များမှာ မှန်ကန်နေသည်။ အကြောင်း မူ ကျွန်ုပ်တို့သည် ဆန့်ကျင်ဖက် အကြောင်းတရားဖြင့် ဖွဲ့စည်း ထားသည့် လောကကြီးတွင်လည်းကောင်း၊ ရှုပ်ထွေးပွေလီ သော လူ့ဘောင် အဖွဲ့အစည်းတွင်လည်းကောင်း၊ နေထိုင် ကြရသည်ဖြစ်ရာ အကောင်းနှင့်အဆိုးကို တခါတရံခွဲခြားရန် ခက်လှသည်။

ယင်းကဲ့သို့ ဝိရောဓိ သဘောတရားများကို ဆွစ်ဇာလန် ဘဏ် လျှို့ဝှက်မှုတံခါးကို ဖွင့်ရန်ကြိုးစားမှုတွင်လည်းကောင်း ယင်းသို့ကြိုးစားမှုကို အမေရိကန်နိုင်ငံတွင်းကပင် တန်ပြန်တန် ထားမှုတွင်လည်းကောင်း ထင်ထင်ရှားရှား တွေ့နိုင်ပေသည်။

www.burmeseclassic.com





ဆွစ်ဇာလန်၏ လျှို့ဝှက်မှုသည် လွန်ခဲ့သော နှစ် များက ကျော်ကြား ထင်ရှားလာခဲ့သည် မှန်သော်လည်း ယင်းသည် အမေရိကန် ထိပ်တန်းခေါင်းဆောင်များအဖို့ "ဆုး" တခုသာ ဖြစ်ခဲ့ရသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ရှိခဲ့ပြီ။ ထိုအချိန်မတိုင်မီကဆိုလျှင် ဟစ်တလာ ဂျာမနီကိုပင် များစွာ ဦးနှောက်ခြောက်စေခဲ့သည်။

ဆွစ်ဇာလန်၏ လျှို့ဝှက်မှုကို ဖွင့်ရန် အကြီးအကျယ် ကြိုးစားသည်မှာ ၁၉၃၄ ခုနှစ်က စသည်။ ထိုအချိန်တွင် ဆွစ်ဇာလန်တွင် ဖွင့်ထားသည့် ဂျာမန် ဂျူးနှင့် ဂျာမနီနိုင်ငံသားများ၏ စာရင်းကိုသိရန် ဟစ်တလာ၏ ဂက်စတာပိုအဖွဲ့က စုံစမ်း နေလေသည်။ ဂက်စတာပိုအဖွဲ့သည် ဂျာမနီနိုင်ငံသားများကိုင်တွယ်၍ စက်မှုလုပ်ငန်းတွင် လုပ်ကိုင်နေသည့် ဆွစ်ဇာလန်ဘဏ်များပိုင် ငွေသန်းပေါင်းများစွာကို စိတ်မဝင်စား။ ယင်းကို ခွင့်လွှတ်သည်။ သို့ရာတွင် ဟစ်တလာ စိတ်ဝင်စားသည်မှာကား နိုင်ငံခြားရောက်နေသော ဂျာမနီငွေများ ဖြစ်တော့သည်။

ဆွစ်ဇာလန်ဘဏ်တွင် စာရင်းဖွင့်ထားကြောင်း သိရှိ၍ အဖမ်းခံရလျှင် ယင်းအတွက် ပြစ်ဒဏ်မှာ သေဒဏ်သာ ဖြစ်လေသည်။

× × ×

၁၉၃၄ ခုနှစ်က ဖြစ်သည်။ ဂျော့ဟန်နက်သွန်မေသည် ဂက်စတာပိုခေါ် နာဇီလျှို့ဝှက် ထောက်လှမ်းရေး အဖွဲ့ဝင် တဦး ဖြစ်သည်။ သူသည် စောစောပိုင်း နာဇီအဖွဲ့ဝင်များကဲ့သို့ပင် စည်းစနစ်ကျနပြီး နာကျည်းဖွယ်ရာ အတိတ်ရှိထားသူ ဖြစ်သည်။ သွန်မေ၏ မိသားစုသည် လူလတ်တန်းစားထဲက ဖြစ်ပြီး သူ့ကို ငယ်စဉ်ကပင် ဘဏ်လုပ်ငန်းကို ကျွမ်းဝင်စေကာ လူကြီးလူကောင်း တယောက်ဖြစ်အောင် ပျိုးထောင်ပေးခဲ့သည်။ သို့ရာတွင် သွန်မေသည် ဘဏ်လောကကို မုန်းတီးပြီး ပုံစံတကျ နေရသည်ကိုလည်း စက်ဆုပ် လှသည်။ ၁၉၂၈ ခုနှစ်လောက်ဆီတွင် အလုပ်ကထွက်ပြီး ကလေကချေ ဖြစ်နေခဲ့လေသည်။ ၁၉၂၉ ခုနှစ်တွင် အိမ်ထောင်ကျသည်။ သွန်မေအဖို့ နာဇီပါတီတို့ ဝင်သည်မှာ လျော်ကန်လှသည်။ နာဇီပါတီသည် သူ့ရည်မှန်းချက်နှင့် ကိုက်ညီသည်။ အကြောင်းမူ နာဇီပါတီ၏ ဝါဒသည်လည်း ဘဏ်စနစ်ကို မုန်းတီးသောကြောင့် ဖြစ်ပေသည်။

ပါတီဝင်ဖြစ်သောအခါ သူ့ကို ဟန်ပြအလုပ်တခုပေးထားသည်။ ထို့နောက် ဟစ်တလာ အာဏာရလာသောအခါ သူသည် ဂက်စတာပို အဖွဲ့ထဲသို့ ဝင်ခဲ့လေသည်။

၁၉၃၄ ခုနှစ် ဇန်နဝါရီလတွင် ဂက်စတာပို ထောက်လှမ်းရေးသမား သွန်မေအား ဆွစ်ဇာလန်တွင် အထူးတာဝန်တခု ပေးသည်။ သူ့ကို ရွေးရသည်မှာ သူသည် ဘဏ်ဘွင် လုပ်ဘူးသူတဦးဖြစ်သောကြောင့် ဖြစ်ပေသည်။

ဟစ်တလာသည် ဘဏ်လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းကို မုန်းတီးသည်၊ ဂျာမနီမြို့များနှင့် ဆွစ်ဇာလန်ဘဏ်တို့ အကျိုးတူ ပေါင်းဖက်နေသည်ကို ကြည့်မရသည်မှာ ကြာပြီဖြစ်သည်။ ၁၉၃၃ ခုနှစ်တွင် ပြည်ပတွင် အရင်းအနှီးထားရှိသူ ဂျာမန်

www.burmeseclassic.com



အမျိုးသားများအား ဖော်ထုတ်ရန် နာဇီအစိုးရက အမိန့်တခု ထုတ်ပြန်သည်။

ယင်းအမိန့်ကို မလိုက်နာသူအတွက် ပြစ်ဒဏ်မှာ သေဒဏ်သာဖြစ်သည်။ နာဇီတို့သည် ပြည်ပနှင့်ဆက်သွယ်သူ မည်သည့်ဂျာမန်အမျိုးသားကိုမှ မယုံချေ။ နိုင်ငံရေးအရှုပ်အရှင်း ကင်းလှသော ဆွစ်ဇာလန်နှင့် ဆက်သွယ်သည်ကိုပင် သံသယရှိသည်။

ဂျာမနီ စက်မှုလက်မှုလုပ်ငန်းနှင့် ဆွစ်ဇာလန် စက်မှုလက်မှုလုပ်ငန်းတို့သည် ၁၉ ရာစုကပင် စတင်ဖွံ့ဖြိုးခဲ့ကြသည်။ ဂျာမနီသည် ဆွစ်ဇာလန်၏ အဓိက ဖောက်သည်တဦး ဖြစ်သည့်အပြင် ဆွစ်ဇာလန်သို့လည်း ဂျာမနီမှ ကျောက်မီးသွေးသံနှင့်ဂျုံများကို တင်သွင်းသည်။ ဆွစ်ဇာလန်တွင် ဂျာမန်အမျိုးသားတို့၏ ငွေပင်ငွေရင်းများ ရှိသကဲ့သို့ ဂျာမနီစက်မှုလက်မှု လုပ်ငန်းသို့ ဆွစ်ဇာလန်ဘဏ်များမှ ငွေချေးသည်မှာလည်း အစဉ်အလာတရပ် ဖြစ်နေပေသည်။ ဆွစ်ဇာလန်ဘဏ် အမြောက်အမြားမှာ ဂျာမနီတွင် ရင်းနှီးမြှုပ်နှံမှု ပြုကြသည်။

ဇူးရစ်နှင့်ဘက်ဇဲမြို့များ (ဆွစ်ဇာလန်) ဘဏ်လုပ်ငန်းရှင်များနှင့် ဂျာမန်အရင်းရှင်များ၏ ဆက်ဆံရေးမှာ ပြင်သစ်တော်လှန်ရေးနောက်ပိုင်း ဂျီနီဗာ (ဆွစ်ဇာလန်)မှ ဘဏ်လုပ်ငန်းရှင်များနှင့် ပြင်သစ်မိသားစုများ ဆက်ဆံရေးကဲ့သို့ပင် နိုင်ငံရေး၊ ဘာသာရေး၊ အမျိုးသားရေးမပါ။ စီးပွားရေးသက်သက် ဆက်ဆံရေးစင်ဖြစ်သည်။

ဤကဲ့သို့ ပြစ်သစ် ဆွစ်ဇာလန်အကျိုးတူ ပူးပေါင်းမှုနှင့် ဂျာမန်ဆွစ်ဇာလန်အကျိုးတူ ပူးပေါင်းမှုတို့သည် စစ်ကြီးများ



တော်လှန်ရေးများကို ကျော်လွှားကာ ထာဝစဉ်အေးချမ်းမှုကို ဖြစ်စေသည့် အကြောင်းရပ်များ ဖြစ်ပေသည်။

သို့ရာတွင် ယင်းဆက်ဆံမှုကို ဟစ်တလာက ချုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့လေသည်။ ဟစ်တလာသည် ဂျူးနှင့် အခြားဂျာမန် အမြောက်အမြားမှာ ဆွစ်ဇာလန်ဘဏ်ကို အသုံးချကာ ငွေများကို ဂျာမနီမှ သယ်ထုတ်နေသည်ဟု ထင်နေသည်။

ဂျော့သွန်မေကို ဘာလင်သို့ခေါ်သို အခြေအနေကို အတိုချုံး ရှင်းပြလိုက်သည်။ ပြည်ပတွင်ရှိသည့် မိမိတို့၏ ငွေပင် ငွေရင်းများကို ထုတ်ဖော်ပေးမည့် သစ္စာရှိ ဂျာမန်များ ရှိသကဲ့သို့ ထုတ်မပြောပဲ လျှို့ဝှက်ထားမည့် ဂျာမန်များလည်း ရှိနိုင်ကြောင်း သွန်မေ၏ အထက်အရာရှိများက သွန်မေအား ပြောပြသည်။

ထို့နောက် သွန်မေအား ယင်းကဲ့သို့ ဆွစ်ဇာလန်ဘဏ်တွင် ငွေထားသည်ဟု မသင်္ကာဖွယ်ရှိသည့် ပုဂ္ဂိုလ်များ၏ စာရင်းကိုလည်း ပေးလိုက်သည်။ သူ၏တာဝန်မှာ ဆွစ်ဇာလန်နိုင်ငံထဲသို့ဝင်၍ ထိုစာရင်းများ ဟုတ် မဟုတ်ထုတ်ဖော်ရန် ဖြစ်သည်။

ဂျာမနီနိုင်ငံ၏ အစွမ်းကုန်ကူညီမှုကြောင့် ပတ်စပို့ကို အသွယ်တကူ ရရှိခဲ့သာမက သူထမ်းဆောင်ရမည့် တာဝန်အတွက် ခွင့်အပ်အမိန့်ကို ရရှိသည့်အပြင် လိုအပ်လျှင် သုံးစွဲရန် ငွေကိုလည်း ဖောဖောသီသီ ရရှိထားလေသည်။

သွန်မေသည် ကမ္ဘာလှည့်ခရီးသည် အဝတ်အစားကိုဝတ်၍ ဇူးရစ်သို့ ညရထားဖြင့် ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇူးရစ်တွင် အိမ်တလုံးဆောက်လိုက်သည်။ အနားယူနေ
သော ကိုယ်ပိုင် လုပ်ငန်းရှင်တဦးအသွင် ဆောင်နေသည်။
ထိုစဉ်က ဆွစ်ဇာလန်တွင် ဂျာမန်အမျိုးသား နှစ်သိန်းခန့်
လုပ်ကိုင်စားသောက်နေရာ သူ့အား ဖြူနီးကနဲရိပ်မိရန် မလွယ်
ချေ။

သူသည် ဆွစ်ဇာလန်ဘဏ်ကြီးများတွင် ဘဏ်စာရင်းများ
ဖွင့်ထားသည်။ သာမန်ဘဏ် အမှုထမ်းများနှင့်လည်း ရင်းနှီး
အောင်လုပ်ထားသည်။

ဘာမျှမကြာလိုက်ရ။ သွန်မေသည် ဘက်ဇဲမြို့ဘဏ်တခု
ကောင်တာ စာရေးတဦးနှင့် အလွန်ရင်းနှီးကျွမ်းဝင်ခဲ့ပြီး အ
ခြားဘဏ်တခုမှ စာရေးမတဦးနှင့်လည်း ချစ်ကြိုးသွယ်မိခဲ့လေ
သည်။ သို့ရာတွင် စာရေးမကလေးသည် ဆွစ်ဇာလန်သူပီပီ
မိမိလုပ်ငန်းကို လေးစားအာရုံထားသူ ဖြစ်ပေသည်။

ဆွစ်ခရိုင်သားတဦးသည် အခြားခရိုင်တခုတွင် သွားရောက်
အမှုထမ်းသောအခါ နယ်ခံပုဂ္ဂိုလ်များနှင့် ဆက်ဆံရေးတွင်
အလွန်အေးစက်စက် ရှိလှသည်။ ဇူးရစ်တွင် အမှုထမ်း
ဆောင်နေသော ဘက်ဇဲ သို့မဟုတ် တခြားမြို့တမြို့မှ ဆွစ်တဦးကို
ယင်းတို့၏ လေသံကြားရုံဖြင့်လည်းကောင်း အေးစက်စက်နိုင်
မှုကို ကြည့်၍လည်းကောင်း ဇူးရစ်မြို့သားမဟုတ်ကြောင်း သိ
နိုင်လေသည်။ ဆွစ်တို့မှာ အရွယ်ရောက်သည်နှင့် တဦးနှင့်တဦး
ဆက်ဆံရာတွင် အေးစက်၊ လျှို့ဝှက်တတ်သော သဘောရှိသည်။
ထို့ကြောင့် နေရာတကာတွင် "မဆက်ဆံလျှင်မဖြစ်" ဆက်ဆံ
ကြရာတွင် အလွန်ဂွကျသည်။ သို့သော် ထိုအေးစက်မှုမျိုးမှာ
နိုင်ငံခြားသားများအပေါ်တွင်မူ ပြုမူခဲလှသည်။ ဆွစ်တို့သည်



ယ့်နိုင်ငံချင်းထက် နိုင်ငံခြားသားတို့နှင့် ကြာရှည်စွာခင်မင်
တတ်လေသည်။

ဂျော့သွန်မေသည် ဇူးရစ်မြို့၏ လူမှုရေးဘဝကို ဝင်ဆန့်
အောင် ကြိုးစားသည်။ စားလိုက်၊ သောက်လိုက်၊ ပျော်လိုက်၊
ါးလိုက်ဖြင့် မိတ်ဆွေသစ်များနှင့် မူးယစ်အော်ဟစ် သောင်
ကျန်းနေသည်။ သူ့အဖို့ ပျော်စရာလည်းကောင်းသည်။ ဆွစ်
ဇာလန်ဘဏ်တို့၏ လုပ်ငန်းစနစ်အကြောင်းကိုလည်း လက်ဖက်
ရည်ဆိုင် အရက်ဆိုင်များမှလည်းကောင်း၊ ခြင်ထောင်ထဲမှ
လည်းကောင်း သိရှိခဲ့ရလေသည်။

ဂက်စတာပိုထောက်လှမ်းရေး သွန်မေသည် ဆွစ်ဇာလန်
ဘဏ် လျှို့ဝှက်မှုကို ပထမဦးဆုံး ထွင်းဖောက်ခဲ့သူ ဖြစ်သည်။

သွန်မေသုံးသော အခြားနည်းလမ်းတခုမှာ လာဘ်ထိုးခြင်းဖြစ်
သည်။ ဘဏ်အမှုထမ်းတို့နှင့် သိကျွမ်းခင်မင်သွားသောအခါ
ယင်းတို့အထဲမှ အရာရောက်သူကို ရွေးလိုက်သည်။ သူသည်
သူများထက် ဖေါဖေါသီသီ လာဘ်ထိုးနိုင်သည့် အနေအထား
တွင် ရှိသူဖြစ်သည်။ ဆွစ်ဖရန့် ထောင်ဂဏန်းလောက်ပေး
လိုက်သည်နှင့် ဆွစ်ငွေချေးဘဏ်မှ သူသိလိုသည့် နာမည်များကို
သိခွင့်ရလေသည်။

သူ အသုံးပြုသော နောက်တနည်းမှာ သူ၏ ပညာခန်းဖြစ်
သည်။ သူသည် ဘဏ်များကို ငွေအမြောက်အမြားနှင့် ချဉ်း
ကပ်ပြီး စာရင်းဖွင့်ထားသည်ဟု ထင်ရသော ပုဂ္ဂိုလ်များ၏
စာရင်းတွင် ငွေသွင်းကြည့်သည်။ (သွင်းခွင့်ရလျှင် ထိုပုဂ္ဂိုလ်
၏စာရင်း ထိုဘဏ်တွင်ရှိသည်ဟု မှတ်ယူနိုင်ပေသည်)။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၆ ခုနှစ် အချိန်လောက်က ဆွဲ့စ်ဇာလန်ဘဏ်တို့ လည်း စနစ်တကျကြိုတင်ကာကွယ်မှု မရှိကြသေးရကား၊ ကော တာစာရေးနှင့် ဘဏ်၏အငယ်တန်း အရာရှိတို့၏ လက်တလေ ဆုံးဖြတ်ချက်နှင့်သာ ဖြစ်သလိုလုပ်ကိုင်နေကြပေရာ မှားသ အခါလည်း မှားသွားတတ်ပေသည်။

တခါတွင် သွန်မေသည် "ဆွဲ့စ်ဘဏ်ကော်ပိုရေးရှင်း" ဘ ကြီးသို့ဝင်၍ ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့မှ အန်တွန်ဖေဘာရိုဆ ဆိုသူ၏ စာရင်းတွင် ဖရန့်နှစ်သောင်းသွင်းသည်။ ပထမသေ သက်ဆိုင်ရာ ဘဏ်စာရေးမှာ အံ့အားသင့်သွားသည်။ မိမိ ဘဏ်တွင်ရှိ စာရင်းကို စာရင်းပိုင်ရှင်ပုဂ္ဂိုလ် သို့မဟုတ် ယင်း လွှဲအပ်ထားပြီး ဘဏ်က အသိအမှတ်ပြုထားသော ကိုယ်စ လှယ်မှ လွှဲ၍ မည်သူမှ မသိနိုင်။ ယခုမူ ဤလူစိမ်းက မိမိ ဘဏ်ရှိ စာရင်းကို အတိအကျပြောနေရာ မအံ့သြပဲမနေနိုင်ခဲ့ သို့ရာတွင် ရဲသို့ အကြောင်းမကြားမိသည်မှာ သူ၏ အမှ ဖြစ်နေတော့သည်။

သွန်မေကို ဘဏ်၏အငယ်တန်း အရာရှိထံခေါ်သွားသည် သို့သော် သွန်မေသည် အလွန်ပါးနပ်လျင်မြန်၍ အကင်းပါး သော ဂက်စတာပို ထောက်လှမ်းရေးတယောက် ဖြစ်ပေ အရာရှိအား မိမိသည် ဖေဘာရိုဆပ်ကိုယ်စား နယ်စပ်ကို ဖြ ၍ ဤငွေများကို သယ်လာရကြောင်း၊ ဖေဘာရိုဆပ်မှာ လ ရှိဖြစ်ပေါ်နေသော အခြေအနေများကြောင့် သူကိုယ်တိုင် လာရန် မဖြစ်နိုင်ကြောင်း ရှင်းပြလိုက်သည်။

ပထမသော် အရာရှိလည်း ဘာလုပ်ရမည်မသိ ဖြစ်နေသည် သို့သော် နောက်ဆုံးတွင် အလွန်အန္တရာယ်ကြီးသော အမှု

www.burmeseclassic.com



ခုကို ထပ်၍ လုပ်လိုက်မိတော့သည်။ ထိုအရာရှိသည် အခြား အရာရှိတဦးနှင့် သွားတွေ့သည်။ ယင်းအရာရှိကလည်း အခြေ အနေမှန် မရိပ်မိပဲ မိမိတို့ဘဏ်တွင် ဖေဘာရိုဆပ်၏ စာရင်းရှိ ကြောင်း ဖွင့်ပြောလိုက်မိတော့သည်။ ဤတွင် သွန်မေအဖို့ ငွေကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ အရေးမကြီး တော့။ မိမိသိလိုသည်ကို သိလိုက်ရလေပြီ။

ယခင်ကဆိုလျှင် ဆွစ်ဇာလန်ဘဏ်တို့ မိမိတို့၏ လျှို့ဝှက်စာ ရင်းများကို ဤကဲ့သို့ လွယ်လွယ်ကူကူ ထုတ်ဖော်ခြင်း မရှိ ချေ။ သို့ရာတွင် ဆွစ်ဇာလန် ဘဏ်တို့ရှိ ဂျာမန်စာရင်းများ အမှု ပြဿနာ ရှိနေပေသည်။ ဆွစ်ဇာလန်နှင့် ဂျာမနီ အကြား ဆက်သွယ်ရေး ကြေးနန်းများ၊ စာများကို နာဇီတို့က အမြဲ စောင့်ကြည့်နေရာ အဆက် အသွယ်မှာ ခက်ခဲနေရပေသည်။ ထို့ကြောင့် ဂျာမန်တို့သည် ဆွစ်ဇာလန်ရှိ မိမိတို့၏ စာရင်းများ ကို ဆွစ်ဇာလန်မှ ကိုယ်စားလှယ်များနှင့် လွှဲအပ်ကာ လုပ်နေ ရပေသည်။ ထို့ကြောင့်လည်း ဘဏ်အနေနှင့် ယခင်ကလို "စာအုပ်ကြီးအတိုင်း" လုပ်နေ၍ မဖြစ်တော့ချေ။

သွန်မေ သွင်းလာသော ငွေမှာ အမှန်တကယ် ဖေဘာရိုဆပ် ၏ငွေဖြစ်ချင်ဖြစ်မည်။ အကယ်၍ ဤငွေ လက်မခံလိုက်ပါလျှင် ဖေဘာရိုဆပ်အတွက် အလွန်အဆင်မပြေ ဖြစ်နေမည်ဟု တွေး ၍က် ထိုငွေကို ဘဏ်က လက်ခံလိုက်တော့သည်။

ထိုညတွင် သွန်မေသည် ဂျာမနီသို့ လှမ်းသတင်းပို့လိုက်သည်။ သတင်းပို့ပြီးနောက် နှစ်နာရီခန့်ကြာသောအခါ ဟန်နိုဗာမြို့မှ အန်တွန်ဖေဘာရိုဆပ်တယောက် ပျောက်သွားရပေတော့သည်။ နောက် သုံးရက်ခန့်ကြာသောအခါ အဆိုပါဘဏ်သို့ ကြိုး

www.burmeseclassic.com



စာတစောင် ရောက်လာသည်။ ဖေဘရီဆပ်၏ ငွေများအား လုံး ပြန်ပေးပါရန် တောင်းခံလွှာ ဖြစ်သည်။ ဖေဘရီဆပ်အာ မည်သို့ နှိုက်ထုတ်စစ်ဆေးသည်ကိုမူ ဂျာမန် မှတ်တမ်းများတွ ဖော်ပြထားခြင်း မရှိပေ။

ဤနည်းကိုသွန်မေဘည်တွင်အောင်မြင်သောအခါဆွစ်ဇာလ ရှိ အခြားသော ဂက်စတာပို ထောက်လှမ်းရေးတို့ကပါအသုံး လာကြသည်။ သို့ရာတွင် အလွန်စေ့စပ်သော ဘဏ်တို့နှင့် တွေ လျှင် မအောင်မြင်သည့်အခါလည်းရှိသည်။ သို့ရာတွင် ဤနည်း ဖြင့် သတင်းအမြောက်အမြားကို ရရှိနိုင်ခဲ့ပေသည်။ ဆွစ်ဇာ လန်ဘဏ်များတွင် ငွေထားသည်ကို ပေါ်သွားသော ဂျာမန် မှာကား မပြန်လမ်းကို မြန်းကြွခဲ့ကြရပေသည်။

သွန်မေပေးသော သတင်းများသည် တရားမျှတသော အစိုး များအတွက်မူ အသုံးကျမည် မဟုတ်ပေ။ သို့သော် ဂျာ တရားဥပဒေ၌ နိုင်ငံ သစ္စာဖောက်မှုများတွင် ဥပဒေနှင့် ညွှတ်လှချေ။ ဆွစ်ဇာလန်တွင် ငွေအားသူ၊ သို့မဟုတ် ငွေထ သည်ဟု မသင်္ကာရသူတို့ ညတွင်းချင်း ဖမ်းနိုင်ခွင့် ရှိသည်။ စက်စစ်ဆေးနိုင်ခွင့်ရှိသည်။ ခြိမ်းခြောက်နိုင်ခွင့်ရှိသည်။ နှိပ် ခြိမ်းခြောက်လိုက်သောအခါ တရားခံသည် မိမိငွေ မည်မျှ မျှကို မည်သည့်ဘဏ်တွင် ထားကြောင်း စာရင်းအမှတ်၊ သံ စာ စကားဝှက်မှအစ ပေါ်တော့သည်။

အကယ်၍ တရားခံသည် မျက်နှာကြီးထဲကဖြစ်လျှင် ဂက် တာပိုတို့ ထိုသူ့ထံ သွားရောက်လည်ပတ်ကြပြီး သက်ဆိုင် ဆင့်ခေါ်သောအခါ မိမိအပြစ်ကို ဝန်ခံလိုက်လျှင် ရာထူး လောက်ဖြင့် ပြီးသွားသည်။ အကယ်၍ တရားခံမှာ ဂျူး



လျှင် သို့မဟုတ် ဝန်မခံပဲ ခေါင်းမာနေလျှင် အကြီးအကျယ် ဒုက္ခရောက်တော့သည်။ အနည်းဆုံး နာဇီအကျဉ်းစခန်းသို့ ရောက်မည်မှာ သေချာသည်။

သွန်မေနှင့် ဆွစ်ဇာလန် ရောက် အခြား ဂက်စတာပိုတို့ ပေး သည့် သတင်းများ၊ ဂျာမန် နာဇီအရာရှိတို့ ရရှိသည်နှင့်တပြိုင် နက် ဆွစ်ဇာလန် ဘဏ်များတွင် ဂျာမနီမှ တယ်လီဖုန်းခေါ် သံများဖြင့် ဆူညံနေတော့သည်။ ဂျာမန် ငွေရှင်များက မိမိတို့ ငွေများကို တယ်လီဖုန်းဖြင့် ပြန်တောင်းကြသည်။ ထိုသို့ တယ်လီ ဖုန်းဆက်နေစဉ် နာဇီအရာရှိတို့သည် ဖုန်းဆက်နေသောပုဂ္ဂိုလ် ၏ ဘေးတွင် ရှိနေကြပေသည်။

ထို့နောက် ဂျာမန်နာဇီ ထောက်လှမ်းရေးတို့သည် ဘဏ် များသို့ သွား၍ ငွေသွင်းစာအုပ်၊ စာချင်းနံပါတ်၊ စကားဝှက် များကို ပြောကာ ထိုငွေများကို တောင်းယူခဲ့ကြသည်။ ဂျာမနီ မှ လာသော ကြေးနန်းများမှာ စကားဝှက်များဖြင့် ပို့ကြသည်။ မိမိတို့၏ ငွေများကို ပြန်ပေးပါ။ သို့မဟုတ်လည်း ယင်းငွေ များကို ဂျာမနီအစိုးရပိုင် ငွေများအဖြစ် သတ်မှတ်ပေးပါရန် အကြောင်းကြားသော ကြေးနန်းများ ဖြစ်လေသည်။ တခါ တရံလည်း စာရင်းရှင်ကိုယ်တိုင် ဘဏ်သို့ လာ၍ မိမိစာရင်းကို ပိတ်ပေးပါရန် (ငွေအားလုံးကို ပြန်ပေးရန်) ခိုင်းတတ်သည်။

သို့ရာတွင် ဘဏ်များက အခြေအနေကို ချက်ချင်းတုံ့ပြန် တတ်လေသည်။ ဘဏ်ကြီးများသည် တယ်လီဖုန်း၊ ကြေးနန်း များနှင့် တောင်းလာသောငွေများကို ချက်ချင်း ထုတ်မပေး သေးပဲ ဂျာမနီရှိ ဆွစ်ဇာလန်ကောင်စစ်ဝန်ရုံး သို့မဟုတ် ဂျာမနီရှိဆွစ်ဇာလန် စီးပွားရေးကုမ္ပဏီများက စုံစမ်း စစ်ဆေး များပြုပြီးမှ ထုတ်ပေးတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာမီကမှ စာရင်းရှင်ကိုယ်တိုင် လာရောက်သွားသော စာရင်းမျိုး သို့မဟုတ် အချိန်မရွေး လာရောက်တွေ့နိုင်သော ကိုယ်စားလှယ်ရှိသည့် စာရင်းမျိုးတွင် တယ်လီဖုန်းဖြင့် ငွေပြန်တောင်းလျှင် ဘဏ်ကငွေကို ပြန်မပေးချေ။

ဆွစ်ဇာလန် ဘဏ်များအစည်းအရုံး၏ ဘဏ်မှ အသိအမှတ်ပြုမထားသော ကိုယ်စားလှယ်ကို သက်ဆိုင်ရာစာရင်းမှ ငွေကိုပြန်ပေးခြင်း၊ ထိုငွေနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးခြင်း မပြုရန် တင်းကြပ်စွာ စည်းကမ်းထုတ်ထားသည်။ အကယ်၍ စာရင်းရှင်ကို တဦးတယောက်က ခြိမ်းခြောက်အကြပ်ကိုင်ခြင်း မရှိဟု ဘဏ်တာဝန်ရှိတို့က ယူဆပါမှ ယင်းငွေကို ထုတ်ပေးနိုင်ရန်လည်း ဘဏ်အချင်းချင်း နားလည်မှုယူထားကြသည်။

ဘဏ်များဘက်က ကြည့်လျှင်လည်း တဒုက္ခ။ အကယ်၍ ကြေးနန်းသည် စကားဝှက်ဖြင့် ဖြစ်စေ၊ ရိုးရိုးဖြစ်စေ ရောက်လာသောအခါ ဘဏ်မှ ဘာလုပ်လုပ် စာရင်းရှင် အတွက် အန္တရာယ်ချည်းဖြစ်သည်။ ရိုးရိုးအကြောင်းပြန်ရုံမျှ ပြန်ကြားလိုက်ပြန်လျှင်လည်း ငွေထားသည်မှာ သေချာသဖြင့် နာဇီဥပဒေအရ ထိုစာရင်းရှင်မှာ သေဒဏ်ဖြစ်သည်။ ငွေပြန်ပေးလိုက်ပြန်လျှင်လည်း အပြစ်ထင်ရှားသည်ဟု ဆိုပြန်သည်။ စာရင်းရှင်ကို တစုံတယောက်ကခြိမ်းခြောက် အကြပ်ကိုင်သည်ဟု ယူဆရသဖြင့် ငွေကို မပေးပဲ ထားပြန်လျှင်လည်း ထိုပုဂ္ဂိုလ်မှာ အညှဉ်းခံနေရမည်။

ထို့ကြောင့် နောက်ဆုံးတွင် ဆွစ်ဇာလန်ဘဏ်များ အစည်းအရုံးမှ သံသယရှိသော စာရင်းဖြစ်လျှင် သက်ဆိုင်ရာဘဏ်မှ ဒ တင်းဖော်ထုတ်ခြင်း သော်လည်းကောင်း၊ တစုံတရာဆောင်ရွက်ခြင်းသော်လည်းကောင်း မလုပ်ရန်ဆုံးဖြတ်ချက် ချလိုက်သည်။



ဘဏ်များအနေဖြင့် ဂျာမနီရှိ စာရင်းရှင်များ ဖြစ်ပျက်ခံစားနေရသည်တို့ကို အကာအကွယ် မပေးနိုင်သည်ကား မှန်သည်။ သို့ရာတွင် ယင်းငွေများ နာဇီများလက်သို့ ပါမသွားရန်ကိုမူ ကာကွယ်နိုင်ခဲ့ပေသည်။

၁၉၃၄-ခုနှစ်တွင် ထိုအမှုဖြင့် ဂျာမန်သုံးဦး ဂျာမနီတွင် သေဒဏ်ပေး ခံလိုက်ရသည့်အတွက် သင်ခန်းစာ ရသွားသည်။ ဆွစ်ဇာလန် ဘဏ်များ၊ စာရင်းရှင်များနှင့် ဂက်စတာပိုတို့ အကြား လျှို့ဝှက်ညာပြိုင်ခန်းများကို ဆွစ်ဇာလန် သတင်းစာများက ရေးသားလိုက်ကြသည်။ ထိုအခါ ဆွစ်ဇာလန်ပြည်သူတို့က မကျေမနပ် ဖြစ်ကြသည်။ ဆန့်ကျင်ဟောပြော ဆန္ဒပြပွဲများပင် ဖြစ်ခဲ့ကြသည်။ ရဲများကပင် နှိမ်နင်းပေးခဲ့ရပေသည်။

ဂျော့ဟာန်နယ်သွန်မေသည် ဇူးရစ်တွင် ဆက်လက်လုပ်ရှားပေသည်။ ထို့နောက် ဂျာမနီသို့ ပြန်၍ ထိုမှတဆင့် ဒိန်းမတ် ရောက်ခဲ့ပြန်သည်။ စစ်အတွင်း၌လည်း မသေမပျောက်ခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် အစိုးရအဖွဲ့တွင် ပြန်လည် အမှုထမ်းခဲ့သည်။ သူ့စိတ်တွင်မူ မိမိအမှား လုပ်ခဲ့မိသည်ဟု မယူဆ။ ကိုယ့်တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်ဟု ယူဆသည်။

သွန်မေနှင့် သူ့လို ပုဂ္ဂိုလ်များကြောင့် ဂျာမန် အမြောက်အများကို ထောင်ချ၊ နှိပ်စက်ခံရ၊ အသတ်ခံရ ဖြစ်ခဲ့ရသည်။ ဆွစ်ဇာလန်နိုင်ငံသား အများအပြားမှာလည်း လာဘ်ယူမှုဖြင့် ထောင်ကျခဲ့ကြရသည်။ သို့သော် သွန်မေသည် ဆွစ်ဇာလန် ဘဏ်လုပ်ငန်းကြီးတခုလုံးကို များစွာ ပြောင်းလဲစေခဲ့သည်။ သူ့ ကြောင့် ၁၉၃၄ ခုနှစ်တွင် ဆွစ်ဇာလန်၌ ဘဏ်လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ ဥပဒေသစ်တခု ပေါ်ခဲ့ရပေသည်။ ယင်းဥပဒေမှာ ဆွစ်ဇာလန်ဘဏ်လျှို့ဝှက်မှုတံခါးကို တင်းတင်းစေ့လိုက်သော ဥပဒေ ဖြစ်ပေသည်။ (ယင်းဥပဒေကို ဤစာအုပ်တနေရာတွင် ဖော်ပြထားပါသည်။)

× × ×

ယင်းကဲ့သို့ အလွန် လျှင်လှသော ဂက်စတာပိုတို့ လိုက်နေပြီဟု သိသည်နှင့် ဆွစ်ဘဏ်တို့သည် လျှို့ဝှက်မှုကို ခါတိုင်းထက်ပို၍ လုံခြုံအောင် ဆွဲခဲ့စေလိုက်သည်။ ဘဏ်တွင် စာရင်းဖွင့်ထားသည် မထားသည်ကိုပင် ဖွင့်မပြောပေ။ ပြောမိလျှင်လည်း စာရင်းရှင်မှာ သေရန်သာ ရှိသည်။ နာဇီတို့ ပို၍ စိတ်ပျက်သွားစေရန်ဆွစ်တို့သည်ဘဏ်လျှို့ဝှက်စနစ်ကိုတရားဥပဒေများဖြင့်ပင် ပံ့ပိုး ကာကွယ် ထားလိုက်သည်။ ယင်းကဲ့သို့ စုံစမ်းမရသောအခါ ဂက်စတာပိုတို့သည် အေးမသွား။ ဘဏ်စုံစမ်းမှုကိုလွှတ်ပြီး ဆွစ်ဇာလန်တွင် ခိုလှုံနေသော ဂျာမနီ ဒုက္ခသည်များကို နှိပ်စက်တော့သည်။

သို့ရာတွင် ၁၉၄၀-ခုနှစ်တွင် ဆွစ်တို့အတွက် ရန်သူသစ်တဦး ပေါ်လာသည်။ ထိုရန်သူကား ဆွစ်ဇာလန်နှင့်အကြောင်းအပေါင်း သင့်လှသော အမေရိကန်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီးဌာန ဖြစ်လေသည်။ ရန်သူသစ်သည် ပထမတွင် ဟန်မည်မထင်ရသော်လည်း နောက်ပိုင်းတွင် ရဲအင်အား၊ စစ်တပ်အင်အား မပါပဲလျက် ဂက်စတာပိုတို့ မရခဲ့သည့် ကိစ္စကို ရအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။



ဆွစ်ဇာလန်ဘဏ် လျှို့ဝှက်မှုကို ဖွင့်ရန် ကြိုးစားသည့် ဇာတ်လမ်းများမှာ ယနေ့ထက်တိုင် ရှိနေသည်။ ယင်းတို့တွင် သားအဖ ပုံပြင်မှာလည်း တခုအပါအဝင် ဖြစ်သည်။ ယင်းသားအဖနှစ်ယောက်အနက် ဖခင်မှာ သမ္မတ ရူစဗဲ့လက်ထက်က ခန့်ထားသော ဘဏ္ဍာရေးဝန်ကြီး ဟင်နရီမော်ဂန်သော် ဖြစ်ပြီး သားဖြစ်သူမှာ နယူးယောက် တောင်ပိုင်း ခရိုင်တွင် ၁၉၆၀ မှ ၁၉၆၉-ခုနှစ်အထိ အစိုးရ ရှေ့နေအဖြစ် အမှုသမ်းခဲ့သော ရောဘတ် မော်ဂန်သော် ဖြစ်သည်။

ထူးဆန်းသည်မှာ ဆွစ်ဇာလန်ဘဏ်တို့၏ လျှို့ဝှက်မှုကို ဒုစရိုက်မှုများအတွက် အသုံးချနေကြသည်မှာ ဂျူးဒုစရိုက်ဂိုဏ်းသားအများဆုံး ဖြစ်သကဲ့သို့ ယခုကဲ့သို့ ယင်းလျှို့ဝှက်မှုကို ချိုးဖျက်ရန် ကြိုးစားသည့် သားအဖမှာလည်း ဂျူးများပင် ဖြစ်နေပေသည်။

ဟင်နရီ မော်ဂန်သော် ကြိုးစားသည်မှာ အမေရိကန်နှင့် ဂျာမနီတို့ စစ်မဖြစ်မီက ဖြစ်သည်။ ၁၉၄၀ ခုနှစ်တွင် ဂျာမနီသို့ ဗြိတိသျှက ပိတ်ဆို့လိုက်သဖြင့် ဂျာမနီကုန်ပစ္စည်းများကို ရေလမ်းမှ သယ်၍ မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် ဂျာမနီ ကုန်သွယ်မှုမှာ ဥရောပ ကြားနေနိုင်ငံများဖြစ်ကြသည့် ဆွစ်ဇာလန်နှင့် ဆွီဒင်နိုင်ငံများမှတဆင့် လုပ်ရလေသည်။ ထို့ကြောင့် ဖြစ်ဆိုးလာသည်မှာ ဂျာမနီနှင့် ဆွစ်ဇာလန်တို့၏ ဆက်ဆံရေးသည် ပိုမို လျှို့ဝှက် ရှုပ်ထွေးလာသည်ဟု မော်ဂန်သော် နားလည်လိုက်သည်။ ယင်းတို့၏ ဆက်ဆံရေးကို ဆွစ်ဇာလန်ဘဏ်လျှို့ဝှက်မှုစနစ်ဖြင့် ကာကွယ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၀-ခုနှစ် ဧပြီလတွင် မော်ဂန်သော်သည် ရူစဗဲ့၏ အမိန့်ဖြင့် အမေရိကန် နိုင်ငံတွင်း နေဂျာမန်အမျိုးသားများပိုင် ပစ္စည်းများနှင့် ယင်းတို့၏ အရေးကိစ္စများကို ထိန်းချုပ်ရန်လုပ်ဆောင်နိုင်ခဲ့သည်။ ယင်းအမိန့်ကြောင့် ဂျာမနီနှင့် စီးပွားရေးလုပ်ဆောင်နေသည်ဟု မသင်္ကာရသော အမေရိကန် ကုမ္ပဏီများကို "စာရင်းမဲ" (လျှို့ဝှက်စာရင်း) ပြုစုထားနိုင်ခဲ့သည်။

ထို့နောက်အမေရိကန်ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များသည် နယူးယောက်မြို့ ဘဏ်များပေါ်တွင် တက်ရောက်ရှာဖွေရာ ဆွစ်ဇာလန်ဘဏ်မှ ပေးပို့ထားသော ရပိုင်ခွင့်စာရင်းများ တွေ့ရှိရသည်။ ထို့ကြောင့် ယင်းတို့သည် နာဇီတို့၏ ငွေများသာ ဖြစ်ရမည်ဟု ထင်ခဲ့သည်။

ယင်းငွေများမှာ ဆွစ်အမျိုးသားများက အကာယ်၍ ဆွစ်ဇာလန်ကို နာဇီတို့ တက်ရောက်သိမ်းပိုက်လျှင် မိမိတို့ ငွေများ မဆုံးရှုံးရလေအောင် လုံခြုံစိတ်ချရသော အမေရိကန်ဘဏ်များသို့ ပို့ထားခြင်းဖြစ်သည်။

သို့ရာတွင် ငွေအရေအတွက်မှာ အမေရိကန် ဘဏ္ဍာရေးဌာနအတွက် သင်္ကာမကင်း ဖြစ်စရာရှိနေသည်။ ၁၉၄၁ ခုနှစ်တွင် ဆွစ်ဇာလန် ဘဏ်များ၏ အမေရိကန် ဘဏ်ခွဲများတွင် ဒေါ်လာ သန်းတစ်ထောင်ကျော် ထိန်းသိမ်းထားသည်။ ထို့ကြောင့် မော်ဂန်သော်၏ လူများက ယင်းငွေများ၏ ပိုင်ရှင်ကို သိရန် မှတ်စုမှတ်တမ်းများ တောင်းကြည့်သည်။

ယင်းသည် ဆွစ်ဇာလန်၏ လျှို့ဝှက်စနစ်နှင့် ပတ်သက်၍ အမေရိကန်၏ ပထမဦးဆုံးသော ဖေါက်ထွင်းတိုက်ခိုက်မှု ဖြစ်သည်။ ဆွစ်ဇာလန်ဘဏ်များ၏ အမေရိကန် ဘဏ်ခွဲများလည်း



အမေရိကန်နိုင်ငံတွင်းရှိနေရာအမေရိကန်၏တရားဥပဒေကိုမလွန်ဆန်နိုင်တော့ပဲ မှတ်တမ်းများကို ထုတ်ပေးလိုက်ရတော့သည်။ သို့ရာတွင် ယင်းမှတ်တမ်းများ၌ ဘာမျှမပါပေ။ နယူးယောက် ဘဏ်ခွဲများတွင် ထိန်းသိမ်းထားသော ရွှေ၊ ငွေ၊ စာချုပ်စာတမ်းများ၏ စာရင်းရှင်အမည်မှာ ဆွစ်ဇာလန်ဘဏ်များသာလျှင် ဖြစ်ပေသည်။ သီးခြားစာရင်းရှင်အမည်များ မပါရှိပေ။

ယင်းကိစ္စအတွက် ထောက်လှမ်းသူများသည် ဆွစ်ဇာလန်သို့ သွားရောက်စုံစမ်းကြသော်လည်း ၁၉၃၄ ခုနှစ်က ဆွစ်ဇာလန် အစိုးရ ထုတ်ပြန်သည့် ဥပဒေဖြင့် ယင်းစာရင်းများကို မည်သို့မျှမပေါက်ကြားအောင် ကာကွယ်ထားကြောင်း သိခဲ့ရလေသည်။ မော်ဂန်သော်သည် တရားဥပဒေကို ဘေားချိတ်ပြီး ပြောနိုင်ရန်အလို့ငှာ အစိုးရချင်း တသားဝင် တောင်းကြည့်သည်။ သို့သော် ဆွစ်ဇာလန်အစိုးရ၏ ပြန်ကြားချက်မှာ မျှော်လင့်ထားသည့်အတိုင်း "မရပါ" ဟူ၍ဖြစ်သည်။

၁၉၄၁ ခုနှစ် ဇွန်လတွင် အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနသည် လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ရှိ ဆွစ်ဇာလန်ပိုင် ရရန်ပိုင်ခွင့်များကို ငွေသားဖြင့် လဲခွင့်များပိတ်ခဲ့သည်။ ယင်းအတွက် ဆွစ်ဇာလန်က ကန့်ကွက်ခဲ့သော်လည်း အမေရိကန်က ယင်းကန့်ကွက်ချက်ကို ပယ်ချလိုက်သည်။

နောက်ခြောက်လကြာသောအခါ အမေရိကန်သည် စစ်ထဲသို့ပါလာသည်။ ထိုအခါမှစ၍ ဘဏ္ဍာရေးဆိုင်ရာ စုံစမ်းရေးပုဂ္ဂိုလ်များ၊ စစ်ဘက်ထောက်လှမ်းရေးပုဂ္ဂိုလ်များနှင့် အခြားသော ထောက်လှမ်းစုံစမ်းရေး ဝန်ထမ်းများသည် အချိန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



ငွေကုန်ခံ၍ ဆွစ်ဇာလန်ဘဏ်စရင်းရှင်များ လျှို့ဝှက်မှုကိုဖေါက်ထွင်းဖေါ်ထုတ်ရန် ကြိုးစားခဲ့သည်။ "စာရင်းမဲ့"ကို အသုံးချ၍လည်း အမေရိကန် ကုမ္ပဏီအားလုံးကို မဟာမိတ်များ ထိန်းသိမ်းထားသည့် မည်သည့်နေရာတွင်မဆို စီးပွားရေးလုပ်ငန်းများ မလုပ်ဆောင်ရန် အမေရိကန် ဘဏ္ဍာရေး ဝန်ကြီးဌာနက တားမြစ်ခဲ့သည်။

ယင်းသည် မော်ဂန်သော်၏ အလိုအရ လုပ်ဆောင်သည်လော၊ အထွေထွေ စစ်နိုင်ရေးအတွက် စိတ်ဓာတ် စစ်ဆင်မှုတခုပေလော ဆိုသည်ကို ယနေ့တိုင် မသိရပေ။ သို့ရာတွင် အမေရိကန် ဘဏ္ဍာရေးတာဝန်ရှိတို့အဖို့ စိုးရိမ်ကြောင့်ကျမှု တခု ဖြစ်ခဲ့ရပေသည်။

ယင်းတို့ စိုးရိမ်ရသည်မှာ စစ်ပြီးသွားသောအခါ ဂျာမနီနှင့် ဆွစ်ဇာလန်တို့ ဆက်လက်ပူးပေါင်း အလွန်းသင့်နေပါလျှင် ဂျာမနီနိုင်ငံသည် နေ့ချင်းညချင်း ပြန်၍ ခေါင်းထောင်လာမည် ဖြစ်သောကြောင့် ဖြစ်ပေသည်။

နောက်တခု စိုးရိမ်နေသည်မှာ ဂျာမနီ အသိပညာရှင် အတတ်ပညာရှင်တို့ ဆွစ်ဇာလန်သို့ စစ်ကို တိမ်းရှောင်ရန် ရောက်နေပြီလားဆိုသည့် ကိစ္စပင် ဖြစ်သည်။ နာဇီတို့သည် အနိုင်မလုပ်နိုင်သေးဟု မပြောနိုင်ရကား ယင်းဒေသတဝိုက် (ဆွစ်ဇာလန်အပါအဝင်) တွင် သတ္တုဆိုင်ရာ၊ ဒုံးပျံဆိုင်ရာနှင့် နယူကလီးယားဆိုင်ရာ အန္တရာယ်များ ရှိနိုင်သည်။

ဂျာမနီနိုင်ငံကို အပြုတ်အသွား အနိုင်တိုက်နေသော နိုင်ငံများအဖို့ ဂျာမနီနိုင်ငံ ပြန်ခေါင်းမထောင်လာစေရန် ငွေကြေး အကူအညီများ မရရှိရေးမှာ အရေးကြီးလှပေသည်။



မေရိကန်တွင် မော်ဂန်သော်ကဲ့သို့ ဂျာမနီကို စိုက်ပျိုးရေးနိုင်ငံတနိုင်ငံ ပြန်ဖြစ်အောင် ကြိုးစားလုပ်ဆောင်သော အစိုးရပိုင်းပုဂ္ဂိုလ်များလည်း ရှိသေးသည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသောအခါ ဆွစ်ဇာလန်သည် စီးပွားရေးကို ပြန်လည်ထူထောင်လာသည်။ သို့ရာတွင် ပြဿနာနှစ်ခုနှင့် ရင်ဆိုင်နေရသည်။

ပထမ ပြဿနာမှာ ဂျာမနီနိုင်ငံမှ ရရန်ပိုင်ခွင့်များနှင့် စစ်အတွင်းက ဂျာမနီကို ချေးထားသော ငွေများ၊ နှစ်ချပ်ပေါင်းဖရန့် သန်း ၆ ထောင်ခန့်မှာ တန်ဖိုးမရှိဘော့ခြင်း ဖြစ်သည်။ ယင်းကဲ့သို့ အခက်အခဲကို ဘဏ်အားလုံးလိုလို ခံနေရသည်ဖြစ်ရာ အချို့မှာ ချုတ်ခြုံကျသွားကြရပြီး အချို့မှာမူ ဘဏ်ကြီးများနှင့် ပူးပေါင်းလိုက်ကြသည်။

ဒုတိယ အခက်အခဲမှာ အမေရိကန်တွင် ပိတ်ဆို့ခံထားရသော ဂျာမနီမှ ရရန်ပိုင်ခွင့်များ ဖြစ်သည်။ စစ်ပြီးကာစလောက်တွင် ဒေါ်လာငွေမှာ အလွန်ခိုင်မာနေရာ ဆွစ်ဇာလန်သည် မိမိတို့ စီးပွားရေး ပြန်လည်ထူထောင်ရန်အတွက် ယင်းဒေါ်လာ ငွေကြေးများ လိုအပ်နေခဲ့သည်။

၁၉၄၄ ခုနှစ် ဇီဇင်ဘာလ စောစောပိုင်းလောက်တွင် ဆွစ်ဇာလန် ဘဏ်ကိုယ်စားလှယ် အဖွဲ့တဖွဲ့သည် ယင်းကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရန် ဝါရှင်တန်သို့ ရောက်ခဲ့သည်။ သို့သော် ယင်းတို့သည်ပုဂ္ဂလိက ဘဏ်ကိုယ်စားလှယ်များသာ ဖြစ်သည် ဆိုကာ အမေရိကန် ဘဏ္ဍာရေးဌာနမှ ပယ်ချခဲ့သည်။ ဆွစ်ဇာလန်အစိုးရ၏ တရားဝင် ကိုယ်စားလှယ် အဖွဲ့နှင့်သာ ဆွေးနွေးလိုသည်ဟု အမေရိကန်တို့က ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွစ်ဇာလန် နိုင်ငံ၏စနစ်ကို နားလည်ထားသူအဖို့ သိမည်။ မည်သည့် အစိုးရကိုယ်စားလှယ်ကမျှ ဘဏ်များကိုယ်စား ဆွေးနွေးပေးမည် မဟုတ်ပေ။ အကြောင်းမူ ယင်းကဲ့သို့ ဘဏ်နှင့်ပတ်သက်သော သတင်း အချက် အလက်များကို ထုတ်ဖော်ဆွေးနွေးရန် တားမြစ်ထားသည် မဟုတ်ပါလား။ အမေရိကန်တို့ဘက်ကလည်း ယင်းအချက်ကို လက်မခံချေ။

နောက်ဆုံး ၁၉၄၅ ခုနှစ် နာဇီတို့ လုံးဝ ချုပ်ငြိမ်းမသွားမီကလေးတွင် သမ္မတ ရူစဗဲ့၏ ကိုယ်စားလှယ်တဦးသည် ဘန်းမြို့သို့ သွား၍ ဆွစ်ဇာလန် အစိုးရနှင့် ဆွေးနွေး သဘောတူညီမှုများရခဲ့သည်။ ယင်းတို့မှာ ဆွစ်ဇာလန်ရှိ ဂျာမနီနိုင်ငံ၏ ရရန်ပိုင်ခွင့်များကို အသိအမှတ် မပြုပဲ ထားရန်၊ ဂျာမနီနှင့် စီးပွားရေးအရ ဆက်ဆံမှု မပြုရန်နှင့် နယူးယောက် ဘဏ်ခွဲတွင်ရှိ စာရင်းရှင်များ၏ အမည်များကို ဖော်ထုတ်ပေးရန်တို့ ဖြစ်သည်။

ယင်းသဘောတူညီချက်များ မရမီပင် စစ်ကြီးမှာ ပြီးသွားသည်။ ထိုအချိန်တွင် ဘဏ္ဍာရေးဆိုင်ရာ စုံစမ်းရေးပုဂ္ဂိုလ်များသည်လည်း ဂျာမနီနိုင်ငံ တနိုင်ငံလုံးသို့ အနှံ့ စုံစမ်း၍ ဂျာမန်ဘဏ်တာဝန်ခံများထံမှ ဝန်ခံဖွင့်ဟချက်များ ရရှိခဲ့သည်။ ယင်းနှစ်အကုန်ပိုင်းလောက်တွင် ဆွစ်ဇာလန်နိုင်ငံကဂျာမနီတို့၏ ရရန်ပိုင်ခွင့်များ သန်း ၂၅၀ ခန့်သာ ရှိပါသည်ဟု ကြေငြာသည်။ သို့ရာတွင် အမေရိကန် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ စုံစမ်းသိရှိသည်မှာ သန်းတထောင်နီးပါးခန့် ရှိသည်ဟူ၍ ဖြစ်သည်။

ယင်းကဲ့သို့ ဆွစ်တို့အား ''လူလိမ်တွေ''ဟု ခေါ်လိုက်ခြင်းသည် သေနတ်ခလုတ်ကို နှိပ်လိုက်သကဲ့သို့ ရှိသည်။ ဂျာမအတွက် အထူးဖွဲ့စည်းထားသော အင်အားကြီးလေးနိုင်ငံ မဟာ



မိတ် ကွပ်ကဲရေးကောင်စီက ပြည်သူ့ဥပဒေ ပုဒ်မ ၅ ကို ထုတ်ပြန်သည်။ ယင်းပုဒ်မအရ ကမ္ဘာပေါ်တွင် မည်သည့်နေရာတွင်မဆို ဂျာမန်ပိုင် ရပိုင်ခွင့်များရှိပါက ဖမ်းဆီးသိမ်းပိုက်မည် ဖြစ်သည်။

ယင်းဥပဒေသည် နိုင်ငံတကာဥပဒေတွင် မည်သို့ပင် ခိုင်မာသည်ဆိုစေဦး၊ ယင်းကြောင့် ဆွစ်ဇာလန်သည် အမေရိကန်တို့ကို ဆန့်ကျင်ခဲ့လေသည်။ ယင်းတို့က ပြည်သူ့ဥပဒေ ပုဒ်မ ၅ သည် မိမိတို့၏ အချုပ်အချာအာဏာကို ရည်ရွယ်တိုက်ခိုက်ခြင်း ဖြစ်သည်ဟု ဆိုသည်။ သူတို့တွေးသည်မှာလည်း မှန်ပေသည်။

ဆွစ်တို့က မိမိတို့သည် ဆွစ်ဥပဒေကို ချိုးဖောက်ပြီးလျှို့ဝှက်မှုကို ဖောက်ဖျက်မည်မဟုတ်ဟုမဆိုလိုပါဟု ဆိုသည်။ ယင်းတို့သည် ပြင်သစ်မှ လုယက်လာသော ရွှေများကိုလည်းကောင်း၊ နာဇီပိုလ်ချုပ် ဟားမန်း ဂိုအားရင်း၏ အဖိုးတန် ပန်းချီကားများနှင့် ငွေဒေါ်လာ ၉ သန်းကိုလည်းကောင်း ရှာဖွေ ပြန်ပေးခဲ့သည်မဟုတ်ပါလားဟု ထောက်ပြသည်။

ဆွစ်ဇာလန်ဥပဒေသည် ခိုးမှုကို ဆန့်ကျင်သည်။ လျှို့ဝှက်မှုသည်လည်း သူခိုးကို အကာအကွယ်ပေးမည် မဟုတ်ချေ။ သို့ရာတွင် ယခုကဲ့သို့ ပိတ်ဆို့တားမြစ်ခံထားရသော ဂျာမန်ရပိုင်ခွင့်များသည် ရာဇဝတ်မှု ကျူးလွန်ထားသော ငွေများ မဟုတ်ပါ။ ယင်းတို့သည် ဆွစ်တို့ကို ယုံကြည်စိတ်ချစွာ အပ်နှံထားသော ပုဂ္ဂိုလ်တို့၏ တရားသော ငွေများဖြစ်သည်ဟု ဆိုသည်။

ဆွစ်ဇာလန်အဖို့ ပို၍ ခံပြင်းသည်မှာ ဟစ်တလာ ဂက်ဆတာပိုတို့ လျှို့ဝှက်မှုကို ဖောက်ထွင်းရန် ကြိုးစားစဉ်က အောင်မြင်စွာ

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်နိုင်ခဲ့သော်လည်း သည်တခါ အလျှော့ပေးရမလို ဖြစ်နေခြင်းပင် ဖြစ်သည်။

ဆွစ်ဇာလန် ဘဏ်ကလည်း နည်းအမျိုးမျိုးဖြင့် ညှိနှိုင်းရန်ကြိုးစားသည်။ အမေရိကန်ကလည်း ပွယ်ချနေသည်။ အခြေအနေမှာ ပိုမို ဆိုးရွားလာသည်။ ဆွစ်တို့မှာလည်း အလော စိတ်ပျက်နေသည်။ အမေရိကန်သည် ဥရောပကို ပြန်လည်ထူ ဖတ်ဆည်နိုင်ရေးအတွက် အဓိကအင်အားတခု ဖြစ်နေသည်။ ထို့ပြင် အမေရိကန်သည်ပင် ဆွစ်ဇာလန်၏ လျှို့ဝှက်မှုကို ဖောက်မည့်သူ ဖြစ်သည်။ သို့ဖြင့် ဆွစ်ဇာလန်၏ အဓိက အကျိုးစီးပွားလည်း ပျက်စီးရတော့သည်။

၁၉၄၆ ခုနှစ်တွင် ဆွစ်တို့သည် ဝါရှင်တန်မြို့သို့ ရောက်လာသည်။ အလျှော့ပေးရန်လည်း အသင့်ပြင်လာခဲ့သည်။ သို့သော်တွင်ကံအားလျော်စွာ အမေရိကန် အစိုးရအတွင်း အပြောင်းအလဲများဖြစ်နေလေသည်။ သမ္မတသစ် ထရူးမင်းသည် ယခင်လူဟောင်းအများအပြားကို ပြောင်းလဲပစ်လိုက်သည်။ ယင်းလူသစ်အများစုသည် ဂျာမနီနိုင်ငံ စက်မှုလက်မှုပြန်လည် ထူထောင်ရေးကို သိပ်စိတ်ပူကြသူများမဟုတ်ကြချေ။ ထို့ကြောင့် အမေရိကန်နှင့် ဆွစ်ဇာလန် နှစ်နိုင်ငံတို့ သဘောတူညီချက်တရပ်ကို ချမှတ်နိုင်လေသည်။ သို့ရာတွင် ဆွစ်တို့သည် ဂျာမန်ပိုင် စာရင်းများကို ထုတ်ဖော်ပေးပြီး အမေရိကန်တို့အား အပ်ရမည်ဖြစ်သည်။ ယင်းသည် ဆွစ်ဇာလန်သမိုင်းတွင် ပထမဦးဆုံးသော လျှို့ဝှက်မှု ဖော်ထုတ်ရခြင်း ဖြစ်သည်။

နောက်ဆုံးတွင် ဂျာမန်တို့၏ စာရင်းများကို ဖော်ထုတ်အပ်လိုက်ရခြင်းဖြင့် နာကျည်းဖွယ်အဖြစ်မှာ အဆုံးသပ်ခဲ့ရသည်။ ထို့နောက် အမေရိကန်သည် နောက်ထပ် စစ်တခုအတွက် ရင်ဆိုင်ရပြန်သည်။ သည်တခါတွင်မူ စစ်မှာ စစ်အေးဖြစ်သည်။

ဆွစ်ဇာလန်သည် ဂျာမန်တို့၏ ရပိုင်ခွင့် စာရင်းများကို စစ်ဆေး၍ ထိုရပိုင်ခွင့်များမှ ရှိသမျှ ငွေများကို ပိုင်ရှင်ဂျာမန်တို့အား ပြန်ပေးရာတွင် တပြားမကျန် ပေးပြီး မပြီးကို ပြန်စစ်နေသည်။ မိမိတို့အဖို့ ဤနည်းသည်သာလျှင် အရှက်ပြေဆုံးဖြစ်သည်။

ထို့နောက် ၁၉၄၆ ခုနှစ်တွင် ပြဿနာများမှာ ကျန်နေသေးသည်။ ဆွစ်ဇာလန်သည် အင်အားကြီးတို့၏ ဝိုင်းဝန်းအကြပ်ကိုင်မှုကို ခံလိုက်ရသည်ဖြစ်သော်လည်း အရှုံးထဲမှ အမြတ်ပြန်ရရန်ကြိုးစားပြန်သည်။

လျှို့ဝှက်မှုကို ပိုမိုတင်းကြပ်အောင်လုပ်သည်။ ဂျာမန် စာရင်းရှင်များကိုလည်း (စာရင်း ပေါက်ကြားမှုအတွက်) နစ်နာကြေးများ ပေးသည်။ ဤသို့ဖြင့် ဆွစ်ဇာလန် ဘဏ်တို့သည် သိက္ခာ ပြန်ဆည်နိုင်ခဲ့သည်။ ပြည်သူတို့၏ ယုံကြည်အားထားမှုကိုလည်း ပြန်လည်ရရှိအောင် လုပ်နိုင်ခဲ့သည်။

နောက် နှစ်နှစ်လောက်အတွင်းမှာပင် နောက်မော်ဂန်သော်ဘဲ ဆွစ်ဇာလန်ဘဏ် လျှို့ဝှက်မှုများကို ထိုးဖောက်ရန်ပေါ်လာပြန်သည်။

ထို ဆောဘတ်မော်ဂန်သော် ရှစ်နှစ်ခန့် အစိုးရရှေ့နေအဖြစ် လုပ်နေစဉ် သူနှင့် သူ၏ဝန်ထမ်းများသည် ငွေကြေးလောကရှိ အကောက်ကြံ လှည့်ဖျားသူများအပေါ် တရားဥပဒေဖြင့် ဖော်



www.burmeseclassic.com

www.burmeseclassic.com





ထုတ် အောင်နိုင်ခဲ့သည့် မှတ်တမ်း မှတ်ရာများကို စုဆော
နိုင်ခဲ့သည်။

ရောဘတ် မော်ဂန်သော်ကို အများက လေးစား အထ
ကြီးကြသည်။ အကြောင်းမှာ ဒုစရိုက် ဂိုဏ်းဝင်များကို
သည့် တဦးတည်းသော အမေရိကန် ရှေ့နေဖြစ်သောကြော
ဖြစ်ဟန်တူသည်။

ဒီမော်ဂန်သော်သည် ဂိုဏ်းဖြင့် ဒုစရိုက်လုပ်သည့်အမှုဆိုလျှ
တဦးချင်း လုပ်သည့်အမှုထက် ပို၍ တိကျစွာ စစ်ဆေးသည်။
အကြောင်းကြောင့်နှင့်ပင် မော်ဂန်သော်၏ အောင်မြင်မှု
ပို၍ ထူးခြားနေရခြင်း ဖြစ်ပေသည်။

× × ×

အမေရိကန်နိုင်ငံတွင် သေရည် ဒေါ်လာ ၂၀၀ ဖိုး အ
တရားမဝင် သိုလှောင်သူအပေါ် အပြစ်ပေးရသည့် ထုံး
ရာစု နှစ်ပေါင်းများစွာ တည်ရှိနေပေသည်။ ထိုလူကို ထော
ချသည်လည်း ရှိခဲ့သည်။ လမ်းပေါ်တွင်ပင် ပစ်သတ်လိုက်သ
လည်း ရှိခဲ့သည်။ သို့ရာတွင် ဂိုဏ်းဖြင့်ကျူးလွန်သော ဒုစ
မှုများကိုမူ ဤသို့မဟုတ်ချေ။ ယင်းတို့၏ လှုပ်ရှားမှုများက
အရာရှိများက စိတ်ဝင်စားခြင်းမရှိ။ စိတ်ဝင်စားလျှင်သော
မေးမြန်း စုံစမ်းခဲလှသည်။ မေးမြန်း စုံစမ်းမိ၍ မသက်သ
ဘစုံတရာ ပြောမိလျှင်လည်း ဖမ်း၍ စွဲချက်တင်သည့် အ
ခလောက်သာ ရှိခဲ့သည်။

ယင်းတို့ကို စစ်ဆေးလျှင်လည်း အပြစ်ပေးလောက်အောင်
က်သေ အထောက်အထား ခိုင်လုံလှသည် သိပ်မရှိချေ။ ဤ
ဲ့သို့ ဖြစ်တတ်လွန်းသဖြင့် တရားခွင်တင်စစ်သည်လည်း သိပ်
ရှိတော့ချေ။

ရှားရှားပါးပါး တရားခွင် တင်စစ်လျှင်သော်မှ အပြစ်တွေ့
လှသည်။ အပြစ်တွေ့လျှင်လည်း နှစ်ပေါင်းများစွာ ထောင်
ကျအောင် လွတ်နိုင်သည့်နည်းများ ရှိသည်။ ထို့ကြောင့်
ထောင်ကျလျှင်ပင် ခဏသာဖြစ်သည်။

ထို့ပြင် ယင်းသို့ ခဏမျှ ထောင်ကျလျှင်ပင် ရက်မစေ့မီ
တန်ကြာက ပြန်လွတ်နေတတ်သည်။ နောက်ဆုံး အိမ်ဖြူ
ော်(သမ္မတ)၏ အမိန့်ဖြင့်ဖြစ်စေ လွတ်သွားတတ်သည်။

ယင်းကဲ့သို့ တဦးချင်း ဒုစရိုက်မှု ကျူးလွန်သူမှာ ချက်
င်း စီရင်ချက်ချခံရပြီး ကြီးလေးသောပြစ်ဒဏ် ခံရသော်လည်း
ဏ်းဖွဲ့၍လုပ်သော ဒုစရိုက်မှုများမှာ အဖမ်းမခံရခြင်း၊ အဖမ်း
ကလည်း ပြစ်ဒဏ်နည်းရခြင်းမှာ အကြောင်းရင်း များစွာရှိ
ည်။ ယင်းတို့အနက် ငွေသည် အကြောင်းရင်းတခုဖြစ်သည်။
ရိုက်ဂိုဏ်းတို့တွင် လာဘ်ထိုးရန်နှင့် အကောင်းစား ရှေ့နေ
ငှားရန် ငွေ အသင့်ရှိနေသည်။ မိမိ၏ လွတ်မြောက်မှု အတွက်
ကို မနှမြောတတ်ချေ။

နောက် အကြောင်းရင်းတခုမှာ ယင်း ဂိုဏ်းဖွဲ့၍လုပ်သော
ရိုက်မှုများကို သိရန် ခက်သောကြောင့် ဖြစ်သည်။ ယင်းတို့
သည် ကော်ပိုရေးရှင်း အမည်တု၊ လမ်း အမည်တုများ သုံး၍
င်းကောင်း၊ အမည်မပါသော စာရင်းဖွင့်၍လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆွစ်ဇာလန်ဘဏ်တွင် ငွေသွင်းကာ အမျိုးမျိုး ဖုံးကွယ်ထားနိုင်ကြလေသည်။

တတိယအကြောင်းရင်းမှာ ဒုစရိုက်ကောင်သည် ဆင်ဒီကိတ်ကြီးတခု၏ အဖွဲ့ဝင်တဦးဖြစ်ခဲ့လျှင် ယင်း၏အမှုအတွက် သက်သေလိုက်ပေးမည့်ပုဂ္ဂိုလ် ရှာမရနိုင်ခြင်းဖြစ်သည်။ ဒုစရိုက်ဂိုဏ်းများသည် သစ္စာရှိမှုနှင့် မပေါက်ကြားရန် ထိန်းသိမ်းမှုတို့၏ တန်ဖိုးကို သင်ကြား လေ့ကျင့်ပေးရာတွင် ကျော်ကြားလှသည်။

အခိက အကျဆုံးအချက်မှာ အမေရိကန်တို့သည် ဂိုဏ်းဖြင့်လုပ်သော ဒုစရိုက်မှုကို ဒုစရိုက်မှုဟု မထင်ကြခြင်းဖြစ်သည်။

စီးပွားရေး ဒုစရိုက်မှုတွင် အဘယ်ကြောင့် ဒုစရိုက်ကောင်များကို တဦးချင်း အကုန်လုံး မဖော်ထုတ်ရသနည်း။ စီးပွားရေး ဒုစရိုက်မှုအတွက် နာမည်ပျက်နေသော ကော်ပိုရေးရှင်းကြီးများမှ အဖွဲ့ဝင်များ ထောင်နန်း စံကြရသည်မှာ မှန်၏။ သို့ရာတွင် ယင်း ဒုစရိုက်မှုကို လူထုမျက်စိတွင် ကြာရှည်စွာ ဒုစရိုက်မှုဟု မမြင်တတ်ကြချေ။

ရောဘတ်မော်ဂန်သော်ကမူ ထိုသို့ မဟုတ်ချေ။ သူသည် စီးပွားရေးပုဂ္ဂိုလ် အကျော်အမော်များ၊ အခြား စီးပွားရေး ကုမ္ပဏီ ကိုယ်စားလှယ်ကြီးများ၊ အလွတ် ရှေ့နေများ၊ ပွဲစားများ၊ စာရင်းကိုင်များနိုင်ငံရေးလောကမှ ထင်ရှားသည့်ပုဂ္ဂိုလ်များကို မြေလှန် အရေးယူခဲ့သည်။

မော်ဂန်သော်နှင့်ယင်း၏ရုံးအဖွဲ့သည်နယူးယော့စီနယ်တဝိုက်ရှိ မာဖီးယား ဂိုဏ်းကြီးနှစ်ဂိုဏ်းကို ပြိုကွဲအောင် လုပ်ခဲ့သည်။ ဖြစ်ပျက်ပုံမှာ မာဖီးယား ဂိုဏ်းကြီးတခု၏ ဂိုဏ်း ခေါင်း ဆောင် ဂျိုးဇက်ဘိုနန်နိုကို မော်ဂန်သော်က စုံစမ်းမှုပြုနေစဉ် ထိုပုဂ္ဂိုလ်



မှာ ပြန်ပေးဆွဲခံသွားရသည်။ ထိုအခါ ယင်းကိုဆက်ခံသူ ဂက်လါဒီဂရီဂေါ်ရီဆိုသူမှာ မော်ဂန်သော်၏ စုံစမ်းမှုကို မရှောင်သာ မတိမ်းသာအောင် ဖြစ်နေရသည်။ ထိုအခါ ဂိုဏ်းမှ ပေါစယက်ကာဆိုသူကို ထပ်မံ ရွေးတင်ရပြန်သည်။ ယင်း ပုဂ္ဂိုလ်ကို ရွေးမှုအတွက် အချင်းချင်း မကျေမနပ်ဖြစ်ကာ ဂိုဏ်းကြီး တခုလုံး ဖရိုဖရဲ ဖြစ်သွားရသည်။

နောက်တဂိုဏ်းမှာ ဤသို့ဖြစ်၏။ မော်ဂန်သော်၏ အဖွဲ့သည် သာမတ်လူချီရှီခေါ် ယင်း ဂိုဏ်း၏ ခေါင်းဆောင်ကို စုံစမ်းနေစဉ် ယင်းခေါင်းဆောင်မှာ ရုတ်တရက် သေဆုံးသွားသည်။ ထိုအခါ ယင်းအတွက် ဆက်ခံမည့်သူရွေးယင်း အချင်းချင်း ကွဲကာ ခေါင်းဆောင်သစ်တင်၍ မရနိုင်လောက်အောင် ဖြစ်ပြီး ဂိုဏ်းမှာလည်း ဖရိုဖရဲဖြစ်သွားခဲ့သည်။

ယင်း ဂိုဏ်းနှစ်ခုလုံးမှာ အုပ်စုများကွဲသွားပြီး ဂယ်လိုခေါ် ဂိုဏ်းငယ်တခုနှင့် အကြီးအကျယ် တိုက်ခိုက်ပြီး ကာလိုဂမ်ဘင် ဂိုဏ်းကြီး၏ ဝါးမျိုသိမ်းသွင်းခြင်းကို ခံလိုက်ကြရလေသည်။

ယင်း ဖြိုခွဲနည်းဖြင့် တရားစွဲဆို ရုံးတင်ရန်မလိုပဲ မာဖီးယား ဂိုဏ်းကြီးသုံးဂိုဏ်းကို ပြိုကွဲစေနိုင်ခဲ့သည်။

ယင်းကြောင့်ပင် ဆွစ်ဇာလန်ဘဏ်တို့သည် ဒုစရိုက်ဂိုဏ်းများနှင့် စီးပွားရေး မသမာသူများအတွက် တံခါးပိတ်ထားခဲ့ခြင်းဖြစ်ပြီး ယင်းကြောင့်ပင် မော်ဂန်သော် အောင်မြင်ကျော်ကြားခဲ့ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

## ဆွစ်ဇာလန်ဘဏ်လျှို့ဝှက်မှုအကုန်လာခြင်း (၂)

၁၉၆၉ ခုနှစ်တွင် နယူးယောက်တိုင်း သတင်းစာကြီး၏ ဘုရသတင်းထောက် နေးလ်ရှီဟန်က အောက်ပါ ခေါင်းစဉ်များဖြင့် ဆောင်းပါးနှစ်ပုဒ်ကို ရေးသားလိုက်သည်။

- အမေရိကန် အများအပြား ဆွစ်ဇာလန်ဘဏ် စာရင်းများဖြင့် လိမ်ညာနေကြပြီ။
- ဆွစ်ဘဏ်၏ အကူအညီဖြင့် မရိုးသားသည့် ဘဏ်စာရင်းများ။

ယင်း ဆောင်းပါးများကို ရေးရန်ဖြစ်လာသည့် အကြောင်းရင်းမှာ နှစ်ပေါင်းများစွာ ပြည်တွင်း ဘဏ်လုပ်ငန်းနှင့် ငွေကြေး ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော တက္ကဆက်နယ် ဒီမိုကရက်တစ်ကိုယ်စားလှယ် ရိုက်ပက်မင်းဆိုသူဖြစ်သည်။ ရှီဟန်၏ ဆောင်းပါးတွင် "ပြည်တွင်း ပြည်ပ ဘဏ်လုပ်ငန်းရှင်များကို အစဉ် စောင့်ကြည့်နေသော ပက်မင်းသည် ကြာသပတေးနေ့မှစ၍ အကြီးအကျယ် စုံစမ်း စစ်ဆေးမှုများ လုပ်တော့မည်"ဟု ဖော်ပြခဲ့သည်။



ထို့အပြင် ရှီဟန်၏ဆောင်းပါးတွင် ယင်းကဲ့သို့ ပက်မင်းက စုံစမ်း ထောက်လှမ်းမှုပြုရအောင် ဖန်တီးသည့် အဓိက ဇာတ်ကောင်မှာ နယူးယောက် တောင်ပိုင်း ခရိုင်၏ အစိုးရရှေ့နေ ရောဘတ်မော်ဂန်သော် ဖြစ်သည်ဟု ဖော်ပြထား၏။

ယင်းမတိုင်မီ ရှစ်နှစ်လုံးလုံး ကြိုးစားချက်အရ သိထားသည်မှာ များစွာသော ဒုစရိုက်ဂိုဏ်းဝင်များ၊ နာမည်ပျက်ရှိသည့် စီးပွားရေး လုပ်ငန်းရှင်များ၊ လူလိမ်လူရှုပ်များ အများအပြားသည် ဆွစ်ဇာလန်ဘဏ်တို့၏ လျှို့ဝှက်မှုကို အကာအကွယ်ပြု၍ မိမိတို့ ငွေမဲများကို သိမ်းဆည်းထားခြင်းဖြင့် စုံစမ်းမရအောင် ဖျောက်ထားနိုင်သည်ဟူ၍ ဖြစ်သည်။

မော်ဂန်သော်၏စုံစမ်းမှုအရစီးပွားရေးသမားမျိုးစုံ အပျော်တမ်း ပန်းချီဆရာမှသည် ဒေါ်လာသန်းပေါင်း ၁,၅၀၀ ရင်းနှီး၍ လုပ်ကိုင်နေသော ကော်ပိုရေးရှင်း ဥက္ကဋ္ဌများအထိ ယင်းအမှုမျိုးကို ပြုလုပ်ကြသည် ဆို၏။ ယင်း ဒုစရိုက်မှုအတွက် အကောင်းဆုံး ဥပမာမှာ မက်အော်ဗစ် အမှုပင်ဖြစ်သည်။

အော်ဗစ်သည် နယူးယောက်နှင့် ဖလော်ရီဒါတွင် အလွန်ဩဇာရှိသော စီးပွားရေးသမားတဦး ဖြစ်သည်။ ၁၉၆၀ခုနှစ်လောက်က၍ ဒုစရိုက်မှု စုံစမ်းရေးဆိုင်ရာ တာဝန်ရှိတို့ သူ့အား မျက်စိကျခဲ့သည်။ ထိုအချိန်တွင် လူချက်စလာဆိုသူသည် အော်ဗစ်နှင့် စီးပွားရေးကိုအကြောင်းပြု၍ ဆက်သွယ်မိသည်။

ချက်စလာသည် အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ(ဂျီဒီ စီ)အမည်ဖြင့် ကုမ္ပဏီတခုထောင်၍ အိမ်များဆောက်ကာ အရစ်သွင်းစနစ်ဖြင့် ရောင်းသည်။ ယင်း ရှယ်ယာဝင်တဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



မာဖီးယားဂိုဏ်းတဂိုဏ်း၏ခေါင်းဆောင် မိုက်ကယ် ကော်ပိုလာ ဆိုသူလည်း ပါသည်။

ချက်စလာ၏ အခြား ရှယ်ယာဝင်များမှာ စာအုပ်ထုတ်ဝေသူ သဌေးကြီး ဂါဒနာကောင်ဝဲလ်စ်နှင့် မက်အော်ဗင်တို့လည်း ပါသည်။ ယင်းတို့တွင် အော်ဗစ်သည် ကုမ္ပဏီ၏ စတော့ဒေါ်လာ ငါးသိန်းဖိုးခန့်ကို ဝယ်ယူထားပြီး ကုမ္ပဏီ၏ ဒါရိုက်တာနှင့် ဘဏ္ဍာထိန်းအဖြစ်လည်း ဆောင်ရွက်နေသည်။

မက်အော်ဗစ်သည် တခုတည်းနှင့်မကျေနပ်။ အခြားကုမ္ပဏီကြီး ၄ ခုတွင်လည်း အဓိကအခန်းမှ ပါဝင်နေသည်။ ဖလော်ရီဒါ လျှပ်စစ် ဓာတ်အားပေး ကုမ္ပဏီတွင် ဒါရိုက်တာအဖြစ်လည်းကောင်း၊ ဘဏ်နှစ်ခုတွင် ဘုတ်အဖွဲ့လူကြီးအဖြစ် လည်းကောင်း၊ မီယာမီတက္ကသိုလ်တွင် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်နေသည်။

အမေရိကန်ရှိ ငွေကြေးဆိုင်ရာ လဲလှယ်မှုကော်မရှင်၏ တင်းကြပ်သော ဥပဒေများအရ "အတွင်းလူ" ဟုခေါ်သော ကော်ပိုရေးရှင်းကြီးများ၏ ဒါရိုက်တာနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား မိမိတို့၏ကုမ္ပဏီမှ စတော့များကို ရောင်းဝယ်မှုပြုရာတွင် တင်းကြပ်စွာ ပိတ်ပင်ထားရှိသည်။ ယင်းသို့ ပိတ်ပင်ရသည်မှာ ယင်းတို့သည် ကုမ္ပဏီ၏လျှို့ဝှက်ချက်များကို သိထားရကား ယင်းတို့၏ လွတ်လပ်စွာ ရောင်းဝယ်ခြင်းဖြင့် အားလုံး ကမောက်ကမ ဖြစ်ကုန်ပြီး နောက်ဆုံး ယင်းတို့၏ သက်ဆိုင်ရာကုမ္ပဏီကို အားထားသော ဈေးကွက်ကိုပါ ထိခိုက်လာရသည်အထိ ဖြစ်တတ်သောကြောင့် ဖြစ်သည်။



သို့ဖြစ်စေကာမူ "အတွင်းလူ" များသည် မကြာခဏ ဆိုသလို ထိုဥပဒေကို ချိုးဖောက်တတ်လေသည်။ စတော့ဈေးကွက်တွင် စတော့ဝယ်သူတို့သည် ယင်းကဲ့သို့ တိတ်တိတ်ပုန်းရောင်းသော စတော့များကို အယုံအကြည်မရှိလှပေ။

အော်ဗစ်သည် ဂျီ ဒီ စီ ကုမ္ပဏီမှ မိမိဝယ်ယူထားသော ဒေါ်လာ ၂၅၀,၀၀၀ ဖိုးထဲမှ တဝက်ကို ပြန်ရောင်းရန် ဆုံးဖြတ်သည်။ ငွေကြေးဆိုင်ရာ လဲလှယ်မှုကော်မရှင်၏ ဥပဒေအရ သူသည် ထိုအချိန်တွင် ရောင်း၍မရပေ။ ထို့ကြောင့် နောက်ဖေးတံခါးမှ လှည့်ထုတ်ခဲ့သည်။ သူသည် ယင်းရှယ်ယာများကို ဆွစ်ဇာလန်၏ ပြည်ထောင်စုဘဏ်တွင် ပိုင်ရှင်အမည်မဲ့သွင်းပြီး စာရင်းဖွင့်ထားသည်။

နောက်ပိုင်းတွင် ယင်းရှယ်ယာများကို အသားတင်အမြတ် ဒေါ်လာတသိန်းဖြင့် ဘဏ်မှ ရောင်းပေးသည်။ ယင်းကဲ့သို့ ဥပဒေ ချိုးဖောက်မှုဖြင့် အော်ဗစ်ကို ငွေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်လေသည်။ ဒါမျိုးကိုလည်း လူတရာတွင် တယောက်လောက်သာမိပြီး အော်ဗစ်နှင့် အခြား အနည်းငယ်လောက်သာ ပြစ်မှုကို ထင်ထင်ရှားရှား တွေ့ခဲ့ရသည်။

အော်ဗစ်ကို ဖမ်းရာတွင်လည်း သာမန် ရောင်းဝယ်မှုထက် အနည်းငယ်များသောသော အမှုဖြင့် ဖမ်းခဲ့ခြင်းဖြစ်သည်။ ငွေကြေးဆိုင်ရာ လဲလှယ်မှုကော်မရှင် ဥပဒေကလည်း စတော့ဝယ်သူများအား စတော့ကို အကြွေးမဝယ်ရဟု သတ်မှတ်သည်အထိ ရှိသည်။ အကယ်၍ ဝယ်မိလျှင် ဝယ်သူရောင်းသူပါ ထောင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွစ်ဇာလန်တွင် ထိုဥပဒေမျိုးမရှိ။ ဆွစ်ဘဏ်တို့သည်စတော့တန်ဖိုး၏ ၉၃ ရာနှုန်း အထိ အကြွေးစနစ်ဖြင့်ပေးသည်။ ယင်းအပေါ် ၁၀ မှ ၈၂ ရာနှုန်းအထိ အတိုးတင်သည်။

စတော့ဝယ်ရာတွင် ဘဏ်၏အမည်ကိုသုံးပေးခြင်းဖြင့် ဝယ်သူကို အကာအကွယ် ပေးထားသည်။ ထိုနည်းတူစွာ သူတို့ဖောက်သည်တို့လည်း အကာအကွယ်ပြုသည်။ အကယ်၍ စတော့မှာဈေး ဖြုန်းကနဲကျသွားလျှင် ပိုင်ရှင်၏ သဘောတူညီချက်မရှိပဲနှင့် ရောင်းပစ်ပြီး မိမိတို့အရှုံးကို ဖြတ်ယူထားလိုက်သည်။

ဤအမှုမျိုးဖြင့် မော်ဂန်သော်သည် ဆွစ်ဘဏ်လျှို့ဝှက်မှုများ စီးပွားရေး ဒုစရိုက်မှုကြီး အမြောက်အမြားကို အကာအကွယ် ပေးထားသည်ဟု ယုံကြည်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့နောက် မော်ဂန်သော်ကပင် ပက်မင်းဆီသွားလေသလော၊ ပက်မင်းကပင် မော်ဂန်သော်ဆီသွားလေသလော မပြောတတ်ပေ။

သို့ရာတွင် ယင်းတို့နှစ်ဦး တွေ့ပြီးနောက် ဆွစ်ဇာလန် လျှို့ဝှက်မှုတံခါးကိုဖွင့်ရန် လိုလားသူ မလိုလားသူများ ကွဲကွဲပြားပြား သိလာရမည့် အဖြစ်အပျက်များ ပေါ်လာတော့သည်။

ကွန်ဂရက်တွင်တင်သွင်းမည့် ပက်မင်း၏ ဥပဒေ ကြမ်းသည် ဆွစ်ဇာလန် လျှို့ဝှက်မှုတံခါးကို လှစ်ကြည့်နိုင်ရန် အမေရိကန် ခေါင်းဆောင်များကို အထောက်အကူဖြစ်စေမည် ဖြစ်ပေသည်။ ယင်း တင်သွင်းသော ဥပဒေကြမ်းအရ အမေရိကန် နိုင်ငံသားတဦးအနေဖြင့် ပြည်ပတွင် လျှို့ဝှက် ဘဏ်စာရင်း ဖွင့်ခြင်းကိုလည်းကောင်း၊ ဝ.ကြိမ်လျှင်ဒေါ်လာ ၅,၀၀၀ထက်ပို၍ ပြည်ပသို့ ယူဆောင်ခြင်းကိုလည်းကောင်း၊ တနှစ်အတွင်း ဒေါ်လာ



ဘသောင်း ယူဆောင်ခြင်းကိုလည်းကောင်း ပိတ်ပင် အရေးယူမည်ဖြစ်သည်။

ယင်း ဥပဒေကြမ်းအရ အဆိုပါပြစ်မှုမျိုး ကျူးလွန်သူကို ဘဏ္ဍာရေးဌာနမှ တရားရုံးဖွဲ့ စစ်ဆေး အပြစ်ပေးနိုင်မည် ဖြစ်သည်။ ယင်းဥပဒေအရ အမေရိကန် အစိုးရရှေ့နေများအနေဖြင့် သက်သေမရှိသော်လည်း ကိုယ်တိုင် စုံစမ်းစစ်ဆေး အပြစ်ပေးခွင့်များ ရရှိနိုင်မည်ဖြစ်သည်။

ပြစ်ဒဏ်များ အနေဖြင့်လည်း ငွေဒဏ် ဒေါ်လာငါးသိန်းမှ ထောင်ဒဏ် ငါးနှစ်အထိ ရှိလာမည်ဖြစ်သည်။

တကယ်တမ်း တရားဝင်မှာမူ ယင်းဥပဒေများသည် အသုံးမဝင်လှပေ။ ဥပဒေကို ချိုးဖောက်သူများကို ရှာဖွေအရေးယူရာတွင် အဆို့အပိတ် မရှိလှ။ ဥပဒေကြမ်းအရ အမေရိကန်ရှိ ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဌာနများသည် ငွေကြေး အဝင်အထွက်မှန်သမျှကို အတိအကျ စာရင်းပြုစု၍ ထားရမည် ဆို၏။ တဖန် အကယ်၍ ယင်းစာရင်းများတွင် အတိအကျပြုစုထား၍ ဥပဒေချိုးဖောက်သူများကို တွေ့လျှင် ယင်းဘဏ်နှင့် ငွေကြေးဆိုင်ရာ ဌာနများကို အရေးယူခံရဦးမည် ဆို၏။

ဤသို့ဆိုလျှင် ပက်မင်း၏ ဥပဒေကြမ်းသည် အခွန်ဥပဒေနှင့် လုံခြုံရေးဥပဒေ ချိုးဖောက်သူများကို နှိမ်နင်းရာတွင် အောင်မြင်ဖွယ် မရှိနိုင်သေးပေ။

၁၉၆၉ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပက်မင်းက ကြားနာစစ်ဆေးမှုများလုပ်သည်။ ဤတွင် မော်ဂန်သော်သည် အဓိက သက်သေဖြစ်သည်။ သူနှင့်အတူ ယခင်က ဆွစ်ဇာလန်

www.burmeseclassic.com

www.burmeseclassic.com



ဘဏ်များအား စုံစမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ပီယာလီဗယ်လည်း ပါ သည်၊ အမှုအားလုံးကို စိစစ်ကြည့်သည်။ မော်ဂန်သော်က

"ကျုပ်တို့ စွဲချက်တင်တဲ့ အမှုအားလုံးအနက် အမှု ခြောက်ခုဟာ သတင်းအတိအကျ 'ရရှိခဲ့ပေမယ့် စွဲချက် တင်လို့ မရခဲ့ဘူး၊ တခြား ထောင်ပေါင်း များစွာသော အမှုတွေဆိုယင်စုံစမ်းလို့တောင် မရခဲ့ဘူး"ဟု တင်ပြခဲ့သည်။

ထို့နောက် သူက အမေရိကန်ဘဏ်များကို 'စွပ်စွဲ' ရာတွင် တရားဥပဒေဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များအတွက် စိတ်ညစ် နေရသည်မှာ ဆွစ်ဇာလန်တွင် ဘဏ်ခွဲဖွင့်ထားသော အမေရိ ကန် ဘဏ်တို့သည် မိမိတို့ကို ဆွဲစ်ဇာလန် လျှို့ဝှက်မှုစနစ်က ကာကွယ်ပေးထားသဖြင့် အမေရိကန် တာဝန်ရှိတို့ စုံစမ်းမရနိုင် ဟု သွေးကြီးနေကြခြင်းပင် ဖြစ်သည်ဟု ဆို၏။

များမကြာမီက အမေရိကန်၏ ပထမ အမျိုးသားမြို့တော် ဘဏ်ကြီးသည် မိမိတို့၏ ဒေါ်လာ ၂၆၀,၀၀၀ တန် သွင်းငွေ လက်မှတ် တခုအား အစိုးရက ဖော် ထုတ် ရန် ကြိုးစားမှု အောင်မြင်စွာ ကာကွယ်နိုင်ခဲ့သည်။ ယင်းသွင်း ငွေလက်မှတ်မှာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ယင်းဘဏ်ကြီး၏ ဘဏ်ခွဲမှတဆင့် အမေရိကန်တဦးသို့ ရောင်းလိုက်ခြင်း ဖြစ်သည်။ ယင်းနှင့်ပတ် သက်၍ မော်ဂန်သော်က

"ဒီကိစ္စဟာ အတော်ကို ဆိုးရွားတာပဲ၊ အမေရိကန် တဦးဟာ ပြည်ပမှာ ဘဏ်ခွဲတခုဖွင့်ပြီး အဲဒီဘဏ်ခွဲက ရရှိနေ တဲ့ လုပ်ပိုင်ခွင့်တွေကို ကျုပ်တို့ရဲ့ ဥပဒေတွေ ချိုးဖောက်နေ



တဲ့ အမေရိကန် နိုင်ငံသားတွေကို ငှားတယ်၊ နောက်ပြီး အဲဒီမှတ်တမ်းတွေကို ပြဖို့ကျတော့ အခြားနိုင်ငံရဲ့ ဥပဒေကို ဖောက်ဖျက်ရာကျမှာစိုးလို့ ဆိုပြီး ထုတ်မပြကြဘူး" ဟု ဆို လေသည်။

တိတိကျကျဆိုလျှင်မော်ဂန်သော်၏လုပ်ဆောင်ချက်ကြောင့် အကောင် အကြီးစားများကိုပါ ရိုက်ခတ်ခဲ့ရသည်။ ယင်းတို့ အနက် သူတကာထက် အန္တရာယ်ကြီးလှသော အကောင်ကြီး တကောင် ပါလာသည်။

ထိုစဉ်က ပက်မင်း၏ ကြားနာစစ်ဆေးမှု၏ နိဂုံး ပိုင်းတွင် တရားရေးဌာန၊ ရာဇဝတ်မှု ဌာနခွဲ၏ အကြီးအကဲဖြစ်သူ ဝီလ် အာရ်ဝီလ်ဆင်က ဖြောင့်ချက်ပေး အစစ်ခံချက်ဖြင့် အဆုံးသတ် သည်။ ယင်းက အမေရိကန်စာတိုက်များသည် ဆွစ်ဇာလန်နှင့် စာ အဆက်အသွယ်ရှိနေသော အမေရိကန်များကို လျှို့ဝှက် စုံ စမ်းမှုများ ပြုခဲ့ပါသည်ဟု ဆို၏။ ယင်းလုပ်ချပ်သည် ထိုအချိန် တွင် နိုင်ငံသားများအပေါ် မတရား နိုင်ထက်ကလူ ပြုမှုအဖြစ် ယူဆကြရာ အိမ်ဖြူတော်ဘဏ်နှင့် ငွေခကြေးကော်မတီမှ ပုဂ္ဂိုလ် များက ဖေးမကူညီ ပြောဆိုခြင်း မရှိခဲ့ကြချေ။

၁၉၇၁ ခုနှစ် နွေရာသီမတိုင်မီပင် လက်ထောက်ရှေ့နေချုပ် ဝီလ်ဆင်မှာ ရာဇဝတ်မှုပပျောက်ရေး အကြီးအကဲအဖြစ်မှ နုတ် ထွက်ခဲ့ရပေသည်။

ယင်းကဲ့သို့ ဝီလ်ဆင်နုတ်ထွက်ရခြင်းမှာ ဒေါ်လာတစ်ဒသမ သုံးသန်း ရရှိအောင် ကိုယ်ကျိုးရှာမှုကြောင့်ဖြစ်သည်ဟုဆို၏။ ယင်းငွေမှာ တက္ကဆတ်နယ်မှ စီးပွားရေး ကိုယ်ကျိုးရှာသမား ဖရန့်ရှပ်ဆိုသူအား ကူညီမှုဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝီလ်ဆင်က ရှပ်အား ဘဏ်စည်းမျဉ်းစည်းကမ်းများကို မည်သို့ရှောင်ရှား၍ ကိုယ်ကျိုးရှာနိုင်ပုံကို အကြံပေးခဲ့ရသည်။ နောက်ပိုင်း စုံစမ်းသောအခါ ယင်းအမှုမှာ ထင်ထင်ရှားရှားပေါ်လာတော့သည်။

ယင်းဥပဒေကြမ်းကို နစ်ကဆင်အစိုးရ၏အဖွဲ့က ထောက်ခံကြသည်။ အစိုးရအဖွဲ့အတွင်းမှ တာဝန်ရှိပုဂ္ဂိုလ် အများ အပြားသည် ပက်မင်း ဥပဒေကြမ်းကို ရေးဆွဲရာတွင် ပါဝင်လာကြသည်။

နောက် ခြောက်ရက်အတွင်း ဝါရှင်တန်တွင် အလုပ်များလျက်ရှိနေပေသည်။ အခြား နိုင်ငံများမှ ဘဏ်ကိုယ်စားလှယ်များသည်လည်း ပက်မင်း၏ ဥပဒေကြမ်းအရ စစ်ဆေးခံကြရသည်။

ထိုအချိန်တွင် ပြည်ပဘဏ်များ၊ ပြည်တွင်း နိုင်ငံခြားဘဏ်ခွဲများ၊ အမေရိကန် ဘဏ်အသင်းကြီးနှင့် အခြားဘဏ်နှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်း အသီးသီးတို့သည် အစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး၍ မိမိတို့၏ မကျေနပ်ချက်များကို ဖွင့်ပြကြတော့သည်။ ယင်းတို့အားလုံး အဓိက မကျေနပ်ကြသည်မှာ ယင်းတို့၏ မှတ်စုမှတ်တမ်း ထိန်းသိမ်းရေး လုပ်ငန်းတွင် ပက်မင်း၏ ဥပဒေကြမ်းကြောင့် ဝန်ထုပ်ဝန်ပိုးကြီးတခု အဖြစ် ဖြစ်နေတော့မည် ဖြစ်သောကြောင့်ဟုဆိုသည်။

နောက်ပိုင်း အဖြစ်အပျက်များတွင် အဓိကဇာတ်ကောင်မှာ ယူဂျင်းတီရော့ဆိုက်စ်ခေါ် ဘဏ္ဍာရေးဌာန ဒုဝန်ကြီးဖြစ်သည်။ ယင်းသည် မိမိလိုလားသော ပက်မင်း၏ ဥပဒေကြမ်းကို ကူညီအားပေးသူဖြစ်သည်။



ယင်း ဒီဇင်ဘာလ ၄ ရက်နေ့ ကြားနာစစ်ဆေးမှု ပြုလုပ်နေစဉ် အမေရိကန်ဘဏ်ကြီးများဖြစ်သော အမေရိကားဘဏ်၊ ချေ့စ်မဟတ်တန်၊ ပထမအမျိုးသား မြို့တော်ဘဏ်နှင့် နယူးယောက် ခါတုနဗဒဘဏ် ငွေချေးကုမ္ပဏီတို့မှ ကိုယ်စားလှယ်များသည် ရော့ဆိုက်စ်ကို အရေးမထားကြသေးချေ။ ဘဏ်အားလုံးက ပက်မင်း၏ ဥပဒေ ကြမ်းကို တညီတညွတ် တည်းလက်တွဲတိုက်ကြချိန်ဖြစ်သည်။ ဘဏ်များသည် ရော့ဆိုက်စ်ကိုလည်းကောင်း၊ အခြား ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အခွန် အကောက်ဌာနမှ ကိုယ်စားလှယ်များကိုလည်းကောင်း တွေ့ဆုံ၍ ပက်မင်း ဥပဒေကြမ်းကြောင့် မိမိတို့မှာ အကြပ်အတည်းများ ရှာတွေ့ပြီး အကျိုးစီးပွား ပျက်စီးရတော့မည်ဖြစ်ကြောင်း တင်ပြကြသည်။

နောက် ရက်အနည်းငယ် ကြာသောအခါ ဘဏ်ကိုယ်စားလှယ်များသည် အကြောင်းထူးလိုထူးငြား ရော့ဆိုက်စ်နှင့်သွားတွေ့သည်။ ဤတွင် ယင်းတို့၏ သက်ဆိုင်ရာ အကျိုးဆောင်ရှေ့နေများလည်း ပါလာသည်။

ယင်းတို့ တိတ်တဆိတ် ဆွေးနွေး တွေ့ဆုံနေစဉ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိများကိုလည်း ပြည်ပဘဏ်များက နားပူနားဆာ လုပ်နေကြသည်။ ထို့ကြောင့် နောက်ဆုံးတွင် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပက်မင်းကော်မတီထံ ဥပဒေကြမ်းမှာ မဖြစ်နိုင်သဖြင့် သဘောမတူကြောင်း စာရေးရသည်အထိ ဖြစ်ခဲ့ရသည်။

စာမှာ မပို့ဖြစ်ချေ။ နောက်ပိုင်း သီးခြားဆွေးနွေးမှုများပြီးနောက် ဘဏ္ဍာရေးဌာနသည် အဆိုပါ ဥပဒေကြမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com



အကျိုးပျက်မည့် လက္ခဏာများကို မြင်သဖြင့် မိမိတို့၏ထောက်ခံမှုကို ရုတ်သိမ်းကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တရားရေးဌာနများသို့ အကြောင်းကြားသည်။ ထို့နောက် ယင်းဝန်ကြီးဌာနသုံးခုသည် ယင်းအချက်ကို သဘောတူညီကြပြီး ဆက်လက်ဆောင်ရွက်ရန် ဘဏ္ဍာရေးဌာန တာဝန်ရှိများကို တာဝန်ပေး လွှဲအပ်ထားသည်။

ယင်းတို့ ဆောင်ရွက်ချက်မှာ ဒီဇင်ဘာ ၁၀ ရက်နေ့တွင် လုပ်ဖြစ်ခဲ့သည်။ ဖြစ်ပုံမှာ အခြေအနေကို မသိသေးသော ပက်မင်းသည် ယင်း၏ ဥပဒေကြမ်းနှင့်ပတ်သက်၍ တဖန် ဆွေးနွေးရန် ရော့ဆိုက်စ်နှင့်ယခင်ကဥပဒေကြမ်းကို ထောက်ခံခဲ့သူပြည်တွင်းအခွန်မင်းကြီး ရန်းဒေါ့သရီးဝါးတို့နှင့် တွေ့သည်။ ပက်မင်းသည် မိမိ၏ဥပဒေကြမ်းကို ထောက်ခံမှု ပိုမိုခိုင်မာစွာရရှိ၍ ရှေ့ဆက်လုပ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့သည်။

သို့ရာတွင် ယင်းထင်သလို အဆိုပါပုဂ္ဂိုလ်နှစ်ဦး၏ တုံ့ပြန်မှု မရရှိသောအခါ အံ့ဩသွားခဲ့ရပေသည်။ အဆိုပါ နှစ်ဦးက မိမိတို့သည် ဥပဒေကြမ်း၏ ရည်ရွယ်ချက်ကို သဘောကျသော်လည်း ရည်ရွယ်ချက်မြောက်ရန် မဖြစ်နိုင်သောကြောင့် ကန့်ကွက်ရပါသည်ဟု ပြောကြသည်။

ယခင်က ရော့ဆိုက်စ်နှင့် သရီးဝါးတို့သည် ပက်မင်း၏ဥပဒေကြမ်းကို ထောက်ခံကြောင်း စောစောစီးစီး အကြောင်းကြားခဲ့သူများဖြစ်ရာ ယခုကဲ့သို့ဖြစ်ရသည်မှာ အလွန်အပြောင်းအလဲ မြန်ဆန်လှသည်ဟု မှတ်သားခဲ့ကြရပေသည်။

သရီးဝါးကမူ အခွန် ပေးဆောင်မှု ပျက်ကွက် သူများအား အရေးယူရန် ယင်းဥပဒေကြမ်းကို ပြည်တွင်း အခွန်ဌာန အနေဖြင့် သီးခြားအသုံးချရန် လိုအပ်သည်ဟုဆို၏။ သို့ရာတွင် ဥပဒေကြမ်းပါ နည်းဥပဒေများအရ ဘဏ်များအပေါ် မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုးများ မဖြစ်စေသင့်ဟု ဆို၏။



ရော့ဆိုက်စ်ကမူ ယင်းကိစ္စကို ဆက်လက် ရှင်သန်နေစေရန် အတတ်နိုင်ဆုံး ကြိုးစားသည်။ ဘဏ္ဍာရေး ဌာန အနေ ဖြင့် နောက် ဆောင်းဦးရာသီတွင် ဆွစ်ဇာလန်အစိုးရနှင့် ဆွေးနွေးရန် တင်ပြချက် အသစ်များ ရေးဆွဲမည် ဟုလည်း ပက်မင်းကို ကတိပေးသည်။ ယင်း တင်ပြချက်များသည် ပို၍ အရာရောက်မည်ဟုလည်း ဆိုသည်။ ရည်ရွယ်ချက်ကို ဆောင်ရွက်ရာတွင် အကောင်းဆုံးလမ်းကို ရွေးချယ်ရမည်ဟု ဆို၏။

ထိုအခါ ပက်မင်းသည် ရော့ဆိုက်နှင့် နစ်ကဆင်အစိုးရအား ကွန်ဂရက်ကို ရှေ့ဆိုင်းခြင်းဖြင့် ဥပဒေကြမ်းပါ ရည်ရွယ်ချက်များ မအောင်မြင်အောင်လုပ်သည်ဟု စွပ်စွဲသည်။

အမေရိကန် သတင်းစာ များကလည်း နစ်ကဆင် အစိုးရသည် ဆင်းရဲသားများအပေါ် ဥပဒေဖြင့်နှိပ်ကွပ်ရာတွင် ကြမ်းတမ်းသလောက် ဆွစ်ဇာလန်ဘဏ်ကို အကာအကွယ်ယူနေသော အခွင့်အရေးသမားများကို နှိပ်ကွပ်ရာတွင် အေးစက်လှသည်ဟု စွပ်စွဲကြသည်။

ကန့်လန့်ကာ နောက်ကွယ် တွင် မည်သို့ပင် ဖြစ်စေကာမူ ၁၉၇၀ ခုနှစ် မတ်လ ၂ရက်နေ့တွင် ရော့ဆိုက်စ် တခါ ပြန်ပေါ်လာပြန်သည်။ အိမ်ဖြူတော်ဘဏ်နှင့် ငွေကြေးကော်မတီတွင်ဖြစ်သည်။ သည်တခါတွင် ညှိနှိုင်းရန် ဖြစ်နိုင်သည့်တင်ပြချက်များ ပါလာသည်။ သူက မိမိတင်ပြမည့်အချက်များသည် ပြည်တွင်း ဘဏ်များမှ ကန့်ကွက်ချက်များနှင့် လည်းလျောင်း

www.burmeseclassic.com



သတင်းစာများ၏ ဝေဖန်ချက်များနှင့် လည်းကောင်း မပ... သက်ပါဟု ဆို၏။ မိမိ၏ တင်ပြချက်များသည် ဆွစ်ဇာလန်ဘဏ်... လျှို့ဝှက်ချက်များကို အရေးယူရန် ဥပဒေပြဋ္ဌာန်းရာ၌ နစ်ကဆ... အစိုးရ ခွင့်ပြုနိုင်မည့်အချက်များ ပါဝင်သည်ဆို၏။

ထို့နောက် ရော့ဆိုက်စ်သည် ပက်ခ်င်း၏ဥပဒေကြမ်း၏ဖျော... ကွက်များကို ထောက်ပြသည်။ ယင်း၏အမြင်အရ ဥပဒေ... လိုက်နာရန်မှာ ပြည်ပဘဏ်များ၏ လိုလိုလားလားကူညီဆော... ရွက်ပေးရန်လည်း လိုအပ်သည်ဟုဆို၏။

၁၉၇၀ခုနှစ် နွေရာသီကုန်ဆုံးသည်နှင့် ဆီးနိတ်အခက်ဝိ... ပရောက်စ်မိုင်ယာက ဆီးနိတ် ဘဏ်နှင့် ငွေကြေးကော်မတီ... ရော့ဆိုက်စ်သဘောထားနှင့် ဆန့်ကျင်သောဥပဒေကြမ်းတ... တင်ပြပြန်သည်။ သို့သော် အချို့ ပက်မင်း၏အဆိုကို ကန့်ကွ... နေသူများက ဆက်သက်ရှိနေခဲ့ဖြစ်သည်။ ယင်းတို့က သတ်မှ... ထားသည့်နှစ်အတွင်း ပြည်ပသို့သတ်မှတ်သည့်ငွေထက် အမြေ... အများမပို့ရန်ဆိုသည့် အချက်ပင်ဖြစ်သည်။

သို့သော် ထိုနှစ် အောက်တိုဘာလတွင် ဆီးနိတ်က နော... ဆုံး ဥပဒေကြမ်းတခုကို အများသဘောတူ ဆုံးဖြတ်ခဲ့သည်... ယင်းဥပဒေကြမ်းတွင် အမေရိကန်တွင် ဆွစ်ဇာလန်ဘဏ် ... ဝှက်ချက်များကို ပိတ်ပင်သည်ဟု ပါရှိသည်။

ယခင် ဥပဒေကြမ်းနှင့် ပြောင်းလဲချက်များမှာ တနှစ်လျှ... ဒေါ်လာတသောင်းသာ ပြည်ပသို့ တင်ပို့ရမည်ဆိုသည့်အ... ကို ပယ်ဖျက်လိုက်သည်။ တစ်ဦးလျှင် ဒေါ်လာ ၄,၉၉၉ ဒ... ၉၉ အထိ အချိန် အကန့်အသတ်မရှိ ယူခွင့်ပြုသည်။ ထို့...



ဥပဒေကြမ်းပါ ဘဏ်မှတ်တမ်းများ ထိန်းသိမ်းမှုနှင့်ပတ်သက်၍ ဘဏ္ဍာရေးဌာနသို့ လုံးဝ အာဏာပေးထားသည်။

၁၉၇၂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဘဏ္ဍာရေး ဌာနမှ နောက်ဆုံးစည်းမျဉ်းများ ထုတ်ပြန်လိုက်သည်။ ယင်းတို့မှာ

၁။ ပြည်ပသို့ ယူဆောင်မည့် ငွေအရေအတွက်ကို လည်းကောင်း၊ အချိန် သတ်မှတ်ချက်ကို လည်းကောင်း ကန့်သတ်ခြင်းမပြု။

၂။ လေဆိပ်နှင့် အခြားပြည်ပမှထွက်မည့် နေရာများတွင် ခရီးသည်များသည်ယူဆောင်မည့်ငွေဒေါ်လာ၅,၀၀၀ ထက် အထက်ရှိသူများမှာ အကောက်ခွန်ရုံးတွင် စာရင်းပေးသွင်းရန် ဖြစ်သည်။ ယင်းမှာ မိမိတို့အသိဖြင့် စာရင်းပေးသွင်းရန်ဖြစ်ပြီး မပေးမနေရဟူသော စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းထားခြင်း မရှိချေ။

၃။ ခရီးသွားများတွင် မရိုးသားသူများ ပါသည်ဟု သိနေသည့်တိုင် ရှာဖွေခြင်း ပြုမည်မဟုတ်။

၄။ ဘဏ်နှင့် အခြား ငွေကြေးဌာနများသည် မိမိတို့ဌာနမှ ငွေဒေါ်လာ ၁၀,၀၀၀ အထက် ထုတ်ယူမှုများကို သက်ဆိုင်ရာသို့ အကြောင်း ကြားရမည်။ သို့ရာတွင် ကုမ္ပဏီက မှန်မှန်ထုတ်ယူသောလစာ ငွေများ အစရှိသည်တို့ကိုမူ အကြောင်းကြားရန်မလို။

၅။ ဘဏ်တို့သည် ဒေါ်လာ ၅,၀၀၀ ထက်ပိုသော ငွေကို ပြည်ပသို့ ဘဏ်ထောက်ခံချက် သို့မဟုတ် ချက်လက်...

www.burmeseclassic.com

မှတ် သို့မဟုတ် ငွေချေးလက်မှတ် အစရှိသည်တို့ဖြင့် ထုတ်ယူသည့်ကိစ္စမှလွဲ၍ ကျန် ငွေပေးငွေယူ ကိစ္စများ၏ မှတ်တမ်းများကို ငါးနှစ်အထိ သိမ်းထားနိုင်သည်။

၆။ ဘဏ်တို့သည် ချက်လက်မှတ် အသွင်း အထုတ် မှတ်တမ်းများကို (အများအားဖြင့်) မိုက်ကရိုဖလင်ဖြင့် နှစ်နှစ်သာ ထိန်းသိမ်းထားရမည်။

ယင်းဥပဒေများသည် ပထမဦးဆုံး စည်းမျဉ်း ဥပဒေများဖြစ်၍ နောက်ပိုင်းအတွေ့အကြုံအရ ပြုပြင်ရန် ဖြစ်သည်ဟုဆို၏။ ယင်းသည် အစိုးရ၏ ပြည်တွင်းငွေအတွက်ကို ခြေရာခံလိုသည် ဆန္ဒလည်း ပြည့်ဝစေ၊ ဘဏ်များအပေါ် မတရား ဝန်ထုပ်ဝန်ပိုး သည်း မဖြစ်စေလိုသော သဘောနှင့်လည်းညီစေ ရည်ရွယ်သည် ဟုဆိုသည်။

ဤဥပဒေမှာ လက်ရှိအခြေအနေထက် ပိုမို၍ တင်းကြပ် လွန်းသော သဘောလည်း မရှိပေ။ သာမန်ဥပဒေကို လေး စားသော အမေရိကန်တဦးအဖို့ တိုင်းပြည်မှ ထွက်ခွာတိုင်း ဒေါ်လာ ၄,၉၉၉ ဒသမ ၉၉ ကို လွယ်လွယ်ယူဆောင်သွား နိုင်ပေသည်။ အကယ်၍ ဇနီးမောင်နှံ နှစ်ဦး ခရီးထွက်သော် ဒေါ်လာ ၉,၉၉၉ ဒသမ ၉၉ အထိယူနိုင်ပြီး ဇူးရစ်မြို့ (ဆွစ် ဇာလန်)တွင် ညဉ့်အိပ်ညဉ့်နေ နေထိုင်နိုင်မည် ဖြစ်သည်။

ခရီးသွားတိုင်း အကောက်ခွန်ရုံးမှ ပုံစံကို ဖြည့်သည်ဖြစ်စေ မဖြည့်သည်ဖြစ်စေ ဥပဒေကို ချိုးဖောက်သည် မဆိုနိုင်။ ခရီး အခေါက်ရေ အကန့်အသတ်သည်း မသွားပေ။



ဥပဒေအရ ဒေါ်လာ ၁၀,၀၀၀ အောက် ငွေအရေအတွက်ကို ထုတ်နိုင်သည်။ ယင်းငွေကို လေကြောင်းခရီးဆောင် အိတ်တွင်ထည့်၍ ငွေကို လွှဲပြောင်းပို့ထားနိုင်သည်။ ဘဏ္ဍာရေး ဌာန ဥပဒေအရသတ်မှတ်ထားသည့် ငွေအရေအတွက် မရောက်ရန်သာ အရေးကြီးသည်။

မလိုအပ်လျှင် ကိုယ်စားလှယ်တွေဘာတွေနှင့်ငွေကိုပြည်ပသို့ ထုတ်ခိုင်းရန်ပင် မလိုချေ။ တကြိမ်လျှင် ဒေါ်လာ ၅,၀၀၀ အောက်ရှိပါက အကြိမ်ပေါင်းများစွာ ဆွစ်ဇာလန်ဘဏ်သို့ ငွေသွင်းနိုင်သည်။ အကယ်၍ အကြွင်းသူသည် အမေရိကန်ရှိ ဘဏ်အမြောက်အမြားတွင် ဘဏ်စာရင်း ဖွင့်ထားသည်ဆိုအံ့။ ယင်းသည် ဘဏ်စာရင်းချင်းဆီမှ သတ်မှတ်သားသော ငွေအရေအတွက်ကို ထုတ်ယူနိုင်သည်။ သက်သေအကောင်း အဖြစ်မခံရ။ အကယ်၍ ကိုယ်စားလှယ်သုံးရန် လိုအပ်လာလျှင် ရဲမှတ်ချက် ရှိသော သူကို ရွေးချယ်ခိုင်းနိုင်သည်။ ရဲမှတ်ချက် ရှိသူကို ခိုင်း၍ မဖြစ်ပေ။

အကယ်၍ မိမိသုံးသော ကိုယ်စားလှယ်ကို လူဝင်မှုကြီး ကြပ်ရေးမှ မျက်မှန်းတမ်းမိလျှင် အခြားဘယောက်ကိုလွှဲပြောင်း သုံးမည်။ ဥရောပသို့ အပျော်ခရီးထွက်ခုန် သွားမည်ဆိုသော "မျက်နှာသစ်" ကို မည်သူက မသက်သေဖြစ်မည်နည်း။ ယင်းတို့၏အိတ်များတွင် ဘာတွေပါသည်ကို မည်သူသိနိုင်မည်နည်း။

ဤဥပဒေသည် ပြည်ပသို့ ငွေယူသွားမှု ကိစ္စများတွင် ထိ ရောက်မှုရှိသလော။ ရှိနိုင်သည်။ အကယ်၍ ခရီးသွားသူ တဦး သည် ဒေါ်လာ ၅,၀၀၀ ထက်ပို၍ ယူသွားမိလျှင် လေယာဉ် ပေါ်ရောက်သည်နှင့် စိတ်ထဲဘွင်မလုံမလဲဖြစ်သာမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အမေရိကန်တို့သည် ဥပဒေတွင် နောကြနေပြီ ဖြစ်သည်။ "ကားမရပ်ရ"ဟု ရေးထားလျှင် ထိုနေရာတွင် ရဲတဦးရှိလျှင် မရပ်ရဟု သဘောပေါက်ထားကြသူများ ဖြစ်သည်။ ဤသို့သော အခြေခံဖြင့် ဤဥပဒေကို ပြဋ္ဌာန်းရာတွင် နိုင်ငံသားတို့၏ အသိစိတ်ဓာတ်ဖြင့် ကူညီမှုလည်း လိုအပ်သည်ဟု ဆိုထားပြန်ရာ ထိရောက်မှုမှာ သုညသာဖြစ်ချေမည်။

သို့ရာတွင် ဤအခန်းကို ကျမ်းကျင်သူတဦး၏ အဆိုအမိန့်နှင့် အဆုံးသတ်ရမည်။ ထိုပုဂ္ဂိုလ်မှာ ဆွစ်ငွေချေးဘဏ် ဥက္ကဋ္ဌဖြစ်သူ ဖီးလစ် ဒဗလျူဆချူသက်ဖြစ်သည်။ သူက ၁၉၇၁ ခုနှစ် ဇွန်လတွင် ပြောရာ၌

"အမေရိကန်မှာ ဒီကိစ္စနဲ့ အမြဲတမ်း ပူညံပူညံ ဖြစ်နေတယ်၊ ဒါပေမယ့် နောက်နေ့ကျယင် အမေရိကန်တွေဆီက ဘဏ်စာရင်း ဖွင့်ပေးဖို့ ရောက်လာတဲ့စာတွေ မနဲဘူး"

အခန်း (၈)

# နံဗွာန်ဘုံရောက် လူကောင်းများ

ဆွစ်ဇာလန်ဘဏ် လျှို့ဝှက်မှုကို အသုံး ချနေကြသည်မှာ ဒုစရိုက်သမားများချည်း မဟုတ်ကြချေ။ ကမ္ဘာပေါ်ရှိ ကျော်ကြားသော ပုဂ္ဂိုလ်များလည်း ဆွစ်ဇာလန်တွင် အကြောင်းနှစ်ရပ်ဖြင့်လာရောက်ကြသည်။ ပထမအကြောင်းတရပ်မှာ နေ၍ ထိုင်၍ ကောင်းသော ဒေသဖြစ်သောကြောင့်ဖြစ်သည်။ ဒုတိယ အကြောင်းမှာ မိမိတို့ ရှာဖွေရသမျှငွေများကို သိမ်းဆည်းထားသိုရန်ဖြစ်သည်။

အကြာဆုံး နေထိုင်သွားသောပုဂ္ဂိုလ်မှာ ကမ္ဘာကျော် ရုပ်ရှင်ပညာရှင် ချာလီချက်ပလင်နှင့် စက်မှုလက်မှုလုပ်ငန်းရှင် ဖရစ်သိုင်ဆန်တို့ဖြစ်သည်။ ဖရစ်သိုင်ဆန်၏အိမ်မှာကောင်းလွန်းသဖြင့် ဂျာမန်များက အားကျခါ ယင်း၏ အိမ်အနီးတွင် အမြောက်အမြား လာရောက် အိမ်ဆောက် နေထိုင်ကြသဖြင့် ခြံမြေဈေးမှာ ထိုးတက်သွားရသည်အထိ ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟောလီးဝုဒ် ရုပ်ရှင်မင်းသမီး ဆိုဖီယာလောရင်း၊ ဝီလျံ ဟိုလ်ဒင်၊ ပီတာယူတီနော့၊ နိုဝဲကောင်းဝပ်၊ ဒီဘိုရာကား စသည့် ရုပ်ရှင်နှင့် ပြဇာတ်ဘက်မှ ပုဂ္ဂိုလ်များ ဆွစ်ဇာလန်တွင် အိမ်တလုံး အမြဲ ဝယ်ထားကြသည်ကို ကြည့်ခြင်းဖြင့် ဆွစ်ဇာလန်ဘဏ်နှင့် ဆွစ်ဇာလန်အခွန်ဥပဒေသည် လူကုံထံ အသိုင်းအဝိုင်းတို့တွင် မည်မျှ အရေးပါ အရာရောက်နေကြောင်း သိနိုင်ပေသည်။

နိုဗယ်ဆုရှင်များ ဖြစ်ကြသော ဂျော့ဆိုင်မင်နွန်နှင့် အာဗင်ရှောတို့ပင်လျှင် မိမိတို့ မိသားစုများကို ခေါ်၍ ဆွစ်ဇာလန်တွင် အဲလ်ပ်တောင်ခြေ၌ အခြေချ နေကြပေသည်။ မကြာသေးမီက လာရောက်ကြသူများတွင် မှတ်မှတ်ရရ ကမ္ဘာကျော် ရုပ်ရှင် ဇနီးမောင်နှံ ဖြစ်ကြသည့် ရစ်ချတ်ဘာတန်နှင့် အဲလီဇဘက်တေလာတို့ဖြစ်သည်။ ယင်းတို့ဇနီးမောင်နှံကား ရုပ်ရှင်ငွေကို သန်းချီ၍ ဝင်နေကြသူများ ဖြစ်ကြသည်။ ရစ်ချတ်ဘာတန်က ဇနီးဖြစ်သူ အဲလီဇဘက်တေလာအတွက် စိန်တုံးကြီးများလက်ဆောင်ဝယ်ပေးသည့်သတင်းမှာ "ဟိုးလေးတကျော် ဖြစ်ကာ အံ့သြသွားကြသည်၊ မကြာမီကရစ်ချတ်ဘာတန် သတင်းစာဆရာများကို ပြောရာတွင် မိမိသည်ပင်လျှင် ဆွစ်ဇာလန်ဘဏ်တခုဖြစ်သည်ဟု ဆို၏။

ယင်းကိစ္စကို တာတန်က ရုပ်ရှင်နှင့် ပြဇာတ်သတင်းထောက်များ နားလည်နိုင်သော ပုံစံဖြင့် ပြန်လည် ရှင်းပြခဲ့သည်။ သူ့ထံ မိမိနှင့် ဆွစ်ဇာလန်မှ အကြံပေး ပုဂ္ဂိုလ်များသည် ဘဏ်တခု ထောင်ရန် စီစဉ်ထားသည်။ လိုင်စင်ပင် ရပြီးပြီဟုဆို၏။ ယင်းဘဏ်သည် မိမိတို့၏ငွေများသာ ထားမည်ဆို၏။



ဘာတန်သည် ရုပ်ရှင်သရုပ်ဆောင်ခနှင့်ပင် ဘဏ်တခုဖြစ်နေလေရာ ထိုထက်ပို၍ကြီးမားသော စိန်အမြောက်အမြားပင် ဝယ်နိုင်ပေသေးသည်။

ရစ်ချတ်ဘာတန်၏ဘဏ်မှ ဝင်ငွေမှအပ မိမိ နေအိမ်ရှိသော နေရာတွင် သက်ဆိုင်ရာခရိုင်မှ ကောက်သော အခွန်မှာ ဒသမ ၀၂ သာဖြစ်သည်။

ဘာတန်ဇနီးမောင်နှံ၏ သန်းချီ၍ဝင်သော ဝင်ငွေ(စရိတ်စကနုတ်ပြီး အသားတင်)အပေါ် ဆွစ်ဇာလန်အစိုးရကကောက်သည့် အမြတ်တော်ခွန်သည်ပင် ဒေါ်လာတသန်းအတွက်ဒေါ်လာ ၂,၀၀၀သာဖြစ်သည်။ ဤအချက်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သော ရာသီဥတုရှိသည့် ဤနိုင်ငံတွင် မနေသင့်ဟု မဆိုသာချေ။

သို့ရာတွင် အချို့သောဥပဒေများမှာကား ဆိုးလှသည်။ မိမိ၏ဇာတိချက်မြှုပ်ဒေသကို ပြန်သည့်ကိစ္စများကိုပင် တိတိကျကျ ဥပဒေ ပြဋ္ဌာန်းသတ်မှတ်ထားသည်။ တခါက နိုဝဲကောင်းဝပ်သည် နေရပ်သို့ပြန်ရန် ဆောက်သ်ဟမ်တန်သင်္ဘောဆိပ်တွင် လီဟာဗားသို့သွားမည့် သင်္ဘောပေါ်သို့ တက်လိုက်သည်။ သို့ရာတွင် ယင်းသည် မိမိ၏ ချက်မြှုပ်ဒေသ၏မြေပေါ်သို့ တနာရီမျှပင် ခြေမချခဲ့ရချေ။ အကြောင်းမူ ယင်း၏ အခွန်ပေးချိန် ပြည့်မြောက်နေသောကြောင့်ဟုဆို၏။

၁၉၆၀ ခုနှစ် မတိုင်မီက ဆွစ်ဇာလန်အစိုးရသည် အိမ်ယာတည်ထောင်နေထိုင်ခွင့် ပါမစ်များကို ကြပ်မတ်ခဲ့သည်။ ထိုနှစ်က မိမိပိုင် အိမ်ယာပစ္စည်းများ ရောင်းဝယ်ရာတွင်ပင် ဆွစ်ဇာ

www.burmeseclassic.com

www.burmeseclassic.com



လန် အမျိုးသား မဟုတ်သူများအပေါ် ဥပဒေ တမျိုးဖြင့်ကြပ်မတ်ခဲ့သည်။

တဖန် ၁၉၆၄ ခုနှစ်တွင် ဥပဒေများမျှားမှာ ပို၍တင်းကြပ်လာပြန်သည်။ အကွေ့အလှည့်များလှသည်။ ယခင်ကဆိုလျှင် နေထိုင်ခွင့်ပါမစ်မရှိပဲ ဆွစ်ဇာလန်ပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရှိနိုင်သည်။ (ဝယ်ယူသုံးစွဲနိုင်ခွင့်ရှိသည်။) သို့သော် ယခုတော့မရချေ။ နေထိုင်ခွင့်ပါမစ်မရှိသူ နိုင်ငံခြားသားတယောက်အားအိမ်ယာများမရောင်းရန် တားမြစ်ခဲ့သည်။

ယနေ့ဆိုလျှင် ခရိုင်တိုင်းသည် နေထိုင်ခွင့်ပါမစ် ထုတ်ပေးထိုက်သူ၊ မပေးသင့်သူတို့ကို မိမိတို့ ကိုယ်ပိုင်ပုံစံဖြင့် ဆုံးဖြတ်ကြသည်။ အကယ်၍ လျှောက်ထားသူသည် ခရိုင်ကို အကျိုးပြုလျှင် (ဆွစ်ဇာလန်စကားအရ ငွေဝင်အောင်လုပ်ပေးနိုင်လျှင်) ပါမစ်ရရန် အခွင့်အရေးရှိသည်။

ကော်ပိုရေးရှင်းကြီးများ၏ တာဝန်ရှိပုဂ္ဂိုလ်များအစရှိသည့် လူကုံထံများသည် ဆွစ်ဇာလန်တွင် ကုမ္ပဏီဖွင့်ရန်စီစဉ်ကြသည်။ ယင်းကို ဆွစ်အစိုးရက ကြည်ဖြူသည်။ အငြိမ်းစား ပုဂ္ဂိုလ်များလို မချမ်းသာသူ ဖြစ်လျှင် ယင်းတို့ကို သက်ာမကင်း ရှိကြသည်။ ဥရောပ သားများထက် အမေရိကန်များမှာ မျက်နှာသာပေး ခံကြရသည်။

နေထိုင်ရန်ရွေးချယ်မည်ဆိုလျှင် ဆွစ်ဇာလန်အကြောင်း သိထားရန်လိုသည်။ ဆွစ်ဇာလန်တွင် ဘာသာစကားကွဲပြားသော ဒေသကြီးသုံးနေရာရှိသည်။ ဘက်ဇဲနှင့် ဇူးရစ်တို့သည် ဂျာမန်စကားပြော မြောက်ပိုင်းခရိုင်နယ်ရှိ မြို့ကြီးများ ဖြစ်သည်။



အလွန်ပျင်းရိငြီးငွေ့ဖွယ်ကောင်းပြီး အမေရိကန်တို့ကဲ့သို့အပျော်အပါး ကြိုက်သူတွေနှင့် မလိုက်ပေ။

ပြင်သစ်စကားပြောသော ဒေသတွင် ဂျီနီဗာသည် အဓိကမြို့ကြီးအနေဖြင့်တည်ရှိပြီး အနောက်တိုင်းသားတို့အကြိုက် ပျော်စရာ၊ ပါးစရာ ညအခင်းအကျင်းများဖြင့် လည်းကောင်း၊ အခြားသော ကာမဂုဏ် အာရုံခံစားမှုတို့ဖြင့် လည်းကောင်း၊ ပြည့်စုံလှသည်။ နွေရာသီတွင် အတန်ငယ်ပူသော်လည်း လူတွေမှာ ရှင်မြူး တက်ကြွကြသည်။ ယင်းတို့၏ဘဝများသည်လည်း ကိုနည်းတူစွာ ငြိမ်းချမ်းသာယာကြသည်။

လူဂန်နိုနှင့် လောကန်နိုတို့မှာ အီတလီစကားပြော မြို့ကြီးများဖြစ်သည်။ ဆွစ်ဇာလန်၏ ရာသီဥတု အမွှေတဆုံးဒေသဖြစ်သည်။ အတန်ငယ် "နွေ" သာပြီး အခြားဒေသများထက် အပူချိန်လည်း နည်းနည်းကလေးပိုမြင့်သည်။ အနေအထိုင် အစားအသောက်မှာ အီတလီဆန်သည်။ လှပခမ်းနားသည်။ လေးလေးနက်နက်မရှိကြ။ ကြောင်သူတော်တို့ ပေါများသည်။

ယခုဆိုလျှင် မှောင်ခိုတို့သည် လိုင်ယာ(အီတလီ)ငွေများကို ခိုးသွင်းကြသည်။ ယင်းငွေများကို ခိုးသွင်း၍ ဆွစ်ဖရန့်ငွေနှင့် ဘဏ်စာရင်းများဖွင့်ခြင်းကြောင့် အီတလီစီးပွားရေးမှာ ၍ ဆိုးရွားခဲ့ရသည်။

အီတလီနယ်ခြား အစောင့်များမှာ အီတလီမြောက်ဘက်သို့ (ဆွစ်ဇာလန်)ထွက်မည့် ကားများကို ရှာဖွေရသဖြင့် အလုပ်များသလောက် ဆွစ်ဇာလန် နယ်ခြားအစောင့်များမှာ ဘယ်သူတွေ ဘာငွေတွေ ဘယ်လောက်ယူလာစေကာမူ ဂရုမစိုက်ကြချေ။

www.burmeseclassic.com



သို့သော် နောက်ပိုင်းတွင် နှစ်နိုင်ငံ ဘဏ်များက ခိုးသွင်းသောငွေကို အသိအမှတ်မပြုခြင်းဖြင့် ငွေခိုးသွင်းမှုကို ဟန့်တားခဲ့သည်။

လူဂန်နို့နှင့် ဂရင်းတီစီနို့မြို့များတွင် အမေရိကန်တို့ကို ရှာမတွေ့သေးပေ။ သို့ရာတွင် တောင်အမေရိကတိုက်နိုင်ငံများ၊ နယ်သာလန်၊ အင်္ဂလန်နှင့် စကင်ဒီနေဗီးယား နိုင်ငံများမှ လူများသည် မိမိတို့တိုင်းပြည်ထက် အခွန်အကောက်နည်းသော ယင်းနေရာများတွင် အစုလိုက်အပြုံလိုက် လာရောက် နေထိုင်ကြသည်။

လွန်ခဲ့သောနှစ်နှစ်အတွင်း ထိုဒေသတွင် လူကုံထံများ လာရောက်နေထိုင်မှုများကြောင့် ဆွစ်ဇာလန် ဘဏ်များသည် လူဂန်နို့တွင် ဘဏ်ခွဲများဖွင့်ထားကြသည်။ ထို့အတူ အမေရိကန်မှ နယူးယောက် ပထမအမျိုးသားမြို့တော် ဘဏ်နှင့် အမေရိကန်နိုင်ငံတကာဘဏ်၊ ကော်ပိုရေးရှင်း ဘဏ်တို့လည်း ဘဏ်ခွဲများ လာရောက်ဖွင့်ထားကြသည်။

နေထိုင်ခွင့်ပါမစ်လျှောက်လျှင် မိမိ မည်သည့်ဒေသတွင်နေမည်ကို ကြိုတင်ရွေးချယ်ရသည်။ နေမည့်ဒေသရှိ ဒေသခံ ဆွစ်များနှင့် အဖွဲ့ကျရသည်။ ဤတွင် ယင်းဒေသရှိ ဘဏ်လုပ်ငန်းရှင်များဆိုလျှင် ပို၍ကောင်းသည်။ ဤကဲ့သို့ ရည်ညွှန်းဖော်ပြစရာ တစုံတဦးရှိလျှင် လျှောက်လွှာမှာ အဆင်ပြေသည်။

အလုပ်အကိုင်မရှိပဲ လာရောက် နေထိုင်ရသည့် အကြောင်းလုံလောက်သောသက်သေပြချက် ရှိရမည်။ အကြောင်းမှာ အလုပ်လုပ်ခွင့်ပါမစ်မှာ နိုင်ငံခြားသားတို့အတွက် လုံး၀ မပေးသောကြောင့်ဖြစ်သည်။ နေထိုင်ခွင့်ပါမစ်နှင့် အနည်းဆုံး ဆယ်နှစ်



နှစ် နေထိုင်မှသာ နိုင်ငံသား လျှောက်ခွင့်ရှိသည်။ ဒါလည်း လွယ်လွယ်နှင့် ချက်ချင်း ရသည်မဟုတ်။ တခါတရံ လျှောက်လွှာကို သက်ဆိုင်ရာပုဂ္ဂိုလ် ဆယ့်နှစ်နှစ် နေထိုင်ပြီးသော်လည်း စီစစ်ရခြင်း မရှိတတ်ချေ။

အမေရိကန်တဦး ဆွစ်ဇာလန်တွင် နေထိုင်ခွင့်ပါမစ်နှင့် ရာသက်ပန် နေမည်ဟုဆိုလျှင် ယင်းသည် ဗဟို၊ ခရိုင်၊ နယ်စသည်တို့ကို အခွန်ပေးဆောင်ရမည်ဖြစ်သည်။ ပေးရသည်မှာ ဒေသတခုနှင့်တခု မတူပေ။ အကြောင်းမှာ ခရိုင်တိုင်းတွင် မိမိတို့စိတ်ကြိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရှိသောကြောင့်ဖြစ်သည်။

လွန်ခဲ့သည့်ငါးနှစ်လောက် ၀င်ငွေ ဆွစ်ဖရန့် ၂၀,၀၀၀ရှိသော အိမ်ထောင်ရှင် ယောကျ်ားတစုသည် ဇူးရစ်မြို့တွင် ၀င်ငွေခွန်မှာ ဆွစ်ဖရန့် ၁,၅၀၀ ပေးရမည် ဖြစ်သည်။ သို့သော် လောက်ဆန်းနီနှင့် လူးဆန်းနီ မြို့တို့တွင်မူ ဆွစ်ဖရန့် ၂,၀၀၀ ပေးရမည်ဖြစ်သည်။ အကယ်၍ ထိုပုဂ္ဂိုလ်သည် ကော်ပိုရေးရှင်းမှဖြစ်လျှင် အခွန်မှာ အနည်းငယ်သာပေးရသည်။ ဆွစ်ဇာလန်တွင် ကော်ပိုရေးရှင်းများအပေါ် ကောက်ယူသော အများဆုံးအခွန်မှာ ၂၅ ရာနှုန်းထက်မပိုပေ။ ယင်းတို့အပေါ် သာမန်အကောက်များမှာ ယင်းထက်ပင်နည်းသေးသည်။

အမေရိကန် နိုင်ငံသားတဦး ဖြစ်နေသမျှ အမေရိကန်ပြည်ထောင်စု၏ ၀င်ငွေခွန်ကောက်ခံမှုကို ခံနေရမည်ဖြစ်သည်။ သို့ရာတွင် အကြင်ပုဂ္ဂိုလ်သည် အမေရိကန် နိုင်ငံသားတဦး ဖြစ်လင့်ကစား နိုင်ငံခြားတိုင်းပြည်တွင် ရာသက်ပန်သွားနေမည်ဆိုလျှင် အခွန်ဆောင်ရ သက်သာသည်။ ပထမလစာ ဒေါ်လာ ၂၀,၀၀၀ မှာ အကောက်လွတ်သည်။ သုံးနှစ်ကြာလျှင် ဒေါ်

www.burmeseclassic.com

www.burmeseclassic.com



လာ ၂၅,၀၀၀အထိအကောက်လွတ်လာသည်။ ယင်းအကောက်လျော့မှုနှင့်ပတ်သက်၍ အမေရိကန်ကွန်ဂရက်၌ ပြန်လည် စဉ်းစားရန် တင်ပြကြသည်။ မအောင်မြင်ချေ။

ဆွစ်ဇာလန်တွင်နေ၍ အမြတ်ထုတ်ရန်မှာ ကော်ပိုရေးရှင်းတခုသော်လည်း ဖြစ်မှကောင်းမည်။ သို့တည်းမဟုတ် အမေရိကန်ထက် အခွန်အထုပ် စည်းကြပ်မှုနည်းသော နိုင်ငံမှ နိုင်ငံသားတဦးသော်လည်း ဖြစ်မှကောင်းမည်။ သို့မဟုတ်ပါကလည်း ယင်း၏ဝင်ငွေမှာ ခြေရာကောက်၍မရနိုင်သော ဝင်ငွေရှင်သော်လည်းကောင်း ဖြစ်မှကောင်းမည်။

ဆွစ်ဇာလန်ဘဏ်သို့ ရောက်သည်နှင့် ယင်းဝင်ငွေမှာ မြင်ကွင်းမှ ပျောက်သွားပေတော့မည်။ သို့ရာတွင် ထိုကဲ့သို့လုပ်ရပ်မှာ သာမန် အညတြများအဖို့ အိပ်မက်ပင် မမက်နိုင်ချေ။ ယင်းတို့အဖို့ တဇောက်ကန်း စွတ်လုပ်မှသာ ချာလီ ချက်ပလင်တို့၊ ဆိုဖီယာလောရင်းတို့ ကဲ့သို့ ဆွစ်ဇာလန်တွင် နေ့ထိုင်ဖွယ်ရှိချေသည်။

ဆွစ်ဇာလန်ဘဏ်စနစ်ကို စီးပွားရေးရှုထောင့်မှ လေ့လာခဲ့သော ဖီဒုန်ဘက်ချ်က

"၁၉၆၅ ခုနှစ် လောက်မှာ အမေရိကန် ကော်ပိုရေးရှင်းတိုင်းလိုလို ဆွစ်ဇာလန်နှင့် အဆက် အသွယ် ရှိကြသည်။ အသေးအဖွဲ့ ကော်ပိုရေးရှင်းများ မပါသေးပဲ အမေရိကန် ကော်ပိုရေးရှင်း လေးထောင်ခန့်မှာ ဆွစ်ဇာလန်ဘဏ်များ၏ အဓိကဖောက်သည်များ ဖြစ်ခဲ့သည်"

ဟုဆိုသည်။



နောက်ဆုံးတွင်မူ အကျိုးအမြတ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဆွစ်ဇာလန်သို့ အလုံးအရင်းနှင့် ပြောင်းနေ ကြသည်တော့ အမှန်ပင်။ ငွေကြေးနှင့်ပတ်သက်၍ ကျွမ်းကျင်သူ ဒေါက်တာစချော့ဇ်က

"နိုင်ငံခြားကို ပြောင်းသွားတယ်ဆိုတာက ပြည်တွင်းမတည်ငြိမ်မှုကြောင့် ယာယီအားဖြင့် တည်ငြိမ်အောင်ဆိုတဲ့သဘောပဲ။ ဒါကြောင့်မို့ မတည်ငြိမ်တာကို တည်ငြိမ်အောင် ဘယ်လို ရှာကြံနေထိုင်မယ်ဆိုတာ လေ့လာ ဆန်းစစ်ရမယ်"

ဟု ဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

## နိုင်ငံခြားသုံးရောက် ဒုစရိုက်သမားများ

အမေရိကန်တွင် လူတဦးချင်း ဒုစရိုက်မှုပြုလုပ်သည်ကို တွေ့ခဲ့ရသည်။ တရားရုံးတွင်ပင် အစဉ်သဖြင့် တမှုလျှင် တယောက် ထက်မကသည်ကိုသာတွေ့ရတတ်သည်။ အစိုးရအနေဖြင့်ကလည်း ဒုစရိုက်မှုတို့ထက် နိုင်ငံရေးကြံစည်မှုများကို ပိုမိုဂရုစိုက် နှိမ်နှင်း တတ်ကြသည်။

မကြာခဏ ဆိုသလို ဒုစရိုက်အမှုများကို သက်သေ အထော အလောက် မတွေ့ရဟုဆိုကာ လွှတ်ပစ်တတ်သည်။ အစိုးရက လည်း ဤကဲ့သို့ရမည်မထင်သောအမှုအတွက် ပြည်သူ့ ဘဏ္ဍာ အဆုံးရှုံးခံကာ ရုံးသို့ မတင်လိုဟုဆိုသည်။

သို့ရာတွင် မာဖီးယားဂိုဏ်းများ၊ သီလရင်များ၊ ဘုန်းကြီး များ၊ ကွန်မြူနစ်များ၊ ဟစ်ပီများ၊ ယစ်ပီများနှင့် အခြားသော "ည"ဖြင့် အသက်မွေးသူများနှင့် ပတ်သက်သော ဒုစရိုက်မှု တမ်းများ ရှိသော်လည်း တရားစွဲဆိုခြင်းမရှိချေ။ ယင်းတို့ တရားစွဲရမည် ဆိုလျှင်လည်း ကုန်ကျမည့်ဘဏ္ဍာငွေမှာ မထော င်စရာ ဖြစ်တော့သည်။



ဒုစရိုက်မှုကို ကျူးလွန်သည်မှာ တဦးချင်းသာဖြစ်သည် ဆို သောသဘောကို ပြုလိုသဖြင့် အက်ဖ်ဘီအိုင် ( FBI ) အဖွဲ့သည် နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော "အလိုရှိသည်"လူဆိုး စာ ရင်းကို ကြေငြာထားခဲ့သည်။

အနှစ်လေးဆယ်ခန့် အက်ဖ်ဘီအိုင်အဖွဲ့ကို အုပ်ချုပ်လာသူ မှာ အက်ဂါဟူးဗားဖြစ်သည်။ ဟူးဗား အဓိကအားဖြင့် ပစ် မှတ်ထားသည်မှာ ကွန်မြူနစ်များသာဖြစ်သည်။

ဟူးဗားနှင့်အဖွဲ့က မိမိတို့သည် နှစ်ပေါင်း လေးဆယ်တွင် အမေရိကန်ရှိ ကွန်မြူနစ်ပါတီကို နှိမ်နှင်းခဲ့ရာ ယခုအခါ မရှိ သလောက် ဖြစ်နေပြီဟု ဆိုသည်။

ဤ အနှစ်လေးဆယ်အတွင်းမှာပင် ဒုစရိုက် ဂိုဏ်းကြီးများ သည် သာမန် ဂိုဏ်းကလေးများ အဆင့်မှ အကြီးအကျယ် ကြီးထွား ကျယ်ပြန့်လာခဲ့ပေသည်။

သို့ရာတွင် ဥပဒေစိုးမိုးရေး တာဝန်ရှိပုဂ္ဂိုလ်များက ဒုစရိုက် ဂိုဏ်းများကို နှိမ်နှင်းရန် အမျိုးသား ဒုစရိုက်မှု ဆင်ဒီကိတ် ( National Crime Syndicate ) ဟု ဖွဲ့ထားရပေသည်။

အမေရိကန်တွင် ဒုစရိုက်မှုကို လွှမ်းမိုးနေသူ၊ ကြီးစိုးနေသူ များမှာ မာဖီယားဂိုဏ်းတို့ဖြစ်သည်။ ယင်း မာဖီးယားဂိုဏ်းတို့ သည်လည်း ဆွစ်ဇာလန်ရောက် ဒုစရိုက်သမားများ ဖြစ်သည်။ ယင်းတို့အကြောင်းကိုလည်းအကြမ်းဖျင်းသိထားရန်လိုပေသည်။

× × ×

မာဖီးယားဂိုဏ်း၏ မူရင်းနေရာကား စစ္စလီ ကျွန်းကလေး ပင်ဖြစ်သည်။ ၁၈ ရာစုလောက်က စစ္စလီကျွန်းတွင် တရားဝင်

www.burmeseclassic.com



အုပ်ချုပ်ရေးကို မလိုလားသဖြင့် တိုက်ဖျက်ရန်ဖွဲ့စည်းကြသည့် မြေအောက်အဖွဲ့အစည်းများ ဖြစ်ကြသည်ဟု သိရသည်။

သို့ရာတွင် နောက်ပိုင်း၌ ဒုစရိုက်သမားတို့ခိုအောင်းရန်လွယ်သော အမေရိကန်ပြည်ထောင်စုသို့ ကူးစက်လာသည်။ ဤတွင် ယင်းတို့၏ အသွင်အပြင်မှာလည်း ပြောင်းသွားသည်။ နိုင်ငံရေးဆန်သော ဂိုဏ်းများအသွင်မှ ဒုစရိုက်ဆန်သောဂိုဏ်းများအသွင်သို့ ပြောင်းသွားသည်။

ဒုစရိုက်ဆန်သည် ဆိုရာ၌လည်း စီးပွားရေးသဘောပါသော ဒုစရိုက်မှုမျိုးဖြစ်သည်။ အစိုးရကတားမြစ်ထားသော လုပ်ငန်းများဖြင့် စီးပွားရှာကာကြီးပွားကြသည်။ ဥပမာညစ်ညမ်းသော စာအုပ်များ၊ရုပ်ရှင်များ၊ရိုက်ကူးထုတ်လုပ်ခြင်း၊ လောင်းကစားပွဲများလုပ်ခြင်း၊ အပြာမယ်များမွေးခြင်း၊ အပြာ ဟိုတယ်များ တည်ဆောက်ခြင်း၊ အရက်အပါအဝင် မူးရစ်ဆေးဝါးများ ကူးသန်း ရောင်းဝယ်ခြင်း စသည်ဖြင့် အစုံလုပ်သည်။

မကောင်းမှုဟူသည် လူတို့ တပ်မက်စွဲလန်းရာဖြစ်ပေရာ ယင်းလုပ်ငန်းဖြင့်စီးပွားရှာလျှင်အလွန်ဝင်ငွေကောင်းလေသည်။ ထို့ကြောင့် မာဖီးယားဂိုဏ်းတို့သည် အလွန် ကြွယ်ဝချမ်းသာလာကြသည်။ မိမိတို့ ကြွယ်ဝ ချမ်းသာလာသည်နှင့်အမျှ ငွေကြေးဖြင့် ဥပဒေကို စိုးမိုးလာကြသည်။ မိမိတို့၏ လုံခြုံရေး ဥပဒေစက်ကွင်းမှ လွတ်မြောက်ရေးကို ငွေကြေးဖြင့် ဖန်တီးသည်။ ဤသည်လည်း အရင်းရှင်နိုင်ငံတို့၏ မလိုလားဖွယ်ရာ စရိုက်လက္ခဏာ ဖြစ်လေသည်။

ဤမျှ ငွေကြေး ချမ်းသာသော်လည်း ယင်းတို့၏ အသက်အိုးအိမ် စည်းစိမ်မှာ မလုံခြုံလှ။ ငွေကြေးဖြင့် ဥပဒေကို ကာ



ကွယ်နိုင်ကြသော်လည်း အတွင်းရန်ကိုမူ မတွန်းလှန်နိုင်။ ဥပဒေအပ အမှောင်သားချင်းကျတော့မူ အချင်းချင်းချမ်းသာမပေး။ စားခွက်လု၊ စားကျက်လုဖြင့် တိုက်ကြခိုက်ကြယင်း မာဖီးယားဂိုဏ်းဝင် အမြောက်အမြား တရားခံရှာမရပဲ သေကြရသည်။ ရဲဌာနတို့တွင်လည်း ယင်းအမှုမျိုးအတွက် နောက်ဆုံး မည်သည့်သဲလွန်စမှ မရသဖြင့် အမှု ပိတ်လိုက်ရသည်လည်း တပုံတပင်။

အချင်းချင်းတော့ မြွေမြွေချင်း ခြေမြင်သည်။ ကိုယ့်ကိုယ်သူသတ်လျှင် အမှုမဖွင့်ပဲ သူ့ကိုယ်လည်း ကိုယ်ပြန် သတ်သည်။ အချင်းချင်းမို့ ဤအမှုတွင် မည်သူ့လက်ချက်ဆိုသည်ကို သိသည်။ ထိုသူ ဘယ်တွင်ရှိသည်၊ ဘယ်ကိုသွားတတ်သည်ဆိုသည်ကိုလည်း သိသည်။ ထို့ကြောင့် ပြန်လည်လက်စားချေရန် လွယ်သည်။ ကြာတော့အချင်းချင်းဘယ်သူ့ကိုမှမယုံရဖြစ်လာသည်။ သွားသတိ၊ စားသတိနှင့် အမြဲသတိရှိနေရပေသည်။

နယူးအော်လင်းရှိ မာဖီးယားအကြီးအကဲ ကာလိုစ်မာဆဲလိုဆိုလျှင် ကိုယ်ရံတော် လုံခြုံရေးကို နှစ်ဆတိုး၍ ချထားရပြီး မိမိ၏မိသားစုကို လုံခြုံသည့်နေရာသို့ ရွှေ့ပြောင်း ထားရသည်အထိ ဖြစ်ခဲ့သည်။ နယူးယောက်မြို့ရှိ မာဖီးယားတာဝန်ခံ အင်နီလိုဒဲလက်ခရို့စ်ဆိုလျှင်လည်း မိမိနှင့် ရုပ်တူသူတဦးကို ငှါးထားပြီး မိမိလုံခြုံရေးကို ကာကွယ်ရလေသည်။ ဆန်ဖရန်စစ္စကိုမှ ဂျိမ်းဖရက်တီနိုဆိုသူ မာဖီးယား အထက်တန်းအရာရှိတဦးဆိုမူ မိမိအတွက် အစောင့်နှစ်ဦးပါမှ ခရီးသွားလေ့ ရှိသည်။

တခါတရံ ကားထဲတွင်ဗုံးထည့်၍ ကားအင်ဂျင်နှင့်စနက်တံကို တွဲသွားပြီး လုပ်ကြံတတ်သည်။ ထို့ကြောင့် အချို့သော

www.burmeseclassic.com



မာဖီးယား ဂိုဏ်းခေါင်းဆောင်များသည် မိမိတို့ကားကို အဝေးမှသိမ်းသောစနစ်ကို သုံးနေကြသည်။

ယင်းကဲ့သို့ တဦးနှင့်တဦး သတ်ဖြတ်လာကြသည်မှာ ယခုမှမဟုတ်။ ပဒေသရာဇ်ခေတ်ကတည်းက ဖြစ်သည်။ ထိုအချိန်က လူတို့သည် သတ်လိုက်ဖြတ်လိုက်၊ ရက်စက်လိုက်ဖြင့် အမြဲတမ်း ကျီးလန့်စာစားနေကြရသည်။ သို့သော် ယခု ပို၍ဆိုးနေသည်။

မာဖီးယား ဒုစရိုက်ဂိုဏ်းတို့သည် စစ္စလီကျွန်းပြည်တွင်းစစ်မှ မွေးဖွားခဲ့ပေသည်။ ယင်းစနစ်မှာ စစ္စလီကျွန်းကို အုပ်ချုပ်ရေးအတွက်ဖြစ်ရသည့် သွေးမြေကျစစ်ပွဲဖြစ်ပြီး ယင်းကို ကက်စဘယ်လမ္မာရိစ်စစ်ဟု ခေါ်သည်။ (ယင်းမှာ ကက်စတယ်သမ္မာရိစ်ဒဲလ်ဂိုလ်ဖို့မြို့ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်ပြီး ထိုမြို့မှာ မာဖီးယားဂိုဏ်းခေါင်းဆောင်တို့ မွေးဖွားရာများစည်း။)

ယင်းစစ်ပွဲ ပြီးသွားသောအခါ နိုင်ငံတဝှမ်းလုံးဆိုင်ရာ မာဖီးယားဂိုဏ်းကြီးကို ဖွဲ့လိုက်သည်။ ထို့နောက် ဒုစရိုက်မှုမှန်သမျှကို ပူးပေါင်းလုပ်ဆောင်ကြခါ နောက်ဆုံး ၁၈၆၀ ခုနှစ်များဆီတွင် အမေရိကန်သို့ တင်သွင်းပြီး အမေရိကန် မြေအောက်ကမ္ဘာကို ကြီးစိုးလာသည်အထိဖြစ်လေသည်။

၁၉၇၇ ခုနှစ်လောက်ဆီတွင် မာဖီးယားကမ္ဘာတွင် အချင်းချင်း သတ်ကြဖြတ်ကြသည့် အမှုများ အကြီးအကျယ်ဖြစ်ခဲ့လေသည်။ ယင်းသို့ဖြစ်ရသည့် မူလဇစ်မြစ်မှာ နယူးယောက်မြို့ရှိ မာဖီးယားခေါင်းဆောင် ဒီသက်ခရိုစ်နှင့် အခြား ခေါင်းဆောင်တဦးဖြစ်သူ မူးရစ်ဆေးဝါးဘုရင်ကာမိုးဂလန်တီတို့ နယူးယောက်မြို့ရှိ မာဖီးယားဂိုဏ်း ငါးခုအပေါ် အုပ်ချုပ်ရသည့် ဂေါ့ဖားသားနေရာ လုကြရာမှ စခဲ့လေသည်။



ယင်းသို့ သတ်ဖြတ်ကြသည့်ဂယက်မှာ နယူးယောက်မြို့ လမ်းဘကာနှင့် နောက်ဖေး လမ်းကြားများပါမကျန် ကူးစက်ပြန့်နှံ့ကြလေသည်။ ချီကာဂိုမြို့တွင်ဆိုလျှင် မာဖီးယား ဂိုဏ်းသားတို့ တဦးနှင့်တဦး သတ်လိုက် ဖြတ်လိုက်ကြသည်မှာ ၁၉၃၀ ခုနှစ်များဆီက အယ်လ်ကပုန်းလူဆိုးကြီးဆိုးသွမ်းခဲ့သည့်အချိန်နောက်ပိုင်း အကြီးအကျယ် သွေးလွှမ်းပွဲကြီး ဖြစ်တော့သည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလမှ ၁၉၇၇ ခုနှစ် မေလ အထိ ယင်းကိစ္စအတွက် လူပေါင်း ၂၁ ဦးသေခဲ့ရသည်။ တချိန်တည်းမှာပင် နယူးယောက်နှင့် ချီကာဂိုမှ မာဖီးယားတို့သည် ကာလီဖိုးနီးယား ပြည်နယ်ဘက်သို့ ကူးစက်လာကာ အသက်ကြီးပြီဖြစ်သော မာဖီးယား ခေါင်းဆောင်ဘို့ကို တိုက်ခိုက် ဖြုတ်ချကြသည်။

× × ×

ယခုဆိုလျှင် မာဖီးယားတို့သည် ညစ်ညမ်းသော အပြာစာအုပ်၊ ရုပ်ရှင်မဂ္ဂဇင်းများ ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းကို ကြီးစိုး ထားသည်။ ယင်းလုပ်ငန်းသည် ဆယ်နှစ်အတွင်း ဒေါ်လာ ၂,၂၀၀ ခန့်ဝင်သည်။ ယင်းမှတဆင့် မူးရစ်ဆေးဝါးပါသည့် စီးကရက်များ၊ မူးရစ်ဆေးဝါး ကော်ဖီများပါ ပ်လာကြသည်။ သို့ရာတွင် အများစုမှာ လောင်းကစားလုပ်ငန်း၊ အတိုးကြီးဖြင့် ငွေချေးခြင်း၊ မူးရစ်ဆေးဝါး လုပ်ငန်း၊ လေယာဉ်၊ သင်္ဘော အစရှိသည်တို့ကို ပြန်ပေးဆွဲခြင်း၊ မသမာသည့်နည်းဖြင့် ငွေရှာခြင်းများလုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျစ်လစ် သိပ်သည်းသော မာဖီးယားကမ္ဘာ၏ လုပ်ငန်းကျယ်ပြန့်မှုကို အပြင်လူများ သိချင်မှသိမည်။ သို့ရာတွင် အမေရိကန်နိုင်ငံ၏ အခွန်ဌာနကို နှစ်စဉ် အကြမ်းဖျင်း သန်းပေါင်း ၄၈,၀၀၀ ခန့်ရှာပေးပြီး အခွန်မဲ့ အမြတ်သန်းပေါင်း ၂၅,၀၀၀ ခန့်ရရှိကြလေသည်။ အမေရိကန်ရှိ အကြွနုန်ခေါ် အကြီးဆုံး စက်မှုလက်မှုလုပ်ငန်းကြီးပင် ယင်းတို့လောက်မရ။ ယင်း လုပ်ငန်းကြီးမှာ သန်းပေါင်း၅၁,၆၀၀ဖြင့်လည်ပတ်ရာတွင် ၁၉၇၆ ခုနှစ်က သန်းပေါင်း ၂,၆၀၀သာ မြတ်ခဲ့သည်။

ယင်းအမြတ်များကို မာဖီးယားတို့သည်ဒုစရိုက်လုပ်ငန်းများတွင် တဖန်ပြန်၍ မြှုပ်နှံကြပြန်သည်။ တရားဝင် လုပ်ငန်းများလည်း ရင်းနှီးမြှုပ်နှံတတ်ကြသည်။ ယင်းငွေများဖြင့် တိုက်တာအိမ်ခြံများဆောက်ခြင်း၊ ဆောက်လုပ်ရေးကုမ္ပဏီများထောင်ခြင်း၊ အရက်များလှောင်ခြင်း၊ အသားသွတ် လုပ်ငန်းများလုပ်ခြင်း၊ ကားကုမ္ပဏီများထောင်ခြင်း၊ ဟိုတယ်များဖွင့်ခြင်း၊ အရက်ဆိုင်များဖွင့်ခြင်း၊ စားသောက်ဆိုင်များဖွင့်ခြင်း၊အဝတ်လျှော်ဖွတ် လုပ်ငန်းဆိုင်များဖွင့်ခြင်း၊ အလိုအလျောက် ပစ္စည်းရောင်းသည့်စက်များ ထောင်ခြင်း စသည်တို့တွင် ပြန်လည်အသုံးချသည်။ အဆုံး ဆိုရသော်အမေရိကန်ရှိ စီးပွားရေး လုပ်ငန်းမှန်သမျှ မာဖီးယားတို့နှင့် ကင်းသည်ဟူ၍ မရှိချေ။ မာဖီးယားတို့သည် တရားဝင်လုပ်ငန်းကြီးပေါင်း ၁၀,၀၀၀ကိုပိုင်ဆိုင်ပြီး ယင်းတို့မှ နှစ်စဉ် ဒေါ်လာသန်းပေါင်း ၁၂,၀၀၀ခန့် အမြတ်ရနေသည်။

အမေရိကန် လူမှုရေးစနစ်ကလည်း မာဖီးယားတို့ကို ကူညီပေးနေသည်။ လိင်ရေးရာလွတ်လပ်မှု၊ ဆေးခြောက် ကိုလောက်ကိုအလေးမထားမှုနှင့် လောင်းကစားခြင်းကိုတရားဝင်ခွင့်ပြုမှုတို့ကြောင့် မာဖီးယားတို့ အကြိုက်တွေ့နေခဲ့သည်။

မာဖီးယားတို့သည်ကက်စီနိုလောင်းကစားဝိုင်းများ ထောင်ရာ လွန်ခဲ့သော ဆယ်နှစ်ခန့်က ယင်း လောင်းကစားဝိုင်းများမှ "အကောက်"ကြောင့် အမေရိကန် အခွန်ငွေမှာ တိုးခဲ့ရသည်။ နီဗာဒါးပြည်နယ်မှ ကက်စီနိုအခွန်ငွေမှာ ဒေါ်လာ ကုဋေ ၂၀ ခန့် ရရှိသည်။ အမေရိကန်ပြည်နယ်ပေါင်း ၄၄ ခုမှ လောင်းကစားဝိုင်းများတွင် လောင်းကစားငွေပေါင်း ဒေါ်လာကုဋေ ၁,၈၅၀ခန့်ရှိသည်။

မာဖီးယားတို့၏တန်ခိုးမှာ ကြီးလွန်းသဖြင့် ရဲအဖွဲ့မှလည်း သက်သေ အခိုင်အမာ ရှိသည့်တိုင် ထောင်ချ၍မရနိုင်အောင် ရှိကြလေသည်။ မျက်မြင် သက်သေများမှာလည်း မာဖီးယားတို့ လက်စားချေမည်စိုးသဖြင့် သတင်းမပေးရဲကြချေ။

အက်ဖ်ဘီအိုင်အဖွဲ့၏ တွက်ချက်မှုအရ အမေရိကန်တွင် မာဖီးယားအဖွဲ့ဝင်ပေါင်း ၅,၀၀၀ခန့်ရှိသည်။ ယင်းတို့အားလုံးမှာ အီတလီ အနွယ်များချည်း ဖြစ်သည်ဟု ဆိုသည်။ အများစုမှာ စစ္စလီမှ ရောက်လာကြသူများဖြစ်သည်။ တပြည်လုံးတွင် ယင်းတို့မသိသေးသည့် အဖွဲ့ဝင်များရှိဦးမည်။ ထို့အပြင်အချို့ မာဖီးယားမဟုတ်သော ရာဇဝတ်ဂိုဏ်းများပင်လျှင် မာဖီးယားတို့နှင့် အလွန်းသင့်ကြရသည်။ ယင်း အလွန်းသင့်သော မာဖီးယားမဟုတ်သည့် ရာဇဝတ်ကောင် ၅၀,၀၀၀ခန့်ရှိမည်ဟု အမေရိကန်ရာဇဝတ်မှု လေ့လာသူများက ခန့်မှန်းကြသည်။

မာဖီးယားသည် အမေရိကန်တွင် အထူးခြားဆုံးသော အဖွဲ့အစည်းဖြစ်သည်။ ယင်းတို့တွင် ဂိုဏ်းကွဲ ၂၆ခုရှိပြီး ယင်းတို့အ

www.burmeseclassic.com



နက် ၅ဂိုဏ်းမှာ နယူးယောက်တွင်ရှိသည်။ အဖွဲ့တဖွဲ့လျှင် အနိမ့်ဆုံးအဆင့် အဖွဲ့ဝင် ၂၀မှ ၁,၀၀၀အထိ ပါဝင်သည်။

ဤသို့ စုစုစည်းစည်း ဖွဲ့စည်းထားသော မာဖီးယားတို့သည် အမေရိကန် မြေအောက်ဥပဒေမဲ့ စီးပွားရေးအဖွဲ့ကြီး ဖြစ်နေပေသည်။ ယင်းတို့ရရှိသော အခွန်ဆောင်ရှိသည့် တရားဝင်ငွေများနှင့် အခွန်မဆောင်ရသော ငွေမဲတို့မှာ ဆွစ်ဇာလန်ဘဏ်များတွင် လမ်းစဆုံး ပျောက်ကွယ်နေကြလေသည်။

ထို့ကြောင့် ဆွစ်ဇာလန်ဘဏ်တို့မှာ အမေရိကန် အရင်းရှင်များ၊ မာဖီးယားအဖွဲ့များ၏ ဘဏ်တိုက်များဟုဆိုက မမှားချေ။

× × ×

အမေရိကန်တွင် စီးပွားရေးကို ဘီလူးသရဲပမာ လုပ်နေကြသူတွေလည်းရှိသည်။ ယင်းတို့လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်းများမှာလည်း အမေရိကန် အစိုးရအား မာဖီးယားကဲ့သို့ပင် ဒုက္ခပေးခဲ့ပေသည်။ ထို့ကြောင့် စီးပွားရေး ဒုစရိုက်မှုများဟုပင် ကင်ပွန်းတပ်ခဲ့ကြသည်။

ယင်း ဒုစရိုက်မှုတို့သည် ရှုပ်ထွေးလှသည်။ ယင်းတို့၏ လှုပ်ရှားမှုများမှာလည်း ရှုပ်ထွေးလှပေရာ အစရှာရန်ခက်လှသည်။ အချက် အလက် အားလုံးကို သိလျှင်သော်မှ နားလည်နိုင်ရန်ခက်နေပြန်သည်။

သို့ရာတွင် ယင်းတို့နှင့် ပတ်သက်၍ထင်ရှားအောင် သာဓကတခု ပြရန်လိုမည်ထင်သည်။

နယူးယောက်နှင့် ဖလော်ရီဒါတို့တွင် ကျက်စားနေသော အရှိဗစ်ဇ်သည် ကုမ္ပဏီ အမြောက်အမြား၏ ဘုတ်အဖွဲ့တွင်လည်း



ပါသည်။ မေယာလန်စကီနှင့် လူချက်စလာတို့ပါဝင်သော အိမ်ယာဆောက်လုပ်ရေးလုပ်ငန်းတွင်လည်းငွေရင်းထည့်ဝင်ထားသူတဦးဖြစ်သည်။ မိုက်ကော်ပိုလာခေါ် မာဖီးယားဂိုဏ်းတဂိုဏ်းတွင်လည်း ပါဝင်သူဖြစ်သည်။

ချက်စလာသည် လောင်းကစားမှုများလုပ်ရန် ကောင်းသောအရပ်တွင် အိမ်ယာ ဆောက်လုပ်ရေး လုပ်ငန်းကို ချဲ့ထွင်လုပ်ဆောင်ရန် စိတ်ကူးပြီး ၁၉၆၀ခုနှစ်တွင် မိမိနှင့် စပ်တူများ၏ ကိုယ်စား ဘဟားမားသို့ သွားရောက်ခဲ့သည်။ မိမိတို့အဖွဲ့၏ရည်ရွယ်ချက်နှင့် ကိုက်ညီသော အရပ်ဖြစ်ကြောင်းလည်း တွေ့ခဲ့ရသည်။

အလွန်သာယာသော ဤ ကျွန်းကလေး၏အဖြစ်မှာ ၁၉၆၀ ခုနှစ်မတိုင်မီကပင် ဂရူဆိုသူကြောင့် ဆိုးရွားခဲ့ရသည်။ ၁၉၅၅ ခုနှစ်တွင် ဂရူက ဘဟားမားအစိုးရ (ထိုစဉ်က လူဖြူများ ဖြစ်သည်)ကို မိမိအား မြေတကေလျှင် ၂၁ဒသမ ၈၀ဒေါ်လာဖြင့် ရောင်းရန် တောင်းဆိုသည်။ ထိုအခါမှစ၍ ဂရူသည် တနိုင်ငံလုံး၏ မြေကေစတုရန်းမိုင် ၄၃၀အနက် ၂၁၁မိုင်ခန့်ကို အလွန်သာသော ဈေးနှုန်းနှင့် ရခဲ့လေသည်။ တနိုင်ငံလုံး၏တဝက် ရခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၏ အနောက်ဘက်ကမ်းတောကမ်းခြေမှ သမုဒ္ဒရာအတွင်း မိုင် အနည်းငယ်မျှသာ ဝေးသော ဤကျွန်းကလေးသည် ဗြိတိသျှပိုင်ဟု အမည်သာရှိသော်လည်း စင်စစ်တွင်မူ ဂရူ၏ နန်းစိုးဘုရင်ပြည်ကလေး ပမာ ဖြစ်ခဲ့လေသည်။ ဆိပ်ကမ်းများ၊ လမ်းပန်း အဆက်အသွယ်များ၊ စတိုးဆိုင်များ၊ ကျောင်းများ အားလုံးမှာ သူ့

www.burmeseclassic.com

www.burmeseclassic.com



ပိုင် အရာများချည်း ဖြစ်နေသည်။ ဝင်ငွေခွန်၊ အမြတ်ခွန်၊ အရောင်းခွန်၊ အိမ်ခွန်များမရှိ။ ယင်း၏ အဓိကရည်ရွယ်သော စီမံကိန်းမှာ သူခိုးလိုင်စင်ရရှိရန်ပင်ဖြစ်သည်။ ထိုအတိုင်းလည်း စီစဉ်ထားလေသည်။ ထိုငါးစာကိုဟပ်မိသူမှာ ချက်စလာ ဖြစ်သည်။

၁၉၆၀ခုနှစ်တွင် ချက်စလာသည် ဖရီးပို့ဆိပ်ကမ်းသို့ရောက်လာသည်။ "ဘုရင်မ်"ဂရုနှင့် စပ်၍ အလုပ်လုပ်ရန်ဖြစ်သည်။ နှစ်ဦးစပ်၍ ဂရင်းဘဟားမား ဖွံ့ဖြိုးရေးကုမ္ပဏီဟု ခေါ်သော ကော်ပိုရေးရှင်းတခုနှင့် ဘဟားမား ပျော်ရွှင်မှုလီမိတက်ခေါ် ကုမ္ပဏီခွဲတခုကို တည်ထောင်လိုက်သည်။ ပထမ အိမ်များဆောက်၍ရောင်းရန်ဖြစ်ပြီး၊ ဒုတိယကက်စီနိုလောင်းကစားဝိုင်းထောင်ရန်ဖြစ်သည်။

လောင်းကစားမှုကို ဘဟားမားဥပဒေအရ ခွင့်မပြုပေ။ ထို့ကြောင့် ယင်းဥပဒေမှလွတ်ရန် လက်မှတ်တခုရထားဖို့လိုသည်။ ဒါကလည်း တင်ပြမှုအဆင်မပြေလျှင်အလွန်ခက်ခဲသည့် အလုပ်တခုဖြစ်ပေသည်။ သူတို့အတွက် ရှေ့မှရပ်တည်၍ ဆောင်ရွက်ပေးရန် အသုံးချခံနေရသူမှာ ဘဟားမားနိုင်ငံ ဘဏ္ဍာရေးနှင့် ကမ္ဘာ့လှည့် ခရီး သွားလာရေး ဝန်ကြီး ဆာစတက်ဖို့ဆင်းဒ် ဖြစ်သည်။

၁၉၆၁ ခုနှစ်တွင် အခန်းပေါင်း ၂၅၀ရှိသော ဟိုတယ်ကြီးတခုကို ချက်စလာနှင့်ဂရု စပ်တူလုပ်ငန်းမှတည်ဆောက်ပြီး လူကာယန်ကမ်းခြေဟိုတယ်ဟုအမည်ပေးလိုက်လေသည်။ယင်း ထူးခြားသောအပိုင်းမှာ စတုရန်းပေ ၉,၀၀၀ရှိ အစည်းအဝေးခန်းမ ဖြစ်သည်။ နောက်ပိုင်းတွင် ယင်း အခန်းကို လက်ပစ်



ဘောကွင်းဟုခေါ်လိုက်သည်။ ၁၉၆၃ခုနှစ် ဧပြီလတွင် စတက်ဖို့သည် ဘဟားမားပျော်ရွှင်မှုလီမိတက်အတွက် လောင်းကစားလိုင်စင်ထုတ်ပေးရန် စီစဉ်လိုက်လေသည်။ ယင်း ဘဟားမားပျော်ရွှင်မှုလီမိတက်ကသည်း ထိုအချိန်တွင် ကက်စီနိုဖွင့်ရန်နေရာရှာနေဆဲ ဖြစ်သည်။

ထိုနောက် ချက်စလာသည် လက်ပစ်ဘောကွင်းကို ကက်စီနိုဝိုင်းလုပ်ရန် မလွယ်သည့်ကတကြောင်း၊ မေယာလန်စကီဆိုသူသည် လောင်းကစားလုပ်ငန်းတွင် ကျွမ်းကျင်သည်ကတကြောင်း၊ ကြောင့် လန်စကီအား အကူအညီတောင်းရတော့သည်။

လန်စကီသည် ကြာမြင့်စွာ အတူတွဲလုပ်ခဲ့သော လျော့သက်ဒလိုဆိုသူကို တာဝန် အပ်ပေးလိုက်သည်။ နောက်ပိုင်း တွင် ဆက်ဒလိုသည် အလုပ်သမားများ ခန့်ခြင်း ထုတ်ခြင်းကိုလုံးဝချုပ်ကိုင်ထားလိုက်တော့သည်။ သို့သော် အစိုးရပိုင်း တာဝန်ရှိတဦးက ယင်း ဖရီးပို့ဆိပ်ကမ်း ကက်စီနိုတွင် အမေရိကန်များ အလုပ်လုပ်နေသည်ကို ကန့်ကွက်ခဲ့သည်။

ဘဟားမားကျွန်း အခြေအနေဆိုးရွားလာသည်မှာ ၁၉၆၀ ခုနှစ် မေယာလန်စကီ စတက်ဖို့ထံသို့ လာရောက် ကတည်းက စတင်ခဲ့သည်။

လန်စကီသည် လောင်းကစားမှု လွတ်လပ်စွာလုပ်ရန် စတက်ဖို့အား ဒေါ်လာတသန်း လာဘ်ထိုးခဲ့ပါသည်ဟု နောက်ပိုင်းတွင် စတက်ဖို့ကဝန်ခံသည်။ ယင်းငွေမှာ ဆွစ်ဇာလန်တွင် ယင်း၏အမည်ဖြင့် သွင်းထားသည်။ နောက်ပိုင်းတွင် တခါစတက်ဖို့က ပြင်ဆင်ပြောရာတွင် လာဘ်ငွေမှာ ဒေါ်လာနှစ်သန်းဖြစ်ပြီး မိမိလက်မခံ ပါငြင်းခဲ့ပါသည်ဟုဆိုသည်။ သို့ရာတွင် ခိုစမ်း

www.burmeseclassic.com

www.burmeseclassic.com



၍ အတိအကျ သိခဲ့ရသည်မှာ လန်စကီ၊ ချက်စလာ၊ ဂရှနှင့် အဖွဲ့သည် စတတ်ဖို့ကို ဒေါ်လာ ၁ ဒသမ ၈သန်း လာဘ်ထိုးခဲ့သည်။

နောက်ဆုံးတွင် ယင်းသို့လုပ်ဆောင်မှုများအားလုံးကို လုပ်ငန်း အမြောက်အမြား၏ ဒါရိုက်တာဖြစ်သူ မက်အောဗစ်ဇ်က မိယာမိမှ စီစဉ်နေခဲ့ခြင်းဖြစ်ပေသည်။ ယင်းအတွက် အောဗစ်ဇ်က ကက်စီနို၏ တာဝန်ရှိတယောက်အနေဖြင့် ဆောင်ရွက်ပြီး အကြံပေးအရာရှိအနေဖြင့် လစာထုတ်ယူနေသည်။

၁၉၄၅ ခုနှစ် တနှစ်လုံး လူကာယန်ဟိုတယ်သည် အမေရိကန် အနှံ့အပြားမှ လောင်းကစားသမားများကို အကြို အပို့ လေယာဉ်ဖြင့်လုပ်ရာ ဒေါ်လာငါးသိန်းခန့် သုံးစွဲခဲ့ရသည်။ ထို ကစားသမားတို့သည် လပ်စ်ဗက်ဂတ်စ် တရားဝင်လောင်းကစားဝိုင်းနှင့် အခြားမြို့များရှိ တရားမဝင် လောင်းကစားဝိုင်းများမှ တဆင့် လန်စကီ၏အဖွဲ့အစည်းကို ကျွမ်းဝင်ခဲ့လေသည်။ ယင်းတို့သည် စင်စစ် ရာဇဝတ်ကောင်များမဟုတ်ကြ။ လောင်းကစားဝါသနာကြီးသော မျက်နှာကြီးများဖြစ်ကြသည်။

ယင်း ပထမနှစ်မှာပင် မျက်နှာကြီး လောင်းကစားသမားများအတွက် သင်္ဘောများ၊ တည်းခိုစရာများကို စီစဉ်ပေးရသဖြင့် ဒေါ်လာတသန်းခန့် ထပ်ကုန်ခဲ့သေးသည်။ လုပ်ငန်းမှာ အကြီးအကျယ်အောင်မြင်ခဲ့ရာ လန်စကီက မိမိပေးခဲ့သော မျက်နှာကြီးလောင်းကစားသမားအမည်များနှင့် ငွေချေးနှုန်းများအတွက် ကုမ္ပဏီမှ ဒေါ်လာ ၂ဒသမ ၁သန်းတောင်းခဲ့သည်။ ယင်း ပထမနှစ်၌ လောင်းကစားသမားများကို ဂရင်ဘာဟားမားသို့ ခေါ်ရန်အတွက် စုစုပေါင်း ဒေါ်လာ ၃ဒသမ၆သန်းသုံးလိုက်



သည်ကိုကြည့်ခြင်းဖြင့် ယင်းတို့အသည် ကက်စီနိုမှ အကျိုးအမြတ်ကို မည်မျှအထိမှန်းထားကြောင်း သိနိုင်လေသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ လူဖြူ ဘဟားမားတာဝန်ရှိတို့က ဝေဖန်ရာတွင်ခြေခြေမြစ်မြစ်မရှိလှ။ နယ်ခံစီးပွားရေး သမားများအပေါ် ကက်စီနိုအားဖြင့် စက်ဆုပ်ဖွယ် မာဖီယားပုံစံ သွေးစုပ်ခဲ့သည်နှင့်ပတ်သက်၍ ဒုတိယမြောက် အဲလီးဇဘက်ဘုရင်မ (အင်္ဂလိပ်)၏ ဘဟားမားဘုရင်ခံ ဆာရင်ဖ်ဖရန့်စစ်က ပြောရာတွင် "ကျုပ်တို့ဟာ ကမ္ဘာကြီးကို 'ပုလိပ်'လိုစောင့်မနေနိုင်ဘူး" ဟု ဆိုသည်။

ယင်းလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့်အစိုးရပိုင်းပုဂ္ဂိုလ်များအနက် ကျန်ပုဂ္ဂိုလ်များမှာ ပြည်သူ့ဆက်ဆံရေး အရာရှိအနေဖြင့် နှစ်စဉ် ကက်စီနိုမှ ဒေါ်လာ ၁၅,၀၀၀ထုတ်ယူနေသော ဆာတီယန်ဒူပုချ်နှင့် လမ်းပန်း ဆက်သွယ်ရေးနှင့် ရေကြောင်း အခဆောက်အအုံလုပ်ငန်းများအတွက် ကက်စီနိုမှ နှစ်စဉ်ဒေါ်လာ ၃၀,၀၀၀ ရနေသော ဝန်ကြီးချုပ်ဟောင်းဆာရှိလန်ဆင်မိုနက်တို့ဖြစ်သည်။

ဆာစတတ်ဖို့အား လာဘ်ငွေ အမြောက်အမြားပေးပြီးသည့်အပြင် ယင်း၏ နိုင်ငံရေးပါတီအတွက် ဒေါ်လာ ၃၂၀,၀၀၀ ကိုလည်း ကုမ္ပဏီမှကူညီခဲ့သည်။

ဤ လာဘ်ထိုးငွေများကို ဝေးလံ၍ လုံခြုံသော လျှို့ဝှက်ပေးထားသည့် အမည်မဲ့ ဆွစ်ဇာလန် ဘဏ်စာရင်းတွင် သိမ်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၇ခုနှစ်တွင် အယ်လိကက်စီနိုဟု ခေါ်သော နေရာသစ်တခု ထပ်တိုးလာပြန်သည်။ ယင်းမှရသည့် ငွေများသည်လည်း ဆွစ်ဇာလန်ဘဏ်များတွင် ခိုအောင်းကြပြန်သည်။

အထက်ပါ အကြောင်းအရာများကို ထပ်မံရှင်းလင်းရန် လိုပေဦးမည်။ ဤကိစ္စတွင် အလွန်ထူးဆန်းသော လူတဦးလည်း ပါနေသည်။ ယင်းမှာ ဒီကေလုဒ်ဝစ်ဆိုသူဖြစ်သည်။ လူတွေနှင့်နေရသည်ကိုမုန်းသော ယင်း၏သဘောကို ဟောက်ဝပ်ဟုစ်ကပင် အားကျလာရသည် ဆိုသူဖြစ်၏။ လုဒ်ဝစ်သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးဟု ဆိုကြသည်။

ဝေါလေ့စ်ဂရုသည် ဘဟားမားကျွန်းတဝက်နီးနီးကို ဝယ်နိုင်ရန် ငွေအမြောက်အမြား ဘယ်ကရသနည်း။ ယင်းငွေများမှာ ရေနံတင်သင်္ဘော အမြောက်အမြားပိုင်ဆိုင်သော လုဒ်ဝစ်နှင့်ဆက်သွယ်ရာမှ ရရှိခဲ့ခြင်းဖြစ်သည်။

ဂရုသည် မြေတကေလျှင် ၂ဒသမ ၈၀ဒေါ်လာနှင့် ဝယ်ခွင့်ရစဉ်က ဤဒေသ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပါမည်ဟု ကတိပေးခဲ့ရသည်။ သူ၏ဂရင်းဘဟားမား ဆိပ်ကမ်းအာဏာပိုင်ကုမ္ပဏီသည် ရေနက်ဆိပ်ကမ်းတခုကို တည်ဆောက်ခဲ့လေသည်။

လုဒ်ဝစ်သည် ဂရု၏ ဆိပ်ကမ်းအတွက် ဒေါ်လာ ၅ ဒသမ ၆ သန်း အကုန်အကျခံကာ သောင်တူး ရှင်းလင်းရေးလုပ်ငန်းကို လုပ်ပေးခဲ့သည်။

ယင်းကဲ့သို့သော အဆင့်ဆင့် ပိုင်ဆိုင်ကြသည့် လုပ်ငန်းကြီးသည် နောက်ပိုင်းတွင် မပြေမလည် ဖြစ်ကြသည်မှာ မှန်သော်လည်း ဖွဲ့စည်းမှု ခိုင်မာလှသည်။ လုဒ်ဝစ်၏ ပိုင်ဆိုင်မှု (လုပ်ငန်းမှရသည့်)များသည် စောစောကပင် ဆွစ်ဇာလန်သို့ လုပ်ငန်း



ရေးအတွက် မြန်းကြခဲ့သည်။ ယင်းအချက်ကြောင့် ဂရုတွင် အမှီကောင်း ပုဂ္ဂိုလ်တဦးရှိ၍ ယင်းပုဂ္ဂိုလ်သည် ဂရု၏လုပ်ငန်းတွင် ဂရုထက်ပင် ပိုမိုပိုင်ဆိုင်သည်ဟု စောစောပိုင်းနှစ်များတွင်ပြောဆိုနေကြသည်။

ရှေ့ပိုင်းတွင်ထွက်၍ အဓိက ကပြနေရသော ချက်စလာမှာကား မိမိစိုက်သည့်အပင်မှ အသီးကို မြည်း၍မျှပင်မကြည့်ခဲ့ရချေ။ ၁၉၆၄ ခုနှစ်တွင် ဂရုနှင့်ချက်စလာတို့ ကွဲကြတော့သည်။

ချက်စလာသည် ဘဟားမား ပျော်ရွှင်မှုလီမိတက်မှ မိမိ၏ အကျိုးအမြတ်ကိုထုတ်၍ ထွက်သွားတော့သည်။ ယင်းကုမ္ပဏီမှာ တင်းကြပ် ကန့်သတ်လွန်းသည်ဟု သူကမြင်သည်။

သို့ရာတွင် လူကားယန် ဂမ်းခြေ ဟိုတယ်သည် ဘဟားမား ပျော်ရွှင်မှု လီမိတက်၏ စွန့်စားခန်း နိဒါန်းသာလျှင် ရှိသေးသည်။ ၁၉၅၉ခုနှစ်တွင် ဘဟားမားကျွန်းသို့ နောက်ထပ်လူ ဒိမ်းတဦး ရောက်လာသည်။ ဂရု၊ လုဒ်ဝစ်နှင့် လန်စကီ တို့ကို ဖြတ်လမ်းမှ လိုက်ရန်ဖြစ်သည်။

ဟော့ကျွန်းသည် ဖရီးပို့ဆိပ်ကမ်းနှင့် သိပ်မဝေးပေ။ နာဆောမြို့နှင့်လည်း မလှမ်းမကမ်းတွင်ရှိသည်။ အေ အင် ပီ ကုမ္ပဏီ၏ သန်းကြွယ်သဌေးကြီး ဟန်တင်တန်ဟတ်ဖို့သည် ထိုကျွန်းကိုဝယ်လိုက်ပြီး ကျွန်းသာယာဟု အမည်ပေးလိုက်သည်။

၁၉၆၃ခုနှစ် စောစောပိုင်း လောင်းကစား လိုင်စင်ရရန် တောတ်ဖို့ ကြိုးစားနေသည့်ကာလတွင် ဟတ်ဖို့သည် ဒေါ်လာ ၂၅သန်း အကုန်အကျခံကာ ကျွန်းသာယာတွင် လှေလှော်ရွက်တိုက် ပျော်ပါးရန် ကမ်းခြေတခု၊ ဟိုတယ်ကလေးတခု၊ ဂေါက်ကွင်းတခုနှင့် စားသောက်ဆိုင်တခု တည်ဆောက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ယင်းတို့ကား အရာမထင်ခဲ့ပေ။ မေယာလန်စကော လောင်းကစား သူများကို လာရန် ဆွဲဆောင် ကြိုးစားနေစဉ် ဟတ်ဖို့က လောင်းကစားလိုင်စင်ရရန် ကြိုးစားဆဲရှိနေပေသည်။

သို့ရာတွင် အမှားမှားအယွင်းယွင်း လုပ်ခဲ့မိပေသည်။ ပထမ ဦးစွာ အရေးကြီးလှသော စတတ်ဖို့ကို ပေါင်းမထားမိခြင်း ဖြစ် သည်။ စတတ်ဖို့က ဂရုတို့အဖွဲ့၏ စောင်မမှုကို သာယာနေသူ ဖြစ်သည်။ အေအင်ပီ ကုမ္ပဏီမှ မည်သည့်ငွေတပြားမှ ဆွစ်ဇာ လန်ရှိ စတတ်ဖို့ဆင်း၏စာရင်းသို့ မဝင်ခဲ့ချေ။ ပို၍ဆိုးသည်မှာ ဟတ်ဖို့တို့အဖွဲ့သည် အတိုက်အခံ လူမဲပါတီဖြစ်သော လစ်ဘရယ် ပါတီသို့ ငွေဒေါ်လာ ၁၅,၀၀၀ ပေးကမ်းကူညီလိုက်ခြင်းပင် ဖြစ်သည်။

ကျွန်းသာယာ အတွက် လောင်းကစားလိုင်စင် မရသည်ကို ပြောပြရန်ပင် လိုမည်မထင်ပေ။ ၁၉၆၉ ခုနှစ်တွင် ဟတ်ဖို့သည် သည် မိမိ၏အဆုံးအရှုံးကို ပြန်ရရန်လုပ်ရတော့သည်။ ပစ္စည်း အားလုံးအနက် လေးပုံတပုံကိုချန်၍ အကျန်ကို အရှုံးနှင့် ဖြေ ထုတ်ရတော့သည်။ ဝယ်သူမှာ မေရီကာတာ သင်္ဘောဆေး ကုမ္ပဏီဖြစ်သည်။

ယင်းကုမ္ပဏီသည် ၁၉၅၈ ခုနှစ်က တည်ထောင်၍ အမေရိ ကန်တဝှမ်းလုံးနှင့် ကရီဘီယံတွင် သင်္ဘောဆေးဆိုင် တထောင် ခန့်ရှိသည်။ စားသောက်ဆိုင်အများအပြား ဖွင့်ခဲ့သည်။ ယင်း တို့၏ ကုမ္ပဏီခွဲတခုဖြစ်သော ဘဟားမား ဖွံ့ဖြိုးရေးကုမ္ပဏီသည် ၁၉၆၃ ခုနှစ်တွင် ဂရုတို့ထံမှ ဂရင်းဘဟားမားမြေ၃,၅၀၀ဧ ကိုဝယ်ခဲ့သည်။



မေရီကာတာကုမ္ပဏီ၏ အမိကအရင်းရှင်မှာ ပြည်နယ်ဦးစီး သောမတ်ဂျူဂီဖြစ်သည်။ မေရီကာတာသို့ ဂျူဂီ ရောက်လာရ သည်မှာ သူနှင့်သူ၏သားတို့ ငွေရင်းထည့်ဝင်ထားသော ခရော့ ဘီမီလာကုမ္ပဏီသည် ၁၉၅၉ ခုနှစ် တွင် မေရီကာတာ ကုမ္ပဏီ နှင့် ပူးပေါင်းလိုက်သောကြောင့် ဖြစ်ပေသည်။

မေရီကာတာကုမ္ပဏီကဝယ်လိုက်ပြီးနောက်ယင်းကုမ္ပဏီသည် ဟတ်ဖို့ မအောင်မြင်သည်ကို အောင်မြင်အောင် ဆောင်ရွက်၍ နေ့ချင်းညချင်း ကြီးပွားအောင် လုပ်နိုင်ခဲ့သည်။

မေရီကာတာ ကုမ္ပဏီမှ ငွေဒေါ်လာ ၇၅၀,၀၀၀ သည် ဆာစတတ်ဖို့ဆင်းထံ ရောက်သွားသည်နှင့် လောင်းကစားလိုင် စင်တခုကျလာပြီး နာဆူမြို့တွင် ဘဟားမားကာသပ်ကို သီးခြား ဖွင့်ခွင့် ရခဲ့လေသည်။ ယင်းသဘောတူညီချက်ကို ၁၉၆၇ခုနှစ် တွင်ချုပ်ဆို၍ ယင်းတွင် ဘဟားမားကာသပ်အား ကျွန်းသာယာ သို့ပြောင်းရွှေ့ရန် ပါဝင်လေသည်။

ကျွန်းသာယာသို့ ပြောင်းရွှေ့ပြီးသည်နှင့် အမြတ်၏ ၄၄ ရာခိုင်နှုန်းကို ဂရု၏ ဘဟားမား ပျော်ရွှင်မှုလီမိတက်သို့ ပေး သည်။ လန်စကီနှင့်အဖွဲ့သည် ကက်စီနိုကို ကြီးကြပ် လုပ်ကိုင် ပေးရသည့်အတွက် ၁၅ ရာခိုင်နှုန်းရခဲ့သည်။

ထိုအချိန်တွင် ဘဟားမားပျော်ရွှင်မှုလီမိတက်သည် မက်ခီစ် အောဗစ်၏ ဆောင်ရွက်မှုကို အားမရ ဖြစ်လာသည်။ ထို့ ကြောင့် ကျွန်းသာယာတွင် အကြီးအကျယ် အချင်း များကြ တော့သည်။

ထို့နောက် ယင်းတို့မှရသည့် အကျိုးအမြတ်များ၊ ငွေနေးမ ဝင်ငွေမဲများအား မီယာမီကရီဘီယံ ပူးတွဲအဖွဲ့သည် ၁၉၆၃ခုနှ

www.burmeseclassic.com

www.burmeseclassic.com



နှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ဆွစ်ဇာလန် ငွေကြေးလဲလှယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဘဏ်ကို ဝယ်ယူ လိုက်သည်။

ယင်းဘဏ်ကို အတိုအားဖြင့် အီး အင် အိုင် ( E & I )ဟုခေါ်သည်။ ယင်းဘဏ်၏ မူလပိုင်ရှင်များမှာ ဂါသွန်ရိုန်နာနှင့် ဘင်ဂျမင်ဝိုလာတို့ ဖြစ်သည်။ ယင်းတို့သည် နယူးယောက်တွင် ဘာရာစီယာကုမ္ပဏီပိုင်ရှင် ဖြစ်သည်။

ယင်းဘဏ်၏ အခြားပိုင်ရှင်များ ရှိသေးသည်။ ယင်းတို့မှာ အမေရိကန် ထိပ်တန်းလောင်းကစားသမား အက်ဒီလက်ဗီဆင် ဆိုသူဖြစ်သည်။

နောက်တဦးမှာ လန်စကီနှင့် လက်ဗီဆင်တို့၏လက်ထောက် ဘင်ဂျမင်ဆီဂဲလ်ဘွမ်ဆိုသူဖြစ်သည်။ယင်းသည်ဘဏ်အတွေ့အကြုံရှိသူဖြစ်သည်။

အီး အင် အိုင်၏ တတိယ ပိုင်ရှင်မှာ လူပီးလားဆိုသူ ဖြစ်သည်။

၁၉၆၇ခုနှစ်တွင် ဒုစရိုက်ဂိုဏ်းများသည် အီး အင် အိုင် ဘဏ်ကိုအသုံးချ၍ နယူးယောက် ချေ့စ်မဟာတ်တန်ဘဏ်မှ ဒေါ်လာ ၁၂သန်း ထုတ်ယူခဲ့သည်။

ယင်းကိစ္စကို ချေ့စ်မဟာတ်တန် ဘဏ်မှ သိသွားပြီး တိုင်လိုက်သောအခါ မော်ဂန်သော်က အမှုကို ရုံးတင်သည်။ အီးအင်အိုင် ကုမ္ပဏီကိုလည်း မြေအောက်ကမ္ဘာကို အကာအကွယ်ပေးသည်ဆိုကာ အရေးယူသည်။ ဝိုးလားရိုန်းနားနှင့် အီးအင်အိုင် ဘဏ်၏ အခြားပိုင်ရှင်တို့သည် ဆွစ်ဇာလန်မှ လုပ်ပိုင်ခွင့် လိုင်စင်ကို ပြင်သစ်သို့ရောင်းလိုက်ပြီး ဘဏ်လုပ်ငန်းကို စွန့်လွှတ် လိုက်ကြသည်။



ဤကိစ္စမျိုးကို အီးအင်အိုင်ဘဏ်နှင့်သာ လုပ်၍ရသည်မဟုတ်။ ဆွစ်ဇာလန်ဘဏ်မှန်သမျှသည် ယင်းတို့ အကျိုးရှိမည့် လုပ်ငန်းမှန်သမျှ လုပ်ပေးကြမည်ပင်။ ဤကိစ္စသည် သူတို့၏ ဆွစ်ဥပဒေကို ချိုးဖောက်ရာရောက်သည်ဟု မမြင်။

ဤကဲ့သို့ စီးပွားရေး ဒုစရိုက်သမားများအဖို့ မိမိတို့ကိုယ်ပိုင်ဘဏ်တခုရှိထားလျှင် အဆင်ပြေသည်။ အထူးသဖြင့် ဆွစ်ဇာလန်တွင်ရှိလျှင် ပို၍အဆင်ပြေသည်။ မိမိတို့၏ အတွင်းရေးလျှို့ဝှက်ချက်များကို မိမိတို့အဖွဲ့ပိုင်ဘဏ်တွင် လျှို့ဝှက်သိမ်းထားနိုင်သည်။ ဆွစ်ဇာလန်ဘဏ်များကို သုံးလျှင်လည်း စိတ်ချရသည်။ သို့သော် ကိုယ်ပိုင်ဘဏ်ရှိတော့ ပို၍ကောင်းသည်။

ယင်းကဲ့သို့ လုံခြုံမှုအတွက်စိတ်ချရသည့်အပြင် မိမိတို့အဖွဲ့၏ငွေကို အသွင်းအထုတ်လုပ်ရာတွင်လည်း အခြားဘဏ်များတွင် လုပ်သည်ထက် မြန်သည်။ နှောင့်နှေး ကြန့်ကြာမှုမရှိ။ အစစ်အဆေး မရှိချေ။

အဓိကအချက်မှာ ဆွစ်ဇာလန်ဘဏ်တို့သည် အကြီးအကျယ်ငွေလှိုးသူများဖြစ်သည်။ မိမိတို့ ကိုယ်ပိုင်ဘဏ်ရှိထားလျှင် ယင်းမှရသည့် ဘဏ်စရိတ်များသည်ပင် အမြတ်အစွန်းဖြစ်ချေသည်။

အီးအင်အိုင်တခုသာ စီးပွားရေး ဒုစရိုက်ဂိုဏ်းများပိုင်သည့် ဆွစ်ဇာလန်ဘဏ်မဟုတ်ချေ။ နိုင်ငံတကာငွေချေးဘဏ်(ဆွစ်ဇာလန်)သည်လည်း၊ လန်စကီနှင့်ပူးလ်မင်းဆိုသူ အရက် မှောင်ခိုတဖြစ်လဲ ငွေကြေးဝိဇ္ဇာတို့ ချုပ်ကိုင်ထားသောဘဏ်ဟု အဆိုရှိသည်။

ဘဟားမားရှိ ဒုစရိုက် စီးပွားရေးလုပ်ငန်းများကို အလုံးနေရစဉ် ယင်းမှရသောငွေမဲများကိုလည်း အဲလ်ပ်ဆောင် (ဆွစ်

www.burmeseclassic.com

www.burmeseclassic.com



ဇာလန်နိုင်ငံ)ပေါ်ရှိ ဆိုးနှင်းများနှင့်ဆေးကြော၍ ငွေဖြူလုပ်ရေးလမ်းကြောင်း ဖြောင့်ဖြူးရန် ကြိုးစားနေကြသည်။ ယင်းအကြောင်းကို လေ့လာနေသူတဦးမှာ အမေရိကန် တရားရေးဝန်ကြီးဌာနမှ ရှေ့တတ်ပီလိုကွင်ဆိုသူဖြစ်သည်။

ဘဟားမားတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်နေစဉ် ကျွန်းသားယာရှိ လောင်းကစားလိုင်စင်ကိုရောင်းလိုက်ကြရသည်။ ဘဟားမားကျွန်းရှိ''ဝေါစတြိဂျာနယ်''( Wall Street Journal ) ၏ ရေးသားချက်ကြောင့် တကြောင်း၊ လူမဲ လူများစု၏ ဆန္ဒပြ တောင်းဆိုမှုကြောင့် လည်းကောင်း ရွေးကောက်ပွဲ လုပ်ပေးလိုက်ရသည်။

ရွေးကောက်ပွဲတွင်တိုးတက်သော လစ်ဘရယ်ပါတီက ကပ်၍အနိုင်ရလိုက်ပြီး လင်ဒန်ပင်ဒလင်းက ပထမဦးဆုံး လူမဲဝန်ကြီးချုပ် ဖြစ်လာသည်။ ယင်း၏ ပထမဦးဆုံး လုပ်ဆောင်ချက်မှာ ဝေါစတြိဂျာနယ်တွင် ပါရှိသော စီးပွားရေး ဆောင်းပါးများနှင့် ဘဟားမား လူဖြူနိုင်ငံရေးသမားတို့ ပူးပေါင်းကြံစည်ကြသည့် စီးပွားရေးသောင်းကျန်းမှုများကို စုံစမ်းရန် ကော်မရှင်တခုဖွဲ့လိုက်သည်။ ဤတွင် ချက်ချင်းဆိုသလိုပင် ဂရူသည် မိမိလုပ်ငန်းကို အရှုံးခံရောင်းပြီး စပိန်သို့ထွက်ပြေးခဲ့သည်။ နောက်ဆုံးတွင် ဆာစတက်ဖိုဒ်သည်လည်း ထိုနည်း လည်းကောင်းပင်။ လုဒ်ဝစ်ကိုကား အစအနပင် ရှာမတွေ့တော့ချေ။

အခြားပြောင်းလဲမှုများသည်း ရှိသေးသည်။ ပီလိုကွင်သည် တရားရေးဝန်ကြီးဌာနမှ အံ့သြဖွယ်ရာထွက်သွားပြီး မော်ရီကာလော ကုမ္ပဏီ၏ ကက်စီနိုကုမ္ပဏီခွဲတွင် ဒုတိယဥက္ကဋ္ဌ ဝင်လုပ်သည်။ ယင်းကား ပူးသတ်ချန်ကြခြင်းသာ ဖြစ်ပေသည်။



ပီလိုကွင်၏အောက်တွင် မန်နေဂျာအဖြစ်လုပ်နေသူမှာ လန်ဆက်ကို ကျူးဘားတွင် ရှိစဉ်က ယင်း၏တပည့်ဖြစ်ပြီး တချိန်က ကန်ဘာပက်ကို လောင်းကစားသမားတဦးဖြစ်သူ အယ်ဒီဆယ်လင်နီ ဆိုသူဖြစ်သည်။ အယ်ဒီသည် လူကာရန် ကမ်းခြေလုပ်ငန်းအတွက် ဆင်ဒီကိတ်မှပုဂ္ဂိုလ်များကို လန်ဒန်တွင် သင်တန်းပို့ချခဲ့သူဖြစ်သည်။

ပီလိုကွင်သည် သတင်းထုတ်ပြန်ချက်များ ထုတ်သည်။ ယင်းတွင် ကက်စီနိုကိုပိုင်ရှင် ဆင်ဒီကိတ်အဖွဲ့ကြီး၏သြဇာကို ဖယ်ရှားပစ်ရာတွင် ယင်း၏အောင်မြင်မှုများ ဖော်ပြထားသည်။ နောက်ပိုင်းတွင်လည်း ပီလိုကွင်သည် ယင်းလုပ်ငန်းကို မိမိဖာသာဆက်လုပ်ယင်း စီးပွားရေးသမားများအား ယင်းတို့၏ ကုမ္ပဏီများကို မာဖီးယားတို့လုမယူနိုင်အောင် ကာကွယ်နည်း အကြံဉာဏ်များ ပေးခဲ့သည်။

၁၉၆၇ ခုနှစ် ဇန်နဝါရီလတွင် ဒေါ်လာ ၁၅ သန်းတန် ဟိုတယ်နှင့် ကက်စီနိုမှာ အသင့်ဖြစ်နေသည်။ ကျွန်းသားယာနှင့် နာဆောမြို့သို့ ဒေါ်လာ ၂သန်းတန် တံတားလည်း ဆောက်ပြီးခဲ့လေပြီ။ ဖွင့်ပွဲအခမ်းအနားတွင် ရစ်ချတ်နစ်ကဆင်(နောက်ပိုင်းသမ္မတဖြစ်လာသူ)လည်း ပါသည်။ ယင်းသည် နစ်ကဆင်၏ ဒုတိယအကြိမ် ရောက်ခြင်းဖြစ်သည်။

ထို့နောက် ကျွန်းသားယာ မာဖီးယားတို့သည် ယင်းတို့၏ ဆက်လှေတစင်းကို နစ်ကဆင်အားပေးသည်။

၁၉၆၈ ခုနှစ် အကုန်ပိုင်းတွင် သမ္မတအဖြစ် အရွေးခံရသူ နစ်ကဆင်အား ကျွန်းသားယာမှ မာဖီးယားတို့က ကောင်းကောင်း ပြုစုလိုကြသေးသည်ဟု ဆိုသည်။ သို့ရာတွင် ကြံ့ဘာ

www.burmeseclassic.com

www.burmeseclassic.com



ခေါက်တွင် မသွားဖြစ်ခဲ့ချေ။ ယင်းကျွန်းနှင့် မာဖီးယားဂိုဏ်းတို့နှင့် ဆက်သွယ်ချက်ကြောင့် နစ်ကဆင် အနားယူရန် နေရာအဖြစ် ယင်းကျွန်းကို အမေရိကန် ထောက်လှမ်းရေး ဌာနမှ ပယ်ချခဲ့သည်။

ထို့နောက် မေရီကာတာ ကုမ္ပဏီသည် ယင်း၏ သင်္ဘောဆေးလုပ်ငန်းကို ရောင်းလိုက်ပြီး ရီဆော့ အင်တာ နေရှင်နယ် ( Resorts International, Inc. )ကုမ္ပဏီဟုပြောင်းလိုက်သည်။ ထိုရာတွင် ကက်စီနို လောင်းကစားဝိုင်းတွင်မူ ရှယ်ယာ ရှိနေသေးသည်။ ပီလိုကွင်၏ မာဖီးယားဆန့်ကျင်ရေး အကြံပေးဌာနတွင်လည်း မေရီကာတာကုမ္ပဏီက ဒေါ်လာ ၂သန်းခန့် အရင်းထုတ်ထားပုံရသည်။

ငွေကို နေရာအမျိုးမျိုးမှ လည်းကောင်း၊ နည်းအမျိုးမျိုးဖြင့် လည်းကောင်း ရှာနေကြပေသည်။

ဘဟားမား ဝန်ကြီးချုပ် လင်ဒန်ပင်ဒလင်သည် ယင်းကို သိပုံရသည်။ စီးပွားရေး ဒုစရိုက်ဂိုဏ်း ကို မောင်းထုတ်သော စီမံကိန်း လုပ်ဆောင်ပြီးနောက် လင်ဒန်သည် ကျွန်းသာယာဖွင့်ပွဲသို့ ဧည့်သည်အဖြစ် တက်ရောက်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ရီဆော့အင်တာနေရှင်နယ်ကုမ္ပဏီ တစ်ခုက ပြန်ပေါ်လာသည်ကပင် အမေရိကန် လေကြောင်း ကုမ္ပဏီကို လုရန်ဖြစ်သည်။ ယင်းနှင့် ပတ်သက်သော အသေးစိတ် အကြောင်းအရာမှာ ဤသို့ဖြစ်၏။

သင်္ဘောဆေးလုပ်ငန်းကို လက်ငင်း ဒေါ်လာခုနစ်သန်းနှင့် ကျန်ငွေနှစ်သန်းကို ခြောက် ရာခိုင်နှုန်းတိုးဖြင့် ရောင်းချလိုက်ပြီးနောက် မေရီကာတာတဖြစ်လဲ ရီဆော့ အင်တာနေရှင်နယ်



သည်ပင် အမေရိကန် လေကြောင်းကုမ္ပဏီ ရှယ်ယာ ဒေါ်လာ ကိုးသောင်းဖိုးကို ဝယ်လိုက်သည်။ နောက်ထပ်ကိုးသောင်းဖိုး ဝယ်ချင်လျှင် ဝယ်ဦးမည်ဟူသော ရည်ရွယ်ချက်ရှိခဲ့သည်။ ဝယ်ဈေးမှာ ရှယ်ယာတခုလျှင် ဒေါ်လာ ၄၀ဖြစ်သည်။ တကယ်ပေါက်ဈေးမှာမူ ဒေါ်လာ ၃၀ သာရှိသည်။

ထို့နောက် ရီဆော့ အင်တာနေရှင်နယ် သည်ပင် အမေရိကန်မှ ရှယ်ယာ ၁ ဒသမ ၅ သန်းဖိုးအထိဝယ်ရန် စီစဉ်ခဲ့သည် ဆို၏။ ယင်းသို့ ဝယ်လိုက်လျှင်ပင် အမေရိကန်၏ လုပ်ငန်းဆယ်ရာခိုင်နှုန်းကို ချုပ်ကိုင်မိသလို ဖြစ်သွားမည် ဆို၏။

သို့သော် ၁၉၆၉ ခုနှစ် မတ်လတွင် အမေရိကန် ငွေလဲဈေးကွက်က ရီဆော့အင်တာနေရှင်နယ်ကို ယင်း စတော့နှင့် ရှယ်ယာများ ရောင်းဝယ်ခြင်းကို ပိတ်ပစ်လိုက်သည်။ ထို့ကြောင့်ပင် အမေရိကန် လေကြောင်းကုမ္ပဏီမှ ရှယ်ယာများကို ထပ်မဝယ်ဖြစ်ခဲ့တော့ပေ။ ထိုစဉ် ဝါရှင်တန်တွင် အရပ်ဘက်လေကြောင်း ဘုတ်အဖွဲ့က လေကြောင်း ခရီးသွားလာရေး လုပ်ငန်းနှင့် တိုက်ရိုက် မသက်ဆိုင်သော ကုမ္ပဏီများသည် လေကြောင်းဆိုင်ရာ ကုမ္ပဏီတို့၏ ရှယ်ယာများ၊ စတော့များကို ရောင်းဝယ်ချုပ်ကိုင်မှု မပြုရန် တင်ပြသည်။ ယင်းသည် ရီဆော့ အင်တာနေရှင်နယ်ကို အလဲထိုးလိုက်ခြင်း ဖြစ်သည်။

ထိုတင်ပြချက်မှာလည်း အောင်မြင်ခဲ့လေသည်။ ရီဆော့ အင်တာနေရှင်နယ်၏ အဟုန်သည် တဖြည်းဖြည်း နှေးပြီး နောက်ဆုံးရပ်သွားသည်။ ပင် အမေရိကန်မှ ရှယ်ယာများကို ၄ ဒသမ ၈ ရာခိုင်နှုန်းသာ ဝယ်ဖြစ်ခဲ့သည်။ နောက်ဆုံး ဝယ်



www.burmeseclassic.com

www.burmeseclassic.com

ထားသည့် ရှယ်ယာများကို ပြန်ရောင်းပြီး ရီဆော့ အင်တာနေရှင်နယ်မှာ မှေးမှိန်ပျောက်ကွယ်သွားရသည်။

ယင်းသို့လျှင် စီးပွားရေးဂိုဏ်းကြီးများသည် အမေရိကန်ပြည်တွင်း အခွန်ဌာနနှင့် တရားရေးဌာနကို တပတ်ရိုက်၍ စီးပွားရေး သောင်းကျန်းနေတော့သည်။

ကျွန်းသာယာ စီးပွားရေးစစ်ပွဲတွင် ပါဝင်သူ လူအားလုံးလိုလို ဆွစ်ဇာလန် ဘဏ်စာရင်းများကို အသုံးချ၍ မိမိတို့ ငွေများကို ဝှက်ခြင်း၊ ငွေမဲများကို ငွေဖြူလုပ်ခြင်း၊ တရားမဝင်စတော့အရောင်းအဝယ်များကို ဖုံးကွယ်ထားခြင်း၊ လာဘ်ပေးလာဘ်ယူလုပ်ခြင်း စသည့် မကောင်းမှုမှန်သမျှလုပ်နေကြသည်။ သို့ရာတွင် ယင်းတို့အနက် ငမိုက်သား မက်ခ်စ် အောဗစ်ဇ်တယောက်ကိုသာ စွဲချက်တင်နိုင်သည်။ ဘာကြောင့်ရယ်မသိ မော်ဂန်သော်သည် အောဗစ်ဇ်ကို စွဲချက်တင်ခဲ့သည်။

ကျန်လူများအနက် လန်စကီမှာ အစ္စရေး နိုင်ငံတွင် ကောင်းကောင်းအနားယူနေသည်။ သို့သော်လည်း အစ္စရေးကပင် သူ့အား နှင်ထုတ်နေသည်။ ဂျိမ်းခရော့စ်ဘီဆိုသူမှာ ဗဟာမာကျွန်း၏ ခေါင်းဆောင် ရှယ်ယာဝင်သည် နယူးယောက်တွင် ရှိနေသည်။ မိုက်ကယ်ကော်ပိုလာမှာမူ သွေးရိုးသားရိုးဖြင့် ကွယ်လွန်ခဲ့လေပြီ။

လုဒ်ဝစ်ဇ်မှာ အမေဇုန်မြစ်ဝှမ်းမှ မြေများကိုဝယ်၍ စီးပွားရေး ပြောင်းလုပ်နေသည်။ ယင်း၏ ရေနံတင်သင်္ဘောများမှာမူ ယခင်ကလိုပင် အောင်မြင်နေသည်။ ထိုသင်္ဘောလုပ်ငန်း၏ ရှယ်ယာဝင်များအနက် ဝါးတားဂိတ်တရားခံများဖြစ်ကြသော သမ္မတဟောင်း နစ်ကဆင်နှင့် မစ်ချဲတို့ ပါဝင်သည်။



ဟာတ်ဖိုဒ်နှင့် နစ်ကဆင် မှာလည်း အဆင်ပြေနေကြသည်။ ဆိုကိစ္စကြောင့်ပင် နစ်ကဆင် သမ္မတဖြစ်ပြီး တနှစ်မျှမကြာမီ ယင်းအမှုကို စုံစမ်းအရေးယူခဲ့သော မော်ဂန်သော်ကို နစ်ကဆင်က ထုတ်ပစ်ခဲ့လေသည်။

× × ×

ဤသို့လျှင် ဆွစ်ဇာလန် ဘဏ်စနစ်ကို ခြေကုပ်ယူ၍ စီးပွားရေး သောင်းကျန်းနေကြသည်မှာ အမေရိကန်မှ စီးပွားရေးနှင့် ဒုစရိုက် ဂိုဏ်းဂနများချည်း မဟုတ်ပေ။ အခြားအဖွဲ့များလည်း ရှိသေးသည်။

မာဖီးယားမှလွဲ၍ ကမ္ဘာတွင် ဆွစ်ဇာလန်ကို အကာအကွယ်ယူနေသော တရားမဝင်အဖွဲ့တို့တွင် ထင်ရှားသော နောက်အဖွဲ့တခုမှာ ''အိုဒက်ဆာ'' အဖွဲ့ ဖြစ်သည်။

ဤမည်သောအဖွဲ့ကို လူတိုင်းမသိ။ စင်စစ် အိုဒက်ဆာ (ODESSA)ဆိုသည်မှာ ဆိုဗီယက်ပြည်ထောင်စု တောင်ပိုင်းမှ မြို့နာမည်လည်း မဟုတ်။ အမေရိကန်မှ မြို့ကလေးတမြို့၏ အမည်လည်း မဟုတ်ချေ။ ယင်းသည် သီးခြား အဓိပ္ပာယ်ဆောင်သော ဂျာမန်စာလုံးခြောက်လုံးကို ပေါင်း၍ ခေါ်ဆိုထားသည့် အမည်ဖြစ်သည်။ ယင်း အိုဒက်ဆာ (ODESSA) စာလုံးအသီးသီး၏အဓိပ္ပာယ်ကို ချဲ့ဖြန့်လိုက်လျှင် အက်စ်၊ အက်စ် (SS) အဖွဲ့ဝင်ဟောင်းများ အဖွဲ့ကြီးဟု အဓိပ္ပာယ်ရသည်။

အက်စ်၊ အက်စ် (SS) ဆိုသည်ကိုမူ စာဖတ် ပရိသတ်များ သိကြမည်ဖြစ်ပေသည်။ ယင်းသည် စစ်တပ်အတွင်းမှ စစ်တပ်

www.burmeseclassic.com



ကလေး၊ တိုင်းပြည်တွင်းမှ တိုင်းပြည်ကလေးဟု ဆိုနိုင်သည်။ ယင်းအဖွဲ့ကို ဟစ်တလာက ဖွဲ့စည်းပေးခဲ့ပြီး ဟိန်နရစ် ဟင်းမလားက ကိုင်တွယ်အုပ်ချုပ်ခဲ့သောအဖွဲ့ ဖြစ်သည်။ ဂျာမနီတွင် နာဇီတို့ အုပ်စိုးစဉ်က ၁၉၃၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျာမနီကို အဓိက ကြိုးကိုင်လာသော အဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့အစည်း၏တာဝန်မှာ ဟစ်တလာ၏ တတိယ ဂျာမန်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် ဟစ်တလာ၏ဆန္ဒအတိုင်း ဂျာမနီမှ လည်းကောင်း၊ ဥရောပမှ လည်းကောင်း မလိုလားအပ်သောအရာများကို သုတ်သင်ရှင်းလင်းရန်၊ အရှေ့ဥရောပတခွင်ရှိ မတိုးတက်သေးသော လူမျိုးစုများကို ထာဝစဉ်ကျွန်ပြုထားရန်နှင့် ဥရောပတခွင်လုံးရှိ ဂျူး၊ ယောကျ်ား၊ မိန်းမ၊ ကလေးပါ မကျန် သုတ်သင်ပစ်ရန် စသည့် လုပ်ငန်းများ လုပ်ရသည်။

ယင်းလုပ်ငန်းများကို အကောင်အထည်ဖော်ယင်း အက်စ်၊ အက်စ် အဖွဲ့သည် လူ့အသက်ပေါင်း ၁၄ သန်းလောက်ကို သတ်ခဲ့သည်။ ယင်းတို့အနက် ဂျူးခြောက်သန်း၊ ရုရှလူမျိုး ၅ သန်း၊ ပိုလန်လူမျိုး နှစ်သန်း၊ ခြေသလုံး အိမ်တိုင် သွားလာနေသော ဂျစ်ပဆီလူမျိုးက သန်းဝက်၊ အခြားလူမျိုးစုံက သန်းဝက်ခန့်နှင့် ဂျူးမဟုတ်သော ဂျာမန်နှင့် ဩစတြီးယားလူမျိုး နှစ်သိန်းခန့်ပါဝင်သည်။ ယင်းတို့သည် ကံအကြောင်း မလှ၍လည်းကောင်း၊ ဂျာမနီ၏ ရန်သူများ ဖြစ်သော ကွန်မြူနစ်၊ ဆိုရှယ် ဒီမိုကရက်တစ်၊ လစ်ဘရယ်၊ အယ်ဒီတာ၊ သတင်းထောက်နှင့် ဘုန်းကြီးများဟု စွပ်စွဲခံရ၍လည်းကောင်း အသတ်ခံကြရသူများဖြစ်သည်။



ယင်းအဖွဲ့ကို မဖျက်သိမ်းမီ အက်စ်၊ အက်စ် အဖွဲ့သည်သမိုင်းတွင် မကြုံဘူးလောက်အောင် လူမဆန်စွာရက်စက်ခြင်းဖြင့် ယင်း အက်စ်၊ အက်စ်(SS) ဟူသော စာလုံးနှစ်လုံးကို ထင်ရှား ကျန်ရစ်စေခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးမပြီးမီအချိန်လောက်တွင် အက်စ်အက်စ် ဗိုလ်ချုပ်များသည် စစ်တွင် မိမိတို့ဘက်မှ နိုင်ဖို့လမ်းမရှိကြောင်း တွက်ဆမိသည်။ ထို့ကြောင့် စစ်ရှုံးလျှင် လျှို့ဝှက် ထွက်ပြေး လွတ်မြောက်၍ ဘဝသစ် ထူထောင်ရန် တိတ်တဆိတ် ကြံစည်ခဲ့သည်။ ယင်းရည်ရွယ်ချက်အောင်မြင်ရေးအတွက်အက်စ်၊ အက်စ်အဖွဲ့မှ ရွှေအမြောက်အမြားမှာ ဆွစ်ဇာလန်ဘဏ်များတွင်နံပါတ်တပ်စာရင်းများ၊ အမည်ဝှက်စာရင်းများဖွင့်ကာ မိမိတို့ကိုယ်ကိုလည်း မှတ်ပုံတင်အတုများဖြင့် လွတ်မြောက်အောင်ကြံခဲ့သည်။ မဟာမိတ်တပ်များ နောက်ဆုံး ဂျာမနီကို သိမ်းပိုက်မိသော အခါ ယင်းတို့ကို အစအနပင် ရှာမတွေ့တော့ချေ။

ယင်းတို့ ထွက်ပြေး ပြီးနောက် ဖွဲ့ထားသည့်အဖွဲ့ကား အိုဒက်ဆာအဖွဲ့ကြီးပင် ဖြစ်တော့သည်။ သူတို့သည် အာဂျင်တီးနားစသည့် မိမိတို့ကို အကာအကွယ်ပေးနိုင်မည့် နိုင်ငံများကို ရှောင်ပြေးကြသည်။ အချို့မှာမူ ဘယ်မှထွက်မပြေးပဲ ဂျာမနီတွင်ပင် ပတ်စပို့အတုများဖြင့် နေထိုင်ကြသည်။ အချို့လည်း ဂျာမနီကို မဟာမိတ်တို့ အုပ်ချုပ်နေစဉ်မှာပင် ပြန်လာကြပြီး အမည်သစ်၊ ပတ်စပို့အသစ်ဖြင့် နေထိုင်ကြသည်။ အလွန်အရေးကြီးသော ထိပ်တန်းပုဂ္ဂိုလ်များသာလျှင် ပြည်ပတွင်နေပြီး အဖွဲ့ကြီး၏ ကောင်းရာ ကောင်းကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းကို တိတ်တဆိတ် လုပ်ဆောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုဒက်ဆာ၏ရည်ရွယ်ချက်မှာအက်စ်၊ အက်စ်ရဲဘော်ဟောင်းများကို အနောက်ဂျာမနီတွင် ပြန်လည်နေရာချရန်၊ နိုင်ငံရေးပါတီများတွင် အောက်ခြေမှ စည်းရုံးလှုပ်ရှားရန် အက်စ်၊ အက်စ် ရဲဘော်ဟောင်းတဦးအားမိ၍ တရားစွဲလျှင် ငွေပုံပေး၍လည်းကောင်း၊ အခြား နည်းများဖြင့် လည်းကောင်း လွတ်မြောက်အောင် ကြံစည်ရန် အက်စ်၊ အက်စ် အဖွဲ့ဝင်များကို ကူးသန်းရောင်းဝယ်ရေး၊ စက်မှုလက်မှုလုပ်ငန်းများတွင် သွင်းကာ စီးပွားရေးထူထောင်ပေးရန်နှင့် အက်စ်၊ အက်စ် အဖွဲ့သည် အဖနိုင်ငံတော်ကို ကာကွယ်ခဲ့သူ မျိုးချစ်များဖြစ်၍ယင်းတို့အား ကွပ်မျက် စီရင်ရန် မထိုက်သူများဖြစ်ကြောင်း ဝါဒဖြန့်ပေးရန်တို့ဖြစ်သည်။

ယင်း ရည်မှန်းချက်များကို မိမိတို့တွင်ရှိသည့် ငွေများဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ကြသည်။ ယင်းငွေများမှာလည်း ဒုတိယ ကမ္ဘာစစ်အတွင်း ဂျူးတို့ထံမှ လည်းကောင်း၊ အခြားနာဇီတို့၏ သားကောင်ဖြစ်လိုက်ရသည့်သူများထံမှလည်းကောင်း ရရှိထားသည့် သန်းပေါင်းများစွာသောငွေများ ဖြစ်သည်။

အိုဒက်ဆာဟူသော အမည်ကို အမျိုးမျိုး ပြောင်းခြင်းဖြင့် အိုဒက်ဆာအဖွဲ့ မရှိတော့ဟု ထင်လာအောင် လုပ်နေကြရာ များစွာသော ဂျာမန်လူမျိုးများမှာ အိုဒက်ဆာအဖွဲ့မရှိတော့ဟုပင် ထင်နေကြသည်။ သို့သော်အိုဒက်ဆာကား ရှိနေသည်။ ယင်းတို့ အဖွဲ့ဝင်အချင်းချင်း လျှို့ဝှက်ဆက်သွယ်ကာ ရှိနေဆဲဖြစ်သည်။



သို့လျှင် အထက်ဖော်ပြပါ အိုဒက်ဆာ၏ ရည်ရွယ်ချက်များအောင်မြင်ရေးအတွက် လျှို့ဝှက် လုပ်ဆောင် ရာတွင် မိမိတို့၏ မတရားရထားသောဆွစ်ဇာလန်ဘဏ်များရှိအမည်မဲ့နံပါတ်တပ်ငွေများမှာ ပံ့ပိုးပေးလျက်ရှိနေပေသည်။ ယင်းငွေများမှာလည်း အဆိုပါဘဏ်များမှတဆင့် ကမ္ဘာ့ စီးပွားရေးလုပ်ငန်းကြီးများတွင် ဖြန့်ကြက်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

## စီးပွားရေး ဒုစရိုက်သမားတို့၏ ပညာခန်း

နိုင်ငံတနိုင်ငံအဖို့ မိမိနိုင်ငံ၏ လုပ်သားပြည်သူ အများစုကို ထိခိုက်လာမည်ဆိုလျှင် ဆွစ်ဇာလန် ဘဏ်သာ မက မည်သည့် ဘဏ်ကိုမဆို အရေးယူရမည်ဖြစ်သည်။ ဘဏ်တို့မည်သည် ငြိမ်းချမ်းရေး၊ မျိုးချစ်ဝါဒ၊ အောင်မြင်မှု၊ ဆင်းရဲမှု၊ မတရားမှု၊ အဂတိလိုက်စားမှု စသည်စသည်တို့ကို အလေး မထားတတ်ကြချေ။

ထိုသို့ဆိုသဖြင့် ဤမည်သော မီးခိုးရောင် ဆွစ်ဇာလန်ဘဏ်တို့သည် လူမဆန်မှုကို ကမ်းကုန်အောင်လုပ်နေကြသည်ဟူသည်းမဆိုလိုပါ။ ဘဏ်ဟူသည်မှာလည်း စီးပွားလုပ်ငန်းတခုသာ ဖြစ်သည်။ စီးပွားရေးတို့၏ အချုပ်ဟုဆိုကလည်း ရနိုင်သည်။ ယင်းတို့၏ စီးပွားရေးကား စီးပွားရေးသာဖြစ်သည်။ ဘဏ်တို့သည် စီးပွားရေး လုပ်ငန်းဟူသမျှကို ထင်ဟပ်သည်။ စီးပွားရေးလုပ်ငန်းအားလုံး၏ စုဝေးရာလည်းဖြစ်သည်။



ဘဏ်နှင့် စီးပွားရေး လုပ်ငန်းတို့၏ မှီတွယ် ဆက်စပ်နေပုံကို ပုံဆောင်ပြလျှင် ပို၍ရှင်းမည်ဖြစ်သည်။

အိုင်ဂျီဖာဘင်ကုမ္ပဏီ

ဤကုမ္ပဏီကား တဟုန်ထိုး တိုးတက်လာသော အမေရိကန် ကုမ္ပဏီဖြစ်သည်။ သို့သော် ကောက်ရိုးမီးကဲ့သို့ ခဏတောက်၍ ခဏဖြင့်သေမသွားချေ။ ဇာတ်လမ်းသည် ပထမကမ္ဘာစစ်အပြီး ပြာပုံဘဝမှ စခဲ့သည်။

ထိုအချိန်က စက်မှုလက်မှု လုပ်ငန်းကြီးများ နိုင်ငံတကာ စီးပွားရေး အဖွဲ့ကြီးများမှာ ၂၉ရာစုနှောက်ပိုင်းတွင် အလျှိုလျှိုပေါ်ပေါက်လာကြသည်။သို့ရာတွင်ယင်းစီးပွားရေးလုပ်ငန်းကြီးများသည် ပထမကမ္ဘာစစ်ကြီးကြောင့် များစွာ သင်ခန်းစာရခဲ့ကြပေသည်။ ကျွန်ုပ်တို့ သိခဲ့ပြီးသည့် အတိုင်း ဤ ကမ္ဘာစစ်ကြီးသည် ကမ္ဘာ့နိုင်ငံများက မိမိတို့၏လူအင်အားနှင့် စီးပွားရေး ကော်ပိုရေးရှင်းအင်အားတို့ကို အစွမ်းကုန်သုံး၍ သေသေကြေကြေတိုက်ခဲ့သော ပထမဆုံးစစ်ပွဲကြီး ဖြစ်လေသည်။

စီးပွားရေး ကုမ္ပဏီကြီးများမှာ စစ်ကြီးကြောင့် အလူး အလဲခံခဲ့ကြရသည်။ အကျိုးအမြတ် ရှိစေမည့် ယင်း စီးပွားရေး လုပ်ငန်းကြီးများ၏ စာချုပ်ဝင် ကုန်သွယ်ရာနယ်မြေများလည်း သက်ဆိုင်ရာ ပြည်တွင်း အမျိုးသားများက သိမ်းယူလိုက်သော ကြောင့် ပျက်စီး ခဲ့ရပြန်သည်။ စစ်ကြီး ပြီးသောအခါ လာဘ်မြင်သော စက်မှုလက်မှု လုပ်ငန်းရှင်ကြီးများသည် အပျက်အစီးတို့ကို တစစီကောက်၍ ဆက်ယူကြပြီး ဆွစ်ဇာလန်သို့ ဦးတည်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးအရ ကြားနေသော ဆွစ်ဇာလန်၊

ငြိမ်းချမ်းသော ဆွစ်ဇာလန်၊

လျှို့ဝှက်သိပ်သည်းသော ဆွစ်ဇာလန်၊

စီးပွားရေးအဖွဲ့တို့ကို လက်ကမ်းနေသော ဆွစ်ဇာလန်၊

ဤမည်သော ဆွစ်ဇာလန်တွင် စီးပွားရေးအဖွဲ့၊ အသင်း၊ ကုမ္ပဏီများသည် အေးချမ်းသာယာစွာ စိတ်ချလက်ချ နေထိုင်ခိုအောင်းနိုင်ပေသည်။ နောက်ထပ် စစ်တပွဲဖြစ်လျှင်ပင် စစ်မီး၏ လောင်မြိုက်ခြင်းမှ ကင်းလွတ် နိုင်သည်။ ဆွစ်ဇာလန်တွင် နေရသမျှ စီးပွားရေးအဖွဲ့များ သက်စိုးရှည်နိုင်သည်။

ယင်းသို့ ဆွစ်ဇာလန်တွင် ခိုအောင်းရန် ကြိုးစားသူများအနက် ဂျာမန် စီးပွားရေးပါရဂူ ဟားမန်းရှမစ် လည်း တဦး အပါအဝင်ဖြစ်သည်။ ရှမစ်သည် ပထမကမ္ဘာစစ်ကြီး မတိုင်မီကပင် ဂျာမနီနိုင်ငံတွင် မီတားလ်ဂီဇဲ ရှဖ်အေ၊ ဂျီခေါ် သတ္တုကုမ္ပဏီတခု ထောင်ခဲ့သည်။ စစ်ကြီးပြီးသောအခါ ကုမ္ပဏီမှ အမှုထမ်းအက်ဒဝပ်ဂရုတတ် ဆိုသူသည် ဆွစ်ဇာလန်နိုင်ငံ ဘက်ဇဲသို့ ပြန်သွားသည်။ ထိုအခါ မီတားလ်ဂီဇဲရှဖ် အေဂျီကုမ္ပဏီက ဂရုတတ်ကို အကူအညီပေးခါ ဆွစ်ဇာလန်တွင် ဘဏ်တခုဖွင့်စေပြီး သတ္တုစီးပွားရေးကို ချုပ်ကိုင်ခိုင်းထားသည်။

ထိုအချိန်တွင် အရည်အချင်းပြည့်ဝသော ရှမစ်သည် ဘာဒစ်ရှေး အနီလင်ခေါ် ဆိုးဆေးနှင့် ဓာတုဗေဒပစ္စည်း ကုမ္ပဏီတခုတွင် အကြီးအကဲဖြစ်သွားလေသည်။ ထို့ကြောင့် ဘာဒစ်ရှေးကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းမှာ ဂရုတတ်၏လက်သို့ရောက်လာသည်မှာ မဆန်းပေ။



ဂျာမနီတွင် ၁၉၂၀ခုနှစ်သည် ဝေမာရီပတ်ဗလစ်ခေတ် ဖြစ်သည်။ ယင်းခေတ်တွင် အပြောင်း အလဲ များစွာဖြစ်သည်။ ပန်းချီ၊ ဂီတ၊ ပြဇာတ်၊ ပီသုကာ စသည့်လောကများတွင် လှုပ်ရှားပြောင်းလဲခဲ့ကြသည်။ ငွေ ဖောင်းပွနှုန်းမှာ ထိုးတက် သွားပြီး ဝယ်အားမှာ သုညလောက်အထိ ကျသွားသည်။ ထိုအချိန်တွင် ဟားမန်းရှမစ်မှာလည်း သူ့ သမိုင်းကို သူဆောင်နေလေသည်။

သူ၏ စွမ်းစွမ်းတမံစနစ်တကျဆောင်ရွက်မှုကြောင့်ဂျာမနီ၏ အကြီးဆုံး ဓာတုဗေဒထုတ်လုပ်ရေး လုပ်ငန်းကြီး ခြောက်ခုကို ပေါင်းပစ်ခဲ့နိုင်သည်။ ထို့နောက် သူကိုယ်တိုင်လည်း ယင်းလုပ်ငန်း၏ ကန့်ကွက်မှုမရှိသော ခေါင်းဆောင် ဖြစ်လာသည်။ လုပ်ငန်းကြီးကိုလည်း အင်တာနေရှင်နယ် ဂီဇဲရှဖ်ဖာဘင် ဒတ်စထရီအေ၊ ဂျီဟု အမည်ပေးလိုက်လေသည်။ သို့ရာတွင် နောက်ပိုင်းတဖြည်းဖြည်း ယင်းအမည်ကို အတိုကောက်ခေါ်ရာမှ အိုင်ဂျီဖာဘင်ဟု တွင်လာလေသည်။ ယင်းကဲ့သို့ အိုင်ဂျီဖာဘင်ကုမ္ပဏီဟူ၍ဖြစ်လာရာ ၁၉၂၅ခုနှစ်မှသည် ၁၉၃၅ခုနှစ် ဟစ်တလာသည် စစ်ကို အကုန်ဖွင့်တိုက်သော အချိန်အထိ အိုင်ဂျီဖာဘင်ကုမ္ပဏီသည် ဂျာမနီတွင် သူနှင့်ပြိုင်ဘက် အခြား ကုမ္ပဏီများကို လျှင်မြန်သောအဟုန်ဖြင့် ဝါးမျိုလာခဲ့လေသည်။ အခြားတိုင်းပြည်မှ ကုမ္ပဏီများ၏ လုပ်ငန်းများကိုလည်း ဝယ်ယူခြင်း၊ အစုပါဝင်ခြင်း စသည်တို့လည်း ပြုလုပ်ခဲ့လေသည်။

ရှမစ်၏ခေါင်းဆောင်မှုဖြင့်အိုင်ဂျီဖာဘင်ကုမ္ပဏီသည် ကမ္ဘာပေါ်တွင် ဓာတုဗေဒဆိုင်ရာ ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွင် အခုတည်းသော ကုမ္ပဏီလို ဖြစ်လာသည်။ ဓာတ်ပုံဆိုင်ရာပစ္စည်းများ၊ ဆိုးဆေး ပစ္စည်းများ၊ ဓာတုဗေဒ ချည်မျှင်များ၊ ဓာတုဗေဒ

www.burmeseclassic.com

www.burmeseclassic.com



ဆေးအမျိုးမျိုး၊ ပလပ်စတစ်များနှင့် ဆေးဝါးများ စသည်တို့ကို ထုတ်လုပ်သော အိုင်ဂျီဖာဘင်ကုမ္ပဏီ၏ ကုမ္ပဏီခွဲများသည် တကမ္ဘာလုံးကို လက်ဝါးကြီးအုပ်ထားသည်။

ထိုစဉ် ဂျာမနီတွင် နာဇီတို့သည် ကုမ္ပဏီကြီးများကို ပြည်သူပိုင်သိမ်းမည်ဟု မကြာခဏ လေသံလွှင့်နေရာ ယင်းကို အကာအကွယ် ပြုရန်အတွက် ရှမစ်သည် နာဇီတို့ကို ငွေကြေးများ ထောက်ပံ့ခဲ့သည်။ ယင်းကြောင့် နောက်ဆုံးတွင် ရှမစ်သည် လွှတ်တော်တွင် ဟစ်တလာ၏ အမျိုးသား ဆိုရှယ်လစ်ပါတီမှ အမတ်တနေရာပင် ရခဲ့လေသည်။

ရှမစ်သည် ယင်းကဲ့သို့ ဟစ်တလာနှင့် ပလဲနံပသင့်နေသဖြင့် မိမိ၏ အိုင်ဂျီဖာဘင်ကုမ္ပဏီကြီးမှာ လုံခြုံစိတ်ချနေရပြီဟု စိတ်ချထားသူမဟုတ်ချေ။ သူသည် မသိမသာဖြင့် အိုင်ဂျီဖာဘင်ကို ဆွစ်ဇာလန်ရှိ မိမိလူဖွင့်ထားသော ဂရုတတ်ကုမ္ပဏီသို့ တဖြည်းဖြည်း ရွှေ့ယူသွားသည်။

ယင်းသို့ ပြောင်းသွားရာတွင်လည်း အလွန်ရှုပ်ထွေးလှသည်။ ပိုင်ရှင်အမည် အမျိုးမျိုးဖြင့် လဲဖယ် လှည့်ပတ်၍ ထားသည်။ ယင်းတို့ အားလုံးမှာလည်း ဆွစ်ဇာလန်ပိုင်များချည်း ဖြစ်ကြသည်။ လုပ်ငန်းကြီး ဆယ့်နှစ်ခုနှင့် ဘဏ်စာရင်း ခြောက်ဆယ့်ငါးခုတို့သည် အိုင်ဂျီဖာဘင်၏ ဖျောက်ဖျက်ထားရာ နေရာများဖြစ်သည်။ ထို့အပြင် အမျိုးအမည် မသိရသေးသော ဖျောက်ဖျက်နည်းများလည်း ရှိသေးသည်။ ဆွစ်ဇာလန် ဘဏ်ခဲလ်မြို့ရှိ ဂရုတတ်နှင့် ဆက်သွယ်မိပြီးနောက် အိုင်ဂျီဖာဘင်ကုမ္ပဏီသည် တကမ္ဘာလုံးသို့ ဓာတုဗေဒ လုပ်ငန်းများကို ဖြန့်ကြက်လိုက်သည်။ အကျိုးအမြတ်ကိုမူ ဆွစ်ဇာလန် ဘဏ်များ



အကူအညီဖြင့် ထိန်းချုပ် သိုဝှက်ထားသည်။ ကုမ္ပဏီ များမှာ ကမ္ဘာအနှံ့ဖြစ်သည်။ ဘယ်လ်ဂျီယံ၊ အင်္ဂလန်၊ ပြင်သစ်၊ ဂရိ၊ ဟော်လန်၊ ဟန်ဂေရီ၊ နော်ဝေ၊ ပိုလန်၊ ရိုမေနီးယား၊ တောင်အမေရိကတိုက်ရှိ နိုင်ငံအများအပြား၊ ဆွီဒင်နှင့်အမေရိကန်ပြည်ထောင်စုပါမကျန် ပြန့်နှံ့နေသည်။

ဤကဲ့သို့ ကုမ္ပဏီများ အလျှိုအလျှိုမှိုလိုပေါက်အောင် မွေးထုတ်လိုက်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဂျာမန်ပိုင်အဖြစ်ကို ဖုံးကွယ်လိုက်ခြင်းပင်ဖြစ်သည်။ သို့သော် သက်ဆိုင်ရာနိုင်ငံတွင်မူ ဆန့်ကျင်ကန့်ကွက်ခံရသည်များ ရှိခဲ့သည်။ သို့ရာတွင် အံ့သြဖွယ်ကောင်းသည်မှာ အိုင်ဂျီဖာဘင်ကုမ္ပဏီသည် ယင်းနိုင်ငံများတွင် ဓာတုဗေဒပစ္စည်း ထုတ်လုပ်မှုဆိုင်ရာ မူပိုင်လက်မှတ်များ၊ လိုင်စင်များကို စုဆောင်း ရယူနိုင်ခြင်းပင်ဖြစ်သည်။

အမေရိကန်နိုင်ငံတွင်မူ အိုင်ဂျီဖာဘင်ပိုင် ကုမ္ပဏီများမှာ ဘေးယားကုမ္ပဏီ၊ အင်္ဂဖာအင်စကို ကော်ပိုရေးရှင်း၊ ဝင်းသရော့ ဓာတုဗေဒကုမ္ပဏီနှင့် အထွေထွေအနီလင်းလုပ်ငန်း စသည်တို့ ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်သောအခါ ယင်းကုမ္ပဏီများကို ဓိလာဝဲ ကော်ပိုရေးရှင်းအဖြစ် ပေါင်းပစ်လိုက်သည်။ နောက်ပိုင်းတွင် အထွေထွေ အနာလင်းနှင့် ဖလင်ကုမ္ပဏီ သို့မဟုတ် ဂျီ၊ အေ၊ အက်ဖ်ဟု အတိုကောက်ခေါ်သည်။

ယင်း ကုမ္ပဏီကြီးများ နယူးယောက်မြို့ရှိ အမျိုးသားမြို့တော်ဘဏ်မှတဆင့် ဆွစ်ဇာလန်သို့ တဖြည်းဖြည်း ပြောင်းသွားပြန်သည်။ မည်သည့်နည်းနှင့်ပြောင်းသွားသည်ကို အမေရိကန်ဘဏ်များပင် မသိခဲ့ချေ။ စစ်ပြီးခေတ်နောက်ပိုင်း စုံစမ်း စစ်ဆေး

www.burmeseclassic.com

www.burmeseclassic.com



ချက်အရ ဆွစ်ဇာလန်၏ ကုမ္ပဏီဘိုင်းလိုလိုသည် အိုင်ဂျီဖာဘင် ပိုင် ကုမ္ပဏီများဖြစ်ကြသည်ဆို၏။

ဒုတိယကမ္ဘာစစ်ကြီးမပြီးမီကပင်အမေရိကန်ရှိဂျီ၊အေ၊အက်ဖ် ပိုင်ဆိုင်သမျှတို့ကို ရန်သူပိုင် ပစ္စည်းများအဖြစ် အမေရိကန်က သိမ်းပိုက်ခဲ့သည်။ ၁၉၄၅ခုနှစ် ဂျာမနီနာဇီတို့ ကျဆုံးသော အခါ အမေရိကန်တပ်ဖွဲ့များသည် အိုင်ဂျီဖာဘင်၏ အရေးကြီး သော စာရွက်စာတမ်းများကို ဖမ်းမိခဲ့သည်။ ယင်း စာရွက် စာတမ်းများအရ ယခင်က မသင်္ကာဖြစ်နေသော ကုမ္ပဏီများ ကိုဂျာမန်ပိုင်ကုမ္ပဏီများဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ကြသည်။

ယင်းကဲ့သို့ အမေရိကန်မှ ဂျီအေအက်ဖ်ကုမ္ပဏီသည် ဆွစ်ဇာ လန်သို့ ပြောင်းသွားပြီးနောက် ဆွစ်ဇာလန်ရှိ အိုင်ဂျီဖာဘင်၏ အချုပ်ကုမ္ပဏီမှ ဆွစ်ဒါရိုက်တာများသည် မိမိတို့၏ ဘုတ်အ ဖွဲ့မှ ဂျာမန်တို့ကိုဖယ်၍ ပြင်သစ်ကုမ္ပဏီအဖြစ် ရုပ်ပြောင်းရုပ်လဲ လုပ်လိုက်ပြန်သည်။ ဘက်ဒဲလ်မှ ကုမ္ပဏီမှာ အင်တာဟင်ဒဲလ် ကုမ္ပဏီဖြစ်သွားတော့သည်။

ဆွစ်ဇာလန်ဘဏ်တို့၏ မှတ်တမ်းများ လျှို့ဝှက် ထားသည့် စနစ်ကို အသုံးချကာအင်တာဟင်ဒဲလ်ကုမ္ပဏီသည် အိုင်ဂျီဖာဘင် ကုမ္ပဏီကြီး၏ အကျိုးစီးပွားကို ဆောင်ကျဉ်း နေရပြန်သည်။ ၁၉၄၈ခုနှစ်တွင်အင်တာဟင်ဒဲလ်ကုမ္ပဏီသည်အမေရိကန်ရှေ့နေ ချုပ်နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို ပြန်လည်တရားစွဲသည်အထိ အတင့်ရဲလာသည်။

တရားစွဲရသည့်အကြောင်းမှာ အမေရိကန်အစိုးရက ဂျီအေ အက်ဖ်ကုမ္ပဏီပိုင် ငွေသားနှင့် ရပိုင်ခွင့်ဒေါ်လာ ၁၀၂သန်း သိမ်းယူလိုက်သောကြောင့် ဖြစ်သည်။ တရားရုံးတွင် ဆွစ်တို့က



လျှောက်လဲရာတွင် အင်တာဟင်ဒဲလ်ကုမ္ပဏီသည် ရန်သူကုမ္ပဏီ မဟုတ်ကြောင်း ယင်းပိုင်ငွေများကို မတရားသိမ်းပိုက်ခြင်းသာ ဖြစ်ကြောင်း တင်ပြ၏။ အမေရိကန်ဘက်ကလည်း အင်တာဟင် ဒဲလ်မှာ နောက်ဆုံး အမည်သာဖြစ်၍ ယင်းကုမ္ပဏီ တဖြစ်လဲခဲ့ရ သည့် ဘာဝဟောင်းမှ ကုမ္ပဏီများမှာ

''ပိုင်ရှင်အစစ်အမှန်ကိုလျှို့ဝှက်ဖုံးကွယ်ထားသောအမေရိကန် အပါအဝင် တကမ္ဘာလုံးအနှံ့ အိုင်ဂျီဖာဘင်ကုမ္ပဏီ ချုပ် ကိုင်ထားသည့် ကုမ္ပဏီများဖြစ်ခဲ့သည်''

ဟု ပြန်လည်ချေပခဲ့သည်။

နှစ်ဘက် တရားလို တရားခံများ၏ တင်ပြချက်များအနက် အမေရိကန်တို့၏ တင်ပြချက်မှာ ခိုင်လုံဘိကျသည်။ အကြောင်း မှု အမေရိကန်အစိုးရသည် အိုင်ဂျီဖာဘင်ကုမ္ပဏီပိုင် စာရွက် စာ တမ်းများကို သိမ်းဆည်းရရှိထားသောကြောင့် ဖြစ်သည်။ ဓာတ် ခွဲစမ်းသပ် ကြည့်လိုက်သော အခါတွင်လည်း အင်တာဟင်ဒဲလ် ကုမ္ပဏီမှ တင်ပြသည့် စာရွက်စာတမ်းများမှာ အတုများဖြစ်နေ သည်ကို တွေ့ရသည်။

အမှုမှာ ငါးနှစ်ခန့်ကြာသွားသည်။ ၁၉၅၃ခုနှစ်တွင် ဆွစ် တို့မှာ အမှုရှုံးသွားသည်။ သို့ရာတွင် အိုင်ဂျီဖာဘင်လို နိုင်ငံတကာ ကုမ္ပဏီကြီးတခုအဖို့ ဆွစ်ဇာလန်သို့ ဘဏ်စရိတ်စက အမြောက် အမြား ပေးထားခဲ့ပေသည်။ ထို့ကြောင့် ယင်းအား ဆွစ်ဇာ လန်ကအကာအကွယ်မပေးနိုင်ခဲ့လျှင်အိုင်ဂျီဖာဘင်သည် နောက် ထပ် အကာအကွယ်ပေးမည့် နေရာသစ်၊ နိုင်ငံသစ်တခုကို ရှာ ချတော့မည်။ ဒါကို ဆွစ်တို့ သည်းမခံနိုင်။ ထို့ကြောင့် နောက်တကြိမ် ပြန်လည်ကြိုးစားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွစ်တို့သည် အင်တာဟင်ဒဲလ် ကုမ္ပဏီဘုတ် အဖွဲ့တွင် လူအပြောင်းအလဲ လုပ်လိုက်ပြန်သည်။ အချိန်တွေကြာသွားသည်။ ထို့နောက် အမေရိကန် တရားရုံးချုပ်သို့ အယူခံတင်ရန် ကြိုးသည်။ နယ်သာလန်နိုင်ငံ ဟိတ်မြို့ရှိ နိုင်ငံတကာ တရားရုံးသို့ နောက်ဆုံး အမှုရောက်သွားသည်။ အချိန်တွေ ပို၍ ကြာသွားသည်။

၁၉၆၁ခုနှစ်တွင်ရောဘတ်ကနေဒီရှေ့နေချုပ်ဖြစ်လာသည်။

ထိုအချိန်တွင် အမေရိကန်အစိုးရသည် ဂျီအေအက်ဖ်ကုမ္ပဏီကို သိမ်းပိုက်ပြီးကတည်းက ကုမ္ပဏီလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းနေခဲ့သည်မှာ အနှစ်နှစ်ဆယ်ပင် ရှိခဲ့ပြီဖြစ်သည်။ ဂျီအေအက်ဖ်ကုမ္ပဏီသည် အမေရိကန်တို့လက်ထဲတွင် ပို၍တိုးတက်လာခဲ့သည်။

ကနေဒီဆက်လက်ကိုင်တွယ်ရသောအင်တာဟင်ဒဲလ်ပြဿနာမှာ ဘေးကြပ်နံကြပ်ဖြစ်သည်။ အစိုးရပိုင်းကလည်း ဆွစ်ဇာလန်နှင့် ဆက်ဆံရေးကို မထိခိုက်စေလိုကြ။ နိုင်ငံတော်ကလည်း ဤကဲ့သို့သော ကိုယ်ပိုင်ကုမ္ပဏီတခုနှင့် ဖြစ်ရသည့်အမှုမှ အမေရိကန်ကို မြန်မြန် ရှန်းထွက်စေလိုသည်။

၁၉၆၂ခုနှစ်တွင် အမေရိကန်သည် ဂျီအေအက်ဖ်ကုမ္ပဏီပိုင်စုစည်းများကို လေလံတင်သည်။ ၁၉၆၅ ခုနှစ်က တခါ ရှိ ပိုင်ရှင်းချမှုများ အပြီးသတ် လုပ်ခဲ့ပြန်သည်။ စုစုပေါင်း ဒေါ်လာ ၃၂၉ သန်း ရရှိခဲ့လေသည်။ မူရင်း သိမ်းပိုက်စဉ်တန်ဖိုး ဒေါ်လာ ၁၀၂သန်းထက် သုံးဆတိုး ရခဲ့ခြင်းဖြစ်သည်။ ယင်းငွေကို ခွဲဝေပုံမှာ ရှုပ်ထွေးလှသည်။ သို့ရာတွင် နောက်ဆုံးတွင် ယခင်က အမည်များမဖော်ခဲ့သော ရှယ်ယာဝင်များသည် ယင်း၏ သုံးပုံတပုံကို ပြန်ရခဲ့ကြသည်။ ရသင့်သည်ကို အပြည့် ပြန်ရသည့်သဘောဖြစ်သည်။ အကျန်ကို အမေရိကန် အစိုးရက သိမ်းယူလိုက်သည်။

အိုင်ဂျီဖာဘင် ကုမ္ပဏီ၏ အမေရိကန်တွင် သိမ်းပိုက်ထားသော ရပိုင်ခွင့်များကို ပြန်ရရန် ကြိုးစားရာတွင် ၂၅ နှစ်မျှ ကြာခဲ့လေသည်။ ရှမစ်နှင့် ဂရုတတ်တို့ပင် ကွယ်လွန်ကုန်လေသည်။ ဆွစ်ဇာလန်တို့၏ သိုသိပ်လျှို့ဝှက်မှုကြောင့် မိမိပိုင်လုပ်ငန်း အကျိုးအမြတ်များကို ဝှက်ထားလိုသော ရှမစ်၏ မူရင်းဆုံးဖြတ်ချက်မှာ အချိန်ကာလ ကြာမြင့်သော်လည်း ကမ္ဘာစစ်ကြီး၏ ဒဏ်မှလည်းကောင်း၊ နိုင်ငံရေးမုန်တိုင်းမှ လည်းကောင်း တင်းလွတ် ရပ်တည်နိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

## ရာဇဝတ်မှု မမြောက်သော ရာဇဝတ်မှု

ဆွစ်ဇာလန် ဘဏ်စနစ်ကို အသုံးချ၍ စီးပွားရှာနေသည်ကို အမေရိကန်တွင် "စီးပွားရေး ရာဇဝတ်မှု"ဟု ခေါ်သည်။

အမေရိကန်ရှိ ယင်း စီးပွားရေး လုပ်ငန်းများကို လေ့လာကြည့်လျှင် ယင်းတွင် နိုင်ငံရေးသမားများ ရွေးချယ်ထားသော သို့မဟုတ် ခန့်ထားသော အစိုးရဌာန တာဝန်ရှိများ၊ သမဂ္ဂ ခေါင်းဆောင်များနှင့် အခြားသော တရားဝင် စီးပွားရေး သမားများ ပါဝင်နေသည်ကို တွေ့ရလေသည်။ အမေရိကန်တွင် ယင်းအမှုမျိုးနှင့် ပတ်သက်၍ တရားစွဲခံရသည်ကို တွေ့ရခဲလှသည်။

ယင်း စီးပွားရေး ရာဇဝတ်နှင့် ပတ်သက်၍ လက်တွေ့ ဥပမာနှစ်ခုဖြင့် ပုံဆောင်ပြသော် ပို၍ ရှင်းမည်ထင်သည်။

၁၉၆၇ ခုနှစ် နွေရာသီဖြစ်သည်။ အလွန်ကြီးပွားတိုးတက်နေပြီ ဖြစ်သော ကော်ဂက်ရှ်နှင့် ဟာစ်ပွဲစား ကုမ္ပဏီကို ငွေရစ်မြို့ (ဆွစ်ဇာလန်)ရှိ အာဇစ်ဘဏ်ဘွင် တရားမဝင် လိုင်စင်တချို့



အစပြု၍ ခြေရာခံမိခဲ့လေသည်။ ယင်း ကုမ္ပဏီသည် အာဇစ်ဘဏ်ကို အသုံးချကာ အမေရိကန်ငွေကြေး လဲလှယ်မှု ကော်မရှင်၏စည်းမျဉ်း စည်းကမ်းချက်များကို ဖောက်ဖျက်၍ စတော့များ၊ စာချုပ်များ၊ ဒေါ်လာသန်း ၂၀ပိုးခန့် အရောင်းအဝယ် လုပ်နေသည်မှာ ငါးနှစ်ခန့်ပင် ရှိနေပြီ ဖြစ်သည်။

ငွေကြေး လဲလှယ်မှု ကော်မရှင်က တားမြစ်ထားသည့် ဥပဒေတခုမှာ စတော့များ၊ စာချုပ်များကို အမြောက်အမြား အကြွေးမပေးရ ဟူ၍ ဖြစ်သည်။ အကယ်၍ စတော့၊ စာချုပ် ဝယ်သူ တဦးကို ဝယ်ချေး၏ ၂၀ရာခိုင်နှုန်းထက် ကြိုတင် ထုတ်ချေးလျှင် ရာဇဝတ်မှုဟု သတ်မှတ်သည်။ ကော်ဂက်ရှ်နှင့် ဟာစ် ကုမ္ပဏီနှင့် အခြားပွဲစားများ လုပ်ပုံမှာ စတော့နှင့် စာချုပ်များ ဝယ်ရင်း တန်ဖိုး၏ ၈၀၊ ၉၀ရာခိုင်နှုန်းကို အာဇစ်ဘဏ်မှ ဝယ်သူအား ထုတ်ချေးစေသည်။ ယင်း အလုပ်မျိုးကို အခြား ဆွစ်ဇာလန် ဘဏ်များတွင်လည်း လုပ်သည်။ ယင်းသို့ လုပ်နေသည်များကို ယခုအထိ မပေါ်ကြချေ။

အကြောင်းမှု ယင်းသို့ လုပ်နေသူ သို့မဟုတ် ကျူးလွန်နေသူ ပုဂ္ဂိုလ်များသည် ဆွစ်ဇာလန်တွင် နံပါတ် စာရင်းဖွင့်၍ အလုပ်လုပ်နေသောကြောင့် ဖြစ်လေသည်။ ယင်း စာရင်းများဖြင့် အလုပ်လုပ်လျှင်လည်း ဘဏ်အနေဖြင့် ယင်း စာရင်းများ အပေါ် စာရင်း "တို့" လိုက်ရုံဖြင့် အလုပ်မှာ ပြီးသွားသည်။ ဒါ့ထက် မပိုပေ။ စာချုပ်နှင့် စတော့များ ဝယ်သဖြင့် ဝယ်သူ၏ အမည်ကို ဖော်ပြနေစရာ မလိုပေ။ ဝယ်သူသည် မိမိ ပွဲစားထံ ဖုန်းဆက်၍ မိမိဝယ်လိုသော စာချုပ်၊ စတော့နှင့် မိမိ ဘဏ်စာရင်း နံပါတ်ကို ပြောလိုက်ရုံပင်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ မိမိဝယ်လိုက်သော စတော့ရှယ်ယာ၊ စာချုပ် တို့မှ အကျိုးအမြတ် ရှိလာလျှင် ဆွစ်ဘဏ်တွင်ပင် ဝှက်ထား နိုင်သဖြင့် အခွန်အကောက်မှလည်း လွတ်သည်။

ယင်း အစီအစဉ်မှာ အလွန်ကောင်းသည့် အစီအစဉ် တရပ် ဖြစ်သည်။ ကောင်းလွန်းသဖြင့် နောက်ပိုင်းတွင် ပွဲစားလုပ် ငန်းများသည် အရောင်းအဝယ်ကို အကြေးပင်လုပ်လာနိုင်သည် အထိ ဖြစ်လာသည်။

ကောဂက်ရှိနှင့် ဟစ် ကုမ္ပဏီသည် ယင်းသို့ လုပ်လိုက်သဖြင့် ငါးနှစ် အတွင်း ပွဲခဒေါ်လာ နှစ်သိန်းခွဲခန့် အကျိုးအမြတ်ရှိ လိုက်သည်။ ယင်း ကုမ္ပဏီက စတော့နှင့် စာချုပ် ဝယ်ပေး လိုက်သည့် ကာယကံရှင် ဝယ်သူများမှာလည်း အကျိုးအမြတ် ရှိခဲ့ကြသည်။

နောက်ဘဦးကို ကြည့်ပါဦး။ ယင်းမှာဆီလ်ဗိန်ဖဒ်မင်းဆိုသူ ဖြစ်သည်။ သူသည် ဆွစ်ဇာလန်ဘဏ်ကို အသုံးချ၍ စီးပွား ရေး ရာဇဝတ်မှု ကျူးလွန်သော်လည်း အမေရိကန် ဥပဒေ ဖြင့်ပင် အပြစ်ပေးခြင်း မခံခဲ့ရချေ။

ဖဒ်မင်းသည် ဆွစ်အမျိုးသားဖြစ်၍ နိုင်ငံတကာ စီးပွားရေး သမားဘဏ် သင်္ဘေးတဦးဟု ဆိုသည်။ သူ့ကို အမေရိကန် ကရိဘီယံ စီးပွားရေး အဖွဲ့ကြီး တခု၏ ခေါင်းဆောင် ဆွ ယာလန်စကီ၏ ခါးပိုက်ဆောင်အဖြစ် လည်းကောင်း၊ ဆွစ်ငွေ ချေးဘဏ်၏ အရေးကြီးသော ပုဂ္ဂိုလ်အဖြစ် လည်းကောင်း သိကြသည်။

ဖဒ်မင်း၏ အခန်းကဏ္ဍမှာ များပြားလှသည်။ ဆွစ်ဇာလန် တွင် စီးပွားရေး အဖွဲ့အစည်းတခုက ဖွင့်ထားသည့် နိုင်ငံ တကာ ငွေချေးဘဏ်မှ အရာရှိတဦးလည်း ဖြစ်သည်၊ ဘဟား မားတွင် ဖွင့်ထားသည့် ကမ္ဘာ့ကူးသန်း ရောင်းဝယ်ရေးဘဏ် တွင်လည်း ပါဝင်သည်။ ထို့ပြင် ဘဟားမားတွင် ဆွစ်ဇာလန် နိုင်ငံတကာ ငွေချေးဘဏ်၏ ဘဏ်ခွဲအဖြစ် အက်တလက်တစ် ဘဏ်ကိုလည်း ဖွင့်ခဲ့သည်။

တနေ့တွင် မမျှော်လင့်သော အဖြစ်အပျက် ကလေးတခု ဖြစ်ခဲ့သည်။

ဖဒ်မင်းသည် မီယာမီ လေဆိပ်တွင် လေယာဉ်ပေါ်မှ ဆင်း လိုက်သည်။ မိမိပါလာသော အထုပ်အပိုးများကိုလည်း ကား ပေါ်သို့ တင်လိုက်သည်။ ထိုစဉ် စာရွက်ကလေး တရွက်သည် လမ်းပေါ်သို့ လွင့်ကျသွားသည်။ ဒါကို သတိမထားမိခဲ့။ ကားကိုသာ မောင်း၍ ထွက်ခဲ့သည်။

ဤတွင် ကား ရပ်ထားနေရာတွင် ကားစောင့်ပေးသူ တဦး သည် ယင်းစာရွက်ကို ရဲလက်သို့ အပ်လိုက်သည်။ သူသည် ဤကဲ့သို့ အရေးကြီးသော အစိုးရစာရွက်စာတမ်းကို ပြန်ပေး သဖြင့် ပျောက်သွားသော ပိုင်ရှင်ကဆုချကောင်းချမည် အထင် နှင့် ရဲလက်သို့ ပေးလိုက်ခြင်း ဖြစ်ဟန်တူသည်။

သက်ဆိုင်ရာ တာဝန်ရှိတို့သည် ယင်း စာရွက်ကလေးမှာ ဆွစ်ဇာလန် နိုင်ငံတကာ ငွေချေးဘဏ်မှ စာရွက်ကလေးဖြစ် ကြောင်း ချက်ချင်းသိလိုက်သည်။ ယင်းစာရွက် အတိုချုပ် ရေးထားသည်မှာ

"မာရယ်လ် ၂၈၂၁ စာရင်း၊ နိုင်ငံတကာ ငွေချေးဘဏ် ဂျီနီဗာသို့ သွင်းရန် အမေရိကန် ဘဏ်မှ ငွေ ဒေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



၃၅၀,၀၀၀ ကို လက်ခံ ရရှိပါသည်။ အောက်တွင် လက်မှတ် ရေးထိုးထားသူ၏ ရှေ့မှောက်တွင် ကျွန်ုပ်အား လွှဲပြောင်း ပေးခဲ့သည်”

ဟု ပါရှိသည်။

ထိုကိစ္စနှင့်ပတ်သက်၍ရေးသားသောလိုက်ဖ်( Life )မဂ္ဂဇင်းကြီးက ဖော်ပြရာတွင် ယင်းစာရွက်၌ လက်မှတ်ရေးထိုးထားသည်မှာ ဂျွန်ပူးလ်မင်း ဖြစ်သည်ဟု ဆိုသည်။ ပူးလ်မင်း၏ လက်မှတ်ပါသော ဤစာရွက်ကလေး တခုသာ လျှင် ဖဒ်မင်းက ဆွစ်ဇာလန်တွင် ငွေသွင်းခဲ့ကြောင်း သက်သေခံဖြစ်သည်မှာ ထင်ရှားသည်။

ယင်းစာရွက်ကလေး ပျောက်ဆုံးမှုမှာ တမင်္ဂလုံး ကျော်သွားသည်။ ယင်းနောက် ပြဿနာပေါင်းစုံလည်း ဆက်တိုက် ပေါ်လာသည်။ ယင်းစာရွက်ကလေး မရှိတော့သဖြင့် ဖဒ်မင်းသည် ဆွစ်ဇာလန်တွင် ငွေသွင်းခဲ့ကြောင်း သက်သေပြစရာ မရှိ ဖြစ်ခဲ့ရသည်။ သို့ရာတွင် ယင်းပြဿနာသည် အခြားပြဿနာ များနှင့် နှိုင်းယှဉ်သော် အသေးအမွှားကလေးမျှသာ ရှိသေးသည်။ ဖဒ်မင်း၏ နမော်နမဲ့နိုင်မှု ကလေးကြောင့် သူ၏ ဆွစ်ဇာလန်ဘဏ်တွင် ငွေပိုင်ရှင်ကိုယ်စား ငွေသွင်းပေးရသည့် ကိုယ်စားလှယ်ကောင်းအဖြစ် သိက္ခာမှာ ကျဆင်းခဲ့ရသည်။ ထို့အပြင် ဤငွေမဲများကို ယူဆောင်နေသည်ကိုလည်း လူတော သိကုန်ရသည်။ ထိုမျှသာ မကသေး ယင်းသွင်းပေးနေသည့် ငွေအရေအတွက် စာရင်းနံပါတ်ပါမကျန် အားလုံး သိကုန် ရတော့သည်။



သို့သော် ယင်းစာရွက်ကလေးကို လာရောက် ပြန်တောင်း မည့်သူတဦးတယောက်မှ ပေါ်မလာချေ။ အရေးယူမှု တစုံတရာ မလုပ်မီပင် ဘဏ်စာရင်းကို ပိတ်လိုက်ပြီး ငွေများမှာ တနေရာသို့ ရောက်သွားတော့သည်။ “အမှုလိုသော ဆရာများ” ကလည်း ဖဒ်မင်းကို စောင့်ကြည့်နေသော်လည်း ပေါ်မလာ။ အချိန်အတန်ကြာ ပျောက်နေသည်။ စာရွက်ကလေးကိုကောက်ရသူမှာလည်း မျှော်လင့်သည့် ဆုကို လက်လျှော့လိုက်ရတော့သည်။

ဤပြဿနာတွင်လည်း ဆွစ်ဇာလန် ဘဏ်ကလည်း ထုံးစံအတိုင်း ရှေ့ငုံနေသည်။ ဆွစ်ဇာလန်ဘဏ်များသည် တခါတရံတော့ အချို့ပြဿနာများတွင် ဝင်ရောက်ကူညီ ရှင်းလင်းပေးတတ်သည်။

အလားတူ အမှုတခုမှာ ၁၉၆၉ ခုနှစ် အကုန်ပိုင်းဆီက အမေရိကန် ပြည်ထောင်စု၏ လက်ထောက်ရှေ့နေချုပ် ဆေမာဂလန်ဇာဖော်ထုတ် လိုက်သော အမှုတခုတွင် ဖြစ်သည်။ ဂလန်ဇာသည် ငွေမဲ ဒေါ်လာ ၄ဒသမ ၆သန်း “ဘုံး”မှုနှင့် ပတ်သက်သည့် အမှုတခုကို ဝါရှင်တန် တရားရုံးချုပ်သို့ တင်ခဲ့သည်။ ယင်းအမှုမှာ အမေရိကန် ရေတပ်၊ ဆွစ်ဇာလန် ပြည်ထောင်စု ဘဏ်အပါအဝင် ဆွစ်ဇာလန်ဘဏ် နှစ်ခုတို့နှင့် ပတ်သက်နေသည်။

အမှုနှင့်ပတ်သက်သည့်အသေးစိတ်ကိုမသိရချေ။အကြောင်းမူ အမှုတွင် ပါဝင်သူများက အဖြစ်ကို ဝန်ခံ ဖြောင့်ချက်ပေးသဖြင့် စစ်ဆေးမှုလည်း မပြုလုပ်တော့သောကြောင့် ဖြစ်သည်။ သို့သော် အမှုကို ဆက်လက် စုံစမ်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် သိရသလောက်မှာ ဝါရှင်တန်မြို့၏ မျက်နှာကြီး လူကုံထံ ဖရန့်စစ်ရှိဆန်ဘွမ်နှင့် သန်းကြွယ် သဌေးကြီး အင်ဒရူးစတုန်း ဆိုသူတို့သည် ဆွစ်ဇာလန်နှင့် ဥရောပတွင် ဟန်ပြ ကော်ပိုရေးရှင်းများ ဖွင့်ထားသည်။ ထို့နောက် အမေရိကန် ရေတပ်မတော်သို့ သွင်းရန် ဒုံးကျည်ပစ်စင်များအတွက် ကန်ကြမ်းပစ္စည်း အသုံးစရိတ် ယခုကို လုပ်ကြံ၍ တင်သည် ဆို၏။

ဤတွင် ဆွစ်ဇာလန်မှ ဘဏ်ကြီး နှစ်ခုကလည်း ရွှေ့နေများ၊ စာရင်းကိုင်များ၊ မျက်မြင်သက်သေများ၊ စာရွက် စာတမ်းများဖြင့် ကူညီကာတကယ့် ပိပိရိရိရှိအောင် "လိမ့်" ပေးသည်။ ယင်းတို့သည် အလွန် မြန်မြန် ရိုက်နိုင်သည့် ပုံနှိပ်စက်တလုံးကို သုံးသည်။ ယင်းစက်က "လုပ်ကြံ" ကော်ပိုရေးရှင်း တခုမှ တခုသို့ "လုပ်ကြံ" ရပိုင်ခွင့်များကို မိနစ်အတွင်း ရွှေ့ပြောင်း ပေးနိုင်သည်။ တနည်း ဆိုရသော် လုပ်ကြံစာရင်းများ အမြန်ဆုံး ရိုက်ပေးနိုင်သည်။

ဆွစ်ဇာလန် ဘဏ်နှစ်ခုသည် ထိုအမှုကို အမေကန်အစိုးရက စုံစမ်းရာတွင် နှောင့်နှေးကြန့်ကြာမှု ဖြစ်အောင် ရှိဆန်ဆွမ်နှင့် စတုန်းတို့အား လုပ်ကြံ စာရွက်စာတမ်းများ ပေးပို့ကာ အမှုကို ရှုန်းထွက်စေသည်။

ယင်းအမှုကို ဆက်လက်၍ စုံစမ်းရသည့် အကြောင်းမှာ တရားဝင် လျှို့ဝှက်နိုင်မှု အရည်အချင်းအရ ဤအမှုတွင် နှုတ်ဆိတ်ခဲ့သော ဆွစ်ဇာလန် ဘဏ်နှစ်ခုမှ ယင်းထက် သိစရာရှိသော အချက်များပေါ်အောင် ဟူသော ရည်ရွယ်ချက်ကြောင့်ဖြစ်သည်။ ဤအမှုတွင် ယခင်ကထင်သည်ထက် ပို၍ ကျယ်ပြန့်ကြီးကျယ်စွာ ပါဝင် ပတ်သက်နေကြသည်။

စင်စစ် ရှိဆန်ဘွမ်သည် ဖြောင့်ချက်ပေး၍ ထောင်ဒဏ် ဆယ်နှစ် ကျခံလိုက်သည် မှန်သော်လည်း ယင်းအမှုမှစ၍ ဆွစ်ဇာလန်နှင့် အမေရိကန်မှ မျက်နှာကြီး "အကောင်းစား" များ၏ အဆက်အသွယ်များကိုမကြာမီကပို၍ သိခဲ့ရလေသည်။

နယူးယောက်တိုင်း သတင်းစာကြီးမှ စုံစမ်းရေးသားချက်အရ ဖရန့်စစ်ရှိ ဆန်ဘွမ်နှင့် ဂျိုးဇက်ရှိဆန်ဘွမ် ညီအကို နှစ်ယောက်သည် တရားမဝင် လုပ်ငန်းမှန်သမျှကို အကြံပေး ဉာဏ်ပေး လုပ်သူများလည်း ဖြစ်သည်။ ယင်းတို့၏ အကြံကို တောင်းခံရသူ တဦးမှာ ဖရန့်စစ်ဗစ်တယ်လိုဆိုသူ နယူးအင်္ဂလန်မှ မာဖီးယားဂိုဏ်းဝင် တဦးဖြစ်သည်။ ဗစ်တယ်လိုသည် ရှိဆန်ဘွမ်တို့ အကူအညီဖြင့် ဆွစ်ဇာလန်တွင် ဒေါ်လာ ၁ဒသမ ၂၅ သန်းကို သွားထားခဲ့သည်။

ကမ္ဘာကျော် သန်းကြွယ် သဌေးကြီး အရစ် တိုတယ်အိုနာဆစ် (ကွယ်လွန်သူ အမေရိကန် သမ္မတဟောင်း ကနေဒီ၏ ဇနီး ဂျက်ကလင်း ကနေဒီနှင့် လက်ထပ်လိုက်သူ)နှင့် အခြားသင်္ဘော ကုမ္ပဏီ ပိုင်ရှင်များသည် အမေရိကန် အစိုးရပိုင် လစ်ပါတီ သင်္ဘောများကို ရှိဆန်ဘွမ်တို့ အကူအညီဖြင့် "အလကားလိုလို" နှင့် ရလိုက်သည်။ ယင်းအမှုအတွက် ဂျိုးဇက်ရှိဆန်ဘွမ်ကို တရားစွဲဆိုသော်လည်း နောက်ဆုံးတွင် ယင်းကအစိုးရ သက်သေလုပ်လိုက်သဖြင့် လွတ်ခဲ့ရသည်။

ရှိဆန်ဘွမ်ညီအစ်ကိုတို့သည် ဆွစ်ဇာလန်ဘဏ်များနှင့် ဆက်သွယ်ရာတွင် ၁၉၅၀ခုနှစ်ကစ၍ "ကောင်းမွန်းသိ" နေခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်သည်။ ထိုစဉ်က ဝါရှင်တန်ပြည်နယ် ရေကာတာ ဆောက်လုပ်ရာတွင် သက်ဆိုင်ရာ တို့ကို လာဘ်ထိုးပြီး လူလယ် လုပ်ခဲ့ကြသည်။ မိမိတို့ ပိုင်ဆိုင်သမျှကို ဆွစ်ဇာလန် ပို့ပြီး မှတ်တမ်း မှတ်ရာများကိုလည်း အမေရိကန် ဥပဒေနှင့် လွတ် ရာကို ပို့ခဲ့ကြသည်။

ဖရန့်စင်ရိုဆန်ဘွမ်နှင့်ဇတုန်းတို့ အမေရိကန်ရေတပ်မှနောက် ဆုံး "ဘုံး"ခဲ့သော ငွေများမှာ ဆွစ်ဇာလန်ဘဏ်ရှိ ဇတုန်း ၏ စာရင်းတွင်ပင် ဆက်လက် ထားရှိခွင့်ပြုသဖြင့် ယင်းငွေမှာ ဒေါ်လာ နှနှစ်သောင်းမျှပင် တိုးပွားနေပြီ ဖြစ်သည်။

ဖရန့်စင်မှာ ထောင်ဒဏ် ဆယ်နှစ်နှင့် ဇတုန်းမှာ ထောင် ဒဏ်ဆယ့်ငါးနှစ် ခံခဲ့ကြရသည်။

အခန်း (၁၂)

## ဆွစ်ဇာလန်ဘဏ် လျှို့ဝှက်မှု၏ လက်ရှိအနေအထား

မကြာမီက ဆွစ်ဇာလန်နှင့် အမေရိကန်ဘို့ ဆွေးနွေးညှိနှိုင်း မှုများ ပြုလုပ်ခဲ့သည်။ ယင်း ညှိနှိုင်းမှုများအရ ဆွစ်ဇာလန် ဘဏ်လျှို့ဝှက်မှုကို ကာကွယ်ရေး အနေအထားမှာ အနည်းငယ် ပြောင်းလဲခဲ့သည်။ သို့ရာတွင် အတိုင်းအတာမဲ့ ပြောင်းလဲခဲ့သည် တော့မဟုတ်ချေ။ အမေကန်အစိုးရကမူယင်းပြောင်းလဲမှုကြောင့် အမေရိကန် ဆွစ်ဇာလန်ပြဿနာမှာ အဘန်ငယ်ငြိမ်းမည်ဟု အ ထင်ရှိခဲ့သည်။ အတွေ့အကြုံ ရင့်ကျက်သူများကမူ လက်မခံကြ ချေ။ ယင်းဆွေးနွေးမှု၏ အဓိက အပိုင်းနှစ်ပိုင်းမှာ "ရန်း၏ အမှု"ဟုခေါ်နေသောပြဿနာနှင့် ဘဏ်လုပ်ငန်း ပြန်ကြားရေး စာချုပ်သစ်ဟူသော ကိစ္စတို့ဖြစ်သည်။

ရန်းအမှုတွင် ဆွစ်ဖက်ဒရယ်ကောင်စီသည် ၁၉၅၈ခုနှစ်နှင့် ၁၉၆၈ခုနှစ်ဆယ်နှစ်အတွင်းရှိဘဏ်စာရင်းနံပါတ်များကို ထုတ် ပြန်ပေးရန် သဘောတူအောင် အမေရိကန် ပြည်တွင်းအခွန် ဌာနက ဆောင်ကြဉ်းနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်းတို့ ဇနီးမောင်နှံမှာလည်း ဆွစ်ဇာလန်တွင်စာရင်းဖွင့်၍ ငွေမဲထားသူများဖြစ်သည်။ ယင်းတို့၏ အမှုနှင့် ပတ်သက်၍ အတိအကျမသိရပေ။ ထို့ကြောင့် ရန်း ဇနီးမောင်နှံ၏ အနေအထားရော အမေရိကန်အစိုးရ၏ သဘောထားကိုရော မသိရပေ။ သို့စေကာမူခန့်မှန်းနိုင်ရန်အခြားသတင်းအချို့ရခဲ့ပေသည်။

ယင်းသတင်းအချို့အနက်တခုမှာ ဆွစ်ဇာလန်နှင့်အမေရိကန် အကြား ယခင်ကချုပ်ဆိုထားသော အကောက်ခွန်ဆိုင်ရာ စာချုပ်ကိုဆက်လက်အသက်သွင်းလိုက်ခြင်းဖြစ်သည်။ စာချုပ်တွင် အမေရိကန်က ငွေအလွဲသုံးစားမှုဟု သတ်မှတ်သည့် အမှုများကို ဆွစ်ဇာလန်ကလည်း ထိုအတိုင်းသတ်မှတ်ရန် တိတိကျကျ ထပ်မံ အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ အခွန်ပေးရန်ရှောင်လွဲသည့် ကိစ္စများကိုမူ တမျိုးဖြစ်သည်။ သို့ရာတွင် ငွေအလွဲ သုံးစားမှုနှင့် ပတ်သက်၍မူ ဆွစ်ဇာလန်အား ကောင်းစွာ "ချည်"ထားလိုက်ခြင်းဖြစ်တော့သည်။

ရန်း၏အမှုတွင် အမေရိကန်နှင့်ဆွစ်ဇာလန် နှစ်ဘက်စလုံးက စာချုပ်ကိုမကြိုစဖူးလေးစားရိုးသားစွာလိုက်နာလိုက်ကြသည်။ ထို့ကြောင့် ဆွစ်ဖက်ဒရယ် အခွန်ကြီးကြပ်ရေးဌာနသည် ဇူးရစ်ကူးသန်းရောင်းဝယ်ရေး ငွေချေးဘဏ် လီမိတက်မှ ရန်း၏စာရင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ထုတ်ဖော် ပေးရန် တရားရုံးချုပ်အား အမိန့်ချမှတ်ပေးခဲ့လေသည်။ ထုတ်ဖော်ပေးရမည့် အချက်အလက်များမှာ (က) ယင်း စာရင်း ရှိမရှိ။ (ခ) ယင်းသည် ရန်း၏စာရင်း ဟုတ်မဟုတ် မှစ၍ ဖော်ပြရမည်ဖြစ်သည်။ ယင်းသို့ ဖော်ထုတ်မှုသည် ဆွစ်ဇာလန်၏လျှို့ဝှက်မှုအစဉ်အလာကိုချိုးဖောက်၍ ဖော်ထုတ်လိုက်ခြင်းဖြစ်ပေသည်။

www.burmeseclassic.com



ထို့အပြင် အမေရိကန်နှင့်ဆွစ်ဇာလန်နှစ်နိုင်ငံအကြားဆွဲစ်ဇာလန် လျှို့ဝှက်မှုနှင့်ပတ်သက်၍ စာချုပ်တရပ် ချုပ်ဆိုထားသည်ဟုလည်း သတင်းဖြစ်ခဲ့သည်။ ယင်းသတင်းအရဆိုလျှင် နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းဆိုင်ရာ သတင်းများအပြန်အလှန် ဖလှယ်နိုင်တော့မည်ဖြစ်သည်။ ယင်းသည် ဆွစ်ဇာလန်၏ အစဉ်အလာကို ချိုးဖောက်ခိုင်းသလိုလည်း ဖြစ်လာမည်။ အမေရိကန်ရာဇဝတ်မှုကိစ္စများ၊ ရာဇဝတ်ကောင်တို့၏ လှုပ်ရှားမှုများကိုလည်း သိရှိကြရပေတော့မည်ဖြစ်သည်။

ယင်းစာချုပ်သာ အောင်မြင်လျှင် ရန်းအမှုတုန်းကသက် ပိုမိုထိရောက်မည်။ ရန်းအမှုတုန်းကမူ ငွေ အလွဲသုံးစားမှု အတွက်လောက်သာ အကျိုးသက်ရောက်မှုရှိသည်။ အားလုံး သိကြသည့်အတိုင်း အမေရိကန် မာဖီးယားဂိုဏ်းတို့သည် အကောက်ခွန်ရှောင်လွဲရေးကိစ္စအတွက် ဆွစ်ဇာလန်ကို အသုံးချသူများ မဟုတ်ကြချေ။ ယင်း မာဖီးယားဂိုဏ်းတို့ အဓိကလုပ်နေကြသည်မှာ ဆွစ်ဇာလန်ဘဏ်ကို အသုံးချ၍ ငွေမဲကို ငွေဖြူဖြစ်အောင်လုပ်ခြင်းသာဖြစ်သည်။

အမေရိကန် ပြည်တွင်း အခွန်ဌာန၏ ရန်ကို ကာကွယ်ရန်အတွက်မာဖီးယားတို့အဖို့ ငွေမဲကို ငွေဖြူလုပ်ရုံဖြင့် မလုံလောက်။ ဆွစ်ဇာလန်ဘဏ်တွင် အမည်မပါသောစာရင်းများ ဖွင့်ထားရန်လည်း အဓိကလိုအပ်လှသည်။ မာဖီးယားဂိုဏ်းတို့အဖို့ ပြည်တွင်းအခွန်ဌာန၏ စုံစမ်းမှုမှကာကွယ်ရန်နည်းလမ်းမျိုးစုံရှိသည်။ ယင်းနည်းလမ်းများကို သုံးလိုက်ခြင်းဖြင့် စုံစမ်းမှုမှန်သမျှ အချည်းအနှီးဖြစ်ကုန်ရတော့သည်။ ယင်းတို့၏လုပ်ငန်းမှာ ဆွစ်ဇာလန်ဘဏ်၏အကူအညီဖြင့် မိမိတို့အရေးကိုခွာ၍ မိမိ၏ ပုဂ္ဂိုလ် ရုပ်

www.burmeseclassic.com



လုံးကိုဖုံးယင်း မိမိတို့လိုသားသော အကျိုးစီးပွားကိုလုပ်ဆောင်ခြင်းဖြစ်သည်။ တနည်းအားဖြင့် မိမိ၏စီးပွားကို အမှောင်တွင်းမှ မည်သူမျှမမြင်အောင် လုပ်နေခြင်း ဖြစ်ဘော့သည်။

အခွန်ရှောင်လွှဲရေး ကိစ္စများကို အရေးယူရာတွင် အမည်မပါစာရင်းများကို သိရှိပါမှဖြစ်သည်။ ထို့ကြောင့် ရန်းအမှုဘုန်းက ဆုံးဖြတ်ချက်မျိုးမှာ တစုံတရာသောကိစ္စသောက်သာအရာရောက်သည်။ ထို့ကြောင့် စာချုပ်ချုပ်၍ “ချည်”ထားပါမှ အစစအရာရာ ထိရောက်မည်ဖြစ်သည်။ မာဖီးယားဂိုဏ်းတို့၏ ဆွစ်ဇာလန်ဘဏ်စာရင်းကို အသုံးချ၍ ငွေမဲဖျောက်ဖျက်ရေးလုပ်ငန်းတို့ကိုပါ ထိရောက်မည်ဖြစ်သည်။

ယင်းကဲ့သို့ အမေရိကန်နှင့် ဆွစ်ဇာလန်အကြား ဘဏ်လုပ်ငန်းဆိုင်ရာ ပြန်ကြားရေးစာချုပ် ချုပ်ဆိုသည်ဟု သဘင်းဖြစ်နေသည့် ကိစ္စနှင့်ပတ်သက်၍ ဆွစ်ဇာလန် ဘဏ်လုပ်ငန်း နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များက ဝိုင်းဝန်း ကန့်ကွက် ဆန္ဒပြကြသည်။ သို့ရာတွင် ယင်းစာချုပ်ကို နှစ်နိုင်ငံစလုံးက အတည်ပြုသည်ဆိုစေဦးတော့ ဖြေရှင်းနိုင်သည့် ပြဿနာ အရေအတွက်ထက် မဖြေရှင်းနိုင်မည့် နောက်ဆက်တွဲ ပြဿနာများက များမည်ဖြစ်သည်။

အမေရိကန် အစိုးရသည် ယင်းကဲ့သို့ ဆွစ်ဇာလန်နှင့် ပတ်သက်သည့် ငွေမဲအမှုများကို ရှုံးတင်စစ်ဆေးရာတွင် သက်သေအထောက်အထား အခိုင်အမာ တင်ပြနိုင်ခြင်း သိပ်မရှိလှချေ။ ထို့ကြောင့်ယခုစာချုပ်ကိစ္စနှင့်ပတ်သက်၍အထူးပြဿနာတရပ်မှာ ဆွစ်ဇာလန်ဘဏ်ဘို၏ လျှို့ဝှက်မှုကိုဖောက်ဖျက်ပေးနိုင်သည့်ရာဇဝတ်မှုမျိုးဖြောက်ကြောင်း သက်သေ အခိုင်အမာ ပြနိုင်ပါ



မည်လားဆိုသည့်ကိစ္စဖြစ်သည်။ (ဆွစ်ဇာလန်ဘဏ်သည်စာချုပ်ပါ ရာဇဝတ်မှုမျိုးခြောက်သည်ဟု သက်သေအထောက်အထားအခိုင်အမာပြနိုင်ပါမှ မိမိတို့၏ လျှို့ဝှက်မှုကို ဖွင့်ပေးမည် ဖြစ်ပေသည်။)

ယင်း စာချုပ်နှင့်ပတ်သက်၍ အခြားသော နောက်ဆက်တွဲပြဿနာများ ရှိသေးသည်။ စာချုပ်သည် ဆွစ်ဇာလန်နှင့်အခြားနိုင်ငံများအကြား အခြားစာချုပ်များ ပေါ်လာနိုင်သည်။ ဂျာမနီ၊ ပြင်သစ်၊ အီတလီ တို့သည်လည်း အမေရိကန်နှင့် ဆွစ်ဇာလန်တို့ ထိုကဲ့သို့ စာချုပ်မျိုး ချုပ်ဆိုနိုင်ပါလျက် မိမိတို့နိုင်ငံဘွင်းမှငွေမဲများ ဆွစ်ဇာလန်ဘဏ်အကူအညီဖြင့် ထွက်နေသည်ကိုလည်း လက်ပိုက်ကြည့်နေကြမည် မဟုတ်ချေ။

သို့ရာတွင် အဆိုးဆုံးသောပြဿနာမှာ ဆွစ်ဇာလန် စီးပွားရေးကို ထိခိုက်ခြင်းပင်ဖြစ်သည်။ သယံဇာတမရှိ၊ စိုက်ပျိုးရေးလုပ်ငန်းမရှိပဲ ကော်ပိုရေးရှင်းများနှင့် အချို့သောငွေမဲရှင်များကို အကာအကွယ် ပေးနေသည့် လုပ်ငန်းအပေါ် အခြေတည်နေသည့် ဆွစ်ဇာလန် စီးပွားရေးသည် ယခုကဲ့သို့ လျှို့ဝှက်မှုကိုဖောက်ဖျက် ပေးရမည်ဆိုသောအခါ အဘယ်သို့ရှိမည်နည်း။

ယင်းတို့သည်ကား ငွေရှင်ကြေးရှင်တို့ စောင့်ကြည့်နေကြသည့် ပြဿနာအချို့ဖြစ်သည်။ ယခုပင်လျှင် အချို့နိုင်ငံတို့သည် ဆွစ်ဇာလန်ကဲ့သို့ ကုမ္ပဏီများနှင့် ငွေမဲ ငွေဖြူများ၏ နိဗ္ဗာန်ဘုံအဖြစ် မိမိတို့နိုင်ငံကို တည်ဆောက်ရန် ကြိုးစားနေကြပြီ ဖြစ်သည်။ ယင်းနိဗ္ဗာန်ဘုံသည် အဲလ်ပ် တောင်တန်းများ (ဆွစ်ဇာလန်) ဆီမှ အဝေးသို့ ပျံ့ပြေးရန် တဲတဲကလေးသာ ရှိသေးသည်။ ယင်းကဲ့သို့ စောင့်ကြည့်နေသော ငွေရှင်ကြေးရှင်တို့

www.burmeseclassic.com

www.burmeseclassic.com



တွင် မာဖီးယားဂိုဏ်းများမှ ငွေကြေး ဆရာကြီးများလည်းပါ ဝင်ကြလေသည်။

သို့ရာတွင် ဆွစ်ဇာလန်တွင် ထူးခြားသော ဝိသေသလက္ခဏာ ထရပ်ရှိပေသေးသည်။ ယင်းလက္ခဏာကြောင့် ဆွစ်တို့သည် မိမိတို့ ပေါက်သည်များထံမှ အခွန်အခ ရနိုင်သည့် နည်းများကို ကြံစည် ခဲ့ကြပေသည်။ ထို့ကြောင့် စာချုပ်က မည်သို့ပင် ဆိုထားစေကာမူ ငွေမဲများ ဝင်လာနိုင်သည့်နည်းသစ်များရှာကြံ ကြဦးမည် ဖြစ်ပေသည်။ လောလောဆယ်ရော အနာဂတ်တွင်ပါ ဆွစ်ဇာလန်၏ ဖေါက်သည် များသည် ယင်းတို့၏ ငွေကြေးများကို ဆွစ်ဇာလန်တွင်သာ မှောက်သွန်ထားကြမည်မှာ သေချာသည်။ ဤသို့ အကြံသစ်များ မဟုတ်ပါကလည်း ဆွစ်ဇာလန် နိုင်ငံသည် မိမိသေတွင်းကို မိမိတူးသည်နှင့်သာ တူပေတော့သည်။

ယင်း နည်းလမ်းအသစ်များကား အဘယ်နည်း။ ဤကိစ္စမှာ ဇူးရစ် (ဆွစ်ဇာလန်)မှ ရွှေငွေ ရတနာ နတ်ဘုရားများသာ သိကြမည် ဖြစ်ပေသည်။ မည်သို့ပင် ဖြစ်စေ ယင်းနည်းသစ်များ အကောင်အထည် ဖော်သည်နှင့် ငွေရှင် ကြေးရှင်တို့သည် ယင်း အခွင့်အရေးကို ပြေး၍ မလွတ်တမ်း လုယူကြမည် ဖြစ်ပေသည်။

အခန်း (၁၃)

## ဝမ်းနည်းစရာကို ငွေအနားသတ်ခြင်း

ဇူးရစ်မြို့၏ အလွန်လှဖ ခမ်းနားသော ဘန်းဟော့စတြာဇယ်လမ်းမကြီး တလျှောက်တွင် ဆွစ်တို့သည် ဘာသာရေး၏ လောကီ စီးပွားရေးရာ အဆုံးအမများအတိုင်း ဆောင်ရွက်နေကြပေသည်။ ကြီးပွားချမ်းသာခြင်းသည်ကောင်းမြတ်သော ဆုလာဒ်များဟု ဆွစ်ဘာသာရေးက ဆိုခဲ့သည် မဟုတ်ပါလား။ ယင်းလမ်းမကြီးပေါ်ဝယ် မီးခိုးရောင် ကျောက်တို့ဖြင့် စီခြယ်သည့် အဆောက်အအုံကြီးများ အတွင်းပိုင်းမှ ကမ္ဘာလုံးအနှံ့ ဆွစ်ဇာလန်ဘဏ် လုပ်ငန်းကြီးကို ကျယ်ပြန့်စွာ လုပ်ဆောင်နေကြပေသည်။ ဥရောပတွင် တော်လှန်ရေးများ၊ စစ်ပွဲကြီးများ ဖြစ်နေသော ကာလများတွင် ဤဘဏ်ကြီးများသည် နံနက် ၈-နာရီဆိုလျှင် ဂိတ်ဝသံတံခါး မှန်မှန်ဖွင့်၍ လုပ်ခွင်မပျက် လုပ်ကိုင်ကြပြီး ညနေ ၅ နာရီ ထိုးသည်နှင့် လုပ်ခွင်ရပ်၍ဂိတ်သံတံခါးကြီးကို ပိတ်ခါအေးအေးဆေးဆေးနေနိုင်ခဲ့ကြသည်။ မနက် ၈နာရီနှင့် ညနေ ၅နာရီအကြား ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



အရပ်ရပ်မှ လူများသည် ဤတံခါးပေါက်များသို့ ဥဒဟို ဝင်ထွက်ခါ ကမ္ဘာတွင် စိတ်အချရဆုံးနှင့် လျှို့ဝှက်မှု အပေးနိုင်ဆုံး ဖြစ်သည့် ဆွစ်ဇာလန်ဘဏ်လုပ်ငန်းကို အသုံးချ ခဲ့ကြလေသည်။

သို့ရာတွင် ၁၉၇၇ ခုနှစ် ဇွန်လ လောက်က ဤဆန်ပော့စတြာဇယ် လမ်းမကြီး၏ အေးချမ်းသာယာမှုသည် ယာယီမျှ ပျက်ပြားခဲ့ရလေသည်။ ဆွစ် ငွေချေး ဘဏ်ကြီး၏ ချီယာဆိုမြို့ ဘဏ်ခွဲမှ မန်နေဂျာ အန်ကူမီးယားဆိုသူသည် ဒေါ်လာသန်းပေါင်း ၈၈၀ ကိစ္စဖြင့် အဖမ်း ခံရလေသည်။

ဖြစ်ပုံမှာ ဆွစ်ဇာလန်ဘဏ်များသည် ဆိုခဲ့ပြီးသည့်အတိုင်း ငွေဖြူ ငွေမဲတို့ ခိုအောင်းရာ နေရာများ ဖြစ်ပေရာ နိုင်ငံခြား (အထူးသဖြင့် အီတလီ)မှ ငွေအမြောက်အမြား ရောက်လာကြသည်။ ဆွစ်ငွေချေးဘဏ်၊ ချီယာဆို ဘဏ်ခွဲမှ တာဝန်ရှိတဲ့သည် ဘဏ်သို့ သွင်းလာသော ငွေများကို ထုံးစံအတိုင်း လုပ်ငန်းများတွင် အရင်းပြု၍ ငွေထည့်ဝင်သူအား အကျိုးဆောင်ပေးသည်။ သို့ရာတွင် အလွယ်တကူ ရောင်းနိုင်သော စတော့များ၊ ရှယ်ယာများ၊ စာချုပ်များဝယ်၍ အရင်းအနှီးပြုရမည့်အစား လုပ်ငန်းများတွင် ငွေသားများ ထည့်ဝင်၍ အလုပ်လုပ်ခဲ့သည်။ ယင်း လုပ်ရပ်မှာ ဆွစ်ဇာလန်ဘဏ် အက်ဥပဒေအရ အပြစ်ရှိသည်။

ထိုစဉ် အီတလီအစိုးရသည် လိုင်ယာငွေကို ပြန်လည် အဖတ်ဆယ်သော အားဖြင့် ပြည်ပသို့ ထွက်နေသောငွေများကို ပြန်သွင်းပါက အခွန် လွတ်ငြိမ်းခွင့် ပေးမည့် စီမံချက် လုပ်လိုက်သည်။ ထိုအခါ အီတလီမှ ငွေရှင်အမြောက်အမြားသည် မိမိတို့၏ ဆွစ်ဇာလန်ရှိ ငွေများကို ပြန်လည် ထုတ် ယူ ကြသည်။



ထိုအခါ ချီယာဆို ဘဏ်ခွဲမှာ လုပ်ငန်းများမှ ငွေကို အလွယ်တကူထုတ်၍ မရသည်သာမက လုပ်ငန်းများတွင်လည်း အရှုံးပြနေရာ အခက် တွေ့နေ၏။ ယင်းနှင့် ပတ်သက်၍ ချီယာဆိုဘဏ်က အခြား ဆွစ်ဇာလန် ဘဏ်ကြီးများကို အကူအညီတောင်းရာမှ စ၍ ယင်းငွေကိစ္စများပေါ်လေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ မန်နေဂျာကိုလည်း အရေးယူခဲ့လေသည်။

ယင်းသည် ဆွစ်ဇာလန် ဘဏ်သမိုင်းတွင် အလွန်ဆိုးရွားသည့် ပြဿနာကြီး တခုပ်ဖြစ်ခဲ့လေသည်။ ထို့ကြောင့် ယင်းနှင့် ပတ်သက်၍ နောက်ပိုင်းတွင် စီးပွားရေးသမားတို့ အခွင့်ကောင်းယူမှုကို ကာကွယ်ရန် တင်းတင်းကြပ်ကြပ် စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်း ခဲ့လေသည်။ အစိုးရပိုင်း ပုဂ္ဂိုလ်များသည်လည်း ယခင်က မိမိဖာသာ စည်းမျဉ်း စည်းကမ်းများ ပြဋ္ဌာန်း လုပ်ကိုင်နေခဲ့သည့် ဘဏ်လုပ်ငန်းကို အစိုးရကိုယ်တိုင်က စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။

ယင်း ဥပဒေများသည် ဆွစ်ဘဏ်လုပ်ငန်း၏ ချို့ယွင်းအားနည်းချက်များကို စောင်းပေး လုပ်ဆောင်ခဲ့သည်။ ဆွစ်ဘဏ်များကို အသုံးချ၍ မသမာသော ငွေများ အခွန်အကောက်မပေးလိုသဖြင့် ရှောင်လွှဲလာသည့် ငွေများနှင့် ပတ်သက်၍ ဥပဒေသစ်များ ပြဋ္ဌာန်းခဲ့သည်။

ယင်း ဥပဒေများသည် ၁၉၇၇ ခုနှစ် ဇူလိုင်လတွင် စတင်အကောင် အထည် ဖော်ခဲ့သည်။ ယင်း ဥပဒေများကို ဆွစ်ဇာလန်ရှိ ဘဏ်ပေါင်း ၅၅ ခုက လိုက်နာကြရမည် ဖြစ်သည်။ ယင်း ဥပဒေများကို ဆွစ်ဇာလန် အမျိုးသားဘဏ်နှင့် ဆွစ်

www.burmeseclassic.com

www.burmeseclassic.com



ဇာလန် ဘဏ်လုပ်ငန်းရှင်များ အသင်းကြီးက ဦးစီး ရေးဆွဲခဲ့ကြ ခြင်း ဖြစ်သည်။

ယင်း ဥပဒေများအရ ဘဏ်တွင် စာရင်းဖွင့်လိုလျှင် မိမိ၏ အမည် လိပ်စာအတိအကျ ဖော်ပြရမည်ဟု ဆိုသည်။ ယခင် က ဤသို့ ဖော်ပြရန်လဲမလိုသဖြင့် မာဖီးယား ကမ္ဘာမှ ပုဂ္ဂိုလ် များ၊ အိုဒက်ဆာမှ ပုဂ္ဂိုလ်များ၊ အခွန်မဲ့ ငွေမဲများ အလုံး အရင်း ဝင်ခဲ့ကြလေသည်။ ထို့အပြင် ဆွစ်ဇာလန် တရား ဥပဒေနှင့် မလွတ်ကင်းသည့် ငွေများကိုလည်း လက်မခံရဟု ဆိုသည်။ ယခင်ကလို ဘဏ်လုပ်ငန်းရှင်တို့ ဘဏ်မှ ငွေမဲများ ကို ဝှက်ပေးခြင်း၊ အခွန် ရှောင်လွှဲသည့် ငွေများကို ဝှက်ပေး ခြင်း စသည်ဖြင့် လုပ်မပေးရန် တားမြစ်ခဲ့သည်။

ဒဏ်ငွေ ၄ သန်းအထိ တပ်နိုင်သော ယင်း ဥပဒေများမှာ အောင်မြင်မည် မဟုတ်ဟု ထင်ကြေးပေးနေကြသည်။ သို့ရာ တွင် ဆွစ်ဇာလန် အမျိုးသားဘဏ် ဥက္ကဋ္ဌကမူ ယင်း ဥပဒေ များသည် ဆွစ်ဥပဒေကို ချိုးဖောက်၍ ငွေဖြူ၊ ငွေမဲတို့အား မရိုးသားသော နည်းဖြင့် ဆောင်ရွက်ပေးနေမှုများကို တား နိုင်လိမ့်မည် ဟု ဆိုသည်။

ယင်း ပြဿနာသည် ဆွစ်ဇာလန်ရှိ ဘဏ် လုပ်ငန်းကြီး တခုလုံးကိုပါ အရိုက် ထိုးလိုက်သလိုရှိသည်။ ချီယာဆိုဟု ဆိုသော ဘဏ်ငယ်ကလေးတခုကိုသာ ထိခိုက်သည် မဟုတ်၊ တနိုင်ငံလုံးရှိ ဘဏ်တိုင်းကို ထိခိုက်ခဲ့ရပေသည်။ ယင်းပြဿနာ ဖြစ်ပြီး မကြာမီမှာပင် ဆွစ်ငွေချေးဘဏ်သည် ဇူးရစ်မြို့အပြင် ဘက်ရှိ ပြပွဲခန်းမဆောင်တွင် အထူးအစည်းအဝေးတရပ်ကျင်းပ



ခဲ့သည်။ အစည်းအဝေးမှာ ယင်းဘဏ်၏ စတော့ပိုင်ရှင်များ အား ပြဿနာနှင့် ပတ်သက်၍ ရှင်းပြရန်ဖြစ်သည်။

အသစ် ရွေးချယ်ထားသော ဘုတ်ဥက္ကဋ္ဌ အော့စ်ဝဲလ်အက် ပလီသည်ပင် ယင်းပြဿနာကြောင့် ဘဏ်အနေဖြင့် မည်မျှရှုံး မည်ကို အတိအကျ မပြောနိုင်ခဲ့ချေ။ ယင်း ပြဿနာကို စုံစမ်း ရန် ဖွဲ့ထားသော လူ ၁၀၀ ပါဝင်သည့် စုံစမ်းရေး အဖွဲ့က လည်း ဘာမျှမဖော်ထုတ်နိုင်သေးချေ။ သို့ရာတွင် ယင်းပြဿနာ ကြောင့် ဆွစ်ငွေချေးဘဏ်အဖို့ ဒေါ်လာသန်း ၄၀၀ခန့် ဆုံး ရှုံး ဖွယ်ရှိသည်ဟု ခန့်မှန်းကြသည်။ သို့ရာတွင် ၁၉၇၆ ခုနှစ် က နှုန်းအတိုင်း ရှယ်ယာ တစောင်လျှင် ၃၂ ဒေါ်လာ အမြတ် ခွဲပေးနိုင်လိမ့်မည်ဟု အက်ပလီက အာမ ခံထားပေသည်။

ယင်းသို့ အမြတ်ကို မက်လောက်အောင် ခွဲပေးနိုင်သည်မှာ ၁၈ ရာစုက ဇူးရစ်နှင့် ဂျီနီဗာတို့တွင် ပထမဆုံး ဘဏ်များ စတင် ပေါ်ပေါက်ကတည်းက ဖြစ်သည်။ ထို့ကြောင့်လည်း ဤမျှ လာရောက် ငွေသွင်းသူ များပြားရခြင်း ဖြစ်ပေသည်။

ဂျီနီဗာမြို့သည် ယခင်က လွတ်လပ်သော သီးခြားဒေသ တခု ဖြစ်ခဲ့သည်။ ၁၉၁၈ ခုနှစ် ကျမှ ဆွစ်ကွန်ဖက်ဒရေးရှင်း (ပြည်မ အစိုးရ)သို့ တမြို့ကို တပြည်နယ် သတ်မှတ်၍ ဝင်ခဲ့ သည်။ ယခုအထိ နိုင်ငံရေး၊ ဘာသာရေး ပြည်ပြေးများ ခိုအောင်းရာ အဖြစ်သာမက ယင်းတို့တွင် ပါလာသော ငွေ များကို လုံခြုံစွာ သိမ်းဆည်း၍ အရင်းအနှီးပြုနိုင်သည့် နေရာ အဖြစ် တည်ရှိနေဆဲ ဖြစ်ပေသည်။ ယင်း ဘဏ်တို့၏ မူလ ဆက်ဆံသူများမှာ ဥရောပ မင်းဆွေ မင်းမျိုးများ ဖြစ်သည်။ ဥပမာ အားဖြင့် ပြင်သစ်နိုင်ငံမှ လူဝီ ၁၄ ဘုရင်သည် ၁၇၀၁

www.burmeseclassic.com



ခုနှစ်မှ ၁၇၁၃ ခုနှစ်အထိ ဖြစ်ခဲ့သော ပြင်သစ် စပိန်စစ်ပွဲတွင် ကုန်ကျသည့် စစ်စရိတ် တဝက်ကို ဆွစ်ဇာလန်ဘဏ်များမှ ချေးယူခဲ့ခြင်း ဖြစ်သည်။

ဇူးရစ်မြို့မှ ရန်အင်ဘိုမာဘဏ်၊ ဂျီနီဗာမြို့ရှိ လွန်ဘာအိုဒီယာဘဏ်တို့အပါအဝင် ဆွစ်ဇာလန်ဘဏ်အများအပြားသည် မိမိတို့ဘဏ်၏ ၁၈ရာစုလေးကက စတင် ပေါ်ပေါက်လာပုံသမိုင်းကို လေ့လာလျက် ရှိကြပေသည်။ ရှေ့တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း ဘဏ်ကြီးသုံးဘဏ်လည် ၁၉ရာစုနောက်ပိုင်းတွင် မီးရထားလမ်း ဆောက်လုပ်ရေးကို အကြောင်းပြု၍ ပေါ်ပေါက် လာခဲ့ခြင်း ဖြစ်သည်။ ယင်း နောက်ပိုင်း ဆွစ်ဇာလန် နိုင်ငံတွင် ဘဏ်စီးပွားရေး အမြစ်တွယ်လာသည်။ ဆွစ်ဇာလန်ကို နောက်ဆုံးဝင်ရောက် တိုက်ခိုက်သည့် ပြည်ပတပ်များမှာ နပိုလီယံ တပ်များဖြစ်သည်။ ထို့နောက်ပိုင်းတွင် စစ်ဟူ၍ မယ်မယ်ရရမဖြစ်ခဲ့ချေ။ ဟစ်တလာသည်ပင် ဆွစ်ဇာလန်ကို မတိုက်ခဲ့ချေ။ ထို့ကြောင့် ဆွစ်ဇာလန်သည် စစ်ပွဲများနှင့် ဥရောပ စီးပွားရေး လှိုင်းဂယက်များနှင့် လွတ်ကင်းရာ ဒေသအဖြစ် အခြားနိုင်ငံများမှ ငွေရှင် ကြေးရှင်တို့က မြင်လာခဲ့ကြပေသည်။ ထို့ကြောင့် တစတစ ဤဘဏ်များကို ဆက်ဆံသူ များပြားလာလေသည်။ ယင်းကဲ့သို့ ငွေများကို အလုံးအရင်းနှင့် လှိမ့်ဝင်လာလေ ဘဏ်များ ကြီးပွားလေ ဖြစ်နေခဲ့သည်။

ဤဘဏ်များကို မက်မောစေသော ဒုတိယ အကြောင်းအချက်ကား ဆွစ်ဇာလန်၏ လျှို့ဝှက်မှု ဓလေ့ဖြစ်သည်။ ဘဏ်တာဝန်ရှိတို့နှင့် ဘဏ်စာရင်းပိုင်ရှင်တို့၏ဆက်သွယ်မှုကို လျှို့ဝှက်ထားရှိသည်။ ယင်းသို့ လျှို့ဝှက်ထားနိုင်ရန်လည်း ဥပဒေများဖြင့် အထပ်ထပ် ကာရန် ထားသည်။ ဤသို့ သံမဏိ သန္နိဋ္ဌာန်ဖြင့်မိရိုးဖလာ ယင်းလျှို့ဝှက်မှုအကာအရံများဖြိုဖျက်ရန်၁၉၃၀ ခုနှစ်က နာဇီတို့ အစွမ်းကုန် ကြိုးစားခဲ့သည်။ ဂျာမနီ နာဇီတို့သည် ဂျူးလူမျိုးပိုင် ငွေများကို ပြည်ပသို့ မထွက်စေရန် သေဒဏ် သတ်မှတ်၍ပင် တားဆီးခဲ့သည်။ ဆွစ်ဇာလန်ကလည်း တဖန် ပြန်၍ ၁၉၃၄ ခုနှစ်တွင် ဘဏ်လျှို့ဝှက်မှု ပေါက်ကြားလျှင် သေဒဏ်ချမှတ်၍ ကာကွယ်ခဲ့ပြန်သည်။ ထို့ပြင် နာဇီစပိုင်တို့ရန်ကို ကာကွယ်ရာတွင် ပိုမိုစိတ်ချရစေရန် ဘဏ်စာရင်းပိုင်ရှင် နာမည် မဖော်သော နံပါတ်တပ် စာရင်း စနစ်ကိုတည်ထွင် ခဲ့ပြန်သည်။ ဘဏ်စာရင်းပိုင်ရှင်၏ အမည်၊ နေရပ်စသည်တို့ကို ဘဏ်တာဝန်ရှိ နှစ်ယောက်သုံးယောက်မှအပ မည်သူမျှ မသိစေပဲ ယင်းတို့၏ ငွေသွင်း ငွေထုတ် စာရင်းဇယားများကို နံပါတ်များ စီစစ်ပြီး အသုံးပြုကြသည်။ ယနေ့ဆိုလျှင် ဤဘဏ်မှ ဘဏ်စာရင်းတခုကို အမည်ကို ဖြစ်စေ၊ နံပါတ်ကိုဖြစ်စေ ပေါက်ကြားစေသော ဘဏ်အမှုထမ်းတဦးမှာ ငွေဒဏ် ဒေါ်လာ ၂၀,၀၀၀ သို့မဟုတ် ထောင်ဒဏ် ခြောက်လအထိ ခံရမည် ဖြစ်သည်။

သို့ရာတွင် ယင်း လျှို့ဝှက်မှုမှာ အကန့်အသတ်မဲ့ လုံခြုံလှသည် မဟုတ်ချေ။ ယခုလျှင် ဘဏ်တာဝန်ရှိတို့က ဆွစ်ဇာလန်တရားဥပဒေအရ ရာဇဝတ်မှု မြောက်သည်ထင်လျှင် ယင်းဘဏ်စာရင်းများကို ဖော်ထုတ်ပေးခွင့် ရှိလေသည်။ သို့ရာတွင် အခွန် ရှောင်လွှဲရန် ရောက်လာသော ငွေများအတွက်မူ ဆွစ်ဇာလန်ဘဏ်တို့က ဖော်ထုတ် မပေးချေ။ အကြောင်းမှာ အခွန်ရှောင်လွှဲရေးကိစ္စမှာ ဆွစ်ဇာလန် တရားဥပဒေအရ ရာဇဝတ်မှု



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပဲ တအားမမှုသာ ဖြစ်သောကြောင့် ဖြစ်လေသည်။ အကယ်၍ ယင်း ငွေများနှင့် ပတ်သက်၍ လာရောက်ထောက်လှမ်း စုံစမ်းလျှင်လည်း ဘဏ်တိုက တစုံတရာ ဖွင့်ပြောလိမ့်မည် မဟုတ်ချေ။ ဤအချက်သည် အမေရိကန် နိုင်ငံအတွက် အကြီးအကျယ် အကြပ်တွေ့လှသည်။ အမေရိကန်တွင် ယင်းကဲ့သို့ အခွန်ရှောင်လွှဲလိုသူ ငွေရှင်ကြေးရှင် ပြဿနာများ အမြောက်အများ ရှိလှသည်။

ယင်းကဲ့သို့ လျှို့ဝှက်မှု စနစ်ဖြင့် "များ" ခေါ်မှုကြောင့် ဒုတိယ ကမ္ဘာစစ်နောက်ပိုင်းမှစ၍ ဆွစ်ဇာလန်ဘဏ် လုပ်ငန်းမှာ သူမတူအောင် တိုးတက်လာခဲ့ပေသည်။ ၁၉၄၅ ခုနှစ် အကုန်တွင် ထိုစဉ်က ရှိသောတနိုင်ငံလုံးရှိ ဘဏ်ပေါင်း ၅၀၁ခုတွင် အမြတ်ငွေ သန်းပေါင်း ၅,၁၀၀ ခန့် ရခဲ့လေသည်။ ၁၉၇၆ ခုနှစ် အကုန်တွင် သန်းပေါင်း ၁၃၉,၀၀၀ မြတ်ခဲ့သည်။ ယင်း ၁၉၇၆ခုနှစ် အမြတ်မှာ ဆွစ်ဇာလန် တနိုင်ငံလုံး၏ အမျိုးသား ထုတ်လုပ်မှု တန်ဖိုး၏ နှစ်ဆမျှ ဖြစ်ခဲ့သည်။

ယင်း အမြတ်ငွေများ၏ လေးပုံတပုံခန့်မှာ နိုင်ငံခြားသားများ ပိုင်ကြသည်။ ဒုတိယကမ္ဘာစစ် ပြီးခါစအချိန်ကဆိုလျှင် နိုင်ငံခြားသားများ ရရှိသည့်ငွေမှာ ခုနစ်ရာခိုင်နှုန်းမျှသာ ရှိခဲ့သည်။ ထိုကဲ့သို့ ဆွစ်ဇာလန်တွင် ဘဏ်လုပ်ငန်းကို တကမ္ဘာလုံး ကျယ်ပြန့်အောင် ဖြန့်ကြက် ဆောင်ရွက်မှုမှာ ၁၉၆၄ ခုနှစ်က စခဲ့သည်။ ထို့ကြောင့် ဗြိတိန်စီးပွားရေးဝန်ကြီးဟောင်း ဂျော့ဘရောင်းက အင်္ဂလန်ပေါင် စတာလင် ကျရခြင်း၏တရားခံမှာ ဇူးရစ်(ဆွစ်ဇာလန်)မှ ငွေဘုရားတို့ကြောင့်ဟု စွပ်စွဲခဲ့ဘူးသည်။ သို့သော် ဤကိစ္စလောက်မှာ အသေးအမွှားသာဖြစ်သည်။ ပို၍



ဆိုးသည်မှာ အခြားနိုင်ငံများမှ ရွှေအမြောက် အမြားသည် အလျှိုအလျှိုထွက်၍ ဆွစ်ဇာလန်သို့ စုပုံရောက်ရှိ ဖိတ်ခေါ်နေသလို ရှိနေခြင်းပင်ဖြစ်သည်။

ယင်းကဲ့သို့ ရွှေများခိုးထွက်ပြီး ဆွစ်ဇာလန်သို့ ရောက်ရှိနေခြင်းနှင့် ပတ်သက်၍ ထုတ်ဖော်နိုင်ခြင်းမရှိသေးပေ။ စင်စစ်တွင် ဆွစ်ဇာလန်ဘဏ်လုပ်ငန်းသည် ကမ္ဘာနှင့်ချီ၍ ကျယ်ကျယ် ပြန့်ပြန့်လုပ်နေသည့်လုပ်ငန်း ဖြစ်နေလင့်ကစား အေးငြိမ်း၍ ရိုးရိုးစင်းစင်းကြီးဖြစ်သည်။ ယင်းကဲ့သို့ တဟုန်ထိုး တိုးတက်လာစေကာမူ ဘဏ်များတွင်ရှေးဟောင်းအစဉ်အလာ အသုံးအဆောင်များ မပျောက်ပျက်သေးပေ။ မီးခိုးရောင် ဂရင်းနိုက် ကျောက်ကြီးများဖြင့် ဆောက်လုပ်ထားသော ဤ ဘဏ်အဆောက်အအုံကြီးများမှာ ရာစုနှစ်တနှစ်ပင် ပြောင်းသွားသော်လည်း နဂို အအတိုင်း မပြုမပြင်ဖြင့် ညိုညစ်၍နေပြီး အတွင်းမှ ဝက်သစ်ချသားဖြင့်လုပ်ထားသော ပရိဘောဂများမှာလည်း ထို အတိုင်းပင် ဟောင်းနွမ်းလှန်းသဖြင့် မဲ၍ပင်နေလေပြီ။ အခန်းတွင်း ချိတ်ထားသော ပန်းချီကားများဆိုလျှင်လည်း အယ်လ်ဖိုင်း တောင်တန်းတို့၏ ရှုမျှော်ခင်းပုံများမှ ပြောင်းလဲမှုမရှိသေးချေ။ ဘဏ်အစောင့်များ လုံခြုံရေးမှာလည်း အပြာရောင်ဝတ်စုံဖြင့် လက်နက်မျှပင် မပါပဲ ယခင် ရှေးဟောင်းပုံစံ မပျက်သေးချေ။ ရိုးရိုး ချက်လက်မှတ်ဖြင့် ငွေလာထုတ်သူအတွက်ဆိုလျှင် ကောင်တာကျယ်ကြီးများရှိပြီး တဦးချင်း ဘဏ်ကိုယ်စားလှယ်နှင့် တွေ့လိုလျှင် အခန်းငယ် အမြောက်အမြားတွင် ကိုယ်စားလှယ်များ တခန်းတယောက်ကျ ရှိနေတတ်သည်။ မကြာသေးမီအထိ ဘဏ်တခုနှင့်တခု ငွေအမြောက်အမြား ပြောင်းရွှေ့လိုရာတွင် စက်ဘီး

www.burmeseclassic.com

www.burmeseclassic.com



တစီး လူတယောက်နှင့် ပြီးနိုင်ခဲ့သည်။ သို့ရာတွင် ယနေ့ခေတ် သူခိုးအကျင့်များသည် ဆွစ်ဇာလန်သို့ ဝင်ရောက်လာသော အခါ ကားဖြင့် လုံလုံခြုံခြုံပို့သည့်စနစ်ပေါ်ပေါက်လာတော့သည်။

ကားဖြင့် ငွေပို့ခိုင်းခြင်းတခုသာ ခေတ်မီလာသည် မဟုတ်။ အခြား ခေတ်မီလာသောအရာများ ရှိသေးသည်။ ကောင်တာများ၏ နောက်ဘက်တွင် ခေတ်မီ အီလက်ထရွန်နစ် ကိရိယာ အမြောက်အမြားနှင့် တနှစ်စာ ယင်း ကိရိယာတို့၏ အပိုပစ္စည်းများ ထားရှိသည်။ ထို့ပြင် ဆွစ်ဇာလန် ဘဏ်များသည် ကမ္ဘာတွင် အကောင်းဆုံး ဆက်သွယ်ရေး စနစ်များရှိသည်။ ထို့ကြောင့် ဖိလစ်ပိုင်တွင် သကြားဘယ်စျေး၊ ဘရာဇီးလ်တွင်ကော်ဖီမှုန့်ဘယ်စျေး အစရှိသည်ဖြင့် ကမ္ဘာ့စျေးနှုန်းများကို လိုအပ်သည့် အချိန်တွင် အမြန်ဆုံး သိရှိနိုင်ကြသည်။ အထူးခြားဆုံးမှာ ဘဏ် အမှုထမ်းတို့၏ ကျွမ်းကျင်မှု၊ ထက်မြက်မှုများပင်ဖြစ်သည်။ ဂျူးလီးယက်ဘားဘဏ်မှ မန်နေဂျာက

"ကျုပ်တို့ဆီမှာလို ကမ္ဘာသုံးငွေစက္ကူငါးမျိုးနှင့် ငွေစျေးဆယ်မျိုးကို တပြိုင်နက် ဘယ်မှာတွေ့နိုင်မလဲ။ ဘဏ်ထဲဝင်ပြီးယင် စပိန်ဘာသာ၊ ဖင်လန်ဘာသာ၊ ဒတ်ချ်ဘာသာတွေ ပြောယင်လဲရနိုင်တယ်" ဟု ဆိုသည်။

သို့သော် လွန်ခဲ့သော တနှစ်ကျော်လောက်ကစ၍ဘဏ်လက်ကျန်စာရင်းများတွင် အောင်မြင်မှုမရှိသည်ကိုတွေ့ရသည်ဆို၏။ အမေရိကန်ယူနိုက်တက်၊ ကာလီဖိုးနီးယားဘဏ်၏ ဘက်ဇဲ(ဆွစ်ဇာလန်)မြို့ဘဏ်ခွဲသည်ကိုကိုးစျေးနှုန်း ခန့်မှန်းမှုလွဲပြီး ဒေါ်လာ သန်း ၅၀ ရှုံးကာလုပ်ငန်းရပ်သွားခဲ့ရသည်။ တချိန်တည်းလောက်မှာပင်ဘားနတ်ကွန်ဖီးလ်ဇ်ဂျီနီဗာတွင်ဖွင့်ထားသည့်ပင်လယ် ရပ်ခြားအရင်းအနှီးပြုသူများဌာန(Investors Oversea Services) အင်ပိုင်ယာလည်း ပြိုကွဲခဲ့ရလေသည်။ ၁၉၇၄ ခုနှစ် ကလည်း ဆွစ်ဇာလန် ပြည်ထောင်စုဘဏ်သည် ငွေကြေးလဲလှယ်ကစားမှုကြောင့် ဒေါ်လာ ၅၆ သန်း ရှုံးသွားသည်။ ဗြိတိန်နိုင်ငံ လွိုင်းဘဏ်၏ လူဂန်နို(ဆွစ်ဇာလန်)မြို့ ဘဏ်ခွဲမှာလည်း ထို ငွေကစားမှုကြောင့်ပင် ဒေါ်လာ ၈၉ သန်း ရှုံးခဲ့ရသည်။



ဆွစ်ဇာလန်၌ တီစီနိုခရိုင်တွင် ဘဏ်လုပ်ငန်းသည် အဆိုးရွားဆုံးဖြစ်သည်။ ယင်းခရိုင်တွင်လူဦးရေ ၂၆၅,၀၀၀ ရှိသည့်အနက် ၂၅ ရာခိုင်နှုန်းမှာ ဘဏ်တွင် အလုပ် လုပ်ကြသည်။ ယင်းပြည်နယ်၏ ဘဏ်လုပ်ငန်းများမှာ အဓိကအားဖြင့် လူဂန်နိုမြို့နှင့် ချီယာဆိုမြို့တို့တွင် အခြေစိုက်သည်။ ယင်းပြည်နယ်ရှိဘဏ်လုပ်ငန်းမှာ အီတလီငွေ အမြောက်အမြား စုဝေးရာဖြစ်သည်။ အီတလီတွင် ကွန်မြူနစ်ပါတီက အောင်မြင်မှုများ ရနေခြင်းကြောင့်လည်းကောင်း၊ စီးပွားရေး မတည်ငြိမ်မှုကြောင့်လည်းကောင်း အီတလီ လိုင်ယာငွေများသည် တီစီနိုသို့ ခိုးသွင်းနေသည်။ ယင်းတွင်ရှိ ၂၅၄ ခုထက် မနည်းသော ဘဏ်နှင့် ဘဏ်ခွဲများက ယင်း တန်ဖိုးကျနေသည့် လိုင်ယာငွေများကို အလုအယက်သွင်းနေကြသည်။ ချီယာဆိုမြို့၏ ဝေစ်ခရက်ဒစ်ဘဏ်ကလေးသည် ၁၉၇၇ ခုနှစ်မတ်လက မိမိကိုယ်တိုင် လိုင်ယာငွေများကိုခိုးသွင်းခဲ့သည်။ ယင်းဘဏ်သည် သစ်သီးနှင့် ဟင်းရွက်ဟု ဆိုင်းဘုတ် ရေးထားသော ကုန်တင်ကားဖြင့် အီတလီမှ မုန်လာဥနီ၊ လိမ္မော်သီး၊ အစိမ်းစား ဟင်းရွက်များကို တင်ဆောင်လာသည်။ သို့ရာတွင် ယင်း အသီးအရွက်များ အောက်တွင်တော့ လိုင်ယာငွေများကို

www.burmeseclassic.com

www.burmeseclassic.com



အမြောက်အမြား ဝင်ကြယ်လာသည်။ သို့ရာတွင် ယင်းသို့လုပ်ယင်း နောက်ဆုံးတွင် သွက်သွက်ခါအောင် ရှုံးသွားခဲ့ရပေသည်။

အခြားဘဏ်များကမူ အစိုးရ အငယ်တန်း အရာရှိများ၊ သံ ဘာမန် အရာရှိများကို လာဘ်ထိုးခါ နယ်စပ်တွင် အစစ်အဆေး သွတ်အောင် ကြိုးစားခြင်းဖြင့် ခိုးသွင်းကြသည်။

၁၉၇၅ခုနှစ်တွင် ယင်းကဲ့သို့ နိုင်ငံခြားငွေများ ဒလဟော ဝင်လာမှုကြောင့် ဆွစ်ဇာလန် ဖရန့်ငွေတန်ဖိုးမှာ ထိုးတက်သွား သည်။ ထို့ကြောင့် အမျိုးသားဘဏ်ကြီးက ဆွစ်ဇာလန်နိုင်ငံ သားမဟုတ်သူတို့၏ ဘဏ်စာရင်းများမှ ရရှိသည့် အတိုးပေါ် တွင် အခွန် ဆယ်ရာခိုင်နှုန်း တိုးကောက်လိုက်ရတော့သည်။ယင်း ကဲ့သို့ အခွန်မပေးလိုသော ဘဏ်အများစုမှာ ဥရောပဒေါ်လာ သီးသန့် အာမခံစာရင်းဟူ၍ ဖွင့်ပေးသည်။ ဤစာရင်းမှနေ၍ လုပ်ငန်းများတွင် အရင်းအနှီးပြုပေးပြီး သင့်တင့်သော အမြတ် အစွန်း ရရှိနိုင်သည်။ သို့ရာတွင် စာရင်းရှင်အမည်နှင့် မလုပ် ဆောင်ပဲ ဘဏ်၏အမည်ဖြင့် လုပ်ဆောင်သဖြင့် စာရင်းရှင်က အခွန်လွတ်သည်။ ယင်းစာရင်းများသည်ငွေသွင်းသူများအတွက် အရေးကြီးလှသည်။ ဆွစ်ဇာလန်ဘဏ်တို့သည် ယင်းကဲ့သို့ သီး သန့်အာမခံစာရင်း ဖွင့်ခွင့်မရှိပေ။

ယင်းကဲ့သို့သော အခြေအနေများမှ ဆွစ်ငွေချေးဘဏ်ကြီး ၏ ချီယာဆိုမြို့ ဘဏ်ခွဲမန်နေဂျာ အန်စ်ကူးမီးယား၏အမှု မြစ် ဖျားခံခဲ့သည်။ အသက် ၅၇နှစ်ရှိပြီဖြစ်သော ဇူးရစ်မြို့ဖွား ကူ မီးယားသည် ဘဏ်နှင့်တသက်လုံး လုပ်စားလာသူ ဖြစ်သည်။ သူသည် စိတ်ချရသည်။ အလုပ်ကြိုးစားသည်။ တိကျသည့် လူ သတ်တန်းစားထဲကဖြစ်သည်။ အချုပ်ဆိုရသော်ဘဏ်မန်နေဂျာ



တဦး ရှိသင့်သည့်အရည်အချင်းများ ရှိသူဖြစ်သည်။ သူ့ကြောင့် လုပ်ငန်း တိုးတက်မှုလည်း ရှိသည်။ ၁၉၆၂ ခုနှစ်တွင် ချီယာဆို ဘဏ်ခွဲမန်နေဂျာတာဝန်ကို ထမ်းဆောင်သည်မှစ၍ ယင်းဘဏ် မှာလည်း ကြီးပွားလာသည်။ ထို့ကြောင့်လည်း လစာ ကောင်း ကောင်း ရရှိထားသူဖြစ်သည်။ လစာမှာ တနှစ်လျှင် ပျမ်းမျှ ဒေါ်လာ၈၀,၀၀၀နှင့် ၁၀၀,၀၀၀ကြားတွင်ရှိသည်။ (မြန်မာ ငွေနှင့် ၅ သိန်းနှင့် ၇ သိန်းကြား ဖြစ်သည်။)

ကူမီးယား၏ ဆောင်ရွက်မှုမှာ ထူးထူးခြားခြား မဟုတ်ပါ။ ငွေသွင်းသူများကို သူက မက်လုံးနှစ်ခု ပေးထားသည်။ ဒါက လည်း တရားဝင်မဟုတ်။ တရားဝင်ပေးခွင့်မရှိ။ ယင်း မက်လုံး များမှာ (၁) အတိုးနှုန်းမှာ ဥရောပဒေါ်လာစာရင်းများပေါ် တွင် ပေးထားသောအတိုးထက် အမြောက်အမြား ပိုပေးထား သည်။ (၂) ယင်းငွေများကို အာမခံပေးထားသည်။

ယင်းကဲ့သို့ အတိုးနှုန်း ပေးနိုင်ရန်အတွက် ယင်း ငွေများကို တက္ကဇုံဖင်နန် ဇန်စတော့ကုမ္ပဏီသို့ လွှဲအပ်လိုက်သည်။ ယင်းကုမ္ပ ဏီကို ကူမီးယားသည် ၁၉၆၁ ခုနှစ်ကတည်းက တည်ထောင်ခဲ့ သည်။ ၁၉၇၅ခုနှစ်လောက်ဆိုက ကူမီးယားသည် တက္ကဇုံသို့ ဒေါ်လာ ၈၆၈သန်းထက်မနည်း ပေးပို့ခဲ့သည်။ ယင်းကုမ္ပဏီမှ နေ၍ အုပ်စုမြောက်စုခွဲကာ အရက်၊ ပလပ်စတစ်၊ အပန်းဖြေ လုပ်ငန်းနှင့်ပတ်သက်သည့် အီတာလီကုမ္ပဏီပေါင်း ၁၅၀ခန့်သို့ ငွေသွင်း မြှုပ်နှံခဲ့သည်။ အီတလီမှခိုးထွက်လာသော ငွေမဲများ သည် ကူမီးယားကြောင့် အီတလီစီးပွားရေးလောကတွင် ပြန် လည် ဝင်ရောက် လည်ပတ်နေရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့လုပ်နေသည်ကို ကူမီးယားသည် ဇူးရစ်မှ အထက်လူကြီးများမသိအောင် ဖုံးဖိထားသည်။ ယင်းသို့ ငွေကြေးအင်ပိုင်ယာ ချဲ့ဖြန့်နေသည်နှင့်ပတ်သက်သည့် စာရင်းဇယား မှတ်တမ်းမှတ်ရာများကို သိုဝှက်ရန်အတွက် မိမိလက်အောက်မှ ဝန်ထမ်းများနှင့် လည်းကောင်း၊ မက်ဆိုပိုလီနှင့် နေဒ်ဆယ်ဒီ ဆိုသူတို့၏ ဥပဒေကုမ္ပဏီနှင့်လည်းကောင်း ပေါင်းကြံခဲ့လေသည်။ ယင်းကုမ္ပဏီသည် ဘဏ်နှင့်အဆောက်အအုံ တခုတည်းဖြစ်သည်။ ဇူးရစ်မှ စာရင်းစစ်များ လာရောက်စစ်ဆေးသောအခါ ကူမီးယားသည် ထို မှတ်တမ်းစာအုပ်များကို အတွင်း တံခါးပေါက်မှ တဆင့် ဥပဒေဘဏ်ဘက်သို့ ခေတ္တပို့ထားလိုက်သည်။

ယင်းကဲ့သို့လုပ်နေသည်ကို အထက်အုပ်ချုပ်ရေးပိုင်းမှပုဂ္ဂိုလ်များကလည်း ပေါ့ပေါ့လျော့လျော့နေကြသည်။ ဥပမာအားဖြင့် တခါက ဆွစ်ဇာလန်ပြည်ထောင်စုဘဏ်(တာဝန်အရှိဆုံးဟုထင်ရသည်) မှ ဥက္ကဋ္ဌ ဖိလစ်ဝက်သည် ချီယာဆို ဘဏ်ခွဲဆိုင်ရာ ဆွစ် ငွေချေးဘဏ်ကြီး၏ ဒါရိုက်တာ ဟိန့်ဇ်ဝူဖလီထံသွားသည်။ ထို့နောက် ဝူဖလီအား ကူမီးယားတို့ဘဏ်မှ အာမခံစာချုပ်တစောင်ကို ထုတ်ပြသည်။ ယင်းနှင့် ပတ်သက်၍ ကူမီးယားအား စစ်ဆေးသောအခါ "ကျုပ်ရဲ့မိတ်ဆွေ တယောက်ကို အဲဒီတခါ အထူးအခွင့်တချပ်အနေနဲ့ ပေးခဲ့မိပါတယ်"ဟု ပြန်လည် ထုချေခဲ့သည်။ နောက်တကြိမ် ဤသို့မဖြစ်ရပါဟု ဝန်ခံကတိပြုလိုက်သည်။ ဤသို့နှင့် ပြီးသွားသည်။ သို့သော် နောက် လပေါင်းများစွာကြာသောအခါ ပြည်ထောင်စုဘဏ် ဥက္ကဋ္ဌက ဆွစ် ငွေချေးဘဏ်ဥက္ကဋ္ဌအား "ခင်ဗျားလူ ကူမီးယားကိုလဲ ကြည့်ထားဦး" ဟု သတိပေးခဲ့သည်။



နောက်ဆုံးတွင် ၁၉၇၇ခုနှစ် မတ်လက ဝေ့စ်ငွေချေးဘဏ်ခွဲ၏ ပြဿနာတခုကို ကိုင်တွယ်ဖြေရှင်းနေယင်း ဆွစ်ငွေချေးဘဏ် တာဝန်ရှိတို့သည် ချီယာဆိုဘဏ်ခွဲကို သင်္ကာမကင်းဖြစ်လာသောကြောင့် စုံစမ်းရေးအဖွဲ့တဖွဲ့ လွှတ်လိုက်သည်။ ဤတွင် ပေါ်လာတော့သည်။ ဧပြီလ သယ်လောက်တွင် ကူမီးယားနှင့် လက်ထောက် မနဲနေဂျာနှစ်ယောက် ယာယီ တာဝန်မှရပ်စဲလိုက်သည်။ ဧပြီ ၂၅ရက်နေ့တွင် ကူမီးယားနှင့် မတ်စ်ပိုလီနှင့် နေဒ်ဆယ်ဒါ ရှေ့နေနှစ်ယောက်ကို အုပ်ချုပ်ရေး သစ္စာမရှိမှုဖြင့် ဖမ်းလိုက်သည်။ ယင်းအုပ်ချုပ်ရေး သစ္စာမရှိမှုမှာ စီးပွားရေးဖောက်ပြန်မှုနှင့် တန်းတူ အပြစ်ယူသည်။ ယင်းအတွက် ပြစ်ဒဏ်မှာ ထောင်ဒဏ် ခုနစ်နှစ်ခွဲဖြစ်သည်။

ယင်းကဲ့သို့ ဘဏ်ကြီးထဲတွင် မိမိ ကိုယ်ပိုင်ဘဏ်ကလေးတခုပမာ စီးပွားရေး အကွက်လှည့်နေသည့် ကိစ္စနှင့် ပတ်သက်၍ ကူမီးယားတွင် သက်သေတစုံတရာ ရှာမတွေ့ချေ။ ကူမီးယားကလည်း "ဘူးခါ"သည်။ သူ့လက်မှတဆင့် လွှဲပြောင်းလိုက်သောငွေများထဲမှ သူသည် ငွေတပြားတချပ်မှ မယူခဲ့ချေ။ ကူမီးယားသည် ဟိုတယ်ကောင်းများကိုဘက်သည်။ အိမ်ကောင်းယာကောင်းနှင့်နေသည်ကား မှန်၏။ သို့ရာတွင် ယင်းတို့သည် ယင်း၏လစာနှင့် နေနိုင်စားနိုင်သော အခြေအနေများဖြစ်သည်။

ပို၍ဆိုးသည်မှာ တက္ကဇုံကုမ္ပဏီတွင် ကူမီယား မြှုပ်နှံလိုက်သောငွေများမှာ အရှုံးပြနေခြင်းပင်ဖြစ်သည်။ ရှုံးရသည့် အကြောင်းတရပ်မှာ အီတလီ လိုင်ယာငွေတန်ဖိုးမှာ ထိုးကျသွားရာ တက္ကဇုံကုမ္ပဏီတွင်ရှိ ဆွစ်ဖရန့်ငွေများ လျော့နည်းသွားရခြင်းဖြစ်သည်။ ထို့ပြင် လုပ်ငန်းအများအပြားမှာလည်း ထင်

www.burmeseclassic.com



သလောက်ငွေမဝင်ချေ။ ထို့ကြောင့် အီတလီဘဏ်များက တက္ကဇုံကုမ္ပဏီကို ဒေါ်လာ သန်း၁၄၀ ချေးထားရသည်။ ယင်းသို့ ချေးသည်ကို ကူမီးယားက တက္ကဇုံအတွက်အာမခံခဲ့သည်။ ယင်းသို့ အာမခံရန်လည်း ဆွစ်ဇာလန် ဘဏ်ဥပဒေက ခွင့်မပြုချေ။ ဆွစ် ငွေချေးဘဏ်သည် သက်ဆိုင်ရာ တရားဝင် ငွေသွင်းသူ စာရင်းရှင်များအား ယင်းတို့ငွေများ ပြန်ပေးပါမည်ဟု ကတိပေးခဲ့သည်။

ယင်း အဖြစ်အပျက်ကိုကြည့်လျှင် ဆွစ်ဇာလန် ဘဏ်တို့တွင်လည်း ချွတ်ယွင်းလစ်ဟင်းမှုများ ရှိတတ်ကြောင်း သိနိုင်သည်။ ထို့အပြင် ဆွစ်ဇာလန် ဘဏ်တို့တွင် ငွေထားရသည်မှာ စိတ်ချရကြောင်း ပိုမိုပေါ်လွင်သည်။ အကြောင်းမူ ချီယာဆိုဘဏ်ခွဲတွင် ယင်းကဲ့သို့ ပြဿနာဖြစ်၍ ငွေသွင်းသူများ မိမိတို့ငွေဆုံးရှုံးမှု မဖြစ်ကြချေ။ ဂျီနီဗာမြို့မှ ဘဏ်အထွေထွေ မန်နေဂျာတဦးက

"တခြား တိုင်းပြည် တွေမှာဆိုယင် အခုလို ဘဏ်မှာ ပြဿနာဖြစ်လာယင်ကိုယ့်ငွေကိုပြန်ရတယ်မရှိပါဘူး"ဟုပြောခဲ့သည်။

သို့ပင်ဖြစ်လင့်ကစား ယခုပြဿနာသည် ဘဏ် လုပ်ငန်းရှင်များ၏စိတ်ဝယ် စွဲမြဲ ကျန်ရစ်ခဲ့ပေသည်။ ယခုဆိုလျှင် ဆွစ်ဇာလန် ဘဏ်တိုင်းလိုလို မကြာခဏ စာရင်း စစ်ဆေးခြင်း မှတ်တမ်းများ စနစ်တကျထိန်းသိမ်းခြင်းများ ပြုလုပ်ကြသည်။ ဆွစ်ဘဏ်ကော်ပိုရေးရှင်း အထွေထွေမန်နေဂျာက

"ဒါဟာ ဝမ်းနဲဖွယ်အဖြစ်အပျက်ကို ငွေ အနားသတ်လိုက်တာပဲ။ ဒီအဖြစ်အပျက်က ကျုပ်တို့ကို တိကျတဲ့စည်းမျဉ်းတွေ သင်ပေးခဲ့တယ်"ဟု ဆိုသည်။



ဆွစ်ဇာလန်ဘဏ်စနစ် ယင်းကဲ့သို့ ပြောင်းလဲခဲ့ရပေသည်။ သို့ရာတွင် ယင်းတို့ထက် ပိုမိုပြောင်းလဲ သွားအောင် ဖန်တီးသူများရှိသေးသည်။ ယင်းတို့မှာ ကမ္ဘာ့စီးပွားရေး အသိုင်းအဝိုင်းမှလည်းမဟုတ်၊ ဘဏ်လုပ်ငန်းရှင်များ ကိုယ်တိုင်လည်းမဟုတ်၊ ဆွစ်ဇာလန်ပြည်သူများသာလျှင် ဖြစ်ချေသည်။ ဆွစ်ငွေချေးဘဏ် ပြဿနာကြောင့် ဆွစ်ဇာလန်ပြည်သူများအတွင်း ဘဏ်လုပ်ငန်းဆန့်ကျင်ရေးစိတ်ဓါတ်များဝင်လာသည်။ အထူးသဖြင့် နာရီလုပ်ငန်းရှင်များ၊ အထည်လုပ်ငန်းရှင်များက ပို၍မကျေနပ်ကြချေ။ ယင်းတို့၏ လုပ်ငန်းများမှာ ဆွစ်ဇာလန်ဖရန့်ငွေတန်ဖိုးတက်မှုကြောင့် အရောင်းအဝယ်ထိခိုက်ခဲ့ရလေသည်။ ထို့ကြောင့် ဘဏ်လုပ်ငန်းမဟုတ်သော စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် ဆွစ်ဇာလန် ပြည်သူတို့သည် ယင်းကဲ့သို့ ဘဏ်လုပ်ငန်းက ဆွစ်ဇာလန်စီးပွားရေးလောကကို လွှမ်းမိုးထားသည်ကို လျှော့ချပစ်ချင်ကြသည်။ စာရင်းအရာရှိ မက်ဖလူရီဆိုသူက

"ကျုပ်တို့ နိုင်ငံရဲ့ ဘဏ်လုပ်ငန်းဟာ နိုင်ငံတော်ကို
တောင်ကျော်ပြီး ကြီးထွားလာတယ်။ ဒါဟာ နိုင်ငံကို
ကောင်းကျိုးထက် ဆိုးကျိုးပေးဖို့များဘယ်"

ဟု ဆိုခဲ့သည်။

ထို့ကြောင့် အာဏာရ ဆိုရှယ်ဒီမိုကရက်ပါတီက ဘဏ်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းများကို မူကြမ်းရေးဆွဲ၍ ပြည်သူတို့



www.burmeseclassic.com

www.burmeseclassic.com



အား ချပြပါမည်ဟု ကတိပေးခဲ့သည်။ ယင်းကဲ့သို့ ရေး
မည့် စည်းမျဉ်းများတွင်

- အခွန်ငွေ ရှောင်လွဲရေး ကိစ္စကို ရာဇဝတ်မှုအဖြ
  ယတ်မှတ်မည်။ ထို့ကြောင့် အခွန်ငွေ ရှောင်(
  ရေး ပြဿနာမျိုးဖြစ်လာလျှင် သက်ဆိုင်ရာ ဘဏ
  သည် လျှို့ဝှက်မှုကို အဆိုပါပြဿနာအတွက်ဖွင့်(
  ရမည်ဖြစ်သည်။
- ဘဏ်ကြီးများတွင် အစိုးရ၏ ကိုယ်စားလှယ်တဦး
  ထားမည်။
- ဘဏ်တခု၏ ကြီးပွားတိုးတက်မှုကို အကန့် အသ(
  ဖြင့် ထားရှိမည် စသည့် အချက်များ ပါဝင်သည်
  ဆိုရှယ်ဒီမိုကရက်ပါတီ အထွေထွေအတွင်းရေးမှူ
  ခရစ်စတိုဘာဂျာက "ချီယာဆိုဘဏ်ခွဲပြဿနာဟ
  ကျုပ်တို့ဘဏ်စနစ်ရဲ့ အားနည်းချက်ကို ထောက်(
  လိုက်တာပဲ။ အများအကျိုးအတွက်လည်းကောင်
  (ဘဏ်)တို့ကတာဝန်ယူလာတာကိုမြင်လိုပါတယ်"

ဟု ထုတ်ဖော်ပြောခဲ့သည်။

အများအကျိုးဆိုရာတွင် ဘဏ်တို့က ထမ်းဆောင်ရမည
အများအကျိုးမှာ သာမန်ပြည်သူတယောက် ထမ်းဆောင်(
မည့် အများအကျိုးထက် သာလွန်တာဝန်ရှိမည် ဖြစ်ပေသည်
ယခုလိုအခါတွင် စွမ်းအင်ပြဿနာကြောင့် ငွေကြေးအမြောက်
အမြားမှာ ရွှေ့လိုက် ပြောင်းလိုက် ဖြစ်နေရာ ဆွစ်ဇာလန်



ဘဏ်သာမက တကမ္ဘာလုံးရှိဘဏ်ဆိုင်းသည် တည်ငြိမ်သော
ဘဏ်စနစ်ရှိရန် လိုအပ်လှသည်။

မည်သို့ပင်ဖြစ်စေ ဆွစ်ဇာလန်နိုင်ငံသည် ဘဏ်စီးပွားရေး
ကို အမှီပြု၍ နေရသော နိုင်ငံတခုဖြစ်နေရာ ဘဏ်လုပ်ငန်း
ကို အထူးဂရုစိုက် ကြပ်မတ်လုပ်ကိုင်နေသဖြင့် ဆွစ်ဇာလန်ဘဏ်
တို့သည် အလွန်တိကျသော စိတ်ချရသောဘဏ်များဟုဆိုက
မမှားချေ။ အထက်ပါကိစ္စကဲ့သို့သော ပြဿနာများရှိသည်
မှန်သော်လည်း ယင်းတို့မှာ ဖြစ်တောင့် ဖြစ်ခဲကိစ္စများသာဖြစ်
သည်။

ဘဏ်အချို့ ရှုံးသွားသည်များလည်းရှိတတ်သည်။ ဤသည်
မှာလည်း စီးပွားရေး သဘောအရ ရှုံးသည်၊ မြတ်သည်မှာ
နှစ်လမ်းသာရှိရာ မြတ်သည့်အခါများ ရှိသကဲ့သို့ ရှုံးသည့်
အခါများလည်းရှိပေသည်။ ဘဏ်တို့သည် အခြားစီးပွားရေး
လုပ်ငန်းများနှင့် ဆက်သွယ်နေရာ အခြားစီးပွားရေးလောက၏
ဂယက်ရိုက်မှုကိုလည်း ခံရတတ်ချေသည်။ ထို့အတူ ဘဏ်တို့၏
ဂယက်ရိုက်မှုကိုလည်း အခြားစီးပွားရေး လုပ်ငန်းများ ခံရ
တတ်ပြန်သည်။

ဘဏ်၏ အဓိကလုပ်ငန်းမှာ ငွေကြေးပေါ်တွင် တည်နေ
သောကြောင့် ငွေကြေးတန်ဖိုး အတက်အကျသည်လည်း ဘဏ်
စီးပွားရေးနှင့် ဆက်နွယ်နေသော ပြဿနာရပ်များဖြစ်ပေ
သည်။ စီးပွားရေး အောင်မြင်သော နိုင်ငံတို့၏ ငွေကြေးသည်
ခိုင်မာလေ့ရှိသည်။ ဆွစ်ဖရန့်ငွေသည် ယခုအခါ အခိုင်မာဆုံး
၏ စံထားရခြင်းကို ကြည့်ခြင်းဖြင့် ဘဏ်စီးပွားရေးသို့

www.burmeseclassic.com



အမှီပြုနေသော ဆွစ်ဇာလန်၏ ဖွံ့ဖြိုးမှုကို တိုင်းတာ နိုင်ပေသည်။

အချုပ်ဆိုရသော် ဘဏ်လုပ်ငန်းသည်၊ နိုင်ငံတိုင်းတွင် မရှိမဖြစ်သော လုပ်ငန်းဖြစ်သည်။ အရင်းရှင် နိုင်ငံတွင် လည်းကောင်း၊ ဆိုရှယ်လစ်နိုင်ငံတွင်လည်းကောင်း၊ ကွန်မြူနစ်နိုင်ငံတွင်လည်းကောင်း ဘဏ်ဟူ၍ ရှိစမြဲဖြစ်သည်။ ယင်းဘဏ်ရှိနေသမျှတိုကျ၍ စနစ်ကျသော ဘဏ်စနစ်မျိုး ရှိသင့်သည်။ ဤသို့ဆိုလျှင် ဆွစ်ဇာလန်ဘဏ်များသည် စနစ်ကောင်းသော အတုယူအပ်သည့်ဘဏ်များဟု ဆိုထိုက်ပေသည်။

အကြောင်းမူ ဆွစ်ဇာလန်ဘဏ်တို့သည် ကမ္ဘာ့စီးပွားရေးတက်သည်ဖြစ်စေ၊ ကျသည်ဖြစ်စေ ယင်းအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် မီးစင်ကြည့်ကနိုင်ကြသဖြင့် ကြီးပွားခဲ့သည့် သာဓကများလည်း ရှိခဲ့သည်မဟုတ်ပါလား။

နိုင်ငံရေးနှင့် စစ်ရေးတွင် အောင်မြင်စွာ ကြားနေနိုင်ခဲ့သော ဆွစ်ဇာလန်နိုင်ငံတွင် စီးပွားရေးအရလည်း အရင်းရှင်၊ ကွန်မြူနစ် မခွဲခြားပဲ လာသမျှ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေသော ဆွစ်ဇာလန်ဘဏ်တို့သည် နောင် နှစ်ပေါင်းများစွာအထိ ကမ္ဘာ့ငွေကြေးမျိုးစုံကို တံခါးဖွင့် စောင့်နေကြမည်သာတည်း။

ခင်သန့်